


www.burmeseclassic.com
ရိးဆေးရိုးတို့
မြေးမြစ်များ
ဆင်ဖြူကျွန်းအောင်သိန်း
ပန်းချီကျော်ဖြူစံ
www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

| | |
|---|---|
| ပထမအကြိမ် - | ဇန်နဝါရီလ၊ ၂၀၁၄ ခုနှစ်။<br>ကံ့ကော်ဝတ်ရည်စာပေ |
| အုပ်ရေ - | ၅၀၀ |
| မျက်နှာဖုံးပုံနှိပ် - | ဦးတိုးဝင်း၊ နေလရောင်ပုံနှိပ်တိုက်<br>၉၆/ခ၊ (၁၁) လမ်း၊ လမ်းမတော်၊<br>ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ် - | စွယ်တော်ပုံနှိပ်တိုက်<br>အမှတ် (၁၄၇)၊ (၅၁) လမ်း၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ - | ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ<br>၅၁၊ ရေကျော်လမ်း၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပန်းချီ - | ကျော်ဖြူစံ |
| တန်ဖိုး - | ၁၈၀၀ ကျပ် |

၈၉၅·၈၃

ဆင်ဖြူကျွန်းအောင်သိန်း

ရီးဆေးရိုးတို့ မြေး မြစ်များ / ဆင်ဖြူကျွန်းအောင်သိန်း။ - ရန်ကုန်၊
ကံ့ကော်ဝတ်ရည်စာပေ၊ ပထမအကြိမ်၊ ၂၀၁၄ ခုနှစ်။
စာမျက်နှာ-၁၇၅၊ ၁၃×၂၀ စင်တီမီတာ။
(၁) ရီးဆေးရိုးတို့ မြေး မြစ်များ

# ရီးဆေးရိုးတို့ မြေး မြစ်များ

## ဆင်ဖြူကျွန်းအောင်သိန်း

ကံ့ကော်ဝတ်ရည်စာပေ

အမှတ်-၂၂၊ မဟာဗေယျလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၉၆၅၈၀၊ ၀၉-၇၃၀၄၁၁၃၇

**email: kantkawwutyee@gmail.com**

**http://kantkawwutyee.myanmaronlinesales.com**
တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

- ၁ -

"ကျီးဒန်ရေ၊ ကြည့်လိုက်စမ်းဟော့၊ ကြည့်လိုက်စမ်း"

ရှီးဆေးရှီးသည် မန်ကျည်းပင်အောက်ရှိ မီးဖိုတွင် လက်ကင်နေရာက လှမ်းအော်၏။ သည်အချိန်တွင် အမေကြီး ရှီးကျီးဒန် မီးလင်းဖို မီးမယ်ဖျူးတွင် ရောက်နေလောက်ပြီဟု အတပ်သိသောကြောင့် လှမ်းအော်ခြင်း ဖြစ်ပေ၏။

သည်အရွယ်က ချမ်းတတ်ပြီ။

အိမ်ထဲတွင် ကျပ်ခိုးစွဲမည် မှိုင်းစွဲမည်ကိုလည်း မစိုးရိမ်ပါ။ ချမ်းသည်ကိုသာ သိသည့်အတွက် ချောင်ထိုးထားသော မီးမယ်ဖျူးကို ထုတ်လာသည်။ သည်မီးမယ်ဖျူးကို ကလေးနှစ်ယောက် မွေးစဉ်က နှစ်ကြိမ်သာ သုံးစွဲဖူးသည်။ ယခု အသွားကြီးအိုဘဝရောက်မှ ဖုန်ခါပြီး ရှီးကျီးဒန် သုံးသည်။

အိပ်ရာမှ ထလျှင်ထချင်း မျက်နှာမသစ်။ မီးမယ်ဖျူးတွင် မီးကင်သေးသည်။ သို့သော် မီးမယ်ဖျူးမှာ ဖိုခနောက်(ဖိုခုံလှောက်) မရှိသဖြင့် ရှီးဆေးရှီးမှာ အိမ်အောက်သို့ ဆင်းပြေးရသည်။

မန်ကျည်းပင်အောက်ရှိ မီးဖိုတွင်ကား မီးတောက်ကြီး တောက်ချင်သမျှ တောက်ပါစေ၊ စွဲလောင်စရာ အမိုးမရှိ။ စိတ်ရှိတိုင်း မီးထည့်၍ ရသည်။ ထိုမီးဖိုတွင် သုံးစွဲရန် သံခနောက်(သံဖြင့်ပြုလုပ်သော ဖိုခုံလှောက်) ရှိသည်။ မန်ကျည်းပင်မှ တန်းလန်းချထားသော သံကြိုး ရှိသည်။

www.burmeseclassic.com



သို့ဖြစ်သောကြောင့် ရီးဆေးရီးသည် နီးလျှင်နီးချင်း အိမ်အောက်သို့ အပြေးဆင်းခဲ့ခြင်းဖြစ်သည်။ အိမ်အောက်တွင် ထင်းတုံးကြီးမှာ မီးစွဲနေသည်။ ထိုထင်းတုံးမှ မီးကျီးတွေ ခြွေချပြီး ထန်းစစ်ဖြင့် ဖြစ်စေ၊ ထန်းရွက် အကျိုးအကျေဖြင့် ဖြစ်စေ လုံးလိုက်ပါက မီးထတောက်သည်။ ထိုမီးတောက်ကို မီးတောက်ကြီးဖြစ်အောင် ကူပံ့ပေးမည်။ ထင်းအကြီး၊ အသေးက အသင့်။

သည်မီးဖိုတွင် လက်ကင်ပြီးပြီ။ ကျောကင်ပြီးပြီ။ ထိုအချိန်တွင် သံချိတ်ဖြင့် ချိတ်ပြီး တည်ထားသော ရေနွေးအိုးလည်း ဆူပြီ။ ရီးဆေးရီး ရေတစ်မှုတ် ပြေးခပ်ပြီး ရေနွေးရောကာ မျက်နှာသစ်သည်။ ရေနွေးအိုးကို လက်ဖက်ခြောက်ထည့်သည်။ မန်ကျည်းပင်ရင်း၌ ပုံထားသော ထန်းပင်မြစ်တွေကို လှည့်ဆွဲသည်။ မီးဖိုအောက်ခြေ၌ ထိုးသည်။

အိမ်ပေါ်မှ ဆင်းလာစက ခိုက်ခိုက်တုန်အောင် ချမ်းခဲ့သော ရီးဆေးရီး ကူနွေးရပြီ။ မြေကြီးတွင် တရှုတ်ရှုတ်တိုက်နေသော ဘာဘူစောင်ကို အစသိမ်းရမှန်း သိပြီ။ မန်ကျည်းပင်ခြေရင်းရှိ ဖင်ထိုင်ခုံကို ဆွဲယူပြီး ထိုင်သည်။ ထိုအခါတွင်မှ အိမ်တံစက်မြိတ်မှ တစ်ပေါက်ချင်း ကျနေသော နှင်းပေါက်ကို သတိပြုမိ၏။ ထိုအခါကျမှ လမ်းဘက်သို့ မျှော်ကြည့်ရမှန်း ရီးဆေးရီး သိသည်။

ရမ်းဘိုကုန်းရွာသည် ရွာတံခွန် ရွာတန်းရှည်ကြီး ဖြစ်သည်။ အိမ်စဉ်အိမ်တန်းများမှာ စလင်းချောင်းကို ကျောပေးပြီး လေးထပ်ကျောင်းဝင်းနှင့် ဘုရားငါးဆူတောကို မျက်နှာပြုထား၏။ ထိုမျက်နှာပြုသော အိမ်နှင့် မျက်နှာချင်းဆိုင်လျက် အိမ် မရှိချေ။

ရီးဆေးရီးသည် နှင်းထုကြီးကို ကြည့်ပြီး ရေရွတ်၏။

“ဟား တော်တော်ကျသာပါကလား”

သို့စဉ်တွင် နှင်းလွှာကြားမှ ကလေးတစ်ယောက် လက်ပိုက်လျက် ထွက်လာ၏။ ထိုကလေး၏နောက်မှ တစ်ယောက်၊ နောက်ထပ် တစ်ယောက်။

“ဟ လက်စသတ်တော့ ငါ့မြစ်တွေပါကလား”

ထို့ကြောင့် ရီးဆေးရီးသည် အိမ်ပေါ်သို့ လှမ်းအော်၏။

“ကျီးဒန်ရေ၊ ကြည့်လိုက်စမ်း၊ ကြည့်လိုက်စမ်း”

ရီးကျီးဒန် လှမ်းကြည့်သည်။ မြစ်တွေ။

ရီးကျီးဒန် မဲ့လိုက်သည်။

“သူတို့မိဘတွေက တမင်လွှတ်လိုက်သာဖြစ်ရမယ်”



မြေးတွေတုန်းက ရီးကျီးဒန် သန်မာသေးသည်။ ဤကား တောက်ပျားမ၊ ဤကား သမီးကြီး ဟူ၍ မျက်လုံးကလည်း ကောင်းမွန် ကြည်လင်စွာ ကြည့်နိုင်မြင်နိုင်သေး၏။ ခေါက်ဟာယ် ထစ်ဟာယ် ရိုက်ဟာယ် ပုတ်ဟာယ် ဆဲဟာယ် ဆိုဟာယ်ဖြင့် ပျော်စရာကြီးပါပေ။

ယခုသော်ကား ထိုမြေးများမှ ပွားစည်လာသော မြစ်တွေကို မြေးတွေ၌ဖြစ်သော သံယောဇဉ်မျိုး မရှိပြီ။

“လာကြ လာကြ၊ ကောင်းကောင်းထိုင်ကြ”

ရီးဆေးရီးသော်ကား မြစ်တွေကိုလည်း မြေးတွေနည်းတူပင် နေရာချထားပေးသည်။ ထန်းဖုံးဖပ်ကို အနေတော် ဖြတ်ထားသော ဖင်ထိုင်ခုံကလေးတွေကို အသင့်ထပ်ထား၏။ ယခု ထိုခုံကလေးတွေကို ယူပြီး ပေးသော်ငြား၊ မြစ်များသည့် အားတက်သရော မရှိ။

“ဘ၊ ဘ၊ ဒဘင်မြစ် စားမယ်”

မြစ်တစ်ယောက်က ပူဆာ၏။

မြေးများကိုကား အသံကြားကာမျှဖြင့် မည်သူဟု ချက်ချင်း သိ၏။ယခု မြစ်များကိုကား သေချာစွာ မျက်နှာရှုပြီး ကြည့်ရ၏။

“သမီးက ရွှေရည်ဝင်းလေ ဘရဲ့”

“သားက ဦးအောင်ဘလေနဲ့ ဒေါ်မိမိထွေးတို့ရဲ့သား သတ္တိခဲလေ ဘရဲ့။ မမရွှေရည်ဝင်းရဲ့မောင်ပေါ့”

“ဪ... အေး အေး”

ရီးဆေးရီးကမူ ထို့မျှသာ ပြော၏။ မီးမယ်ဖျူးတွင် ထင်းချောင်းကို ပြာထဲထိုးပစ်ခဲ့သော ရီးကျီးဒန်ကမူ “ဘာရယ်ဟဲ့” ဟု ရှုံ့မဲ့ပြီး မေး၏။

“ဪ သားက ဦးအောင်ဘလေနဲ့ ဒေါ်မိမိထွေးတို့ရဲ့သား သတ္တိခဲပါလို့ ပြောသာပါ အမေကြီးရဲ့”

“မျိုးကောင်းရိုးကောင်းကြီးပေါ့လေ”

ရီးကျီးဒန်ကား ထိုသို့ ငေါ့နိုင်စွမ်းရှိသူ ဖြစ်၏။ ငေါ့နိုင်အောင်လည်း သိသူ ဖြစ်၏။ မြေးမ မိမိထွေးမှာ အမေကြီးရီးကျီးဒန်၏ အချစ်တော်လည်း ဖြစ်၊ အခေါက်ခံ အဆဲခံလည်း ဖြစ်၏။ လက်ကလည်း အလွန်လျင်၏။ နှမ်းလည်း မနေရ၊ ထန်းလျက်၊ ပေါက်ပေါက်ဆုပ်၊ သကာရည် ဘာမျှ မနေရ။ မခိုးစေရန် အလျှံပယ် ကျွေးပါလျက် ခိုးသောကြောင့် တောက်ပျားမဟု ခေါ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုမြေး၏ ရည်းစား အောင်ဘာလေဟု သိကာမျှဖြင့် ရီးကျီးဒန် မတုန်လှုပ်ပါ။ 'သြော် ငါ့မြေးက ရည်းစားတောင် ထားမှကိုး' ဟု စိတ်ထဲက ရေရွတ်ပြီး၊ အောင်ဘာလေ၏ မိဘမျိုးရိုးကို သိသောခဏ၌ ယမ်းပုံမီးကျ လေ၏။

"အောင်ဘာလေရဲ့မိဘက ကျောက်ဖြူတ်ကုန်းက ကိုသာအိ၊ မကြည် တို့လေ။ မကျီးဒန် သိမှာပါ"

"သိပါ့ သိပါ့။ အရည်ထွက်အောင်ပျင်းသဲ့ ငပျင်း။ စားစရာသာ မရှိသာ ဘာမျှလည်း မလုပ်ဘူး"

ကိုသာအိသည် တစ်ယောက်တည်း ပျင်းသည် မဟုတ်။ တစ်ဆွေလုံး တစ်မျိုးလုံး တစ်ရွာလုံး ပျင်းသည်။ တစ်ရွာလုံးတွင် စောင်ချမ်းပင် သုံးပင်သာ ရှိ၏။ အဖြစ်မြန်သော ကုက္ကိုပင်ကိုသော်မျှ မစိုက်။ နေပူကို ငံ့ခံနေသောရွာ ဖြစ်၏။

အမေကြီး ရီးကျီးဒန်သည် အောင်ဘာလေ ထန်းရည်သောက်သော ကြောင့်၊ အောင်ဘာလေ ဖဲရိုက် ကြက်တိုက်သောကြောင့် အောင်ဘာလေနှင့် မိမိထွေး (ခ) ငတက်ပျားမနှင့် သဘောမတူခြင်း မဟုတ်။ ဖအေပျင်း၊ မအေပျင်း တစ်ဆွေလုံး တစ်မျိုးလုံး ပျင်းသောကြောင့် သဘောမတူခြင်း ဖြစ်၏။

"ဖဲသမား ကြက်သမားကမှ မတော်တဆ ဖဲနိုင် ကြက်နိုင်ဖို့ မျှော်လင့် ချက် ရှိသေးသယ်။ ပျင်းပြီး ဘာမျှမလုပ်သဲ့လူက သေသာတောင် ဝေ်ပြီး သေမှာဆိုသာ ကျိန်းသေသယ်"

သို့သော် မိမိထွေး၏အမေ ချောစိန်သည် လင်ကို နိုင်တတ်ခြင်းမှအပ သားသမီးကို မဆုံးမတတ်။ မထိန်းသိမ်းတတ်ပေ။

"အိမ်ထဲက အိမ်ပြင်ထွက်ရင် အဲသည်ခြေထောက်ကို ရိုက်ချိုးမယ်"

ထိုသို့ ပြောသော ချောစိန်၏အိမ်သည် အိမ်ကြီးရခိုင် မဟုတ်။ သူသည် ပင်လျှင် အမေကြီးက မြေးဦး ဆိုကာ ချစ်စနိုး ခေါ်ထားသဖြင့် ဦးကြွက်နီ ဒေါ်ရွှေအိမ်တို့ အိမ်ပေါ် ရောက်ခြင်း ဖြစ်သည်။ တောင်ပစ်ကုန်းရွာက ကိုအေးမောင်၊ မလှသင်တို့၏သား ထွန်းရနှင့် အကြောင်းပါသောအခါ နေစရာ မရှိ။

"လာပါအေ၊ ငါ့မလဲ အဖော်ရသာပေါ့"

အမေကြီး ဒေါ်ရွှေအိမ်က အိမ်နောက်ဖေးတွင် အဖီထိုးပေးသည်။ထိုအဖီ ထဲတွင်နေသော ချောစိန်၏သမီး မိမိထွေးသည် မလုံခြုံသော ထိုတစ်ဖက်ရပ်



အဖီထဲမှ ထွက်ပြီး ခိုးရာလိုက်ပြေး၏။ ခိုးရာလိုက်ပြေးပုံမှာ ခက်ခက်ခဲခဲ မဟုတ်။ ရွာခရိုး၌ ကပ်ထားသော ဆူးခက်တစ်ခက်ကို ဖယ်လိုက်ရုံပင်။

ထိုမြေးမ ခိုးရာလိုက်ပြေးသဖြင့် ရီးကျီးဒန် အိပ်ရာထဲ၌ လဲသည်။

"အေး နင်ကသာ မစားနိုင် မသောက်နိုင် ဖြစ်နေသာ။ နင့်မြေးက တော့ သူ့ကောင်နဲ့ ပျော်နေမှာပဲ"

ထိုသမီးကို ကိုထွန်းရ မချောစိန်တို့က မင်္ဂလာဆောင်ပေး၏။ သို့သော် လူရှိသေ ရှင်ရှိသေရုံ အဖြစ်မျှသာ။ ရီးကျီးဒန်သည် မြေးမ၏ မင်္ဂလာဆောင်သို့ မရောက်သော်ပြား ရီးဆေးရီး၏ စကားတစ်ခွန်းဖြင့် ကျန်းမာလာရ၏။

"အေး နင်ကသာ မစားနိုင်မသောက်နိုင် ဖြစ်နေသာ။ နင့်မြေးကတော့ သူ့ကောင်နဲ့ ပျော်နေမှာ"

"သြော်… ဟုတ်သားပဲ"

"မိဘတိုးဘွား ဒါလောက်ငေ ပြာနေသာ နားမဝင်ဘဲ ခိုးရာ လိုက်ပြေး သာကိုက ရည်းစားကို မိဘတိုးဘွားထက် တန်ဖိုးထားလို့ပေါ့"

ထိုအတွေးဖြင့် အိပ်ရာထဲမှ လူးလဲထလာရပြား၊ ရီးကျီးဒန်၌ တွယ်ရစ် နေသော မြေးသံယောဇဉ်သည် ကြီးမားလွန်း၏။ "သမီးလေးဆီ သွားမယ်" ဟု နေကောင်းပြီး သုံးရက်အကြာမှ စတင်ပြောလေ၏။

ထိုအရပ်သို့ ရောက်ဖူးသူများက ရီးကျီးဒန်ကို ကျောက်ဖြူတ်ကုန်းသို့ မသွားစေချင်ကြပေ။ အလုပ်နှင့်လက်နှင့် ပြတ်သွားလျှင် ခေါင်းကိုက်တတ်သော ရီးကျီးဒန်နှင့် ဦးသာအိတို့ အဆင်ပြေဖွယ်မရှိ။ သို့ကြောင့် ရီးကျီးဒန်ကို ကျောက်ဖြူတ်ကုန်းသို့ မသွားစေချင်ကြ။

"သစ်ပင်စိုက်ရင် အရိပ်ရမယ်။ အရိပ်ရရင် နေပူသက်သာမယ် ဆိုသာလောက်မှ မသိသဲ့လူတွေနေသဲ့အရပ်ပါ"

ထိုသို့ပြောပြား ကျောက်ဖြူတ်ကုန်းသို့ ရီးကျီးဒန် တော်တော်နှင့် မရောက်ပေ။ မရောက်ခြင်းမှာ ဒေါသ၊ မောဟတွေကြောင့် ဖြစ်သည်။ ထိုဒေါသ ထိုမောဟများမှာ မြေးတွေကြောင့် ဖြစ်ရသည်ချည်း ဖြစ်၏။

မောင်ကိုကြီးမှာ လူကသာ ဆယ်တန်းမအောင်ပြား၊ လူပုံ သန့်သည်။ သူ့အဖေ ထွန်းရမှာ အမဲခြောက်တစ်ချောင်းကို ထောင်ထားဘိသို့ ပိန်ခြောက် မည်းသည်းနေစေကာမူ သူ့သား မောင်ကိုကြီးမှာ ဖြူသန့်သည်။ သည်မြေးကို ကြည့်ပြီး ရီးကျီးဒန် မာနတက်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့မြေးက ဆယ်တန်းတောင် ရောက်ပြီဟဲ့"

"ဟဲ့ ကျီးဒန်၊ နင့်မြေးက ဆယ်တန်းကို အခုမှရောက်သာ မဟုတ်ဘူး။ ဆယ်တန်းကျသာ နှစ်ခါရှိပြီဟ"

ရီးဆေးရိုးက ထိုသို့ ပြောသော်ငြား၊ ရီးကျီးဒန် နားမဝင်ချေ။ ထိုမြေးက ရည်းစားထားသည်။ ဝဝဖိုင့်ဖိုင့်၊ ဖြူဖြူခန့်ခန့်မို့ ကြိုက်ချင်သူ မရှားလှသော မောင်ကိုကြီးသည် မြင့်မြင့်သွေးအမည်ရှိ မိန်းကလေးနှင့် ကြိုက်ကြလေသည်။ မြင့်မြင့်သွေးမှာ အညံ့စား မဟုတ်ပါ။ မောင်ကိုကြီးနှယ် ဆယ်တန်း နှစ်ခါကျ ဖြစ်ပါသည်။ သို့ပါလျက်နှင့် ရီးကျီးဒန် တရားမရှိ။

"ငါ့မြေးနဲ့ တူသလား၊ တန်သလား"

မတူမတန်ပါဟု မိန်းကလေးဘက်က ပြောနိုင်သော်ငြား ရီးကျီးဒန်နှင့် ဖက်ပြိုင်ပြီး မပြောပါ။ မြင့်မြင့်သွေး၏ မိဘများမှာ မောင်ကိုကြီး၏ မိဘများ ဖြစ်သော ကိုထွန်းရ မချောစိန်တို့ထက် သာသည်၊ မြင့်သည်။ သို့ရာတွင် ဖြစ်ပြီးခါမှ ပြောမနေတော့ဟု သဘောထားလျက် သည်းခံနေကြ၏။

မြင့်မြင့်သွေး၏ဖခင် ဦးခင်မောင်ကြီးမှာ ဆုတောင်းပြည့်ဘုရား လူကြီး ဖြစ်သည်။ အုတ်ဖိုရွာ၏ ဂုဏ်ထူးဆောင် ကုန်သည်ကြီး ဖြစ်သည်။ ဇနီးသည် ဒေါ်စေဝေမှာလည်း ခေတ်ပညာတတ်တစ်ယောက် ဖြစ်သည်။ မောက်မာလို၊ ဝင့်ဝါလိုသော ဝါသနာရှိပါမူ ရီးကျီးဒန်နှင့် ပြိုင်နိုင်၏။ သို့ရာတွင် သူတို့သည် ရီးကျီးဒန်အကြောင်း စုံစမ်းသိရှိထားသဖြင့် လွှတ်ထားလိုက်သည်။ ထိုမြေး မောင်ကိုကြီးသည် အိမ်ထောင်ပြုသော်ငြား၊ နေစရာမရှိ။ မြင့်မြင့်သွေးကလည်း လင်ကို မြို့ပေါ်သို့ မဆွဲ။ သျှောင်နောက် ဆံထုံးပါကာ ဆင်းဆင်းရဲရဲ နေသည်။ ဘနှင့် အမေကြီးသည် မောင်ကိုကြီးနှင့် မြင့်မြင့်သွေးကို အိမ်ပေါ်မှာ ထားနိုင်သော်ငြား မထားပါ။ အိမ်ဘေးတွင် အဖီချပေးသည်။

အမေကြီး ရီးကျီးဒန်သည် မြေး မောင်ကိုကြီးနှင့် စပ်လျဉ်းမှသာ အတ္တကြီးသည် မဟုတ်။ မောင်ကိုကြီး အောက်က ကောင်မ ခင်ခင်ကြီး၊ ကိုးတန်းဖြင့် လိုက်ပြေးသည်။ သင်းထိုက်နှင့် သင်းကံဟု ပစ်ထားသင့်ငြား၊ ခင်ခင်ကြီးကို ခိုးသော ကျော်မြင့်မောင်၏ မိဘများက စိတ်ကောင်း ရှိ၏။

"ပညာမစုံဘဲ ကြင်ရာရှာတာ သဘောမကျပေမယ့် ဖြစ်ပြီးခါမှတော့ သူတို့နဲ့ ပြိုင်ပြီး မမိုက်နိုင်တဲ့အတွက် အခုလို လာရောက် တောင်းပန်ရတာပါ"



ကျော်မြင့်မောင်၏ဖခင် ဦးဖွံ့၊ ဒေါ်လှလှတို့မှာ စလင်းမြို့ပေါ်တွင် ထင်ရှားသော ပန်းထိမ်ဆရာဖြစ်သည်။ ခင်ခင်ကြီးကို ပြန်အပ်ရာတွင် စုတ်ပြတ် နုံချာသော ခမည်းခမက်၏ အိမ်ကို ကြည့်ကာ နှာခေါင်းမရှုံ့ပါ။ သို့ရာတွင် ဤနေရာမှာလည်း ရီးကျီးဒန် မောက်မာသည်။

"ငါ့မြေး နုနုထွတ်ထွတ်ကလေးကို ပန်းကောင်းအညွန့်ကျိုး ဖြစ်အောင် လုပ်ပစ်သာ။ ဂါတ်တိုင်မယ်"

ရီးကျီးဒန် အဘယ်မျှ ဆူပူကြိမ်းမောင်းနေစေကာမူ ခင်ခင်ကြီး အဖေ ထွန်းရ၏ ဆွေမျိုးသားချင်းများမှာ အလွန်ကျေနပ်အားရနေကြ၏။ သူတို့သည် သူတို့တူ၊ သူတို့သား ရမ်းတိုကုန်းသူနှင့် ရသည်ကို လွန်စွာ ဂုဏ်ယူနေကြ၏။ ယခုတစ်ဖန် ထိုသူ၏သမီးက မြို့သားနှင့် ဖူးစာဆုံ ပြန်သောအခါ ဘုရင့်သားနှင့် ရသည် သဘောထားနေကြ၏။

ရီးကျီးဒန်မှာ ထိုသို့လျှင် 'တငါငါ' နှင့် ငါ နေရသည့်အတွက် ကျောက်ဖြုတ်ကုန်းသို့ သွားချင်ပါလျက် မသွားနိုင်သေး။ သို့သော် စိတ်ကား မလျှော့။ အငယ့်ထံ သွားမည်ဆိုကာ ပြင်ဆင်နေဆဲ လှည်းပင် စီစဉ်ပြီးခါမှ ပျက်ရ၏။ အကြောင်းသော်ကား မြေးမတစ်ယောက် ဖြစ်သော မေကြည် ခိုးရာလိုက်ပြေးပြန်သောကြောင့် ဖြစ်ပေ၏။

မေကြည်မှာ ကိုဘညိန်း မလှမေတို့၏ သမီးဦး ဖြစ်သည်။ မလှမေမှာ ဆွေမျိုးတောင့်သည်မှအပ ငွေကြေးမတောင့်သော သာစည်ရွာမှ ကိုပန်းဆီ၊ မပန်းဥတို့ သမီး ဖြစ်၏။

သည်မှာ ရီးကျီးဒန် ဝဋ်လည်၏။

လူချင်းယှဉ်လိုက်လျှင် အပေါ်စီးကနေပြီး မောက်မာခဲ့သော ရီးကျီးဒန်မှာ ဘညိန်း၏ ယောက္ခမများနှင့်ကျမှ အထင်သေးခံရ၏။ ဘညိန်း၏ ယောက္ခမများ ဖြစ်သော ကိုပန်းဆီ၊ မပန်းဥမှာ ရီးဆေးရိုး၊ ရီးကျီးဒန်တို့ကို အထင်သေးမည့်သာ သေး၏။ လုပ်စရာ လယ်မရှိ။ လှည်း၊ နွား မရှိ။ အလုပ်အကိုင် မည်မည်ရရ ရှိသည်ပင် မပြောနိုင်။

ရီးဆေးရိုး ရီးကျီးဒန်တို့ကား ဆန်ရှိသော်လည်း အစားမကြီးပေ။ လုပ်စရာလယ် ရှိသည်။ လှည်း၊ နွား ရှိသည်။ ခမည်းခမက်ဖြစ်သော မပန်းဥ ရောက်လာလျှင် အလျှံပယ်ကျွေးသည်။ မပန်းဥမှာ စောစောပိုင်းက ပြောမိ ဆိုမိသမျှကို ပြန်လည်တောင်းပန်ရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုမြေးတွေ၏ ကိစ္စဝိစ္စ ပြီးသောအခါ ကျောက်ဖြူတ်ကုန်းသို့ သွားရေး ရှီးကျိုးဒန်၏စိတ်ကူး အကောင်အထည် ပေါ်လာတော့သည်။ သို့သော် အမေကြီး ရှီးကျိုးဒန်ကို ကျောက်ဖြူတ်ကုန်းသို့ မည်သူ လှည်းမောင်း၍ ပို့မည်နည်း။

"ဘညိန်း"

"မအားဘူး အမေ။ ရေယူလှည့်နဲ့ တိုက်နေသယ်"

သားက မရှောင်သာသော အရေးတကြီးကိစ္စဖြင့် အကြောင်းပြကာ ငြင်းဆန်ပြား၊ ဘ ရှီးဆေးရှိုးက ရှင်း၏။

"အဘိုးကြီး"

"ညည်းနဲ့တော့အေ၊ ရွှေပေးတောင် မလိုက်ဘူးဟေ့"

ကျောက်ဖြူတ်ကုန်းသို့ သွားရန် သားအရင်းက ရေယူလှည့် ကြဲနေသဖြင့် လိုက်မပို့နိုင်။ ဘကြီး ရှီးဆေးရှိုးကား ရှင်း၏။ အမေကြီး ရှီးကျိုးဒန်မှို့ မပို့နိုင်။

"၁၆ နှစ် သမီးကလေး ဆိုရင် ပို့မယ် ဆိုပါတော့"

"အမယ်ကြီး ပါးစိပါးစပ်များလို့ ငါ လိုက်မပို့သာဟေ့။ ၁၅ နှစ်တွေ၊ ၁၆ နှစ်တွေ လာလုပ်မနေနဲ့"

"ကိုယ့်ဘာသာကိုယ်ပဲ မောင်းသွားမယ်ဟေ့"

ထိုစကားကို "မတော်ပါဘူး အမေရယ်" ဟူ၍ ချောစိန်က တားဆီး၏။

"ညည်းပဲ စဉ်းစားကြည့်လေ။ ညည့်မောင်က မအားဘူး။ ညည့်အဖေက ငါမို့ လိုက်မပို့ချင်ဘူး ပြောနေသာကို"

"သမီး လိုက်မယ် အမေ"

အမေကြီး ရှီးကျိုးဒန်သည် သမီး ချောစိန်ကို ခေါ်ချင်၏။ သူ့တွင်လည်း ကိစ္စဝိစ္စတွေက အများသား မဟုတ်လား။

"ဟဲ့ နင့်အိမ်ကို ပစ်ထားခဲ့လို့ ရမလား"

"ရပါသယ်။ အဖေလည်း ရှိသားပဲ"

ဤသို့ဖြင့် ရှီးဆေးရှိုး၏ လှည်းနှင့် နွားတစ်ရှဉ်းမှာ ကင်းလွတ်ခွင့် ရသွား၏။ အကြောင်းမှာ လှည်းမောင်းသူ ထွန်းရ ဖြစ်လာသောကြောင့်ပင်။ ထွန်းရက ကိုယ့်နွားကိုသာ ပိုင်နိုင်စွာ မောင်းလိုသည်။

မိမိထွေးသည် နောင်တတွေ ရမဆုံး ဖြစ်နေ၏။



"သူ့အဖေကလည်း ငပျင်းကောင်၊ သူကလည်း ငပျင်းကောင်။ နင် သူ့ကို ယူရင် ဒုက္ခရောက်မှာ"

အဆိပ်တက်နေစဉ်တွင် မည်သူ ပြောသည်ကိုမျှ နားမဝင်သော မိမိထွေးသည် ကိုယ့်ကိုယ်ကိုယ် ဒဏ်ပေးသည့်အနေဖြင့် ရမ်းဘိုကုန်းသို့ မလာပေ။ အလှေ့ကျပေါက်သော စောင်ချမ်းပင် သုံးပင်မှလွဲ၍ အဖြစ်မြန်သော ကုက္ကိုပင် ကလေးတစ်ပင်သော်မျှ စိုက်ရမှန်းမသိအောင် အပျင်းကြီး ပျင်း၊ အဖျင်းကြီး ဖျင်းသော ရွာ၌ ကုပ်ကပ်နေသည်။

ရမ်းဘိုကုန်းရွာသည် သူ့ချည်း စုတ်၏။ သူ့ချည်း ချာ၏။ ကျောက်ဖြူတ်ကုန်းနှင့် ယှဉ်သောအခါ ရမ်းဘိုကုန်းသည် နတ်ပြည် ဖြစ်၏။ ရွာကျောဘက်တွင် ခပ်၍မကုန်သော စလင်းချောင်း ရှိ၏။ ချောင်းရေ ကြီးနေချိန်တွင် ပုတီးပင် ဘုရား၏ အနောက်ဘက်က ရေတွင်းသည် အသင့်ရှိ၏။

ရမ်းဘိုကုန်းရွာလယ်က ပေပင်ကြီးသည် ချောင်း၏ဟိုဘက် ကမ်းမှပင် လှမ်းမြင်နိုင်သည်။ အိမ်တိုင်း သစ်ပင်ရှိသည်။ တမာပင်၊ ကင်ပွန်းခါးပင်၊ မယ်ဇလီပင်၊ ပြည်ပန်းညိုပင်၊ ကသစ်ပင်၊ လက်ပံပင်၊ မန်ကျည်းပင်၊ မြန်မာကုက္ကို၊ ကုလားကုက္ကို စသည်ဖြင့် များ၏။

ကျောက်ဖြူတ်ကုန်း မဆိုထားဘိ၊ ကျောက်ဖြူတ်ကုန်းသို့ သွားသော လမ်းကအစ နံ့ချာ၏။ လှည်းလမ်းရာ နက်လွန်းမက နက်လာသောအခါ အလယ်ကျွန်းသည် ဝင်ရိုးနှင့် မလွတ်။ သို့ကြောင့် လှည်းလမ်းကြောင်း ပြောင်းပြီး မောင်းရ၏။ ထိုသို့ ပြောင်းပြီး မောင်းစရာ နေရာပင် မရှိချင်။

ကြည့်လေရာတွင် ရှားစောင်းပင်တွေသာ ရှိသည်။ တောနာနတ်သော်မျှ ရှားပါး၏။ ရှားစောင်းမှာလည်း ရှားစောင်းပြာသာဒ်၊ ရှားစောင်း မြင်းနား၊ ရှားစောင်းလက်ညှိုး၊ ကျားလျှာ၊ ရှားစောင်းကြီး ဟူ၍ ရှိရာ ကျောက်ဖြူတ်ကုန်း လမ်းတွင်မူ ရှားစောင်းပြာသာဒ်သာ များ၏။

ဝဲယာတွင် တောင်ကုန်းတွေ ရှိသည်။ ထိုတောင်ကုန်းတွေမှာ တစ်ချိန် သောအခါက သစ်ပင်တွေ အုပ်ဆိုင်းဝေဆာနေခဲ့ဖွယ် ရှိ၏။ တစ်ချိန်သောအခါက အနည်းဆုံး မြောက်မြားမြက်သော်ကား ပေါက်ရောက်နေဖွယ် ရှိသည်။ လက်ရှိ အခြေအနေတွင်ကား ရွှံ့ပုံကြီးတွေ၊ ရွှံ့ပုံကလေးတွေအဖြစ်သာ မြင်ရသည်။

"လက်စသတ်တော့ တောပြုန်းသယ် ဆိုသာ ဒါပါကလား"

ထွန်းရ မြည်တမ်းရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ရွှံ့ပုံကြီး၊ ရွှံ့ပုံကလေးအဖြစ် မြင်ရသော နေရာများသည် တစ်ချိန်တစ်ခါက ဒဟာတပင်တွေ၊ သန်းပင်တွေ၊ လွှန်ပင်တွေ၊ အင်ကြင်းပင်တွေ ဖုံးလွှမ်းစည်ကားနေခဲ့ရာ၏။ ရှိညည့် အပင်ကလေးကို လူက ခုတ်သောအခါ သနပ်ခါးပင်၊ စောင်ချမ်းပင်၊ ရှားစောင်းပင်များ ရောက်လာမည်။ ယင်းတို့ကို ခုတ်ပြန်သောအခါ မြက်သော်မျှ မပေါက်သော တောင်ခေါင်းတုံး၊ ထို့နောက် ရွှံ့ပုံတွေ ဖြစ်လာဟန် တူပေ၏။

"သည်နေရာမှာ ဘယ်သူမျှ လာမစိုက်ကြပဲကိုး"

"တော် စိုက်ပါတော့လား။ စိုက်ပြီးသွဲ့အပင် မသေအောင် တော်ပဲ အဲသည်ပေါ် တက်တက်ပြီး ရေလောင်းပေါ့"

ချောစိန် ပြောတော့မှ ထွန်းရ သဘောပေါက်၏။

"ဟူး မလွယ်ပါကလား"

ကျောက်ဖြူတ်ကုန်းသို့ သွားရာလမ်းသည် ဤသို့လျှင် ခြောက်သွေ့သော်လည်း ရွာမူ စိုပြည်သင့်၏။ ယခုသော်ကား ရွာသည်လည်း ခြောက်သွေ့မွဲအိုလွှန်းသည်။ လူတွေမှာလည်း မစိုပြည်ပေ။

"အမကြီး"

မိမိထွေးသည် အမကြီး ရောက်လာလိမ့်မည်ဟု မမျှော်လင့်ပေ။ အမကြီးကို မြင်ရသောအခါ ကျောက်ရုပ် ဖြစ်သွားတော့သည်။

"ဟဲ့ ဘာငေးနေသာတုံး"

ချောစိန်က ငေါက်သဖြင့် မိမိထွေးမှာ တုန်လှုပ်သွား၏။ အဖေနှင့် အမေပါ ပါလာပါကလားဟူသော အသိဝင်လာချိန်တွင်ကား မိမိထွေးမှာ နေစရာ မရှိတော့ပေ။ သူ၏ခင်ပွန်း အောင်ဘာလေသည် မပျင်းပါ။ သမင်သနီသားတွေ ခုတ်ယူပြီး ဘီးလုပ်ကာ ရောင်းချသည်။

မြို့ပေါ် တက်ပြီး ဘီးသည်ထံတွင် ဘီးသွင်းပါက ဘီးကြီးတစ်ချောင်း သုံးကျပ်၊ ဘီးငယ်တစ်ချောင်း နှစ်ကျပ် ရ၏။ သို့သော် ဘီးသားခုတ်ရန် တောတက်သော ရက်နှင့် ဘီးလုပ်သော ရက်အတွက် စားစရာ မရှိ။ ယင်းအတွက် ကြိုတင်ထုတ်ပေးသူထံတွင် ငွေကြေးနှင့် ဆန် စသည်များ ယူရသည်။ ထိုအခါ ဘီးကြီးတစ်ချောင်း နှစ်ကျပ်၊ ဘီးငယ် တစ်ချောင်း တစ်ကျပ် ဖြစ်သွားတော့၏။

"ငပျင်းကောင်တွေ"



အမကြီး ရိုးကျိုးဒန်သည် ပျင်းရိသူများကို ရှုတ်ချလေ့ရှိ၏။ ထို့ကြောင့် မိမိထွေးသည် မပျင်းမိအောင် ကြိုးစားသည်။ အိမ်ရှေ့တွင် ကုက္ကိုပင်တွေ စိုက်သည်။ ကုက္ကိုပင်ရိပ် ခိုပြီး မန်ကျည်းပင်တွေ စိုက်သည်။ အိမ်နောက်ဖေးနှင့် ခြေရင်း ခေါင်းရင်းတွင်လည်း ရေတ်နှင့် ချဉ်ပေါင်၊ ပဲပုစွန်၊ ဘူး၊ ဖရုံ စုံအောင် စိုက်ထားသည်။ အိုးခွက်ဆေးသော ရေ၊ ဆန်ဆေးရေ လောင်းသည်။

အပျင်းတောတွင် နေသော်ငြား သူ့မြေးမ မပျင်းကြောင်း သိရသောအခါ အမကြီးရိုးကျိုးဒန် ကျေနပ်သည်။ "တမာပင်လည်း စိုက်ဟဲ့။ တမာ၊ မဲဇလီက ဆေးဖက်ဝင်သဟဲ့" ဟု အကြံပေး၏။

မိမိထွေးသည် အဖေ၊ အမေနှင့် အမကြီးတို့ ရောက်လာခိုက်တွင် ကောင်းစွာပြုစုချင်ငြား၊ ဆတ်ဆန်သာ စားသောအရပ်မို့ ဆန်ရှာ၍ မရ။ ဆန်နှင့် အနီးစပ်ဆုံး ဆန်ကွဲသာ ရှာဖွေ၍ရသည်။ ထိုအခါ အမကြီး ညြချရပြီ။

"တော်ပါပြီအေ၊ ညည့်အပင်တွေလည်း သံယောဇဉ် တွယ်မနေပါနဲ့။ ထားသာထားခဲ့ပါတော့"

အောင်ဘာလေ လင်မယားနှင့် ကလေးများမှာ တစ်ချီတည်းဖြင့် ရမ်းဘိုကုန်းသို့ ပါလာတော့သည်။ သားကောင် ပစ်ခတ်ရှာဖွေသော မုဆိုးလည်း ပီပီသသ မဟုတ်။ လှော်ခွာရောင်း၊ သစ်ခေါက် ခွာရောင်း၊ ပွဲလျက်ထိုး၊ လွှန်ဆန် ကောက်သော မုဆိုးလည်း ပီပီသသ မဟုတ်။ ယာသမားလည်း မပီမသ၊ ယောင်ယောင်။

အမကြီး ရိုးကျိုးဒန်သည် တောင်မရောက်၊ မြောက်မကျသော သည်အရပ်၌ သူ့မြေး ငတ်နေသည်ကို ခွင့်မပြု။ "လာပါအေ၊ တစ်အိမ်လုံးသာ ပြောင်းခဲ့ပါ" ဆိုကာ ရမ်းဘိုကုန်းသို့ ခေါ်လာသည်။

"ရမ်းဘိုကုန်းက မချမ်းသာပေမယ့် ပျိုးနုတ် ကောက်စိုက် ကောက်ရိတ်တော့ ငှားမယ့်လူ ရှိသဟဲ့"

ရမ်းဘိုကုန်းသည် လယ်သမားရွာ မဟုတ်ငြား အနီးအနားရွာတွေက လယ်သမားရွာတွေ များသည်။ ရမ်းဘိုကုန်းအောက် များစွာ နုံချသော အရှေ့စုမှာပင် လယ်သမား ရှိသည်။

"ပျိုးနုတ်၊ ကောက်စိုက်ချိန် မဟုတ်လည်း ရေလောင်းငှား လိုက်အားရင် ရသအေ"

www.burmeseclassic.com

www.burmeseclassic.com



ရေစုပ်စက်တွေ မတွင်ကျယ်မီက ဥယျာဉ်တွေတွင် မောင်းတက် တပ်ဆင်သော ရေတွင်းတွေကို အားထားရသည်။ မုန်လာခင်း၊ ခရမ်းခင်း၊ ငရုတ်ခင်း၊ ကွမ်းခြံတို့မှာ သူ့အလှည့်နှင့်သူ ရေလောင်းရသဖြင့် မောင်းတက် မနားရပေ။ ဤသည်ကို ရည်ပြီး အမေကြီးရီးကျီးဒန် ပြောခြင်း ဖြစ်သည်။

အောင်ဘာလေ မိသားစုကို ရမ်းဘိုကုန်းသို့ ခေါ်လာသူမှာ အမေကြီး ရီးကျီးဒန် ဖြစ်သည်။ နေစရာ တဲကလေးအစ ဆောင်ရွက်ပေးရမည့်သူမှာ အမေကြီးရီးကျီးဒန်ဖြစ်ပြီး တဲပေးမည့်သူက အသင့် ရှိသည်။

"အတော်ပဲဟေ့။ မင်းတို့ တက်နေရုံပဲ"

မြောက်ခွင်သို့ ပြောင်းမည့်သူက သူ့တဲကို ဖျက်ပြီး မယူရသဖြင့် အောင်ဘာလေတို့ကို ကျေးဇူးတင်နေသည်။ အောင်ဘာလေသည် ရေငင်သော မောင်းတက်နှင့် အကျွမ်းမဝင်သော်ငြား မပြတ်ရေလောင်း ဗွားမည့်သူက အသင့်။

သို့ဖြစ်သောကြောင့်လည်း ယခု ချီတက်လာသော မြစ်တပ်ကြီးတွင် သတ္တိခဲနှင့် ရွှေရည်ဝင်းတို့ ပါလာခြင်း ဖြစ်၏။ ဘ ရီးဆေးရီးနှင့် အမေကြီး ရီးကျီးဒန်တို့၏ မြစ်အင်အားမှာ မသေးချေ။

ကြည့်။

ကျော်မြင့်မောင်၊ ခင်ခင်ကြီးတို့မှ အောင်ကျော်စံဦး ပါလာသည်။ အသံ သြကြီးဖြင့် ပြောတတ်သောကြောင့် အဘေးမ အမေကြီးရီးကျီးဒန် ချစ်သည်။ ထန်းလျက် ကြိုက်သောကြောင့် ရှေ့သွားအားလုံး ပိုးစားနေသည်။

ထို့နောက် အောင်ဘာလေ၊ မိမိထွေးတို့မှ သတ္တိခဲနှင့် ရွှေရည်ဝင်းတို့ လည်း မြစ်တပ်ကြီး၌ ပါလာသည်။ ကျော်သန်းထွန်း၊ မေကြည်တို့မှ သူရကျော်နှင့် သူရသန်း၊ သူရထွန်းတို့ သုံးယောက် ရှိသည်။ ခင်မောင်ငြိမ်း၊ ရီရီပြုံးတို့မှ သမီး နှစ်ယောက်လည်း ထိုမြစ်တပ်ကြီး၌ ပါဝင်၏။ ထိုနှစ်ယောက်မှာ ပြုံးပြုံးငြိမ်းဦး နှင့် ပြုံးပြုံးရီဝေ ဖြစ်သည်။

ထို့ပြင် မောင်မောင်လှ၏ အင်အားစုလည်း ရှိသေးသည်။ လူကသာ လေးတန်း မအောင်သော်ငြား၊ လူကသာ မိဘအိမ်တွင် ကပ်နေရငြား၊ ပုရပိုက် တန်းမှ အေးရီနှင့် အိမ်ထောင်ကျသည်။ မအေဖြစ်သူ ဆိုဆိုသဲဆဲနှင့် ကလေး နှစ်ယောက် ရပြီ။ သား သော်တာဦးနှင့် သမီး စန္ဒာဦး။ သည်ထဲတွင် မောင်ကိုကြီး နှင့် မြင့်မြင့်သွေးတို့၏ ကလေးများဖြစ်သော သီဟကိုနှင့် မြင့်သွေးကိုတို့ မပါဘဲ တစ်ကျိပ် ရှိသည်။



မြစ်တွေ ရောက်လာသည်။ ဘေးကြီး ဘ ရီးဆေးရီး ထိုးပေးသော ထန်းဖူးဖပ်ထိုင်ခုံများတွင် ထိုင်ကြသည်။ မျက်လုံးတွေက မီးဖိုအောက်ခြေ၌ ထိုးထားသော ထန်းပင်မြစ်တွေဆီမှာ။

မြစ်တွေကို ကြည့်ပြီး "မနည်းမနော လူအုပ်ကြီးပါကလား"ဟု ဘ ရီးဆေးရီး ပြုံးပြုံးကြီး ရေရွတ်နိုင်ပြီး အမေကြီး ရီးကျီးဒန် မရေရွတ်နိုင်ပေ။

"သက်သက်တင်စီးတာ ဟင်း"

သွားချင်းသွားလျှင် အဘိုး ဦးဘညိန်း၊ အဘွား ဒေါ်လှမနှင့် အဘိုး ဦးထွန်းရ၊ အဘွား ဒေါ်ချောစိန်တို့ထံ သွားသင့်၏။ ယခုသော်ကား လှမ်းလှမ်း ကမ်းကမ်း အဘေးထံ လာသည်ကို အမေကြီး ရီးကျီးဒန် မကျေနပ်။

"နေပါဦး။ သည်ကို သွားဖို့ နင်တို့ကို ဘယ်သူက သင်လွှတ်တာတုံး"

အမေကြီး ရီးကျီးဒန်၏ အမေးကို မဖြေတတ်သူက များ၏။ တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်ကြသည်။

"ပြောလေ၊ ပြောမှ ထန်းပင်မြစ် ကျွေးမှာ"

ထိုအခါ မိမိထွေး၏သား သတ္တိခဲသည် လက်ပိုက်လျက် ထရပ်၏။

"ဘတို့၊ အမေကြီးတို့ အိမ်ဝိုင်းက ကျယ်သယ်။ သန့်ရှင်းသယ်။ မန်ကျည်းပင်ရိပ်ကလည်း နေချင့်စဖွယ်ကလေး ဆိုတော့ အမေကြီးတို့ကလည်း စေတနာကောင်းတဲ့အတွက် လာကြသာပါ"

"ကျုပ်တို့ စေတနာမကောင်းပေါင်တော်" ဟု အမေကြီး ရီးကျီးဒန် တုံ့ပြန်သော်ငြား၊ သဘောကျနေသည်။

ဘ ရီးဆေးရီးမှူ လက်ပိုက်ပြီး ထရပ်သောအပြုအမူကို လွန်စွာ နှစ်မြို့ နေပေသည်။ "တော်တော်လာသဲ့ကောင်ပဲ" ဟူ၍လည်း မှတ်ချက်ချ၏။

"ဟုတ်ပါပြီ။ ထိုင်ပါ။ ထန်းပင်မြစ်တော့ စားရမှာပေါ့"

ဘ ရီးဆေးရီးသည် မြစ်တွေကို ထန်းပင်မြစ် တစ်ယောက် တစ်ချောင်း ဝေပေးသည်။ ထန်းပင်မြစ်များမှာ ပြာပူအောက်တွင် ရောက်နေသောကြောင့် အရောင်အဆင်းနှင့် ပုံပန်းမမျက်။ ကိုင်ကြည့်မှသာ အခွံ ကွပ်ရွနေကြောင်း သိရသည်အထိ ပုံပန်းအရောင်အဆင်း ကောင်း၏။

သည်ကဲ့သို့ မီးဖိုအောက်ခြေမှ ဆွဲထုတ်လာသော ထန်းပင်မြစ်တွေ တစ်ယောက် တစ်ချောင်း ရသောအခါ လက်အပူသက်သာစေရန် ပါးဖြင့် မှုတ်ရင်း၊ အခွံကို ခွာကြ၏။ သတ္တိခဲသော်ကား ဟိုဟိုသည်သည် မျက်လုံး ကစား

www.burmeseclassic.com

www.burmeseclassic.com



၏။ နှီးစတစ်စကို ထကောက်ယူသည်။ ထန်းပင်မြစ်ကို အဖျားမှ အရင်းသို့ ခြစ်ချ၏။

ထိုအပြုအမူကိုကား ဘရော၊ အမေကြီးပါ နှစ်သက်ကြသည်။ “တယ်လည်း သေချာသဲ့ကောင်ပါကလား” ဟု ဘက မြည်တမ်းသည်။မြေးတစ်ကိုုပ်တွင် သတ္တိခဲ မောင်နှမသည် မတောက်ပြောင်ပါ။ သို့ရာတွင် ပြောတတ်၊ ဆိုတတ်၊ နေတတ်၊ ထိုင်တတ်မှုဖြင့် ဘနှင့် အမေကြီး၏ ပါးစပ်များသို့ သတ္တိခဲ ရောက်နေလေ၏။

❑

- ၂ -

စလင်းချောင်း၏ သဲပြင်သည် ငွေရောင်တောက်နေ၏။ ရမ်းဘိုကုန်း ရွာခြေကို ကပ်ပြီး ရေကြောင်းစီးသောနှစ် ဖြစ်သည်။ ရေကြောင်း၏ ဟိုဘက်တွင် ကြက်သွန်ခင်းတွေ အာလူးခင်းတွေ ရှိသည်။

စလင်းချောင်းသည် ကြက်သွန်ချောင်း ဖြစ်ပြေား၊ မနှစ်တုန်းက တစ်ချောင်းလုံး ကြက်သွန်ရှုံးသည်။ အပင်ထန်းလုံးခန့်၊ ဥ ပုတ်လုံးခန့် ရှိနေရာက တစ်ချောင်းလုံး ဥသိမ်ကလေးတွေ ဥ၏။ တစ်ချောင်းလုံး ကြက်သွန်ရှုံးသဖြင့် ကြက်သွန်မြေလုမှု ရှားပါးသွား၏။

သို့သော် ကြက်သွန်ကို စိတ်မကြေပွဲ နွဲလိုသူများ ရှိ၏။ သို့ဖြင့် သူတို့သည် မြေရော မျိုးပါ ဂရုတစိုက်ထားပြီး လုပ်ကြ ကိုင်ကြ၏။ သို့ရာတွင် ကြက်သွန်ကို စိတ်ကုန်သူများကမူ အာလူးဘက်သို့ လှည့်၏။ အာလူးမှာ မျက်ကွင်းပါသော နေရာသာ ဖိုးယူသဖြင့် ကျန်သောနေရာကို စားနိုင်သေး၏။

မည်သို့ဖြစ်စေ အာလူးခင်းရော၊ ကြက်သွန်ခင်းပါ ခြံကာရသည်။ ခြံမကာခဲ့သော် အပင်နုစဉ်တွင် နွားနင်းခံရမည်။ ကြီးသောအခါ သူခိုးရန် ရှိသည်။ သို့ကြောင့် ခြံကာရသည်။ ခြံကာရန် သန်းပင်၊ သန်းခက် လိုသည်။ သန်းခက်မှာ အချွန်အတက်တွေ ပါသဖြင့် အကာအရံ လုပ်ရန် အသုံးဝင်သည်။

ထိုအခါတွင် အောင်ဘာလေထဲ လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်၊ သန်းခက် ခုတ်ဖို့ တောတက်ပေးစမ်းပါဟ။ ငါ ခေတ်မြေသြဇာနောက် လိုက်ချင်လို့ပါ။ လှည်းနဲ့ နွား ယူသွားပါ"

အလုပ်ပေးချင်သူကို ကိုယ်က လိုက်မရှာရ။ အလုပ်က ကိုယ့်ထံ လာသည်။ သည်အခါ အောင်ဘာလေတို့ မိမိထွေးတို့၏ တဲကလေးမှာ အိမ်ဖြစ်လာရသည်။ ထန်းရွက်မိုး၊ ထန်းရွက်ကာ အဆောက်အအုံမှ သက်ငယ်မိုး ထရံကာ ဖြစ်လာ၏။

သတ္တိခဲနှင့် ရွှေရည်ဝင်း မောင်နှမသည် ချောင်းထဲသို့ ဆင်းပြီး ကစားရာက ထွန်ရေးပြင်တွေကို မြင်သည်။ ထိုထွန်ရေးပြင်တွင် အာလူး 'ကြောင်း' ဆွဲသူများ၊ ကြက်သွန်'ကြောင်း' ဆွဲသူများကို မြင်သည်။ လူကြီးတွေကို လိုက်လံ အတုခိုးရာက အလုပ်သမားကောင်းတွေ ဖြစ်လာကြ၏။

သည်မောင်နှမမှာ သည်ပုံဖြင့်ကား စလင်းချောင်းထဲတွင် အချိန်ကုန်ချေမည်။ သို့သော် သူတို့၏ကံကြမ္မာရော၊ ရပ်ရွာရှိ ကလေးများ၏ကံကြမ္မာပါ ပြောင်းလဲတိုးတက်လာ၏။ တိုးတက်လာပုံမှာ ရွာနှင့်မနီးမဝေးတွင် အလယ်တန်းကျောင်း ပေါ်ပေါက်လာခြင်းပေတည်း။

ကျောင်းမှာ ရှမ်းဘိုကုန်းနှင့် တစ်မိုင်ပင် မဝေးချင်။ သရက်ချင်ရွာတွင် ဖြစ်ပေသည်။ ထိုကျောင်းနှင့် ကလေးတွေကို ဆက်စပ်တွေးတော သူမှာ အမေကြီး ရီးကျီးဒန် ဖြစ်သည်။

"ဟဲ့ ကလေးတွေ ကျောင်းထားဖို့ စီစဉ်ကြဟေ့"

"ကျောင်းသွား ကျောင်းပြန် မြင်းလှည်းနဲ့ တိုက်မိပါ့မယ် အမေရာ"

မိမိထွေးက အမေပီသစွာ အမေစကားပြော၏။

"မြင်းလှည်းနဲ့ တိုးမိမှာစိုးရင် တောလမ်းအောက်က သွားပေါ့အေ"

"နွားလွတ်တွေနဲ့ တိုးရင် တက်နင်းမှာ အမေရဲ့"

အမေကြီးရီးကျီးဒန်သည် "ဖေ" ချီသော ဆဲရေးတိုင်းထွာမှုကို ပြု၏။

"နင့်ကလေးတွေ အိမ်မှာ နေတော့ကော နွားနင်းမယ် ဆိုပြီး နင် ဘယ်နှခါ လိုက်ပြီး စောင့်ရှောက်ဖူးသတုံး"

"စာအုပ်ဖိုး၊ ခဲတံဖိုးနဲ့ အဝတ်အစားဖိုးက ရှိသေးသကော"

အမေကြီးရီးကျီးဒန် ဆဲရပြန်ပြီ။

"အခုကော ညည့်ကလေးတွေ 'ကိုယ်ချည်းတုံး' နေရသလား ဟင်။ နင်တို့လို စာမတတ် ပေမတတ် ဖြစ်စေချင်လို့လား"



ကြက်သွန်ခင်းနှင့် အာလူးခင်းတွင် ဓာတ်သိမ်းရမည့် သတ္တိခဲနှင့် ရွှေရည်ဝင်းသည် ဤနှယ် ကျောင်းသို့ ရောက်သွားကြပြီး၊ ကြက်သွန်ခင်း၊ အာလူးခင်းနှင့်ကား ရေစက်မကုန်ပေ။

အမေကြီးရီးကျီးဒန်က သူ့မြေးတွေ၏ အစွမ်းအစကို သိသည်။ ကလေး နှစ်ယောက်လုံးသည် ကျောင်းမနေဘဲနှင့် ကကြီး၊ ခကွေးကို သိသည်။ သိသည်ဆိုရာ၌ အလွတ်ဆိုတတ်ခြင်း မဟုတ်။ 'အ'ကို အရေးခိုင်းနေရာက 'ခကွေး'ကို အရေးခိုင်း၍ ရခြင်း၊ လကို ရေးနေရာက 'ငှသန်လင်းချိတ်' အရေးခိုင်း၍ ရခြင်းတို့ကို ဆိုလိုပေ၏။

ထိုကလေးနှစ်ယောက်သည် ကျောင်းမအပ်မီက သင်ပုန်းကြီး ကုန်နေသောအခါ ပထမတန်းက စပြီး နေကြရတော့သည်။ အမေကြီး ရီးကျီးဒန်မှာ သည်အတွက် ဝင့်ဝါ၍ မဆုံးတော့ပေ။ သို့သော် စာတော်သော ထိုမောင်နှမသည် အာလူး၊ ကြက်သွန်နှင့် ရေစက်မကုန်ပေ။

သူတို့ စာမေးပွဲချိန်သည် ချောင်းကြက်သွန်၊ ချောင်းအာလူး ဖော်ချိန် ဖြစ်သည်။ သို့ဖြစ်၍ ထိုမောင်နှမသည် အိမ်ပြန်ရောက်လျှင် ချောင်းထဲသို့ ဆင်းပြေးကြ၏။ အာလူးခင်း၊ ကြက်သွန်ခင်းတွေ ကောက်သင်း ကောက်ကြခြင်း ဖြစ်၏။ အခင်းပိုင်ရှင်များသည် 'ကောက်သင်း'သမားကို မလိုလားကြ။ သူတို့ သော်မှ ချောင်းရေလွတ်အောင် အပြေးအလွှား ဖော်နေရသောအခါ ကောက်သင်း ကောက်သူကို လှည့်ပြီး စားမာန်မခုတ်နိုင်။

ရွှေရည်ဝင်းက အာလူးဖော်သူများ၏ နောက်ကလိုက်ပြီး သဲမြေကို ဖွသည်။ သတ္တိခဲက ကြက်သွန်ဖော်သူများ၏ နောက်က လိုက်ပြီး သဲမြေကို ယက်သည်။ ကျောင်းဆင်းချိန်နှင့် မမှောင်မီကြားတွင် ကောက်သင်းကောက်ကြရာ အာလူးသမားက တစ်ပိဿာခွဲ၊ နှစ်ပိဿာ၊ ကြက်သွန်သမားက တစ်ပိဿာနီးပါး ရကြ၏။ သည်မျှကို အမေကြီးရီးကျီးဒန် မမက်မောပေ။

"စာမေးပွဲ အရေးကြီးသယ်။ စာမေးပွဲမှာ ပါးစပ်ကြီး ဟ မနေရအောင် စာအကြည့်ခိုင်းဟဲ့၊ အွကျက်ခိုင်းဟဲ့"

အမေကြီး ရီးကျီးဒန်သည် ကိုယ်ကသာ စာမတတ်ပြီး၊ မြစ်တွေကို စာတတ်စေချင်ရုံမက၊ မောင်ကိုကြီးနှယ် ဆယ်တန်းရောက်ရုံမက ဆယ်တန်းအောင်စေချင်သည်။ သို့ကြောင့် သော်တာဦးနှင့် စန္ဒာဦးတို့ကို လောဆော်သည်။ ထိုမြစ် နှစ်ယောက်မှာ မြေး မောင်မောင်လှ၏ သားနှင့် သမီး ဖြစ်သည်။ သူတို့

www.burmeseclassic.com

www.burmeseclassic.com



အဖေမှာ လေးတန်းလည်း မအောင်။ မအေ့အိမ် တက်နေရင်း အိမ်ထောင်ပြုသည်။ ထို့ကြောင့် ထိုကလေးနှစ်ယောက်ကို သူတကာထက် တတ်စေချင်၏။ ထူးချွန်စေချင်၏။ ရမ်းဘိုကုန်းက ကလေးတွေ စန်းပွင့်လာဟန်တူ၏။

ရွာထဲမှထွက်ပြီး လေးထပ်ကျောင်းထဲဝင်လျှင် ရောက်သောနေရာ၌ မူလတန်းကျောင်းတစ်ကျောင်း ရောက်လာသောကြောင့် ဖြစ်၏။

ထိုကျောင်းသည် အလွယ်တကူ ရောက်လာခြင်းကား မဟုတ်။ မုနိမဟာရံသီဘုရားအနီးရှိ ဇရပ်တွင် ကျောင်းဖွင့်ပြီးမှ လက်ရှိနေရာသို့ ရောက်လာခြင်းဖြစ်၏။

လက်ရှိနေရာမှာ ဇရပ်မြောက်ဘက်ရှိ ဥယျာဉ်ဖြစ်သည်။ ရိုးဆေးရိုး၏ယောက်ဖ မောင်မောင်အေးသည် ကျောင်းအဆောက်အအုံ ဖြစ်မြောက်ရေး၌ များစွာ အကူအညီပေး၏။

“အစ်ကိုကြီးတို့ မပေါ့နဲ့နော်။ အဆောက်အအုံဖြစ်မှ ကျောင်းတည်တံ့မှာ။ လှူဒါန်းစမ်းပါ။ နားပူသကြပ် လုပ်စမ်းပါ”

“သရက်ချင်မှသာ ကျောင်းရှိသာမဟုတ်ပါဘူး။ ငါတို့ရမ်းဘိုကုန်းကလည်း ကျောင်းရှိပါသယ်ကွ”

ဘ ရိုးဆေးရိုးတို့မှာ ဝင့်ဝါ၍ကောင်းရုံ သည့်မျှသာ သဘောထား၏။ မောင်အေး လှူဒါန်းတော့မှ ပညာရေး အရေးကြီးပုံကို ရေးရေး မြင်၏။ မောင်မောင်အေးပြောသော စကားတစ်ရပ်မှာ မှတ်လောက် သားလောက်၏။

“အစ်ကိုကြီးလည်း ဘုန်းကြီးကျောင်းကထွက်ပြီး သေစာ ရှင်စာ ရေးတတ်တာပဲရှိတယ်။ တကယ် ရေးတတ်ဖတ်တတ်တာ မဟုတ်တဲ့အတွက် မြန်မာ့ဓလေ့ မြန်မာ့ယဉ်ကျေးမှုနဲ့ ဖီလာဆန့်ကျင်တဲ့ သဘောတရားတွေ ပြောပြလာတဲ့အခါမှာ အစ်ကိုကြီးတို့ မကောင်းကြောင်း သိပေမဲ့ မကောင်းကြောင်း မပြောတတ် မချေပတတ်ဘူး”

အလွန်မှန်သော စကား၊ အလွန်မှန်သော ထိုစကားသည် ကိုဆေးရိုး၏ဘဝတွင်လည်း သေရာပါသော အမှတ်အသားကြီး ဖြစ်တော့၏။

❑

- ၃ -

“ဟော့ သာဒွန်းရေ”

ကိုဆေးရိုးသည် ကိုသာဒွန်းကို ခေါ်ရပြား၊ ကျောဘက်ကိုလည်း ကြည့်ရ၊ ကိုယ့်ကို အကဲခတ်နေသူ ရှိသလား ကြည့်ရသေးသည်။ ပြီးမှ စကားကို ဆက်နိုင်ပေသည်။

“တို့ဘုရားရှင်ကိုယ်တော်မြတ်ကြီးက နိုးခြင်းကြီး ၂၅ ပါး ဆိုပြီး ထားခဲ့သယ် မဟုတ်လား။ ပိုင်ရှင်မပေးဘဲ ယူသာဟာ နိုးခြင်း ၂၅ ပါးထဲမှာ မပါဘူးလား၊ မင်း ပြောစမ်း”

“အေးကွ၊ ပိုင်ရှင် မပေးသာကို တိတ်တိတ်ပဲယူယူ၊ မသိအောင်ပဲ ယူယူ၊ ပြောင်ပဲယူယူ နိုးခြင်း ၂၅ ပါးထဲမှာ ပါတာပဲပေါ့”

“ဒါဖြင့်ရင် တစ်ယောက် တစ်နံ့ စားပါမယ် သဘောတူပြီး သူ့လယ်ကို လုပ်ပြီးမှ ဆစ်ယောက်တစ်နံ့ မစားနိုင်ဘူး၊ မပေးနိုင်ဘူးဆိုရင် နိုးရာမကျဘူးလား”

ကိုဆေးရိုးမှာ ကိုသာဒွန်းကို တိုင်ပင်မည့်သာ တိုင်ပင်ရပြား၊ ကိုသာဒွန်းလည်း သိလှသူ မဟုတ်။ သို့ကြောင့်လည်း ဗယီးဗယားသာ ဖြေနိုင်၏။

“အေးကွ၊ ပေးပါမယ် ပြောပြီး မပေးသာဟာ လိမ်သာပါကွ။ သာပေမဲ့ အစိုးရက မပေးဘဲ နေခွင့်ပြုသယ်လေ”

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ သူတို့က အစိုးရမှ မဟုတ်သာ။ သူပုန်ပဲ"

"သူပုန် မဟုတ်ဘူး။ သောင်းကျန်းသူတဲ့"

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် ဗြိတိသျှ နယ်ချဲ့သမား၏လက်အောက်မှ လွတ်မြောက်ခဲ့၏။ သို့သော် ငါတို့တစ်တွေသည် ရန်သူ့လက်မှ လွတ်မြောက်ခဲ့ပါတကားဟု မခံစားဘဲ မိမိတို့ မလိုလားသော ဖဆပလ က အာဏာရသွားသည်ဟု မြင်ကြ၏။

မြန်မာပြည်သူပြည်သားများသည် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ထား ပြင်းထန်နေကြ၏။ သို့ဖြစ်သောကြောင့် ထိုဖဆပလကို နယ်ချဲ့လက်ပါးစေဟု သမုတ်၏။ နယ်ချဲ့သမားနှင့် ခေ့စပ်သူဟု စွပ်စွဲ၏။ မည်သည့်နေရာတွင် မည်ကဲ့သို့ လုပ်ခြင်းသည် နယ်ချဲ့ထံ ဒူးထောက်ခြင်း ဖြစ်သွားမည်သို့ ဆောင်ရွက်ခြင်းကား နယ်ချဲ့ လက်ပါးစေ ဖြစ်သည်ဟု တိကျရေရာသော အချက်အလက် မပြနိုင်ဘဲ စွပ်စွဲ ဆဲရေးခြင်းဖြင့် ညီညွတ်ရေး ပြိုကွဲခဲ့သည်။ အမျိုးသားစည်းလုံးညီညွတ်မှု ပြိုကွဲ ခြင်းကား တစ်ဖွဲ့ တစ်ပါတီတည်း မဟုတ်။ မိမိတွင်ရှိသော မီးကျိုးမောင်းပျက် သေနတ်တွေကို အဏုမြူဗုံးတမျှ ထင်နေကြ၏။ မိမိတွင်ရှိသော အင်အားကလေး ကို အင်အားကြီး ထင်နေကြ၏။ ငါမှသာ နီရဲသော နယ်ချဲ့ ဆန့်ကျင်ရေးသမား၊ သူတို့ သူတို့တစ်တွေကား အလွန်ဖောက်ပြန်သော နယ်ချဲ့လက်ဝေခံ၊ နယ်ချဲ့ တပည့်၊ အမျိုးသားသစ္စာဖောက်တွေ ဖြစ်ကြသည်ဟု အထင်သေး ရှုတ်ချ နေကြ၏။

မြန်မာနိုင်ငံ၏ ပကတိအခြေအနေကား စစ်မြေပြင် နှစ်ကြိမ် ဖြစ်ထား သဖြင့် ဖွတ်ဖွတ်ညက်ညက် ကျေနေ၏။ ပြဲအောင်လန်အောင် လုပ်မှ တန်ကာ ကျမည့် အခြေအနေ ဖြစ်သည်။ သို့ရာတွင် အာဏာရပါတီထဲမှ လူအနည်းငယ် ကသာ ပြန်လည်ထူထောင်ရေးကို စိတ်ဝင်စားသည်။ အာဏာရပါတီထဲမှ လူအများစုနှင့် အာဏာမဲ့များကပါ ပြန်လည်ထူထောင်ရေးကို စိတ်မဝင်စား ကြပါ။

ထိုလူတွေ ကိုင်စွဲသော စီးပွားရေးဝါဒကား ဗုဒ္ဓအလိုကျ မဟုတ်ပေ။ စပါးတစ်ကေ တင်းနှစ်ဆယ် ထွက်ရာက၊ နှစ်ဆယ့်ငါးတင်း ထွက်ရေးကို မရှာကြံကြ။ တောင်သူလယ်သမားများကို နည်းမပေးကြ။

တစ်ကေကို ဝါ ငါးပိဿာ ထွက်ရာက၊ ခြောက်ပိဿာ၊ ခုနစ် ပိဿာ ထွက်နည်းကို မရှာကြံကြ။ ပဲ၊ ရေတ် လက်ရှိအထွက်နှုန်းထက် ပိုသော



တိုးတက်မှုကြီးပွားမှုကို မရှာကြံနိုင်ကြပေ။ အလွယ်ကူဆုံးကား ထိုလယ်၊ ထိုယာ၊ ထိုမြေကို ပိုင်ဆိုင်သူကို ရန်မူတိုက်ခိုက်ရေးကိုသာ အရေးတကြီးထားပြီး လှုံ့ဆော်ကြတော့သည်။

မြန်မာသည် မည်ကဲ့သို့သော လူမျိုးနည်း။ မသေရုံစားပြီး စုဆောင်းကာ မြေဝယ်ပြီး မြေပိုင်ရှင် ဖြစ်လာသူတွေ များစွာရှိသည့်နိုင်ငံ ဖြစ်သည်။ အများစုမှာလည်း သိမ်မွေ့နူးညံ့သော ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်သူများ ဖြစ်ကြ၏။

သို့ရာတွင် ထိုဗုဒ္ဓဘာသာဝင်များသည် နလပိန်းတုံးတွေသာ ဖြစ်၏။ စကားကို ရေလည်စွာ ပြောတတ်သူများ မဟုတ်။ ဘုန်းကြီးကျောင်းမှ ထွက် ကတည်းက စာနှင့် ပေနှင့် ဝေးသူတွေ ဖြစ်သည်။ စာနှင့် ပေနှင့် နီးသူများကို အသာတကြည် စည်းရုံး၊ သို့မဟုတ် အကြမ်းဖက် ခြိမ်းခြောက်၏။

တိုင်းချစ်ပြည်ချစ် ပုဂ္ဂိုလ်များ၊ သတင်းစာဆရာများက မေတ္တာ ရပ်ခံ ကြငြား၊ တောင်းပန်ကြငြား၊ ကိုယ့်ကိုယ်ကိုယ် လွန်စွာအထင်ကြီးသူ များသည် ပုန်ကန်ထကြွသည့်အလုပ်ကို ကလေးကစားစရာ ထင်ကာ ပြည်တွင်း စစ်ကို ဖန်တီးကြ၏။ ဖဆပလအဖွဲ့ကြီးသည် နိုင်ငံရေးနည်း၊ စစ်ရေးနည်းတို့ဖြင့် နိုင်ငံ တော်ကို ကြိုးစား ကာကွယ်ခဲ့ပေ၏။

ဤသို့ရှိစဉ်တွင် ကိုဆေးရိုးတို့ထံသို့ မြေခွန်တော် နှစ်ဆ သီးစားခဝါဒ ရောက်ရှိလာသည်။ ကိုဆေးရိုးလုပ်နေသော လယ်ပွဲအတွက် မြေခွန်တော် တစ်ရာကျပ် ကျသင့်ပါက ထိုလယ်ပွဲပိုင်ရှင်ထံသို့ ငွေ နှစ်ရာကျပ်၊ သို့မဟုတ် နှစ်ရာကျပ် တန်ဖိုးရှိသော စပါးတွေ သွားရောက် ပေးလိုက်လျှင် ပြီးပြီ။

သို့သော် ကိုဆေးရိုးတို့သည် ဤမျှကို မလုပ်ချင်ပေ။ မလုပ်ရက်ပေ။ သို့ရာတွင် လယ်ခွန်တော် နှစ်ဆ သီးစားခသမားများသည် ကိုဆေးရိုးတို့ကို ထားပြီး ထွက်ခွာသွားကြ၏။ ထိုအခါတွင် လယ်ခွန်တော် နှစ်ဆ သီးစားခကို ရှုတ်ချသူများ ရောက်လာသည်။

"သီးစားခ မပေးရဘူး"

မြန်မာလယ်သမားအများစုသည် လူဆိုးလူသွမ်း မဟုတ်ကြပေ။ သို့ရာ တွင် မိမိတို့ လက်ခံယုံကြည်သော ငါးပါးသီလကို ဖုထု ခံခံ ကာကွယ် မပြောတတ်ပေ။ လယ်သမားတွေ လာစမ်း၊ စုဝေးစမ်း။ မြေရှင်တွေကို သီးစားခ မပေးရဘူး။ အဒိန္နဒါနကံ မထိုက်ပေဘူးလား။ မထိုက်ဘူး။ မပေးနဲ့ ပြောတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ ထိုက်ပေစေ။ ခင်ဗျားတို့က မပေးနဲ့ ပြောနိုင်သလား။ မင်း ဘာကောင်တုံး။

စာမတတ် ပေမတတ် တောသားများကို အထင်သေးစွာ နိုင်လိုမင်းထက် ဆက်ဆံကြသည်။ ဗုဒ္ဓဘာသာနှင့် ဆန့်ကျင်သော သဘောထားကို နားလှည့်ပါးလှည့် ပြောပြီး စည်းရုံးလျှင် တော်သေး၏။ ယခု မဟုတ်။ ပြောင်ပြောင်ပြောပြီး အမိန့်ပေးသည်။

ရိုးသားသော မည်သည့်ဗုဒ္ဓဘာသာကမျှ သီးစား‌ခ မပေးရေးကို လက်မခံကြပေ။ ပေးနေကျကို မပေးရသောအခါ တောင်သူလယ်သမားထုကြီးက ပစ်ပြီး ထောက်ခံလိမ့်မည် မျှော်လင့်ကြ၏။ သို့ရာတွင် ဗုဒ္ဓဘာသာ တောင်သူလယ်သမားများသည် မူကို မထောက်ခံ။ သေနတ်ကိုသာ ထောက်ခံကြ၏။

ကိုဆေးရိုးမှာ ရွာက တစ်မျိုး၊ လယ်က တစ်မျိုး ဖြစ်သည်။ ရွာကို အုပ်စိုးသူနှင့် လယ်မြေကျရောက်ရာ အပိုင်းကို အုပ်စိုးသူတို့ မတူပေ။ ရွာကို အုပ်စိုးသူတို့က မပြင်းထန်ဘြား၊ လယ်မြေရှိနေသော ဒေသအစိတ်အပိုင်းကို အုပ်စိုးသူများက ပြင်းထန်သည်။ 'နားလည်မှု' ဆိုသောစကား ခေတ်စားနေချိန် ဖြစ်ရာ အင်အားစုနှစ်ခု နားလည်မှုယူပြီး နေကြခြင်း ဖြစ်သည်။

တစ်ခုသောနေ့တွင် ရမ်းဘိုကုန်းရွာထဲသို့ မြင်းရထားတစ်စင်း ဝင်လာသည်။ တစ်အိမ်ဝင် တစ်အိမ်ထွက် 'ကိုဆေးရိုး' ကို မေးသောအခါ အုတ်အော်သောင်းတင်း ဖြစ်၏။ ရထားပေါ်တွင် အခြားခရီးသည် မပါ။ သေနတ်ကိုင် နှစ်ယောက်သာ ပါသောအခါ တစ်ရွာလုံး ထိတ်ထိတ်ပျာပျာ ဖြစ်လေ၏။

"ကိုဆေးရိုး ရုံးကို လိုက်ခဲ့ပါ"

"ကိုဆေးရိုး မရှိဘူးတော့"

မကျီးဒန်က အိုးပုတ်လျက်တန်းလန်းက ထဖြေ၏။

"မရှိရင် ရှိတဲ့နေရာက သွားခေါ်။ ပစ္စည်းမဲ့ရုံးတော်က ဆင့်ခေါ်တဲ့အတွက် အမြန်လာရောက်ရမယ်"

"သွားရှာပြီး လွှတ်လိုက်ပါ့မယ်"

"မရဘူး။ အခု တစ်ပါတည်း လိုက်ခဲ့ရမယ်"

လက်နက်ကိုင် နှစ်ယောက်သည် အိမ်ရှေ့မြင်းခုံတွင် သေနတ် တခြား၊ လူတခြား လှဲနေကြ၏။ အိမ်နီးချင်းတစ်ယောက်သည် ကိုဆေးရိုး ရှိမည့်နေရာသို့ သွားသော်ငြား ခေါ်ငင်ခြင်း မဟုတ်ပေ။



"အဘကို လာပြီးရှာနေသယ်။ ယောင်လို့တောင် ခြေဦးမလှည့်နဲ့"

"ဘာကိစ္စတဲ့တုံးကွ"

"မသိဘူး အဘ။ ဒါပေမဲ့ ရထားမောင်းသူဘေးမှာ သူတို့လူ တစ်ယောက်၊ အဖျားမှာတစ်ယောက် ပိတ်ထိုင်ပြီး အဘကို အလယ်မှာ ထားပြီး ခေါ်သွားမှာကတော့ သေချာပါတယ်ဗျာ"

ထိုအချိန်တွင် ဘညိန်းသည် သေနတ်နှစ်လက်ကို မတို့ မထိဘဲ ငုံ့ကြည့်နေပေသည်။ လက်နက်ကိုင်နှစ်ယောက်ကလည်း ဘညိန်းကို လူရာသွင်းရန် မလိုဟု သဘောထားကြဟန်တူ၏။ သို့ရာတွင် သေနတ်ကို မမြင်ဖူးသောကြောင့် လှေလာရန် ဆိုလျှင် တစ်လက်။ ယခုသော်ကား ဘညိန်းသည် သေနတ်နှစ်လက်လုံးကို ငန်းပြားထမ်းပုံမျိုး ထမ်းလျက် ယူသွားသည်။

"ကိုဆေးရိုး မလာသေးဘူးလား"

"ဟာ သေနတ်တွေကော"

မကျီးဒန်သည် ရင်ရှားကြီးဖြင့် အိုးကြားမှ ထွက်လာ၏။

"ကိုဆေးရိုးကို သွားခေါ်နေပါတယ် ဗိုလ်ကြီး"

"ဆေးရိုး အရေးမကြီးဘူး။ သေနတ် သေနတ်"

သေနတ်ကို မကျီးဒန်လည်း မသိပေ။

"သေနတ် မရရင် ရွာကို မီးနဲ့ရှို့ရလိမ့်မယ်။ သေနတ် သေနတ်"

သေနတ်လွယ်ထားစဉ်ကသာ မော့မကြည့်ရဲခဲ့သော ရမ်းဘိုကုန်း ရွာသားများသည် ရဲတင်းစွာ ဝိုင်းအုံလာကြ၏။

"သေနတ်ကို ရမ်းဘိုကုန်းရွာက ဘယ်သူ့ကို အပ်သလဲ"

"မင်း ဘာလူဝါးရတာတုံး"

"သေနတ်မရရင် ရွာကို မီးနဲ့ရှို့မယ် ဆိုလို့ ပြောတာပါ။ ခင်ဗျာ့သေနတ်ကို ရမ်းဘိုကုန်းက ဘယ်သူ့ကို အပ်ထားသလဲ"

ထိုကဲ့သို့ စနစ်တကျ မေးသူမှာ ရွာခေါင်း ဦးဘရီ ဖြစ်သည်။ သေနတ်သမားနှစ်ယောက်လုံး သူတို့ စီးလာသော ရထားဖြင့် ပြန်သွားကြ၏။ ရမ်းဘိုကုန်းသို့ နောက်တစ်ခေါက် ပြန်လာနိုင်ခွင့် မရှိတော့ပေ။ သေနတ်ပျောက်မှုဖြင့် သေဒဏ်အပေးမခံရလျှင် ကံကောင်း။ ရမ်းဘိုကုန်းသည် နေပူထဲတွင် ကုပ်ကုပ်ကလေး နေခဲ့ရာက မိနစ်ပိုင်းအတွင်း နာမည်ကြီးသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"အမည်မသိ ရမ်းဘိုကုန်းသားတစ်ယောက်။ အင်္ဂလိပ်ရိုင်ဖယ် နှစ်လက် ယူပြေးတယ်"

"ရမ်းဘိုကုန်းကို ကာကွယ်ရမယ်"

ရမ်းဘိုကုန်းဝန်းကျင်တွင် ဆန့်ကျင်ဘက် လက်နက်ကိုင် အင်အားစု တွေ ပြည့်နှက်နေတော့သည်။ သူတို့သည် သူတို့အုပ်စိုးရာ နယ်မြေဒေသကို ကာကွယ်ရန် ရောက်ရှိလာကြသည်။ သေနတ်နှစ်လက် မည်ကဲ့သို့ ပျောက်ဆုံး သွားသနည်း။ မေးမြန်းကြ စုံစမ်းကြသည်။ ဘညိန်း။ ရွာထဲတွင် ဘညိန်း ပျောက်နေသောကြောင့် ဘညိန်းကို ထင်ယောင်ထင်မှား စွပ်စွဲရခြား သေနတ်တွေ ဘညိန်း ထမ်းသွားသည်ကို မည်သူမျှ မမြင်ပေ။

မကျီးအန်သည် လက်နက်ကိုင် နှစ်ယောက်ကို လှမ်းကြည့်လိုက်၊ ကိုဆေးရိုး လာနေကျလမ်းကို လှမ်းကြည့်လိုက်၊ အိုးပုတ်လိုက် လုပ်နေရာက တစ်ချီတွင် ချောင်းထိပ် ပြည်ပန်းညိုပင်ဘက် မျက်စိရောက်သွားရာ သေနတ် နှစ်လက်ကို ထင်းထမ်းသကဲ့သို့ ထမ်းပြီး ဆင်းသွားသော ဘညိန်း။

"ဩော် ငါ့သား သေနတ်တွေ ထမ်းသွားပါကလား"

ထိုကဲ့သို့သော အသိဖြင့် မကျီးအန် မမြင်။ "ဩော် ဘညိန်းပါ ကလား" ဟူ၍သာ သိသည်။

သို့ရာတွင် ပြဿနာကြီး ဖြစ်ပြီ။ မီးနဲ့ရှို့မယ်၊ သေနတ်နဲ့ ပစ်မယ်၊ လူတွေ သတ်မယ်ဟု တစ်ရွာလုံး ရုတ်ရုတ်သဲသဲ ဖြစ်တော့မှ မကျီးအန် ရေးရေး မြင်ယောင်သည်။ သို့သော် မည်သူ့ကို ပြောရမည်နည်း။

ဘညိန်းသည် သေနတ်တွေ ယူရန် စိတ်ကူး မရှိ။

ကိုဆေးရိုးကို လာခေါ်သော သေနတ်သမားနှစ်ယောက်သည် သူ့အသိ တွေ ဖြစ်၏။ သို့ရာတွင် သူကသွားဖြပြီး နှုတ်ဆက်သောအခါ မသိသယောင် တည်တည်ကြီးတွေ လုပ်နေ၏။

"မင်းတို့က ခု ဘာကောင်တွေတုံး"

ဘညိန်းသည် အသံမထွက်ဘဲ ဆဲရေးသည်။ မန်းကျည်းပင်တွင် ကပ်ရပ်ပြီး ငြိမ်သက်နေလိုက်သည်။ သေနတ်တွေကို မြင်းခုံတစ်ခုပေါ်တွင် ပစ်တင်ထားကာ ဂုန်အိတ်ကုလားထိုင်၌ တစ်ယောက်၊ ထန်းသားကုလားထိုင်၌ တစ်ယောက် အိပ်ပျော်နေကြစဉ် ဘညိန်းက သေနတ်နှစ်လက်ကို ယူသွားခြင်း ဖြစ်၏။



အခြေအနေ သည်မျှ ဆိုးဝါးမည်မှန်း ကြိုတင်သိလျှင် ဘညိန်း မလုပ် ပါ။ ချောင်းပြင်ပြည့်လုအောင် လူတွေ ပြည့်နေသောအခါ ဘညိန်းပင် မလှုပ်ရဲ တော့ပါ။ သူသည် သေနတ်နှစ်လက်ကို ရေတွင်းနင်းကြမ်း အောက်တွင် ထိုး ထားသည်။ သေနတ်နှစ်လက် ယူပြီး ပေးလိုက်လျှင် ပြီးပြေမည်ဟု မသိ။ သို့ ကြောင့် မောင်မောင်အေး ရှိသောရွာသို့ ပြေးခဲ့သည်။

မောင်မောင်အေး တာဝန်ကျသောနေရာမှာ ပန်းဆွဲရွာ ဖြစ်သည်။ ရမ်းဘို ကုန်းရွာနှင့် ပန်းဆွဲရွာသည် ၆ မိုင်ခန့် ဝေးသည်။ ဖြတ်လမ်းက သွားသောအခါ ဘညိန်းမှာ ငါးမိုင်ခန့်သာ လျှောက်ရတော့၏။

"အချိန်မတော်မှ မင်း ဘာလာလုပ်တာတုံး"

"သေနတ်ကိုင်နှစ်ယောက်က အဖေ့ကို လာခေါ်တယ်ဗျ။ အိမ်မှာ မရှိဘူး။ သူတို့က အဖေ့ကို စောင့်ရင်း အိပ်ကြတော့ ကျုပ်က သေနတ်တွေ ယူပြေးတာ။ တစ်ချောင်းလုံးဗျာ သူတို့ချည်းပဲ။ အဲသာကြောင့် ကြောက်လန့်ပြီး ပြေးလာသာဗျ။ ဘာလုပ်ရင် ကောင်းမလဲ"

မောင်မောင်အေးမှာ သောင်းကျန်းသူများ ဖွဲ့စည်းထားသော မြေယာ ကော်မတီတွင် အတွင်းရေးမှူး ဖြစ်သည်။ သို့သော် သူကလေးတွေ စာမသင်ရခြင်း တစ်ခုတည်းဖြင့် သောင်းကျန်းသူ ဆန့်ကျင်ရေးသမား ဖြစ်၏။

သောင်းကျန်းသူများမှာလည်း ဖဆပလ ဥက္ကဋ္ဌကို ပုဂ္ဂိုလ်စွဲ မုန်းတီး ၏။ ဖဆပလအဖွဲ့ဝင် ဆိုရှယ်လစ်တွေကိုလည်း ပုဂ္ဂိုလ်စွဲ မုန်းတီးသည်။ ဤသို့ဖြင့် ဖဆပလ မအုပ်ချုပ်နိုင်သော နေရာကို ဝင်လာသည်။ ထမင်းထုပ် တောင်းသည်။ စစ်အောင်နိုင်ရေး ရန်ပုံငွေကောက်သည်။ ရပ်ကျိုးရွာကျိုး ဘာမျှ မဆောင်ရွက်။ သို့ကြောင့် ဖဆပလ ပြန်ဝင်လာသောအခါ ခြေထောက်ဖက်ပြီး ကြိုဆိုကြတော့၏။

အစိုးရတပ် မရှိသောနေရာတွင် ဝင်ရောက်မင်းမူခြင်းမှအပ ဘာဆို ဘာမျှ မလုပ်သော သောင်းကျန်းသူကို မောင်မောင်အေး မလိုလား။ သို့ကြောင့် ဘညိန်းကို သိုသိုသိပ်သိပ် ထားသည်။ သူ့ထံ၌ ဘညိန်း ရောက်နေကြောင်းကို ဘညိန်း၏ အဒေါ်သာလျှင် သိသည်။ အခြားသူ မသိ။

အခြားဘက်တွင်လည်း ရမ်းဘိုကုန်းမှ ဘညိန်း ပျောက်သွားကြောင်း ကို စားပြအဖွဲ့တစ်ဖွဲ့က သိထားသည်။ သေနတ် ဆုံးရှုံးသွားရသော ပါတီနှင့် ဆန့်ကျင်ဘက်ပါတီတို့ကလည်း လျှို့ဝှက်စုံစမ်းနေကြသည်။ သူတို့ကလည်း ဘညိန်း သွားမည့်နေရာကို မောင်မောင်အေး၏ နေရာဟု သတ်မှတ်ထားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့တစေ တစ်ခုသော လကွယ်ညတွင် ဘသိန်းနှင့် မောင်မောင်အေးတို့သည် ကိုဆေးရိုး၏ ချောင်းတိမ်ယာအတွင်းသို့ တိတ်တဆိတ် ရောက်လာကြသည်။ နင်းကြမ်းအောက်တွင် ဘသိန်း ထိုးထားခဲ့သည့် သေနတ် ၂ လက်ကို အရယူနိုင်ခဲ့ကြသည်။

ဘသိန်းသည် ပန်းခွဲရွာတွင် ကြာရှည်မနေပါ။ သေနတ် နှစ်လက်ကို အကြောင်းပြုပြီး သူ့ထံသို့ အမည်မသိသူများ ရောက်ရောက်လာကြသည်။ ထို့နောက် သူသည် အစိုးရတပ်တစ်တပ်တွင် သေနတ်နှစ်လက်ကို အပ်နှံသည်။ ထို့နောက် ချောက်မြို့ရှိ မြင်းလှည်းသမားတစ်ယောက်ထံတွင် ဇာတ်မြှုပ်နေထိုင်လေ၏။

ဘသိန်းအမျိုးတွင် မြင်းလှည်းသမားအဲဖြစ် ကျော်သန်းထွန်း ရှိသော်လည်း ဘသိန်း စိတ်မဝင်စားပါ။ သူ့လယ်တွေက ရေမအောင်သော လင်းဇင်းမြောင်းဟု ဆိုရစေကာမူ လုံးဝကြီး မဟုတ်။ နေကြာ ကြံခွင့်ရသည်၊ ပြောင်းကြဲပြီး အကာနှံလိုက်ရောင်းခြင်း လိုက်ရောင်းခြင်းဖြင့် အခြေအနေကို ထိန်းနိုင်သည်။

ရမ်းဘိုကုန်းဒေသကို ဖဆပလအစိုးရတပ်များက ပြန်သိမ်းချိန်တွင် ဘသိန်းလည်း ရွာပြန်ရောက်လာသည်။ လင်းဇင်းမြောင်းသောက် နယ်များမှာ လယ်မြေအဖြစ်ကို စွန့်လွှတ်ကြပြီ။ လင်းဇင်းမြောင်းသည် သရက်ချင်ရွာသို့ပင် မရောက်တော့ပြီ။ ဤနည်းဖြင့် ဘသိန်းသည် သူ ကျွမ်းကျင်သော မြင်းလှည်းလုပ်ငန်းကို ရမ်းဘိုကုန်းသို့ သယ်ဆောင်ခဲ့ရတော့သည်။

ဘသိန်းကို အကြောင်းသိသူများက ကြောက်ကြသည်။

သူသည် သောင်းကျန်းသူများ၏ သေနတ် ၂ လက်ကို ခိုးထားပြီး ဓားပြတိုက်စားနေသည်ဟု ထင်ကြ၏။ ပြောင်ပြောင်တင်းတင်း ဖွင့်မမေးသူများကိုမူ ဘသိန်း မသိလိုက်ဘာသာနေသည်။ အတိအလင်း ဖွင့်မေးသူများကိုမူ အတိအလင်း ဖွင့်ပြောရုံသာမက စာမတတ် ပေမတတ်သူများအဖြစ် မေ့မရနိုင်သော အမည်းစက်ကြီးအဖြစ်လည်း မှတ်တမ်းတင်ခဲ့မိပေ၏။

❑

- ၄ -

သို့ဖြစ်၍ ဇရပ်ပေါ်က မူလတန်းကျောင်း နေရာတကျ ဖြစ်ရေးတွင် ရမ်းဘိုကုန်းက အစွမ်းကုန် ကူညီခဲ့သည်။ ရမ်းဘိုကုန်းရွာ၏ အစွမ်းကုန် ကူညီမှုတွင် ဘရီးဆေးရိုး၏ လှူလဉသသဟ များစွာ ပါဝင်ပေသည်။

သည်သူများအပြင် ကျော်သန်းထွန်း မေကြည်တို့၏ သား သုံးယောက်ကလည်း တစ်နည်း ဆန်းလာကြ၏။ သား သုံးယောက်မှာ သူရကျော်နှင့် သူရသန်း၊ သူရထွန်းတို့ ဖြစ်ပေသည်။ သူတို့သည် ကျီးသိုက်ရွာတွင် နေပြီး သရက်ချင်တွင် ကျောင်းတက်နေရာက ပျက်ပြယ်ပြယ် ဖြစ်လာသဖြင့် အမေကြီး ရီးကျီးဒန် ပါလာရသည်။

"ညည်းတို့ ဘာလုပ်သာတုံး။ ကလေးတွေကို ကျောင်းထားသာလား၊ မထားသာလဲဒူး။ ရှင်းရှင်းပြောစမ်း"

မေကြည်သည် အမေကြီး ရီးကျီးဒန်ထက် စာတတ်သည် ဆိုနိုင်သော်ငြား၊ ကလေးတွေ ကျောင်းနေရေး၊ မနေရေး၌ မပြတ်သားပေ။

"လယ်သမား သားသမီး လယ်ထွန်တတ်ဖို့ နွားကိုင်တတ်ဖို့ပဲ အရေးကြီးသယ် မဟုတ်လား အမေကြီး"

အမေကြီး ရီးကျီးဒန်မှာ အဆဲကလေး ဖက်ရပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မသိ၊ ဘာမှ မတတ်သဲ့ လယ်သမားနဲ့၊ သိသဲ့တတ်သဲ့ လယ်သမား ဘယ်ဟာက သာသတုံး။ ထွန်စက်တဲ့၊ ခြွေလှေ့စက်တဲ့၊ ပိုးသတ်ဆေးတဲ့၊ ကြိုးတန်းစိုက်တဲ့ ကာလကြီးက အပြောင်းအလဲမြန်က မြန်ပါဘိသနဲ့"

မေကြည်သည် အမေကြီးရိုးကိုးဒန်၏ အဖြေကို သဘောပေါက်သလော၊ အခြားနည်းဖြင့် သိမြင်သလော ဟူသည်ကိုကား မည်သူမျှ မပြောတတ်။ သို့ရာတွင် မြင်းနှစ်ကောင်နှင့် မြင်းလှည်းကို ရမ်းဘိုကုန်းသို့ သယ်လာသည်။ သားသုံးယောက်ကို သရက်ချင်ကျောင်း၌ ဆက်ပြီးထားသည်။

မေကြည်၏ သည်အပြုအမူအတွက် အခြားလူတွေက ကဲ့ရဲ့ကောင်းကဲ့ရဲ့မည်။ လင်ကို အနိုင်ကျင့်သည် ပြောကောင်းပြောကြမည်။ အမေကြီးရိုးကိုးဒန်ကမူ သူ့မြစ် သုံးယောက် ကျောင်းမထွက်ရသဖြင့် သာဓု ခေါ်သည်။ "ငါ့မြေးမ တော်ပါပေသည်" ဟု ချီးမွမ်း၏။

ဤသို့ရှိစဉ် အပျိုကြီး လှအုံးမယ်က လှုပ်ရှားလာသည်။

လှအုံးမယ်သည် ကိုထွန်းရ၊ မချောစိန်တို့၏သမီး အပျိုကြီး ဖြစ်သည်။ အပျိုကြီး ဖြစ်သောကြောင့် တခုတ်တရ အခန်းထားပေးသည်။ ကိုးတန်းအောင်အပြီးတွင် မိဘ ဆင်းရဲသည် ဆိုကာ အရောင်းအဝယ် ထွက်လုပ်သည်။ သူ့အထက်တွင် ရှိသူများက တစ်စုံတစ်ရာ မပြောဘဲ အငယ်ဆုံးက ကျောင်းထွက်ရကောင်းလားဟု အကြီးတွေ အပြစ်ပြောခံရသည်။

ထိုအချိန်က မကွေးနှင့် မင်းဘူးကို တံတားမထိုးနိုင်သေး။ လှအုံးမယ်သည် မကွေးသို့ ရမ်းဘိုကုန်းဘက်မှ ကုန်စိမ်းများ သယ်ယူရောင်းချပြီး နောက်ပိုင်းတွင် အသွားကုန် မရှိတော့ပြီ။ အပြန်ကုန်အဖြစ် အဝတ်အထည်နှင့် ဆေးဝါး၊ လူသုံးကုန်များသာ ဖြစ်သည်။

တစ်နေ့သောအခါ လှအုံးမယ်နှင့် မော်တော်ပေါ်မှ ဆေးရောင်းသူတို့ စကားများတော့သည်။

ဆေးရောင်းသူက သူ့ဆေး အလွန်စွမ်းကြောင်း၊ တိုင်းမျိုး မည်သူမည်ဝါ၏ လက်စွဲဖြစ်ကြောင်း၊ မကွေးမြို့ပေါ်မှ ထင်ရှားသော ပုဂ္ဂိုလ်များ၏ အမည်ကိုပါ ထည့်သွင်းရွတ်ဆို၏။ ထိုမော်တော်နှင့် ထိုဆေးရောင်းသူကို တစ်ကြိမ်နှစ်ကြိမ်မျှသာ ကြုံကြိုက်စဉ်က လှအုံးမယ် ခွင့်လွှတ်သည်။ လေး ငါးခေါက်ကြိမ် ကြုံသောအခါ လှအုံးမယ် ပြောမိပြီ။

"ပြောသလောက်လည်း မစွမ်းပါဘူးရှင်"



ဆေးရောင်းသူ ကြားသွား၏။ မိုက်ကရိုဖုန်းအားကိုးဖြင့် အော်ကျယ်အော်ကျယ် ပြဿနာလုပ်သည်။

"တချင်ပြည်နယ် ရေခဲတောင်ပေါ်က ခက်ခက်ခဲခဲ သက်စွန့်ဆံဖျားရှာဖွေရတဲ့ မလျှော့မြစ်၊ ကိုရီးယားဂျင်ဆင်းနဲ့ တန်းတူ အစွမ်းထက်တယ်။ ဘာမှမသိတဲ့ နလပိန်းတုံးတွေက တောပြောတောင်ပြော ဖြေကာမျှနဲ့ ဖုန်မထတဲ့အပြင်၊ ဖော်တွေရဲ့ ရွံ့နဲ့အပွတ်ခံရတဲ့ ပတ္တမြား လိုဏ်ဂူကြီးလို ပိုပြီး လင်းလက်လာပါတော့တယ်"

လှအုံးမယ်မှာ 'မော်တော် ခဏရပ်ပါဦး' ဟု ပြောကာ ဆင်းနေခဲ့၍ မရသောကြောင့် သည်းခံပြီး လိုက်လာရ၏။ မော်တော်ဆိပ်ကမ်းသို့ ကပ်ချိန်၊ အသံချဲ့စက် သိမ်းချိန်တွင်ကား လှအုံးမယ်က ပြောဖြစ်အောင် ပြော၏။

"ခရီးသည်တွေကို ခြိမ်းခြောက် ဟိန်းဟောက်ပြီး စားလာသာ၊ ကြာပြီထင်ပါရဲ့"

ဆေးရောင်းသူ အနားပေါ် တုတ်ကျသည်။

"တောသူမ ဘာလူဝါးဝတာတုံး။ နေဦး၊ မသွားနဲ့"

လှအုံးမယ်ကား ဆေးရောင်းသူကို အရေးမလုပ်ပေ။ သူ့ တည်းအိမ်သို့ ခြေကျင်လျှောက်စဉ် ဆေးရောင်းသူက ပြေးလိုက်လာ၏။

"နေဦး၊ မသွားနဲ့လို့ ပြောတာ မကြားဘူးလား"

လှအုံးမယ် လှည့်မကြည့်ပေ။

"နေဦး၊ မသွားနဲ့လို့ ပြောတာ မကြားဘူးလား"

လူကို မထိပါးသေးသော်လည်း လှအုံးမယ်၏ လက်ဆွဲခြင်းကိုကား ထိပါးဆွဲငင်သဖြင့် လှအုံးမယ် ရပ်တန့်၏။

"မော်တော်ပေါ်မှာ ခရီးသွားတွေကို နှောင့်ယှက်ရတာ အားမရလို့ လမ်းပေါ်အထိ လိုက်ပြီး နှောင့်ယှက်တာ မလွန်လွန်းဘူးလား"

"တောသူမ ဘာလူဝါးဝတာတုံး"

ရမ်းဘိုကုန်း မျက်စိဖြင့် ကြည့်သောအခါတွင် လှအုံးမယ်တို့ မြို့သူဖြစ်နေ၏။ မြို့သွေးတက်နေသည်။ မြို့ဟန်ပေါက်နေသည်။ သို့ရာတွင် မကွေးမျက်စိဖြင့် ကြည့်သောအခါ တောသွေးတောဟန် ပါနေသည်။ ထို့ကြောင့် တောသူမဟု ခေါ်ရာက လက်ပါ ပါလာ၏။

www.burmeseclassic.com



လိုက်လံနှောင့်ယှက်သူသည် လှအုံးမယ်ကို ဆံပင်ဆွဲပြီး ပါးရိုက်၏။ သို့ရာတွင် ဆံပင်ဆွဲမှုပင် အထမမြောက်ဘဲ လှအုံးမယ်၏ တွန်းပစ်ခြင်းကို ခံရ၏။ ထိုအခါ မကြားဝံ့ မနာသာတွေ ဆဲသည်။ လှအုံးမယ်သည် နီးရာဆိုင် တစ်ဆိုင်၏ တံစက်မြိတ်အောက် ဝင်ရပ်နေငြား၊ ထိုသူ မသွားဘဲ ရပ်ပြီး ဆဲရေးနေသည်။

"သည်မယ် မိတ်ဆွေ၊ သည်မယ်"

ဆိုင်ထဲမှ လူတစ်ယောက် ထွက်လာ၏။

"ဘာလဲ၊ ဘာပြောချင်သလဲ"

"ဆိုင်ရှေ့မှာ လာပြီး မဆဲနဲ့ဗျာ။ လွတ်ရာသွားပြီး ဆဲပါ"

"ကိုယ့်လူက ဘာတုံး"

အမေးခံရသော ဆိုင်ရှင်က ပြန်မပြောဘဲ လှအုံးမယ်ရှေ့တွင် သွားရပ်၏။ သို့စဉ်တွင် ဆိုင်ထဲမှ လူနှစ်ယောက် ထွက်လာသည်။ ဆဲရေးနေသူကို နှစ်ဖက် ညှပ်လျက် ဆွဲခေါ်သွားကြ၏။ အခေါ်ခံရသူသည် ရန်းကန်ဆဲရေးရင်း တရွတ်တိုက် ပါသွားသည်။

"ကျွန်တော့်နာမည် တင်မောင်ကျော်ပါ။ သည်စတိုးရဲ့ ပိုင်ရှင်ပါ။ အထဲဝင်ပြီး ထိုင်ပါဦး"

ဆိုင်ရှင်က ဖိတ်ခေါ်သော်ငြား၊ လှအုံးမယ် မသွားပါ။ "ကျေးဇူး တင်ပါတယ်" ပြောပြီး ထွက်လာသည်တွင် ဆိုင်ရှင်၏ တပည့်နှစ်ယောက်ကို တွေ့ရသည်။ သူတို့နောက် မလှမ်းမကမ်းတွင် သူတို့ ဆွဲခေါ်သွားသူ။

"ဟော့ တောသူမ၊ ဘယ်ပြေးမတုံး"

လှအုံးမယ် နောက်ကြောင်း ပြန်ပြေးသည်တွင် စတိုးဆိုင်ထဲ ရောက် သွား၏။ တင်မောင်ကျော် ထွက်လာပြီး သူ့တပည့်တွေကို အပြစ်တင်သံ၊ ဆဲဆို အော်ဟစ်သံများကို ကြားရငြား၊ လှအုံးမယ် လှမ်းမကြည့်ပေ။

"ကျွန်မ တည်းခိုတဲ့အိမ်က ကမ်းနားလမ်းမှာပါ"

လှအုံးမယ်၏ မျက်စိအောက်မှာပင် လက်ဖက်ရည်ဆိုင်မှ ကော်ဖီ တစ်ခွက် လာပို့သဖြင့် လှအုံးမယ် လက်ခံသောက်ရင်း တင်မောင်ကျော်၏ အမေး ကို ဖြေမိသည်။

"အဖေတို့ ဂျပန်ခေတ်တုန်းက ရောက်ဖူးတယ်လို့ ပြောသံ ကြားဖူး သဗျ။ ရမ်းဘိုကုန်းတဲ့၊ ပုရပိုက်တန်းတဲ့ဗျ။ နာမည်ဆန်းတွေမို့ မှတ်မိတာပါ"



"ဟုတ်ကဲ့ရှင်၊ ကျေးဇူးတင်ပါတယ်"

လှအုံးမယ် နှုတ်ဆက်ပြီး ဆိုင်ထဲမှ ထွက်လာ၏။ လှအုံးမယ် တည်းခို သော အိမ်သို့လာရာတွင် တင်မောင်ကျော်၏လူနှစ်ယောက်က လိုက်လံ ပို့ပေး ၏။ လှအုံးမယ်သည် မကွေးမှ အပြန်နှင့် မကွေးသို့ အသွားတွင် မော်တော်ကို ရွေးပြီး စီးရတော့သည်။

ထိုထူးခြားချက်မှအပ အခြားကိစ္စ ဖြစ်ပေါ်လာလိမ့်မည်ဟု လှအုံးမယ် မထင်ချေ။ သို့ရာတွင် သူ၏တည်းအိမ်သို့ တင်မောင်ကျော် လာရောက်လည်ပတ် သောအခါ စိတ်အနှောင့်အယှက် ဖြစ်ရတော့သည်။

တောတွင် အဘယ်မျှ ခေတ်ဆန်ပါသည် ဆိုစေကာမူ၊ တောသူသည် တောသူသာ ဖြစ်၏။ လှအုံးမယ်သည် မိမိကိုယ်ကို တောသူဟု အမြဲခံယူထား သည်။ သို့ကြောင့် သူ့တည်းအိမ်သို့ တင်မောင်ကျော် အလည်လာသည် ဆိုသော အခါ အံ့သြရတော့သည်။

'ရမ်းဘိုကုန်းဘက်မှာ ငရုတ်၊ ကြက်သွန်၊ အာလူး၊ ဆီးသီး။ သူ့စတိုး ဆိုင်က အလှကုန်တွေနဲ့၊ မဟုတ်သေးပါဘူး'

တောသွေးတောဟန် ပြည့်နေသော သူကဲ့သို့သော တောသူကို ကြိုက်သော ကြောင့် လာလည်သည်ဟု လှအုံးမယ် မထင်။ သို့ရာတွင် တည်းအိမ်ရှင်က သိသည်။

"လှအုံးမယ်ရေ၊ နဖူးစာ ရွာလည်သတဲ့"

သည်စကားကို လှအုံးမယ် ကြားဖူးသော်ငြား ကိုယ်နှင့် မဆိုင်ဟု သဘောထားသည်။ မြို့သူ ချောချောလှလှတွေ သိန်းချီပြီးရှိနေသော မြို့ကြီး ရပ်ကြီး၌ မိမိအလှသည် အရာမထင်ဟု လှအုံးမယ် ထင်သည်။ မိတ်ကပ် အဘယ်မျှ လုပ်စေကာမူ နေလောင်သော မျက်နှာကို မဖုံးနိုင်။ ရေမွှေး မည်မျှ ဆွတ်ထားပါစေ၊ နေစော်နံသော အနံ့ကြီးကို မခြုံနိုင်။

သို့သော် စတိုးဆိုင်ပိုင်ရှင်ကား လှအုံးမယ်ထံသို့သာ တရစ်ဝဲဝဲ ရှိ၏။ သို့သော် လူပုံ အချောကြီး မဟုတ်စေကာမူ လှအုန်းမယ်သည် တင်မောင်ကျော်ကို စိတ်ဝင်စားပါသည်။ သို့တစေ မယုံကြည်။ တောသူကို အပျော်ကြံသည် ဟူ၍ သာ သဘောထားခဲ့၏။

တစ်နေ့သော် ဦးထွန်းရ၊ ဒေါ်ချောစိန့်သမီး မလှအုံးမယ် ဆိုကာ ကား တစ်စီးနှင့် လူသုံးယောက် ရောက်လာ၏။ သုံးယောက်ထဲမှ တစ်ယောက်မှာ လှအုံးမယ် မထင်မှတ်သော တင်မောင်ကျော်။

www.burmeseclassic.com

www.burmeseclassic.com



ပထမသော် လှအုံးမယ် 'အမ်း' နေသေး၏။ သို့ရာတွင် အရှိကို အရှိအတိုင်း မြင်သွားခြင်းသည်သာ အမှန်ကန်ဆုံး၊ အကောင်းမွန်ဆုံးဟု လှအုံးမယ် သဘောထားလိုက်သောအခါ လှအုံးမယ် အနေဖြောင့်တော့သည်။

"ကျွန်မတို့အိမ်က ထိုင်စရာ မရှိလို့ အခု အမေကြီးတို့အိမ် အောက်မှာ ညှော်ခံရသာပါ။ ကျွန်မတို့တဲက ဟိုတဲပါ"

လှအုံးမယ်သည် နွားသေးနဲ့၊ နွားချေးနဲ့ တဲပေါင်ပေါင်နှင့် အိမ်ကို ပြသည်။ ရင်ဘတ်တွင် သွားရည်ရွဲနေသော ကလေးတွေကို ပြသသည်။ တင်မောင်ကျော် စိတ်ပျက်သွားစေရန် ဖြစ်သည်။ တင်မောင်ကျော်ကား စလင်းချောင်းကို ကြည့်ပြီး သဘောကျနေသည်။ ဓာတ်ပေါင်းစု ဘုရားငုတ်တိုနှင့် ပုတီးပင်ဘုရားကို ကြည့်လျက် မနောခွေ့နေ၏။

ရမ်းဘိုကုန်းသူ ရမ်းဘိုကုန်းသားများက မင်းလောင်းထံသို့ 'ဖုသာ-ရထား' ဆိုက်သည်ဟု ထင်နေကြ၏။

"လှအုံးမယ်ရဲ့ ရည်းစားတဲ့"

"ဟဲ့ မဟုတ်သာတွေ မပြောနဲ့။ လှအုံးမယ်မှာ ရည်းစားမရှိဘူးတဲ့"

"ဒါဖြင့်ရင်၊ လှအုံးမယ်ကို ကြိုက်လို့ လိုက်လာသာ။ မကွေးကတဲ့"

လှအုံးမယ်သည် အနေအထိုင်၊ စရိုက်သဘာဝချင်း မနီးစပ်သော တင်မောင်ကျော် တပ်လန့်သွားစေချင်၏။ သို့ဖြစ်သဖြင့် အမေကြီးရီးကျိုးဒန်၊ ဘရီးဆေးရီးတို့ထံ တင်မောင်ကျော်ကို ခေါ်သွား၏။

"အဲသာ အမေ့ဘက်က ဘ နဲ့ အမေကြီးပါ"

"အေးကွယ်။ တို့တောမှာတော့ မင်းတို့မြို့လို ကာဖီ၊ လက်ဖက်ရည်မရှိဘူး သူငယ်။ အနားပွဲနေသဲ့ သင်ဖြူးပေါ် ထိုင်ပြီး၊ ရေနွေးကြမ်းပဲ သောက်စရာ ရှိသကွယ့်"

ဘမှာ အကျီမရှိ။

အမေကြီးမှာလည်း ထဘီကို ရင်ရှားထားသည်။

အသားအရေ ရှုံ့တွ မည်းချိတ်နေသော အဘိုးနှင့် အဘွားကို ပြသအပြီးတွင် လှအုံးမယ်သည် အဖေနှင့် အမေကိုလည်း တင်မောင်ကျော်နှင့် မိတ်ဆက်ပေး၏။ ကိုထွန်းရ၊ မချောစိန်တို့၏ အဖီထဲသို့ တင်မောင်ကျော်ကို လှအုံးမယ် ခေါ်သွားချိန်၌ ထွန်းရက ရှုံ့နင်းနေသဖြင့် ပေကျံနေ၏။

"အဲသာ ကျွန်မအဖေ ဦးထွန်းရပါ"



"ကျွန်တော် တင်မောင်ကျော်ပါ။ မကွေးကပါ ခင်ဗျာ"

တင်မောင်ကျော်သည် ရှုံ့နင်းနေသူကို စိတ်ပျက်မသွားပေ။ လေးစားစွာ နှုတ်ဆက်သည်။

"ဟောသာက ကျွန်မအမေ ဒေါ်ချောစိန်လေ"

"ဟုတ်ကဲ့။ ကျွန်တော် တင်မောင်ကျော်ပါ၊ မကွေးကပါ"

ကုလားထိုင်နှင့် ဆိုဖာနှင့် ကြော့ကြော့မော့မော့ နေခဲ့ထိုင်ခဲ့သော တင်မောင်ကျော်သည် အိုးကြိုအိုးကြား၌ သင်ဖြူးစုတ်ခင်းပြီး ထိုင်၏။ ထိုသူကို ကြည့်ပြီး လှအုံးမယ် စိတ်ပျက်သည်။

လှအုံးမယ်တို့၏ ဆင်းရဲနွံချာမှုကို မြင်အပြီးတွင် တင်မောင်ကျော် စိတ်ပျက်သွားစေရန် လှအုံးမယ် ဖန်တီး၏။ ယခု ထိုသူက လှအုံးမယ်၏ မိဘ ဘိုးဘွားကို မြသလွန်ဘုရားဖူးရန် မကွေးသို့ ခေါ်နေ၏။ မကွေးသို့အသွားတွင် နဂါးပွက်တောင်ကို ဝင်ကြည့်ရန် ယောက်ရှာပင်ဆိပ်အနီးရှိ ဘုရားပုထိုးများ ဖူးချင်အောင် ပြောပြနေချေ၏။

"ဘတို့ အမေကြီးတို့ မလိုက်နဲ့"

လှအုံးမယ် တားဆီးသော်လည်း မအောင်မြင်ပါ။

"ဟဲ့ မကွေး မြသလွန် ကြုံတောင့်ကြုံခဲ ဖူးရသာ။ လိုက်သွား ဘာဖြစ်တုံး"

"အဖေတို့ အမေတို့ မလိုက်နဲ့"

ဘနှင့် အမေကြီးကို တားဆီး၍ မရသောကြောင့် လှအုံးမယ်သည် အဖေနှင့် အမေဘက်သို့ လှည့်ပြန်သည်။

"ဟဲ့ သူ စေတနာရှိလို့ ခေါ်သာပဲဟာ။ ဘုရားဖူးရသာပေါ့"

လှအုံးမယ်သည် တင်မောင်ကျော်ကို သာမန် ရောင်ရှားရာက မသင်္ကာစိတ် ဝင်လာရတော့သည်။

"ပြေအပလောက်ထဲ့ ရုပ်ရည်လည်း မရှိသဲ့ တောသူမတစ်ယောက်ရဲ့ အဘိုး၊ အဘွားနဲ့ မိဘကို မြို့ခေါ်ပြီး ပြုစုတာ ဘာသဘောတုံး။ ငါ့ကို မာနကြီးသယ် ထင်ပြီး မာနချိုးဖို့ ကြံစည်သာလား"

ထိုအတွေး ဝင်လာသောအခါ လှအုံးမယ် ထိတ်လန့်ရသည်။ တင်မောင်ကျော် မည်ကဲ့သို့သော လူမျိုးနည်းဟု စုံစမ်းရတော့သည်။ ရွက်ကြမ်း

www.burmeseclassic.com

www.burmeseclassic.com



ရေကျိုတွင် နေစော်နံနေသေးသည့် တောသူမကို တင်မောင်ကျော် စုံမက်နေခြင်းမှာ စိတ်နှလုံးကောင်းခြင်းကြောင့် ဖြစ်သည်။

"မိန်းမတွေ ကျွေးနိုင်ရင် ဆယ်ယောက် ယူမလား၊ ရတယ်။ အဲသည် ဆယ်ယောက်ထဲမှာ သဘောဖြူအူစင်း ဘယ်နှယောက် ပါမတုံး။ တစ်ယောက်ပါ ပါစေမယ်လို့ ဘယ်သူ အာမခံနိုင်သတုံး"

လှအုံးမယ်ကို တင်မောင်ကျော် စွဲစွဲလမ်းလမ်းရှိပုံမှာ အံ့သြလောက်၏။ နောက်ဆုံးတွင် လှအုံးမယ်က သြချပြီး လက်မြှောက်ရတော့သည်။ ထိုအခါတွင် ရွာမြောက်ဖျားမှ ဗိန်းမောင်းတီးပြီး ထသူမှာ မြတ်ဦး ဖြစ်၏။

"တို့ရွာသူကို မကျွေးကကောင်က သားကြီး မယားကြီး ရှိသဲ့လူက အပျော်လာကြံသာကွ"

ဘုမသိဘမသိ ကောင်တွေ တုတ်ဆွဲပြီး ထကြသောအခါ ကိုထွန်းရ မနေနိုင်၊ ဓားဆွဲပြီး ထရတော့သည်။ ကိုထွန်းရ မထ၍ မဖြစ်။ ကိုထွန်းရ မထလျှင် လှအုံးမယ်၏ မောင်တွေ ဖြစ်သော ကိုကိုကြီးနှင့် မောင်မောင်ထွေး၊ ခင်မောင်ငြိမ်း၊ မောင်မောင်လှ၊ ကျော်သူရတို့ ထတော့မည်။

သို့သော် ထွန်းရ ဓားဆွဲပြီး ထသောအခါ၊ ရွာနေ ထွန်းရ မျိုးတွေကို တား၍ မရပါ။

ထွန်းရ၏အဖေ ကိုအေးဆောင်၏ အစ်ကိုမှာ ကိုအေးသောင် ဖြစ်သည်။ ကိုအေးသောင်၏ အောက် တစ်ယောက်ကျော်မှာ ထွေးမောင်နှင့် ရွှေအောင် ဖြစ်သည်။ ထွန်းရ၏ ဆွေအားမျိုးအားမှာ သည်မျှဖြင့် မပြီးသေးပါ။ ထွန်းရ၏ အဒေါ် မစောမေ၏ခင်ပွန်းမှာ ငသိုင်း ဖြစ်သည်။ ငသိုင်းတွင် ငဝိုင်းခေါ် ညီ တစ်ယောက် ရှိပြန်သည်။

တစ်ဖန် ကိုအေးမောင်၊ မလှသင်တို့၏ သားသမီးများ ဖြစ်သော မိနီနှင့် မိခြူး၊ ထွန်းမြ၊ မခင်၊ မယဉ် စသော ညီအစ်ကို မောင်နှမ အရင်းခေါက်ခေါက်များ ရှိသေးသည်။ ဓားကိုယ်စီဆွဲလျက် ထွန်းရ၏ အိမ်ဝိုင်းထဲသို့ လှည်းမောင်းပြီး ဝင်လာသောအခါ ရမ်းဘိုကုန်းတစ်ရွာလုံး ထိတ်လန့်တော့သည်။

လှအုံးမယ်ကို သူမသိ ငါပိုး လုပ်နေရာက သားပုပ်လေလွင့် ပြောမိသော မြတ်ဦး လေသံပြောင်းသွား၏။

"မင်္ဂလာကြေး တစ်ထောင့်တစ်မတ်က တစ်ပြား မလျှော့ဘူး"



ကာသိကအောက် လုပ်ကာမှ လုပ်ရစေတော့ သဘောဖြင့် အသံပြောင်းစေကာမူ မြတ်ဦး မသက်သာပါ။ ရမ်းဘိုကုန်းရှိ ကာလသားများက ကာလသားခေါင်းအဖြစ် တင်မြှောက်ထားသူမှာ မောင်မြ ဖြစ်သည်။

"တင်မောင်ကျော်နဲ့ လှအုံးမယ်တို့ မင်္ဂလာဆောင်အတွက် ခဲဖိုး တစ်ထောင့်တစ်မတ် ပေးရမယ်လို့ ခင်ဗျား ပြောသလား"

မောင်မြက ထိပ်တိုက်လာမေးသည်။

"ဟ များများရတာ မကောင်းဘူးလား"

"အဲသာ မေးသာ မဟုတ်ဘူး။ ကာလသားတွေကိုယ်စား ခင်ဗျားမှာ ပြောပိုင်ခွင့် ရှိသလား၊ ဒါပဲ ဖြေပါ"

မြတ်ဦး ခက်တော့သည်။ သူ့မှာ ပါးစပ်သာ ရှိသည်။ မောင်မြနောက်တွင် ကာလသားအုပ်ကြီး ရှိသည်။

"တခြားရွာတွေမှာ ကာလသားကြေး တစ်ထောင့်တစ်မတ် လုပ်ကြလို့ ရပါစေ စေတနာနဲ့ ပြောသာပါကွာ။ မပြောနဲ့ဆိုလည်း မပြောပါဘူး" ဆိုကာ မြတ်ဦး တပ်ခေါက်သွားရလေ၏။

စင်စစ်သော်ကား တင်မောင်ကျော်သည် ကာလသားကြေး တစ်ထောင့်တစ်မတ် တောင်းလျှင်လည်း ပေးမည်သာ။ သို့ရာတွင် မြတ်ဦး ပြောထားသော စကားမို့ ကာလသားခေါင်း ငမြက မသုံးပေ။ ကာလသားကြေးကို "သတို့သားသဒ္ဒါသလောက် ပေးပါ" ဟု တောင်းသည်။ တင်မောင်ကျော်က တစ်ထောင် ပေးသည်။ မရစဖူး ရသော မင်္ဂလာကြေးပါပေ။

သို့သော် ကာလသားခေါင်း မောင်မြတို့မှာ အာမမခံနိုင်သော အခြေအနေ ရှိ၏။ အခြေအနေကား မြတ်ဦး ဖြစ်သည်။ သူသည် ဖြတ်မျဉ်းအဖြစ် အချိန်မရွေး ထပြီး ခဲဖြင့် ပေါက်နိုင်သူ ဖြစ်၏။

ခဲပေါက်သည် ဆိုခြင်းမှာ အလွန်လွယ်၏။ ကလေးငယ်တစ်ယောက်က ထပြီး လောက်စာလုံးဖြင့် ပေါက်ဦး၊ ခဲကျသည် ခေါ်၏။ တစ်ဖန် ခဲကြီးကိုင်ပြီး ပစ်ပေါက်လျက်တန်းလန်း မိမှသာ ခဲပေါက်သူအဖြစ် ဖမ်းဆီး တရားစွဲဆိုနိုင်ပေသည်။

တင်မောင်ကျော်သည် သူ့ယောက္ခမလောင်းနှင့် သားချင်းတွေ ဓားဆွဲရသည် ကြားကတည်းက စိတ်ကူးထဲမှ မင်္ဂလာဆောင်ကို ပယ်ဖျက် လိုက်

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ 'တယ်ပြီး စရိုက်ကြမ်းတဲ့ လူတွေပါကလား' ဟူ၍ ပြောချင်သော်ငြား အသံကို မျိုချသည်။

သို့ဖြစ်သောကြောင့် တင်မောင်ကျော်နှင့် လှအုံးမယ်သည် တရားသူကြီးတစ်ယောက်၏ရှေ့တွင် လက်မှတ်ထိုးခြင်းဖြင့် လက်ထပ်သည်။ အသိသက်သေ ယောက်ျားကလေးဘက်မှ နှစ်ယောက်၊ မိန်းကလေးဘက်မှ နှစ်ယောက်။ ထို့နောက် ရှာနီးချုပ်စပ်မှ ဘုန်းတော်ကြီးများ ပင့်ကာ ဆွမ်းကပ်သည်။ တရားနာသည်။

ထိုအခမ်းအနားသို့ လာရောက်သော ပရိသတ်သည် မင်္ဂလာဆောင်လာသူများ မဟုတ်။ တရားနာရန် လာရောက်သူများကို ခဲဖြင့် ပစ်ပေါက်၍ မလျော်။ တင်မောင်ကျော်သည် ဤနည်းဖြင့် ခဲပေါက်လိုသူများ၏ အာသီသကို ဟန့်တားလိုက်ပေ၏။ သို့သော် သည်ကဲ့သို့ အကြမ်းမှုကို အနုနည်းဖြင့် ဖြုခွင်းပါလျက်၊ မပြုလိုသူများ ရှိသေး၏။ ထိုသူများကား တောင်ပစ်ကုန်းဘက်မှ အမျိုးများ ဖြစ်၏။

"တို့တူမကို မင်္ဂလာဆောင်ပြီး မယူသာ ဘာသဘောတုံး"

"လက်မှတ်ကလေး ထိုးရုံနဲ့ ပြီးစတမ်းလား"

"ပစ်တောင်းဆန်ကာ လုပ်လို့ ရမလား"

ရိုးရိုးသာ ဆိုလျှင် တောသားကြီးများသည် အေးဆေးစွာ နေလေ့ရှိ၏။ ယခုသော်ကား၊ မြတ်ဦး ရှိထားသဖြင့် လောင်ချင်ချင် ဖြစ်နေသူများမှာ ထစ်ခနဲရှိ မြတ်ဦးကိုသာ မဲတော့သည်။ သို့ကြောင့် အကောင်းဆုံး ဆောင်ရွက်ထားသော စကားနည်းရန်စပွဲကိုပင် အကောင်း မထင်ကြခြင်း ဖြစ်ပေ၏။ ထိုအချိန်တွင် ထွန်းရမှာ သတို့သမီးအဖေအဖြစ် ရွာထဲသို့ ရောက်နေ၏။ သူ့အမျိုးတွေမှာ ရွာခေါင်း၏ အမိန့်အရ ရွာပြင်ရှိ တလင်းထဲ၌ နေကြရ၏။ ရွာသို့ ဝင်ခွင့်မပြုခြင်းမှာ မားပါသောကြောင့် ဖြစ်သည်။

"ထွန်းရရေ၊ မင့်အမျိုးတွေကို သွားပြီး နှစ်သိမ့်လိုက်ဦးဟေ့"

ရွာဆော် ကိုလှမောင် လာပြောသဖြင့် တလင်းထဲသို့ ထွန်းရ ပြေးခဲ့ရ၏။

"အားလုံး အေးအေးဆေးဆေးနဲ့ ပြီးသွားပါပြီ။ အေးအေးဆေးဆေး ပြန်ကြပါတော့"

ခေါင်းပေါင်း တလူလူနှင့် ထွန်းရကို မြင်ရမှ ကျေနပ်ကြသည်။ ပြန်ကြပါတော့ဟု ထွန်းရ ပြောမှ နားတပ်ကြသည်။ သို့ပါလျက်နှင့် "ဟေ့ကောင် အေးဆေးမှ အေးဆေးသယ် ပြောနော်၊ အားမနာနဲ့" ဟု လုပ်နေကြသေး၏။



လှအုံးမယ်နှင့် တင်မောင်ကျော်တို့၏ မင်္ဂလာကိစ္စအပြီးတွင်ကား ကိုထွန်းရမှာ လူအလေးစားခံရ၏။ ယခင်ကမူ 'မယားကြောက်' တစ်ယောက် အဖြစ် အထင်သေးခံခဲ့ရသည်။

အမေကြီး ရီးကျီးဒန်မှာမူ ရင်ကို မ နေရှာ၏။

"ဖအေက စိုစိုစိ၊ မအေက အေးစက်စက်နဲ့ သည်အပျိုကြီးနဲ့ ဒုက္ခပါပဲလို့ ငါ ထင်နေသာ။ အခုမှပဲ အသက်ရှူလို့ ဝသယ်"

ဘ ရီးဆေးရိုးမှ အမေကြီးနှယ်မဟုတ်။

"တို့အမျိုးထဲမှာ ပေါက်ပေါက်ဖြောက်ဖြောက် မောင်မောင်အေး တစ်ယောက်တည်း ရှိခဲ့ရာက အခုတော့ နှစ်ယောက် ရှိသွားပြီပေါ့။ အင်းမကွေး ဆေးရုံတက်ဖို့ ကြုံတိုင်း လှအုံးမယ်တို့အိမ်ကို သွားကြမှာ မြင်ယောင်သေး"

ဘ ရီးဆေးရိုးကား ရှေ့ရေးကို မြော်တွေးလျက် ရယ်မောနေလေ၏။ သို့သော် ဘ ရီးဆေးရိုး မြင်သကဲ့သို့ တင်မောင်ကျော်ကား သေးသေးကွေးကွေး လူ မဟုတ်ပေ။ ဘားပလက်တစ်ပုလင်း ဓာတ်ခဲတစ်လုံးကို ဧရာမ ရတနာကြီးဟု သဘောထားနေကြချိန်၌ဝယ် သူသည် လင်းဖင်းဆည်မှ ကျွန်းညိုရွာအထိ စေ့စပ် ပတ်နယ်စွာ လှေ့လာပြီး ဖြစ်နေပေသည်။

သို့ဖြင့် အင်မတန် ဖွင်းလှပါသည်၊ ဖွင်းလှပါသည် ဆိုသော အောင်ဘာလေ၏ လက်ထဲတွင် ငွေတွေရာချီပြီး ရောက်ရှိလာ၏။ သူ၏ ယောက္ခမများပင် ထိတ်လန့်ကြရ၏။

"ဟဲ့ ဟဲ့၊ အနောက် နေထွက်၊ အရှေ့ နေဝင် ဖြစ်ကုန်ပြီလား"

"ဘကဲ့ သားကို အထင်မစမောပါနဲ့ဗျ၊ အစ်ကိုတင်မောင်ကျော် ပေးသွားတာပါ"

တင်မောင်ကျော်သည် အမြင်ကျယ်သော စီးပွားရေးသမား ဖြစ်သည်။ သူ ပေးသွားသည်ဆိုက အကြောင်းရှိရမည်။ စလင်းချောင်းထဲတွင် ချောင်းရေတွေ ဖောင်းလန်နေကတည်းက အောင်ဘာလေသည် သန်းခက်တစ်လှည်းကို နှစ်ရာ ပေးပြီး ဝယ်နေသည်။

"ဟဲ့ ဟဲ့ ကျားသားမိုးကြိုး၊ အောင်ဘာလေက သန်းခက် ဝယ်သယ် ဆိုပဲ"

www.burmeseclassic.com



အောင်ဘာလေသည် သေစာ ရှင်စာသော်မျှ ရေလည်စွာ တတ်မြောက်သူ မဟုတ်ပြား၊ တင်မောင်ကျော့်အလိုကျ စာရင်းအင်းဖြင့် အပ်နှံနိုင်သည်။ သူ့ကို စာရင်းကိုင်ပေးသူမှာ မိမိထွေး ဖြစ်သည်။

အောင်ဘာလေ ဘိုင်စကယ် တလွှားလွှားဖြင့် စလင်းချောင်း အနောက်ဘက်တွင် လူရေးပြနေရာက လူမွေးလာသည်။ ငွေကို ထောင်ဂဏန်းသို့ တိုးမြှင့်ကိုင်ရာက၊ ငရုတ်အဝယ်တော်တွေ၊ ဆီးသီး အဝယ်တော်တွေ ခန့်သည်။ ကြိုတင်ဝယ်ယူထားသော သန်းခက်တွေဖြင့် စလင်းချောင်းသဲပြင်ကို ခြံခတ်တော့သည်။

"တို့က အောင်ဘာလေ အလကားအကောင် ထင်နေသာ"

ချောင်းညာသားတွေက ပြောင်ပြောင်သမားတွေ ဖြစ်သည်။

"အောင်ဘာလေ အသုံးမကျပေမယ့် သူ့ဆရာက မြင်သယ်၊ အလှမ်းကျယ်သယ်လေ"

သဲပြင်လွှလွှတွင် ငရုတ်နှင့် ဆီး ဖုံးလွှမ်းတော့သည်။ အောင်ဘာလေ၏ အဝယ်တော်များက ဆီးနှင့် ငရုတ်သာမက သန်းခက်ပါ ဝယ်သည်။ ဤသို့ဖြင့် စလင်းချောင်းသဲပြင်ကို အနီရောင် လွှမ်းတော့သည်။

မွဲမွဲတေတေ ညှိုးညှိုးနွမ်းနွမ်းနှင့် အောင်ဘာလေ တောက်ပြောင်လာရသာအခါ ယောက်ဖတွေက မကျေနပ်။ ထိုမကျေနပ်သူများတွင် ခင်မောင်ငြိမ်းနှင့် မောင်မောင်လှက ရှေ့ဆုံးမှ ဖြစ်သည်။ သူတို့သည် သူတို့ကိုလည်း အောင်ဘာလေကဲ့သို့ တာဝန်ပေးစေချင်၏။ သို့ရာတွင် တင်မောင်ကျော်မှာ လှအုံးမယ်နှင့် မရမီက တင်မောင်ကျော် မဟုတ်တော့ပေ။

ယခင် တင်မောင်ကျော်သည် စတိုးဆိုင်ကလေးတွင် နေထွက်မှ နေဝင်ရှိသည်။ ယခု တင်မောင်ကျော်ကား ထိုစတိုးတွင် မရှိသည်က များနေ၏။ ရုံဖန်ရံခါတွင် လှအုံးမယ်ကို တွေ့တတ်ပြား၊ လူငှားသာလျှင် အရှိများသည်။

တင်မောင်ကျော်သည် ရမ်းဘိုကုန်းသို့ ဂျစ်ကားကလေးဖြင့် ရောက်လာတတ်၏။ သို့ရာတွင် ယောက္ခမများထံ မရောက်ပါ။ တစ်ခါတလေ အောင်ဘာလေနှင့်တွေ့ပြီး ပြန်ထွက်သွားတတ်သည်။ ရုံဖန်ရံခါတွင်မူ အောင်ဘာလေကိုပါ ကားပေါ်တင်ပြီး ခေါ်သွားတတ်သေး၏။

□

- ၇ -

ရမ်းဘိုကုန်းသို့ လာရောက်ရန်ဝေးစွ၊ မြင်သော်မျှ မမြင်ဖူးသော ကားအဖြူကလေး တစ်စင်းသည် ရွာထဲသို့ တငြိမ့်ငြိမ့် လိမ့်ဝင်လာ၏။ ကားမှန်များကို တင်ထားသဖြင့် အတွင်းရှိလူကို မမြင်ကြရ၊ ရှေ့တည့်တည့်မှ ကြည့်ရာတွင်လည်း သဲကွဲစွာ မမြင်လိုက်ကြရပေ။

"လှအုံးမယ်ရယ်ဟ"

သဲကွဲစွာ မြင်လိုက်ရသူများ၏ စကားကို လက်မခံကြပေ။

"ဘယ်သူ ကားမောင်းသတုံး"

"အဲတော့၊ ဟုတ်သားပဲ"

အမျိုးသမီး ကားမောင်းသည်ကို ရမ်းဘိုကုန်းသူ ရမ်းဘိုကုန်းသားများက အထူးအဆန်း သဘောထားကြပြား၊ သည်ကားကို လှအုံးမယ်ကိုယ်တိုင် မောင်းလာပြီး ဘတို့အိမ်ရှေ့တွင် ရပ်သည်။

ကားရှာ သူ့ဘာသာသူ ငိုင်လာပြီး ရပ်သည်။ မြင့်သွေးကိုနှင့် သီဟကို တို့ကား ငိုလိုငို၊ ပြေးလိုပြေး ဖြစ်နေကြ၏။

"ဘာဖြစ်လို့ ငိုရသာတုံး၊ ဘာဖြစ်လို့ ပြေးရသာတုံး"

ကားတံခါးပွင့်လာပြီး မြင့်သွေးကိုနှင့် သီဟကိုကို တအံ့တသြ ပြောနေသူမှာ လှအုံးမယ် ဖြစ်၏။ သို့သော် အမေကြီး ရီးကျီးဒန်ကမူ မီးဖိုကျင်းမှ မျက်မှောင်ကြုတ်ပြီး ကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



"အမေကြီး နေကောင်းလား။ သမီးက အမေကြီးမြေး လှအုံးမယ်လေ"

"ထွန်းရဲ့ ချောစိန့်သမီး"

"ဟုတ်သယ်လေ အမေကြီးရဲ့။ မကွေးလူနဲ့ ရသာလေ"

"သြော် အင်း အင်း၊ သာစုကွယ် သာစု သာစု။ အောင်ဘာလေ ပျင်းကောင်ကို မပျင်းအောင် လုပ်ပေးကြတာ သာစုပါ အေရယ်"

ဘ ရီးဆေးရိုးသည် နွားတင်းကုပ်အစပ်မှ လှမ်းကြည့်နေ၏။ ခြေရင်းအိမ်မှ ခွေးမမူကား စောင့်ရန်းတန်းကို ကွယ်ပြီး ချောင်းကြည့်နေရာက "လှအုံးမယ် ရယ်တော့" အော်ကာ အိမ်ဝိုင်းပြင်သို့ ပြေးထွက်သည်နှင့် တစ်ပြိုင်နက်တည်း ကြီးမားသော လူအုပ်ကြီး ဖြစ်လာလေ၏။

သည်နယ် မှန်ကားမျိုးကို မြင်သော်မျှ မမြင်ဖူးသော ကလေးတွေ ဝိုင်းအုံလာသဖြင့် ငွေသော့မှာ ကားစောင့်ပေးရသည်။

"ဟဲ့ ကလေးတွေ၊ နင်တို့ လက်ကြီးတွေနဲ့ မကိုင်နဲ့"

ဇာက်ပျောအူတိုင်ကို ဆီနိုင်နိုင် သုတ်ထား၏သို့ ပြောင်လက် အရောင်ထွက်နေသော ကားကို ကလေးတွေ ပွတ်ကြည့်ချင်၏။ ခေါက်ကြည့်ချင်၏။ ထိုကလေးများကို တဟဲ့ဟဲ့ မောင်းရာက ငွေသော့မျာမှာ မတတ်သာသည့်အဆုံး၌ တုတ်ကိုင်ရပြီ။ ကြားလူ ငွေသော့က ကြောင့်ကြနေငြား၊ လှအုံးမယ်မှု ဘနှင့် အမေကြီးရှေ့တွင် အေးဆေးစွာ ရန်တွေ့ခံနေရ၏။ ရန်တွေ့သူများမှာ အခြားသူ မဟုတ်။ သူ့အမျိုးတွေ ဖြစ်သည်။

"ညည့်ယောက်ျားက အောင်ဘာလေ ပျင်းကောင်ကို မြှောက်စားတာဟာ ကျန်သဲ့လူတွေကို သွယ်ဝိုက်ပြီး စော်ကားတာ မဟုတ်လား"

လှအုံးမယ်ကို ဝိုင်းနေသူတွေ ပြောလိုသော စကားမှာ ဤစကား ဖြစ်၏။ သို့တို့ ပြောလိုသော စကားကို မကြည်က ပြောချလိုက်သောအခါ များစွာ ကျေနပ်သွားကြ၏။ သို့ကြောင့် ခင်မောင်ငြိမ်း၏ဖနီး ရီရီပြုံးက "လူရာမဝင်သဲ့ကောင်ကိုတော့ အဲ့ရေးတယူ ငွေကြေးတွေ လွှဲလို့ တို့ကျတော့ စကားတောင်ဟာဟာ မပြောနိုင်ဘူး၊ ဖြစ်နေလိုက်သာ" ဟု မဲ့ကာရွဲ့ကာ ပြော၏။

"မရှိ တောင်းနိုး ထင်ဟန် တူပါရဲ့။ ဝေးပါသေးရဲ့ ဟင်း"

မောင်မောင်လှ၏ ဖနီး ပုရပိုက်တန်းသူ အေးရီကား ဒေါသပင် ပါလာသေး၏။



ခင်ခင်ကြီးနှင့် မြင့်မြင့်သွေးတို့မှာ သည်ဝိုင်းတွင် ဝင်ထိုင်သော်ငြား ရန်မတွေ့ကြပေ။ ရန်ထောင်သူကို တစ်လှည့်၊ လှအုံးမယ်ကို တစ်လှည့်သာ အကဲခတ် ကြည့်နေကြ၏။

"ပြောကြပါ၊ အားရအောင် ပြောကြပါ။ ကျွန်မ အခုလာတာကိုက အခုလို အပြောအဆိုခံရအောင် ကိုယ်တိုင် ကားမောင်းပြီး လာတာပါ"

လှအုံးမယ်ကား အေးအေးဆေးဆေးပင်။

"မောင်နှမ နှစ်ယောက်က မွေးတာတွေထဲမှာ ကျွန်မ အငယ်ဆုံး။ ကျွန်မ အောက်မှာ တစ်ယောက်မျှ မရှိဘူး"

ဘနှင့် အမေကြီးသည် သွေးအေးအေးနှင့် အပြောအဆို ခံနေသော မြေးမကို ကြည့်နေကြသည်။ လှအုံးမယ့်ခင်ပွန်း တင်မောင်ကျော်က အောင်ဘာလေကို ယုံကြည်စိတ်ချစွာဖြင့် ငွေရေးကြေးရေး လွှဲ၏။ ချောင်းဟိုဘက်ကမ်းတွင် တင်မောင်ကျော်ကို လူမသိ။ အောင်ဘာလေ၏ သူဌေးဆိုမှ သိ၏။

အောင်ဘာလေကို ထိုကဲ့သို့ ယုံကြည်စွာ လွှဲအပ်သူသည် အောင်ဘာလေ ထက်ရင်းသော ခင်မောင်ငြိမ်း၊ မောင်မောင်လှတို့ကို အရာမသွင်းပေ။ ဘ ရီးဆေးရိုးနှင့် အမေကြီး ရီးကိုးဒန် သဘောမကျ။ ယခု လှအုံးမယ်နှင့် ကြုံခိုက်တွင် သူတို့ ပြောမည့်စကားများကို ရီရီပြုံးနှင့် အေးရီတို့က ပြောသွားပြီဖြစ်သဖြင့် မပြောတော့ပေ။

"ပြောလို့အားရရင် ကျွန်မ ရှင်းပြမယ်"

လှအုံးမယ်၏ စကားသည် တင်မောင်ကျော်၏စကား ဖြစ်နိုင်သဖြင့် ဘနှင့် အမေကြီးကပါ စိတ်ဝင်စား၏။

"အောင်ဘာလေ ဆိုတာ အငတ်သာ ခံမယ်၊ အလုပ်တော့ မလုပ်နိုင်ဘူး ဆိုတဲ့ အစားထဲက ဖြစ်တဲ့အတွက် အိမ်ထောင်ပြုမှားတဲ့ ကျွန်မအစ်မ မိမိတွေးမှာ ခေါင်းမဖော်နိုင်ဘူး။ ခေါင်းမဖော်နိုင်ပေမဲ့ တစ်ဆွေလုံး တစ်မျိုးလုံးကလည်း လူရာမသွင်းပါဘူး"

သည်အကြောင်းတွေမှာ စိတ်ဝင်စားစရာ မဟုတ်ပါ။ လူတိုင်း သိနေသော အောင်ဘာလေတို့အကြောင်း ဖြစ်ပါသည်။

"အဲသည် လူရာမဝင်တဲ့ အောင်ဘာလေကို အမှိုက်ပုံထဲက ဆွဲထုတ်တာ ကျွန်မ ယောက်ျားပါ"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားမှာ အငြင်းပွားဖွယ် မဟုတ်ပါ။ အများ သိပြီး ဖြစ်နေပေသည်။

"အဲသည်အောင်ဘာလေဟာ ငွေတစ်ဆယ်ပြည့်အောင် ကိုင်လည်း မကိုင်ဖူးဘူး။ မြင်လည်း မမြင်ဖူးဘူး။ အဲသည်လူရဲ့လက်ထဲကို ငွေငါးရာ အပ်လိုက်တော့ အစ်မတို့ မြင်စေ့ချင်တယ်။ ပိုက်ဆံတွေ လွှတ်ထွက်သွားမှာစိုးလို့ အောင်ဘာလေရယ်၊ ဖက်ထားသယ်"

ထိုစကားမှာ စိတ်ဝင်စားဖွယ် ဖြစ်၏။ ငွေတစ်ဆယ်သော်မျှ မမြင်ဖူးသူ ဟူသည်မှာ ယုတ္တိရှိပေ၏။

"အဲသည်ငွေလောက်ကို ကျွန်မ မောင်တွေကို ပေးရင် ခြေနဲ့ ကန်ပစ်မှာပဲ။ အဲသာကြောင့် ကိုတင်မောင်ကျော်က အောင်ဘာလေကို ရွေးတယ်။ အောင်ဘာလေကလည်း အပယ်ခံဘဝက လူရာဝင်လာတာဟာ တင်မောင်ကျော် ကြောင့်ပါကလား ဆိုပြီး သစ္စာရှိတယ်၊ တာဝန်သိတယ်"

"သာပေမဲ့အေ"

မည်သို့ပင် ရှင်းပြစေကာမူ ရီရီပြုံး သဘောမတွေ့။

"ငါတို့ အရင်းတွေ ပယ်ထားပြီး ဆိုင်ကယ် ဝယ်ပေးသာတော့ လွန်လွန်းပါသယ်"

"အဲသည်ဆိုင်ကယ်ကို အောင်ဘာလေ စီးနေတာ မြင်မြင်ချင်း ကျွန်မ က ပြောတာ။ အစ်မပြုံး ပြောတာ နည်းသေးတယ်"

လှအုံးမယ်သည် သူ့စကား၌ အမကြီး အာရုံဝင်စားမှု ရှိ မရှိ မျက်လွှာပင့်ကြည့်ပြီးမှ စကားဆက်၏။

"မမြင်ဖူး မှုးမြစ် ထင်ပြီး လုပ်သွားမယ်လို့ ကျွန်မက ပြောတော့ သူ့လခထဲက လစဉ် လေးပုံတစ်ပုံ အဖြတ်ခံမယ်ဆိုလို့ ဝယ်ပေးတာတဲ့။ အဲသည်တော့ ကနေ့ထက်ထိ အောင်ဘာလေမှာ ပြစ်ချက် မရှိဘူး။ ငွေကြေးကို သိန်းချီပြီး စိတ်ချရတယ်။ ကျွန်မတို့ ဆွေရင်းမျိုးရင်းတွေက သူ့လို စိတ်ချရပါ့မလား"

ထိုကိစ္စမှာ အပြောရခက်သည်။ ခင်မောင်ငြိမ်းနှင့် မောင်မောင်လှ၊ ကျော်သူရတို့ကို အလုပ်ကိစ္စအတွက် ပေးလိုက်သောငွေကို အလွဲသုံးစားပစ်အုံ။ တင်မောင်ကျော် မည်သို့ လုပ်မည်နည်း။ မည်သို့မျှ လုပ်၍မရပေ။ လှအုံးမယ်၏ မျက်နှာ ရှိနေသည် မဟုတ်လော။



အောင်ဘာလေကိုကား မည်သူကမျှ အကောင်းမမြင်ပေ။ သို့ကြောင့် အောင်ဘာလေမှာ မိမိကိုယ်ကို ကာကွယ်သောအားဖြင့် သိတတ် မြင်တတ်နားလည်၏။ လှအုံးမယ်က တစ်ဆက်တည်းမှာပင် ဆိုင်ကယ်ဝယ်ပေး ဖြစ်သော အကြောင်းကို စိတ်ဝင်စားဖွယ် ပြောပြ၏။

ထိုနေ့က အောင်ဘာလေ ငွေချေရန် ချိန်းဆိုထားသော နေရာ လေးနေရာ ရှိသည်။ စုစုပေါင်းငွေမှာ နှစ်သိန်းနီးပါး ရှိသည်။ ထိုသရက်ကို ရသူများက အောင်ဘာလေကို လမ်းမှ ဆီးလုရန် စီစဉ်ကြ၏။ ကျောက်ခဲကုန်း မရောက်မီ ထနောင်းပင်တန်းအတက်တွင် ဘိုင်စကယ် အရှိန်လျှော့ခိုက်တွင် ထွက်ဆွဲရန် ဖြစ်သည်။

အောင်ဘာလေမှာ ကျောက်ခဲကုန်းဘက်၌ အမျိုး မရှိသော်ငြား လူယုံ ရှိသည်။ ကျော်သောင်းနှင့် မြဒင် ဖြစ်သည်။ ကျော်သောင်းက စောစောစီးစီး ရမ်းဘိုကုန်းသို့ ရောက်လာသည်။

"မင်း ချိန်းထားသာ ရှိရင်လည်း ကညပ်ဘက်က လှည့်သွား။ ကျော်မောင်ကို ငါ မသင်္ကာဘူး။ သူကိုယ်တိုင်ပဲ မျက်နှာ အဝတ်စည်းပြီး လုမလား၊ ငမျောက်နဲ့ ငအေးကို လက်ထောက်ချမလား မသိဘူး"

ကျော်သောင်း ရောက်လာချိန်တွင် အောင်ဘာလေ၏လက်ထဲ၌ ငွေ နှစ်သိန်း ရှိနေ၏။ သူသည် ထိုငွေကို မည်သို့ လုပ်ရပါမည်နည်း နည်းလမ်း ရှာနေစဉ် ကျော်သောင်း ရောက်လာခြင်း ဖြစ်၏။

"သလိုဆိုလဲ မင်း တစ်သိန်း ယူသွားကွာ"

ကျော်သောင်းမှာ "ဟာကွာ" ဆိုကာ တွန့်သွားသဖြင့် မပေးလိုက်ရပေ။ သို့ဖြင့် အောင်ဘာလေမှာ ငွေတစ်သိန်းထုပ် နှစ်ထုပ်ကို ကွမ်းရွက် ရောသော ငှက်ပျောဖက်ဖြင့် ပတ်ကာ၊ ဘိုင်စကယ်ရှေ့က ခြင်းထဲတွင် ထည့်ပြီး ချောင်းကို ကူးလာသည်။ ညောင်ကုန်းအရောက်၌ ဆီးကြိုထားဆီးသူမှာ မြဒင် ဖြစ်သည်။

"မင့်ကိုလုဖို့ ငမျောက်နဲ့ ငအေး စောင့်နေသယ်။ မသွားနဲ့"

"ပိုက်ဆံချေဖို့ ချိန်းထားသဲ့လူ လေးယောက်တောင်ကွ။ မသွားလို့ မဖြစ်ဘူး"

အောင်ဘာလေသည် ထိုသို့ ပြောရာက ကွမ်းရွက်ထုပ် ဟန်ဆောင်ထားသော ငွေထုပ်နှစ်ထုပ်ကို မြဒင်သို့ ပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျော်သောင်းတို့ အိမ်က သောက်ရေအိုးစင်မှာ ညှပ်ထားခဲ့ကွာ။ မေးသူ ရှိရင် ငါ ပေးလိုက်သယ် ပြောပေါ့"

အောင်ဘာလေသည် မြဒင်သို့ ငွေနှစ်သိန်း ပေးလိုက်ရစေကာမူ ချီတုံချတုံ ဖြစ်နေ၏။ ပြန်ယူရကောင်းမည်လော၊ သည်အတိုင်း ပေးလိုက်ရမည်လော။ ယနေ့ လူလေးဦးကို ငွေချေမည့် သတင်းသည် ငမျောက်တို့ထံသို့ မည်သည့်နည်းဖြင့် ရောက်သွားသနည်း။

အောင်ဘာလေမှာ တစ်ခဏအတွင်း၌ အလုပ်များသွား၏။ မိမိကိုယ် လူပျင်း၏သားဟု လူတွေက အယုံအကြည် မရှိကြပေ။ သို့ရာတွင် အောင်ဘာလေ က ကတိတည်တည်ဖြင့် အလုပ်လုပ်ပြသည်။ လူတွေ ယုံကြည်လာကြသည်။ သို့ကြောင့် ငမျောက်နှင့် ငအေးတို့ လုရန် စောင့်နေသည် ကြားပါလျက် ကတိ တည်အောင် သွားရမည်။

သို့သော် လုချည်းသွား၍ မဖြစ်သဖြင့် ကွမ်းထုပ်ယောင်ဆောင်ထား သော ငွေနှစ်သိန်းကို မြဒင်သို့ ပေးလိုက်ပြီ။ ထိုငွေနှစ်သိန်းကို မြဒင်က ဖျောက် ဖျက်ပစ်ပါမူ မည်သို့ လုပ်မည်နည်း။

"ဟယ် ရောက်ရားပေါ့ကွာ၊ ကမ္ဘာသကာပဲဟေ့"

အောင်ဘာလေ၏ ထွက်ပေါက်မှာ မြဒင်ဖြစ်သည်။ မြဒင် ကသိကအောက် လုပ်ပါမူ ခံပေရော့။ ဤသို့ဖြင့် အောင်ဘာလေသည် ဟိုရွာဝင် သည်ရွာထွက်ဖြင့် မြဒင်နောက် သုံးနာရီခန့် နောက်ကျပြီး ရောက်သွား၏။

ငွေလက်ခံမည့်သူများမှာ အောင်ဘာလေ လာနေပြီဟု မြဒင်ထံမှ သိထားသဖြင့် စောင့်နေကြသည်။ စောင့်ရင်းစောင့်ရင်းဖြင့် ရွာပြင်သို့ ရောက်လာ ကြသည်။ ထိုမှတစ်ဖန် ထနောင်းပင်တန်းနှင့် နီးမှန်းမသိ နီးလာကြသည်။ အောင်ဘာလေမှာလည်း ငမျောက်နှင့် ငအေးတို့ စောင့်နေကြောင်း သိသဖြင့် တအားနှမ်းလာသည်။

အောင်ဘာလေ၏ဘိုင်စကယ် မည်မျှပင် ကောင်းသည်ဖြစ်စေ၊ မည်မျှ ပင် အရှိန်ရသည်ဖြစ်စေ ကျောက်ခဲကုန်းကို လှမ်းမြင်ရပြီ ဖြစ်သော ထနောင်း ပင်တန်း အစောက်တွင် အရှိန်သေတော့သည်။ ထိုအရှိန်သေသော နေရာတွင် ပဒိုင်းပင်တစ်ပင် ရှိသည်။ ပဒိုင်းပင်နောက်မှ ဘွားခနဲ ထွက်လာသူမှာ ငမျောက် ဖြစ်သည်။ ဘွားခနဲ ပဒိုင်းပင်နောက်မှ ငမျောက် ထရပ်သည်။

"ဓားပြ ဓားပြ၊ ဟောကောင် မပြေးနဲ့"



ရွာဘက်မှ လူ ၆ ယောက် အော်ပြီး ပြေးလာရာ အောင်ဘာလေထံသို့ ငမျောက် မရောက်တော့ဘဲ လန့်ဖျပ်ပြီး ထွက်ပြေးတော့သည်။ အောင်ဘာလေ၏ စက်ဘီးကို ငမျောက် ထွက်ဆွဲမှ ထွက်လာရန် ကုက္ကိုပင်၌ ကပ်နေသော ငအေး လည်း ရွာဘက်မှ လူများကို လန့်ပြီး ပြေးကြသည်။

"မင့်ပိုက်ဆံတွေ ပါသွားပြီလား"

ရွာဘက်မှ ပြေးလာသူများက အောင်ဘာလေကို ကြည့်ပြီး မေး၏။

"ပိုက်ဆံက အစကတည်းက မပါတာဘဲ"

"နို့ မင်းပဲ ကနေ့ ပေးမယ် ချိန်းပြီးတော့"

ငွေကြေး ရစရာရှိသူများသည် ရစရာရှိသော နေရာမှ ရမည်၊ မရမည် မသေချာဘဲနှင့် ကိုယ်က ပေးစရာရှိသူများကို ချိန်းတတ်ကြ၏။ ယခု အောင်ဘာလေ ကို မကျေမနပ် မေးသူမှာ ထိုသူမျိုး ဖြစ်၏။ လုပ်သက် အတွေ့အကြုံ ရှိနေပြီး ဖြစ်သော အောင်ဘာလေသည် မျက်နှာအမူအရာ မျိုးစုံလုပ်ပြ၏။

"ဘုရားသာ တပြီး လိုက်ခဲ့ကြပေတော့"

မြဒင်သည် ငွေထုပ်မှန်း သိပါလျက်နှင့် ထားခဲ့သလော၊ ကွမ်းထုပ် ထင်ပြီး ထားခဲ့သလော ဟူသည်ကိုကား မြဒင်မှ သိမည်။ ကျော်သောင်းတို့အိမ် မီးဖို ချောင်ဝရှိ ရေအိုးစင်တွင်ကား ကွမ်းထုပ်ယောင်ဆောင်သော ငွေထုပ်နှစ်ထုပ် ရောက်နေသည်။

"ခင်ဗျားတို့ ဘုရားတပြီး လိုက်ခဲ့ဆိုသာ အဲသာပဲဗျ"

အောင်ဘာလေသည် ငှက်ပျောဖက်တွေ ဖယ်ပြီး ငွေစက္ကူတွေ ထုတ် သည်။ ရေတွက်ပြီး ပေးသည်။

"မင့်ဟာက သည်းထိတ်ရင်ဖိုပဲဟ" အောင်ဘာလေရ"

"ကျုပ်မှာက ကတိတစ်လုံးနဲ့ လုလုပ်နေရသာ ဆိုတော့ ပိုက်ဆံတခြား လူတခြား ခရီးသွားရသယ်"

"ဖြစ်ရလေ အောင်ဘာလေရာ"

"ဖြစ်ရမလေနဲ့။ အဲသည်ကောင်တွေ မျက်နှာ အိုးမည်းသုတ်ထားပုံ ထောက်ရင်တော့ လုရုံ လုမယ့်ပုံပဲဗျ။ မျက်နှာ အိုးမည်းမသုတ်ရင်တော့ ဓားစွည်း ယူပြီး လူသတ်မှာဗျ။ အဲ အဲလေ ခင်ဗျားတို့ကတော့ ရလို့သာ ဖြစ်ရလေကွီးဗျ။ မရများ မရလို့ကတော့ အောင်ဘာလေ ကတိမတည်ဘူး ပြောကြမှာ"

www.burmeseclassic.com

www.burmeseclassic.com



ထို ငွေနှစ်သိန်း လုရန် ကြံစည်မှုသည် သူကြီးထံ မရောက်ခြား၊ ပြည်သူ့ရဲတပ်ဖွဲ့သို့ မရောက်ခြား၊ ကျောက်ခဲကုန်းတစ်ဝိုက်တွင် များစွာ သတင်းကြီးသွားသောအမှု ဖြစ်သည်။ အောင်ဘာလေမှာ အပေါင်းအသင်း ကောင်းရာ၌ နာမည်ကြီးသွား၏။ မိတ်ဆွေများ၊ သူငယ်ချင်းများမှာ တစ်သိန်းတန် အမှုဖြစ်စေ၊ ဆယ်သိန်းတန်အမှု ဖြစ်စေ ထန်းရည် တစ်မြူမှုဖြင့် ကျုနပ်သူများ ဖြစ်၏။

"ကိုတင်မောင်ကျော်က အဲဒါကြောင့် အောင်ဘာလေကို ဆိုင်ကယ် ဝယ်ပေးတာပါရှင်။ တခြား အကြောင်း မဟုတ်ပါဘူး"

လှအုံးမယ်ကို အပြစ်တင်သူများသည် ထပ်မံပြီး အပြစ်မတင်နိုင်တော့ပေ။ အောင်ဘာလေ၏ အကျပ်အတည်းမျိုး ကြုံပါက မည်သို့ လုပ်မည်နည်း။ ကတိပျက်၊ နာမည်ပျက်ခံရတော့မည်။ ကတိ ျက်ခြင်း၊ နာမည်ပျက်ခြင်းသည် အလုပ် မအောင်မြင်ခြင်း၏အစ ဖြစ်တော့သည်။

"အေးအေး၊ ငါတို့ကတော့ ညည့်ချည်း အပြစ်တင်နေကြသာဟဲ့"

ဘ ရီးဆေးရှိးသည် လည်းကောင်း၊ အမေကြီး ရီးကျိုးဒန်သည် လည်းကောင်း လှအုံးမယ်ထံမှ ရှင်းချက်မရမီက တင်မောင်ကျော်ရော လှအုံးမယ်ကိုပါ အပြစ်တင်နေခဲ့ကြ၏။ ယခု လှအုံးမယ်ထံမှ ရှင်းချက်စကားကို ကြားကြရတော့မှ သဘောပေါက်သွားကြ၏။

"လင့်ကိစ္စကို အထူးသဖြင့် အလုပ်ကိစ္စမှာ မယား မပါရဘူးဆိုပေမဲ့ အခု အောင်ဘာလေကိစ္စမှာတော့ ကျွန်မက ပြောင်မေးတာ။ ကျွန်မရဲ့မောင်တွေ ထားပြီး အဖျားအနားက ပျောင်းကောင်ရဲ့သားကို လူယုံမွေးတာ ဘာသဘောတုံး လို့ မေးတာ"

လှအုံးမယ်၏ ရှင်းလင်းချက်သည် ခရီးရောက်၏။

"အေးပါအေ၊ သည်လိုတော့လည်း တင်မောင်ကျော် မှန်တာပေါ့"

"ဟဲ့ကောင်မ၊ ငါ့မှာ နင့်ဆီက လခ မရဘဲနဲ့ ကားစောင့် ဖြစ်နေသဟဲ့"

ကားနားတွင် ရပ်ကာ ကလေးတွေကို မောင်းနှင်နေသော ငွေသော့က လှအုံးမယ်ကို ဆီးကြိုပြော၏။

"ဟုတ်ပါသယ်တော်၊ ကျေးဇူးတင်ပါသယ်တော်"

ဘနှင့် အမေကြီးကို ကန်တော့မည့် မုန့်တွေထဲမှ ဘီစကွတ် နှစ်ထုပ် လျှော့သွား၏။ လှအုံးမယ်သည် ဘ ရီးဆေးရှိး၊ အမေကြီး ရီးကျိုးဒန်တို့ကို



ကန်တော့ပြီးမှ အဖေ ကိုထွန်းရှနှင့် မချောစိန်တို့ထံ သွားရသည်။ သူတို့ထံ မဝင်လျှင် အမေက ဆဲမည်။ အမေကြီး ရီးကျိုးဒန်နှယ် မဆိုး။

ထိုနေရာကပြီးလျှင် လှအုံးမယ်သည် ဘကြီး ဘညိန်း၊ ဒွေးလေး လှမေတို့အပြင် ဦးကြွက်နီ၊ ဒေါ်ရွှေအိမ်တို့ထံသို့ပါ ဝင်ရောက် ကန်တော့သည်။

"ညည်းအေ၊ အေးအေးဆေးဆေး ညဥ့်အိပ်ညဥ့်နေ လာဖို့ကောင်းသာ။ အခုတော့ စကောစကကြီးအေ"

အမှန်က လှအုံးမယ်သည် အမျိုးတွေ၏ အဆဲအဆိုကို ခံရန် တမင်ထွက်လာခြင်း ဖြစ်၏။ ညအိပ်ရန် လိုပါက အဖေ၊ အမေတို့ အိမ်တွင် အိပ်မည်။ သို့မဟုတ် ဒရိုင်ဘာ ပါမလာသောကြောင့် ကားပေါ်တွင် အိပ်မည်။ ယခုသော်ကား အချိန်ကို ခန့်မှန်းကြည့်ပါက အချိန်မီ ပြန်နိုင်မည်။ သို့သော် သူသည် ရည်ရွယ်ရင်းကို ထုတ်မပြောပေ။

"ဒရိုင်ဘာတောင် မခေါ်ခဲ့ဘူး အမေကြီးရေ့"

"သည်ခရီးနဲ့ သည်ခရီးမှာအေ၊ အဖော်မပါ ဘာမပါနဲ့"

အမေကြီးက တောက်ရှာပင်နှင့် ရမ်းဘိုကုန်းကို အဝေးကြီးဟု မြင်၏။ လှအုံးမယ်တို့ အမြင်တွင်ကား သည်ခရီးနှင့် သည်ခရီး အနီးကလေးဟု မြင်သည်။ သို့ကြောင့် သူသည် အမျိုးတွေ၏ ရန်တွေ့ခံအပြီးတွင် ဘများ၊ အမေကြီးများကို ကန်တော့ပြီး ပြန်လာခဲ့တော့သည်။

လှအုံးမယ်သည် ဘ ရီးဆေးရှိးနှင့် အမေကြီး ရီးကျိုးဒန်ကိုသာ အာရုံထဲ၌ထားရာ ယခု မမျှော်လင့်သော ဘကြီး ငထွန်းကားနှင့် ဆုံရသည်။ ငထွန်းကားသည် ကားလမ်းပေါ် ကန့်လန့်ကြီး လှဲပြီး ထန်းရည်မူးနေ၏။ သူ့ခြေရင်းနှင့် ခေါင်းရင်းတွင် ငကျော်နှင့် ငှသော်တို့ ထိုင်နေကြ၏။

လှအုံးမယ်က ကားဟွန်းသံပေးသည်။

"ကားကြိတ်သွားမှာ စိုးလို့ နှိုးနေသာ မမြင်ဘူးလား"

ငထွန်းကား၏ ခြေရင်းတွင် ထိုင်နေသော ငကျော်က ထငေါက်သည်။ လှအုံးမယ်မှာ များစွာ အံ့သြသွား၏။ အကြောင်းသော်ကား ကိုးရိုးကားရား ပြောသော ထိုသူကို ဒေါသမထွက်သောကြောင့်တည်း။

လှအုံးမယ် ကားပေါ်မှ ဆင်းလာသည်။

အရက်သမားသည် ကားလမ်းပေါ်တွင် ကန့်လန့်ကြီး အိပ်နေသည်။ သူ့ခြေရင်းက လူနှင့် ခေါင်းရင်းက လူမှာမူ အရက်သမား ဟုတ်ပုံမရ။ ကားလမ်း

www.burmeseclassic.com

www.burmeseclassic.com



မှာလည်း ကားတစ်စင်းသွားသာရုံ ရှိသည်။ အမူးသမား ကန့်လန့်ဖြတ် အိပ်နေသော နေရာမှာ ကုန်းစောင်းကလေး ရှိသည်။ ကားကြီး ဆင်းသွားနိုင်ပြား လှအုံးမယ်၏ မှန်ကားကလေး မှောက်သွားနိုင်သည်။ သို့ဖြစ်သောကြောင့် လှအုံးမယ်က ပြောသည်။

"ကျွန်မက မကွေး ရောက်အောင် ပြန်ရမှာမို့ပါ။ တဆိတ် ကျေးဇူးပြုပြီး အမူးသမားကို ဆွဲထူပေးပါ"

"ငါ့ကို အမူးသမားခေါ်တာ ဘယ်သူတုံး။ ငါ့နာမည် ထွန်းကားကွ"

အမူးသမား ဆတ်ခနဲ ထထိုင်သည်။ ထို့ကြောင့် ကားရှိရာသို့ လှအုံးမယ် ပြန်လာပြီး စက်နှိုးသည်။ ဖြည်းညင်းစွာ လိမ့်လာသည်။

"ထွန်းကားကို ကားနဲ့ကြိတ်လို့ ဘယ်တော့မှ မသေဘူးကွ။ သည်ကားက ငါ့ကို ကြိတ်မလို့လား"

"မဟုတ်ပါဘူး အဖေရာ၊ သူ့လမ်းသူ သွားတာပါ"

မမူးသော လူနှစ်ယောက်က ညှပ်ပြီးတွဲသည်။ ထွန်းကား အမည်ရှိသော အမူးသမား ထရပ်သည်။ ကားသမားကို လှမ်းကြည့်ရာက မကွေးမှာ "ငါ့အမျိုးတစ်ယောက် ရှိသယ်"ဟုပြော၏။ လှအုံးမယ်သည် အမူးသမား၏ စကားကို အလေးအနက် ထားမနေနိုင်။ လမ်းသာခိုက်တွင် ဂီယာထိုးပြီး မောင်းလာခဲ့၏။ သို့ရာတွင် ထွန်းကားဟူသော အမည်က အသိတရားကို လွှမ်းမိုးနေ၏။

"ထွန်းကားတဲ့။ သည်နာမည်ကို ကြားဖူးပါတယ်"

လှအုံးမယ်မှာ ကြားဖူးပါသည်ဟု အမှတ်အသားအရ ပြောနိုင်သော်ငြား မေးစရာလူ မရှိ။

"ဟုတ်ပါဘူး၊ သည်နာမည်ဟာ အစိမ်းကြီး မဟုတ်ပါဘူး"

ထွန်းကား အမည်သည် လှအုံးမယ်နှင့် အစိမ်းကြီး မဟုတ်ကြောင်းကို သိသည်။ သို့ရာတွင် မည်ကဲ့သို့ ရင်းနှီးသည် အမှတ်မရ။

"ဟာ ထွန်းကား ဆိုတာဟာ ဘာ ဒီနေ့ဆေးရိုးရဲ့အစ်ကို၊ ငါ့အဘိုးပါကလား"

ထိုသို့ လှအုံးမယ် မြည်တမ်းမိချိန်ဝယ် ကားက တောက်ရှာပင်သို့ ရောက်နေပြီ။ ကားကို ပြန်လှည့်လျှင် မှောင်ရုံသာ ရှိမည်။ မည်သည့်နေရာဟု မမှတ်မိ။ မည်သည့်ရွာဟု ပြောကာ စုံစမ်းရမည်နည်း။

❑

- ၆ -

တင်မောင်ကျော်၏ အိမ်တွင် အိမ်ဖော် မရှိ။ လက်တိုလက်တောင်း ခိုင်းစရာ စိန်လင်းသာ ရှိသည်။ ယောက်ျားကလေး ဖြစ်သောကြောင့် အားနာစရာ မလို။ နေရာမရွေး ခိုင်း၍ရသည်။ နောက်တစ်ယောက် ရှိသေးသည်။ ထွန်းအုံ။ သူက လုံခြုံရေး။ အိမ်ထက်ဆိုင်ကို ဦးစားပေးရမည် ဆိုသောကြောင့် ဆိုင်သိမ်းပြီးလျှင် ထွန်းအုံကို ဆိုင်အနီးတွင်သာ တွေ့နိုင်သည်။

လက်တိုလက်တောင်းသမား စိန်လင်းကို ဇက်ဆိပ်သို့ လွှတ်လိုက်သောအခါ အိမ်တွင် တင်မောင်ကျော် တစ်ယောက်တည်း ရှိစဉ်၊ ခြံဝင်းထဲသို့ ကားတစ်စီး လိမ့်ဝင်လာသည်။ စက်သံ ကြားရုံဖြင့် လှအုံးမယ်၏ကား မဟုတ်ကြောင်း သိ၏။ သို့ဖြစ်လျှင် မည်သည့်ကားနည်းဟု တင်မောင်ကျော် လှမ်းကြည့်သည်။

ကားပေါ်မှ လူတစ်ယောက် ဆင်းလာသည်။ "ဟေ့ လှအုံးမယ်" ဟု ခေါ်သောကြောင့် တိုက်ရှေ့သို့ တင်မောင်ကျော် ထွက်လာသည်။

"ရမ်းဘိုကုန်း သွားဦးမယ် ဆိုပြီး မနက်အစောကြီးကတည်းက ထွက်သွားတာ။ အခုထက်ထိ ပြန်မရောက်သေးဘူးဗျ"

ဧည့်သည်ကို တင်မောင်ကျော် မသိပါ။ သို့ကြောင့် ရမ်းဘိုကုန်းကို တမင်ထည့်ပြောခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါလောက်အဝေးကြီးကို တစ်ယောက်တည်း လွှတ်ရသလားကွ။ မင်းတို့ တော်တော်ခက်တာပဲ"

ထိုအမည်မသိသူ ငှားလာသောကား ထွက်သွားပြီ။ ကားပေါ်မှ နောက်တစ်ယောက် ဆင်းပြီး ကျန်ခဲ့သည်။ မှောင်ရိပ်ကျသောကြောင့် အမျိုးသားလော၊ အမျိုးသမီးလော မကွဲပြားစေကာမူ၊ အမျိုးသမီးသာဟု တင်မောင်ကျော် အထင်ရှိသည်။

"ဟေ့ကောင်၊ မင်းနဲ့ လှအုံးမယ် လက်ထပ်တုန်းက ဆွေမျိုးတွေ စုံပေမယ့် ငါက စာမေးပွဲနဲ့တိုက်နေလို့ မရောက်ဘူးကွ။ ဒါကြောင့် ငါ့ကို မင်း မသိတာ"

တင်မောင်ကျော်၏အာရုံတွင် 'ဟုတ်ပြီ ဟုတ်ပြီ၊ ကွန်ပျူတာ တက်နေသူပဲ။ နေပါဦး သူ့နာမည်' ဟု အတွေးလှိုင်း ထကြွလှုပ်ရှားနေစဉ် ကားတစ်စင်း ဝင်လာ၏။ တစ်ချက်ကြည့်ရုံဖြင့် အိမ်ကကားဟု တင်မောင်ကျော် သိသည်။ တွေ့ကြုံနေရသော အခက်အခဲ ပြေလည်တော့မည်မို့ တင်မောင်ကျော် ဝမ်းသာသည်။

"ဟော ညွှန့်သည်ပါကလား"

လှအုံးမယ်သည် ကားတံခါး ဖွင့်ကာ ဆင်းလာရင်းက "အစ်ကို ကျော်သူရပါကလား" ဟု ဆက်လက်ရေရွတ်တော့မှ ညွှန့်သည်သည် 'ကျော်သူရ' အမည်ရှိသူပါတကားဟု သဘောပေါက်ကာ ဝမ်းသာအားရ ပြော၏။

"ညွှန့်သည်ကလည်း သူ ဘယ်သူပါ မပြောဘူးကွာ။ ကဲ မိန်းမ ရောက်လာတာနဲ့ အတော်ပဲပေါ့"

"ဟှာ တောင်တွင်းနဲ့ မကွေးဟာ အနီးကလေးရယ်ဟ။ ခြံနီးနားချင်း အသိတွေ ဘာတွေနဲ့ တိုးရင် ချက်ချင်း ပြေးရမှာဟ"

"အစ်ကို မိန်းမခိုးလာတာ မဟုတ်လား"

"အေး ဟုတ်သယ်။ ရမ်းဘိုကုန်းကို ဒက်ထိလိုက်မှာ သေချာတဲ့အတွက် မထင်မှတ်တဲ့ မကွေးကို ခိုးလာတာ"

"လာ လာ ညီမ၊ ဘာမှ အားမနာနဲ့ လာ"

လှအုံးမယ်သည် ခရီးဆောင်အိတ် ဆွဲထားသည့် အမျိုးသမီးတစ်ယောက်ကို မှောင်ရိပ်ထဲမှ ဆွဲထုတ်လာ၏။



"မိန်းမရေ၊ မင်းသာ အချိန်မီ ရောက်မလာရင် ငါ့ယောက်ဖနဲ့ ငါ နဲ့တော့ ဒုက္ခပဲပေါ့"

တင်မောင်ကျော်သည် ကျော်သူရကို ကြည့်ပြီး ပြော၏။

"အစ်ကိုကျော်သူရက ယောက်ျားကို မသိဘူးတဲ့လား"

"သိဟန် မတူဘူးကွ။ သည်အိမ်မှာ တွေ့ရသူဟာ တင်မောင်ကျော် ဖြစ်မယ် အထင်နဲ့ မှန်းပြီး 'ဟေ့ကောင်၊ ဘာညာကွိကွ' လုပ်တာ ထင်ပါရဲ့ကွာ"

တင်မောင်ကျော်၏ အိမ်မှာ ရမ်းဘိုကုန်းက လူတွေနှင့် ရမ်းဘိုကုန်းအကြောင်းပြုသော ညွှန့်သည်များ မပြတ် ဝင်ထွက်နေသဖြင့် ကျော်သူရတို့အတွက် အပန်းမကြီးတော့ပေ။

"ရမ်းဘိုကုန်းသားနဲ့ တောင်တွင်းသူ ဘယ်လို တွေ့ကြတာတုံး အစ်ကို"

ညွှန့်သည်များကို ထမင်းကျွေးစဉ် လှအုံးမယ်က မေးသည်။ သို့သော် "နဖူးစာ ရွာလည်တာပေါ့ဟာ" ဟု ဇာလည်ကြောင်ပတ် ဖြေသည်။ ကျော်သူရ ခိုးလာသော လှမြတ်စည်မှာလည်း စီးပွားရေးသမား မိဘများ၏ သမီး ဖြစ်သည်။ ထိုအမည်များကို တင်မော်ကျော် ကြားဖူးသည်။

ကျော်သူရနှင့် လှမြတ်စည်သည် ကျောင်းတွင် တွေ့ကြပြီး၊ ယခု ခိုးလာသောနေရာမှာ လှမြတ်စည်၏အိမ်မှ ဖြစ်သည်။ လှမြတ်စည်၏ မိဘများသည် ကုမ္ပဏီတိုးချဲ့ရန်အတွက် သမီး ဆန့်ကျင်သော တိုင်းတစ်ပါးသားနှင့် လက်ထပ်ရမည်။ ထိုမှ တစ်ဆင့်တက်ပြီး ထိုသူ၏ စီမံခန့်ခွဲမှု ခံယူကာ လှမြတ်စည်က အမည်ခံ မြန်မာအမျိုးသမီးပိုင်ရှင် လုပ်ပေးရဦးမည်။

တွေးလေ တွေးလေ မနှစ်မြို့စရာတွေချည်း တွေ့ရ ကြုံရ မြင်ရမည်ကို သိသည့်အဆုံး၌ လှမြတ်စည်သည် ကိုယ် မလုပ်ချင်ဆုံးသော အလုပ်ကို လုပ်ခဲ့ရ၏။ လှမြတ်စည် မလုပ်ချင်ဆုံးသော အလုပ်မှာ ခိုးရာလိုက်ပြေးခြင်း ဖြစ်၏။ အထူးသဖြင့် မိန်းကလေးတွေ ခိုးရာလိုက်မပြေးရန် ပြောခဲ့ ဟောခဲ့ စည်းရုံးခဲ့သော လှမြတ်စည်။

"ဘယ်လောက်ပဲ ချစ်ချစ်၊ ဘယ်လောက်ပဲ မြတ်နိုးမြတ်နိုး မိန်းကလေးတွေဟာ ခိုးရာ လိုက်မပြေးသင့်ဘူး"

အကြောင်းပြချက်ကို လှမြတ်စည်က တစ်ပါတည်း ဆွဲထုတ်ပြ၏။

www.burmeseclassic.com

www.burmeseclassic.com



"လူဟာ အတ္တသမားပဲကိုး။ မိန်းကလေးရှင်မှသာ ကိုယ့်သမီး ကိုယ့်တူမကို တန်ဖိုးထားကြတာ မဟုတ်ဘူး။ ယောကျ်ားကလေးရဲ့ မိဘ မောင်ဖွား ဒေါ်ကြီးဒေါ်လေး အစ်မတွေက သူတို့သား သူတို့မောင် သူတို့တူကို တန်ဖိုးထားတာနဲ့အမျှ ခိုးရာလိုက်လာတဲ့ မိန်းကလေးကို အထင်တသေး ဆက်ဆံကြလေ့ရှိတာယ်"

လှမြတ်စည်သည် ဇာတ်ကောင်အဖြစ် မဟုတ်ဘဲ ပွဲကြည့်ပရိသတ်အဖြစ် မြင်ခဲ့ရသော ခိုးရာလိုက်သည့် မိန်းကလေးတစ်ယောက်၏ အဖြစ်ကို ကောင်းစွာ မှတ်မိနေ၏။ သို့ကြောင့် လှမြတ်စည်သည် မိန်းကလေးတွေ ခိုးရာလိုက်မပြေးရေး အမြဲသတိပေးခဲ့၏။

"သမီးချင်း မစာနာ၊ အတ္တကြီးတဲ့ အမေတွေ၊ အစ်မတွေနဲ့ တွေ့ရင် မိန်းကလေးတွေမှာ အလွန်သနားစရာကောင်းပါတယ်"

တစ်ခုကား ပြောစရာ ရှိသည်။ အတ္တကြီးသော သမီးရှင်တွေနှင့် တွေ့သော လူငယ်ယောကျ်ားတွေမှာလည်း သနားစရာကောင်းပါသည် ဟူ၍ စောဒကတက်သူ ရှိကောင်းရှိပါမည်။ မငြင်းဆန် မဆန့်ကျင်သော်ငြား၊ မိန်းကလေးက ပိုပြီး သနားစရာကောင်း၏။

အကြောင်းသော်ကား မြန်မာအမျိုးသမီးအများစုသည် အရှက်ဖြင့် လူလုပ်နေကြဆဲ ရှိသေး၏။ ခိုးရာလိုက်ပြေးလာသည် ဆိုကတည်းက အရှက်ကို စွန့်ပစ်ရာရောက်ပြီ။ ဤသည်ကို သဘောမပေါက်၊ ကိုယ်ချင်းမစာသူများကို လှမြတ်စည် မုန်းတီးသည်။ ဆန့်ကျင်သည်။

ထိုမိန်းကလေးက ယခု ခိုးရာလိုက်ပြေးလာသောအခါ သူတို့သည် ချစ်ရေးချစ်ရာထက် အလုပ်အကိုင်စကားကိုသာ ပြောဖြစ်နေကြ၏။

"ကိုတင်မောင်ကျော်က ရေတံနဲ့ ဆီးမှာ အတော်ကလေး ထဲထဲဝင်ဝင် ရှိနေပါလျက်နဲ့ ရေတံဆီစက်ရုံ ဘာကြောင့် မထောင်သေးတာလဲ"

"မင့်ဟာကကွာ၊ စလင်းချောင်းထဲမှာ နေလှန်းပြီး ခြောက်တဲ့အခါ ရန်ကုန်ကို ပို့တာတော့ ကလေးတောင် လုပ်တတ်ရဲ့"

တင်မောင်ကျော် အံ့သြသည်။ ဝမ်းမြောက်သည်။ သူသည် အောင်မြင်နေသော စီးပွားရေးသမားတစ်ယောက် ဖြစ်သည်။ ချီးမွမ်းအံ့သြသူထက် အပြစ်တင်သူကိုသာ ပိုပြီး လိုလားသည်။ ယခု ကျော်သူရရော၊ လှမြတ်စည်ပါ



တင်မောင်ကျော်ကို အပြစ်တင်လိုရိပ် ပါနေသဖြင့် ဝမ်းသာအားရ ဖြစ်လျက်ရှင်းပြသည်။

"ရမ်းဘိုကုန်းမှာ ယုံကြည်အားထားရတဲ့လူ တစ်ယောက်တည်း ရှိတော့ ရှားလုပ်ငန်းပဲ စမ်းရဲတယ်။ ရေတံဆီစက်ရုံနဲ့ ဆီးဖျော်ရည်စက်ရုံကို စိတ်ထဲမှာပဲ ထားရဲသေးတယ်ဗျာ"

"ရှားလုပ်ငန်းထဲကို မင်း ခြေချတာ သဘောကျတယ်ကွာ"

ကျော်သူရ၏ အားပေးခံရသဖြင့် တင်မောင်ကျော် ဝမ်းသာ၏။ သူရော အောင်ဘာလေပါ ရှားကို နားမလည်ဘဲနှင့် စွန့်ဝင်ကြခြင်း ဖြစ်၏။ ဝင်ရခြင်း အကြောင်းမှာလည်း မြို့ပေါ်တွင်ရှိသော ရှားသူဌေးများသည် စေတုတ္တရာ၊ ယော၊ ဆော၊ လောင်းရှည်ဘက်မှ ရှားသမားများကို မတန်တဆ ဈေးနှိမ်ထားသောကြောင့် ဖြစ်သည်။

အောင်ဘာလေသည် တင်မောင်ကျော်ထံသို့ ဆီးဖျော်ရည် လုပ်တတ်သော စေတုတ္တရာသားများကို ပို့ပေးရာက ရှားအကြောင်း စကားစပ်မိကြသည်။ ဤတွင် အောင်ဘာလေက ရှားပေါက်ဈေးကို နှစ်ဆမြှင့်ပေးခြင်းဖြင့် ရှားဈေးကို ဖျက်သည်။ တစ်နည်းအားဖြင့် ရှားဈေးကွက်ထဲ ဝင်လာသည်။

"ရှားသမားတွေမှာ သိပ်သနားစရာ ကောင်းတာကွ။ အခုမှ ရှားသူဌေးအပြင် သူတို့ကို ငွေပေးမယ့်လူတွေ ရှိပါကလားလို့ သိတာ"

အောင်ဘာလေကား ရှားသမားတွေ ပင်ပန်းတကြီးဖြင့် အလာမခံပေ။ ရှားသမားထံသို့ ထော်လာဂျီဖြင့် သွားသည်။

"ဆန် ယူမလား၊ ငါးပိ ယူမလား၊ ငါးခြောက် ယူမလား၊ စောင်၊ အဝတ် ကြိုက်ရာ ယူနိုင်သယ်။ ပြန်ပေးဖို့က ရှားပဲ"

အောင်ဘာလေ လုပ်သောကြောင့် ရှားသမားတွေ မျက်နှာပွင့်လာသည်။ ကြိုယူထားသော ငွေကြေးအောင် အနိမ့်မခံ အနိမ့်ဆုံးဈေးဖြင့် သွင်းကြသည်။ သည့်နောက်တွင်ကား အောင်ဘာလေ ပေးသကဲ့သို့ ပေးလျှင် ရမည်။ အောင်ဘာလေနှင့် တန်းတူမပေးနိုင်လျှင် မရ။

ထိုသတင်းကို ကြားရသောအခါ ကျော်သူရ ဝမ်းသာသည်။ တင်မောင်ကျော်ကို ချီးမွမ်းသည်။ သူတို့ ဝမ်းသာအားရဖြင့် ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးနေစဉ် ရမ်းဘိုကုန်းသား ဒေသည်တစ်သိုက် ရောက်လာ၏။ ရွှေစက်တော် မသွားမီ မြသလွန်ကို ဝင်ရောက်ဖူးမြော်သော မြမြသန်းတို့ လူသိုက် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဖေတို့ အမေတို့ နေကောင်းကြလား"

လုအုံးမယ် ပြောသော အဖေတို့ အမေတို့မှာ ထွန်းရဲ ချောစိန် ဖြစ်၏။

"အေးဟဲ့၊ ဘာမှာဦးမလဲတောင် မေးခဲ့သေးသယ်။ ကောင်းကြပါသယ်" ဟူသော အဖြေကို ရသည်။

"ဘတို့ အမေကြီးတို့ကော နေကောင်းကြလား"

ဘနှင့် အမေကြီးမှာ ဘ ရီးဆေးရီးနှင့် အမေကြီး ရီးကျီးဒန်တို့ ဖြစ်၏။ သို့ရာတွင် အမေကြီး ရီးကျီးဒန်၏ မိဘများဖြစ်သော ဦးကြွက်နီ၊ ဒေါ်ရွှေအိမ်ကိုလည်း အဘေး မခေါ်။ ဘနှင့် အမေကြီးပင် ခေါ်ကြသည်။ ဘ ရီးဆေးရီး၏ မိဘများဖြစ်သော ဦးကျန်ကြီး မယ်ကြွယ်စိုးကိုလည်း အမေကြီးပင် ခေါ်ကြ၏။

"ဟဲ့ အဘွားဒေါ်ရွှေအိမ် ဆုံးသာ နင်တို့လင်မယား ဘာပြုလို့ မလာသတုံး"

"ဟင် ဘယ်တုံးကတုံး"

လုအုံးမယ် မျက်လုံးပြူးရတော့သည်။ အဘွားကျီးဒန်၏အမေ ဖြစ်စေကာမူ လုအုံးမယ်တို့ မြစ်မတွေကို အလွန်ဆဲ၏။ စေတနာဖြင့် ဆဲကြောင်း သိကြလက်ခံကြပါသည်။

"ဘယ်လောက် ကြာဦးမှာတုံး။ လွန်ရောကျွံရော ခြောက်လပေါ့"

တင်မောင်ကျော်ရော လုအုံးမယ်ပါ စဉ်းစားကြရပြီ။ ထိုအချိန်က မည်သည့် အကြောင်းအရာတွေ လွှမ်းမိုးနေသနည်း။ သို့ရာတွင် မြမြသန်းက သူတို့ စဉ်းစားပြီးအောင် စောင့်မနေပါ။

"အဘွားမယ်ကြွယ်စိုးလည်း အစာမဝင်ဘူးတဲ့ဟဲ့"

အဘွားမယ်ကြွယ်စိုးသည် ဘ ရီးဆေးရီး၏ အစ်မ ဖြစ်သည်။ မြေးမများကို အထူးအလေးထားသော ဘေးအေမကြီး ဖြစ်၏။ အမေကြီး ရီးကျီးဒန်၏ အမေ ဒေါ်ရွှေအိမ်တစ်ယောက်လုံး ကွယ်လွန်သည်ကိုပင် မသိခဲ့ခြင်းမှာ ကြီးမားသော အပြစ် ဖြစ်သည်။ သို့ကြောင့် လုအုံးမယ် ထရပ်သည်။

"ယောက်ျားရေ၊ အိမ်မှုကိစ္စရော ဧည့်သည်ဆောင်သည် ကိစ္စပါ ယောက်ျားကို လွှဲခဲ့မယ်၊ သွားပြီ"

"မိန်းမ၊ သည်လို မလုပ်နဲ့လေ"

တင်မောင်ကျော် ထဆွဲကြား၊ မမီ။ လုအုံးမယ် နောက်ဆုတ်နေသည်။



"ကူးတို့သမားတွေက ၄ နာရီမှ အလုပ်ဝင်မှာ ဆိုတော့ မစောင့်တော့ဘူး။ ချောက်ဘက်ကပဲ လှည့်သွားတော့မယ်"

"စိတ်နောက်ကိုယ်ပါ လုပ်ရင် မှားမယ် မိန်းမ။ မင်း စဉ်းစားကြည့်၊ မကွေးက ချောက်ကို သွားရင် ကြာမယ့်အချိန်၊ ကားနားမှာ၊ လှုပင်ပန်းမှာ၊ ခတ်ဆီကုန်မှာနဲ့ ဆိပ်ဖြူက ရမ်းဘိုကုန်းကို သွားရဦးမယ့်အချိန်တွေ ပေါင်းရင် ထောက်ရှာပင် ကူးတို့ကမှ စောပြီး ရောက်မယ်"

လူပင်ပန်းမည်ကို လုအုံးမယ် ထည့်မတွက်သော်ငြား ငွေကြေးကိစ္စတွင်မူ ဆင်းရဲသား သားသမီးပီပီ တွန့်၏။

"အဲသာကြောင့် အေးအေးဆေးဆေး အိပ်ပြီး အရုဏ်တက်မှပဲ အေးအေးဆေးဆေး ထသွားပါ။ ကူးတို့ဆိပ်ကို အခုကတည်းက ကျွန်တော် ကြိုတင်ပြီး ဘုတ်လုပ်ထားပါ့မယ်"

"လိမ္မာနေလိုက်တဲ့ သူငယ်ဟဲ့"

လုအုံးမယ် ရယ်သွမ်းသွေးသဖြင့် ကျန်လူများလည်း ဝိုင်းဝန်း ရယ်မောလျှင် တင်မောင်ကျော်က မျက်နှာပိုးသတ်ပြီး ပြော၏။

"ကျုပ်တို့များ အဘိုး အဘွား မပြောနဲ့ မိဘတောင် လက်ညှိုးထိုးပြစရာမရှိဘူး။ သူတို့များကျတော့ အဘိုး အဘွားသာမက၊ အဘေးတောင် ရှိသေးတယ်။ ကံကောင်းလို့ အဘေးကို ပြုစုရတာ။ ဝယ်သာသွား၊ ပိုက်ဆံ နှမြောမနေနဲ့"

လုအုံးမယ်မှာ စိတ်ဆောင်နေသောကြောင့် ဆိပ်ဖြူနော်ရထာတံတားဘက်က လှည့်သွားမည် ဆိုငြား၊ လှည့်မသွားဘဲနှင့် ကိစ္စက မပြတ်။ ဆိုင်ကိစ္စ၊ အိမ်ကိစ္စ မှာကြားအပြီးတွင် "ဟောသာက အမေကြီးဖို့ အဲသာက ဘဖို့" ဆိုကာ ထည့်နေရသည်က တစ်မျိုး။ လူမမာအတွက်က တစ်ဖုံ။ မာချာလျက် ရှိနေသေး အဘွားနှစ်ယောက်အတွက် တစ်ဝ ထည့်သိုနေရသဖြင့် လေးနာရီတိုင်တော့၏။

"ရက်ကြာမှာ ဆိုတော့ ဒရိုင်ဘာ ခေါ်မသွားတော့ဘူး"

ရမ်းဘိုကုန်းမှ လူများသည် မြင့်မြင့်သန်းတို့ ဘုရားဖူး ထွက်သွားပြီဆိုကတည်းက လုအုံးမယ်တို့ ဇနီးမောင်နှံကို မျှော်နေကြသည်။ သူတို့ မျှော်လင့်သည့်အတိုင်း လုအုံးမယ် ရောက်လာသည့်အတွက် ဝမ်းသာနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရွှေစက်တော် သွားမယ့်လူက မြသလွန်ကို အရင်ဝင်ဖူးမယ် ဆိုကတည်းက နင်တို့လင်မယားကို မျှော်နေသာ"

သူတို့ မျှော်နေသူ ရောက်လာခြင်းက လှမမာအတွက် အရေးကြီးသည်။ လှမမာမှာ ဘောအဘွားကြီးတို့၏ စရိုက်အတိုင်း လူ့အသက်ထက် ငွေရေးကြေးရေးကို တန်ဖိုးထားနေသည်။

"အသက်ရှစ်ဆယ်တောင် ကျော်ပေါ့ဟာကို၊ သေဖို့ကောင်းသာ ကြာပြီ။ ပိုက်ဆံကုန်အောင် ဆရာ ပင့်မနေနဲ့"

ဘောမကြီး မယ်ကြွယ်စိုးသည် တစ်ပြားကို ဆယ်ပြားမှတ်ပြီး ချွေတာစုဆောင်းထားသော ငွေကြေး လျော့ပါးမည်ကို စိုးရိမ်နေသည်။ သည်သဘောကို လှအုံးမယ်က ကောင်းစွာ သဘောပေါက်သည်။

"ဘတို့ အမေကြီးတို့ တစ်ပြားမှ မကုန်စေရဘူး။ သမီး အားလုံး အကုန်အကျခံမယ် အမေကြီး။ ဆေးဆရာ ခေါ်မယ်။ ခံတွင်းတွေ့သမျှ စားမယ်"

လှအုံးမယ်သည် ဘောမကြီး မယ်ကြွယ်စိုး၏ ခြေရင်းတွင် ငွေတွေ ပုံထား၏။ မည်သူ ယူသုံးသုံး၊ သုံးချင်သမျှ သုံးကြ။

"ငွေက ရှာရင်ရတယ်။ လူ့အသက်က ဘယ်သွားရှာမတုံး"

မြန်မာဆေးဆရာလည်း ရှားပါး၏။ ဤသည်တို့ထက် ဆရာဝန်မှာ တစ်ခရိုင်လုံး၌ နှစ်ယောက်သာ ရှိသည်။ လှအုံးမယ်သည် ထိုရှားပါးသော ဆရာဝန်ကို သူ၏ကားဖြင့် ရမ်းဘိုကုန်းအရောက် ပင့်သည်။ တစ်သက်လုံးက အာဟာရချို့တဲ့သော အဘွားအိုကို ဆရာဝန်လည်း မတတ်နိုင်ပါ။

ဘောမကြီး မယ်ကြွယ်စိုးမှာမူ မိမိအသက် ဆုံးရှုံးရမည်ကို မစိုးရိမ်ပါ။ ကိုယ့်အသက် သေမည်ကိုလည်း မကြောင့်ကြပါ။ ခြေရင်းရှိ ငွေပုံကြီး လျော့ပါးသွားသည်ကို ကြည့်ကြည့်ပြီး စိတ်ညစ်ညူးနေရာက တစ်နေ့တွင် ထူးဆန်းသော စကားကို ပြော၏။

"ဟဲ့ ကျော်သူရ ဘယ်ရောက်နေသတုံး"

လှအုံးမယ်မှာလည်း ထိုအခါတွင်မှ ကျော်သူရကို သတိရသည်။ 'ဟုတ်ပါကော။ တက်တက်ကြီး မေ့နေပါကလား' ဟု လှမြတ်စည်ကိုပါ သတိရသည်။ ထိုသို့ ဘောမကြီး မယ်ကြွယ်စိုးက ဘည်နီး၊ လှမေတို့၏ သားအငယ်ဆုံး ကျော်သူရကို သတိရပြီး မေးသည်ကို ကောင်းစွာ မဖြေကြ။

"သေခါနီးလို့ အဘွားကြီး သူငယ်ပြန်နေသယ်"



မယ်ကြွယ်စိုး အစာမဝင်သော်ငြား လှအုံးမယ် ရှာဖွေ တိုက်ကျွေးသော ဆေးအစွမ်းကြောင့် မသေသေး။ ယင်းသို့ မသေသေးသည်ကို ဖုတ်ဝင်သည်ဟု စွပ်စွဲကြ၏။ သို့သော် လှအုံးမယ်က အများနှင့် မတူပေ။

"ကျော်သူရ မိန်းမ ခိုးလာတယ် အဘွား။ တောင်တွင်းကတဲ့"

"ဟေ ဟုတ်လား" ဆိုကာ မယ်ကြွယ်စိုး ထထိုင်ကာ "နေပါဦး၊ သူ ဟိုဟာသင်နေဆို မဟုတ်လား" ဟု မေးသည်။

"သူ့မိန်းမ လှမြတ်စည်ကလည်း သူ့လိုပဲ အဘွားရဲ့"

ဤသို့ဖြင့် လှအုံးမယ်သည် မကွေးသို့ စာတစ်စောင် ရေးကာ လူတစ်ယောက် လွှတ်သည်။ ထိုသူ ပြန်လာသောအခါ ကျော်သူရ လင်မယား ပါလာသည်။ သို့သော် အမေကြီး မယ်ကြွယ်စိုးမှာ ထိုအချိန်၌ ကျော်သူရကို မသိတော့ပါ။ မသာပို့လွဲ့ဟု ခေါ်ဘိသို့ ရှိသည်။

ဘောမကြီး မယ်ကြွယ်စိုး ကွယ်လွန်သွားသော်ငြား၊ ကျန်ခဲ့သော ဦးကျန်ကြီးနှင့် ဦးကြွက်နီတို့လည်း တောင့်တောင့်တင်းတင်း မာမာသန်သန်ကြီးတွေ မဟုတ်ကြပါ။ နေပူမရှောင် မိုးရွာမရှောင် လုပ်ကိုင်ခဲ့သမျှ၏ ဒဏ်ကို ယခု အသက်ရှစ်ဆယ်ကျော်တွင် ခံနေကြရပြီ။

"အသက်ရှည်သာ မကောင်းပါဘူးကွာ"

အသက်ရှည်မှုကို မကောင်းဟု အသက်ရှည်မှသာ ပြောနိုင်၏။ စား၍လည်း အဆင်မပြေ၊ အိပ်၍လည်း အဆင်မပြေလျှင် မည်သည့်အရာ လိုသေးသနည်း။ သို့ဖြစ်သဖြင့် ဦးကြွက်နီက ညည်းတွား၏။ ထိုစကားကို ဦးကျန်ကြီးကလည်း မကန့်ကွက်ပေ။

"ငါ့သား ငါ့မယားနဲ့ ငါ့ဥစ္စာ ငါ့အိမ်ရာ ငါ့ဟာ ဆိုတာတွေကကော အဓိပ္ပာယ်ရှိသေးလား"

ထိုသို့ သုံးသပ်မိသောအခါ ဦးကျန်ကြီးအတွက် လောကကြီးသည် များစွာ ရယ်စရာကောင်းသော ရယ်ပွဲ ဖြစ်၏။

"သြော် ငါ့လယ် ငါ့ယာ ငါ့ဥစ္စာဆိုပြီး ဒေါသတွေ မောဟတွေ ကြီးလိုက် ထလိုက်ရတာ။ အခုတော့လည်း ဘာမှ မဟုတ်ပါကလား"

ထိုသို့ ဦးကျန်ကြီး မြည်တမ်းသည်ကို ဦးကြွက်နီက ထောက်ခံ၏။

"ငါ့မယား ငါ့သား ငါ့ရွှေ ငါ့ငွေဆိုပြီး အားလုံး ထားပစ်ခဲ့ရတော့ပါကလား"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားသည် လှအုံးမယ်အတွက် ထိထိခိုက်ခိုက် များစွာ ရှိသည်။ သို့ကြောင့် သူသည် ကျန်ရှိနေသေးသော အဘေး နှစ်ယောက်နှင့် အဘိုး၊ အဘွားတို့အတွက် ကောင်းသည် ဆိုသမျှ အကုန်ဝယ်ပေးသည်။

အဘေး နှစ်ယောက်နှင့် အဘိုး၊ အဘွားတို့ကို ကြုံကြိုက်ခိုက်တွင် ပြုစုရသည်ဆိုကာ လှအုံးမယ် ပြုစုသည်။ သူ့ကိုယ်ကြီးဖြင့် တက်နင်းရန် မဖြစ်သဖြင့် လှအုံးမယ် နှိပ်နယ်ပေးသည်။ တစ်နေ့တွင် ဘနှင့် အမေကြီးတို့ အိမ်ရှေ့သို့ မြင်းရထားတစ်စင်း လာရပ်သည်။ အမေကြီး ရီးကျီးဒန်၏ဒူးကို ဆုပ်ထားသော လှအုံးမယ်၏လက်များ ငြိမ်သက်နေသဖြင့် အမေကြီးက မေး၏။

"ဘယ်က ဧည့်သည်တုံးဟဲ့၊ နင့်အသိလား"

"မသိဘူး အမေကြီး၊ ရုပ်ကြည့်ရတာတော့ မောင်မောင်ထွေး ထင်တာပဲ"

မြင်းရထားပေါ်မှ ဆင်းလာသူမှာ နှစ်ယောက် ဖြစ်သည်။ အိပ်ရာလိပ်တစ်လိပ်နှင့် ခရီးဆောင်အိတ်များ ပါသည့်အပြင် ကျွန်းသေတ္တာနှစ်လုံးလည်း ပါသေးသည်။

"ဒါ ဘယ်သူ့အိမ်တုံး"

မြင်းရထားခ ပေးပြီးပြီ။ မြင်းရထား ထွက်သွားပြီ။ တိုက်ပုံအင်္ကျီနှင့် အမျိုးသားက မီးဖိုကျင်းထိပ်တွင် လာရပ်ပြီး မေး၏။

"ဘာတဲ့တုံး သမီး"

အမေကြီး ရီးကျီးဒန်က လှအုံးမယ်ကို မေး၏။

"ဒါ ဘယ်သူ့အိမ်တုံးတဲ့ အမေကြီး"

"ဘယ်သူ့အိမ်လို့ ထင်သတုံးလို့ မေးလိုက် သမီး"

လှအုံးမယ်လည်း အမေကြီး ပြောသည့်အတိုင်း ပြောလိုက်သောအခါ စေ့စေ့ကြည့်ပြီး လက်ညှိုးထိုး၏။

"အမေကြီး ရီးကျီးဒန်နဲ့ နင် နင်"

"နင် နင်နဲ့ ရိုင်းလှချည်လား မောင်မောင်ထွေး"

"ဟင် ခွေးမ လှအုံးမယ်"

အမျိုးသားသည် ပြေးလာပြီး လှအုံးမယ်ကို ကန်သည်။ ရီးကျီးဒန်ကို "အမေကြီး" ခေါ်ကာ ပြေးဖက်၏။

"ဟဲ့ နင် ဘယ်သူတုံး"



"မောင်မောင်ထွေးလေ အမေကြီးရဲ့"

"ဘယ်က မောင်မောင်ထွေးတုံးဟဲ့"

အမေကြီး ရီးကျီးဒန်သည် မျက်နှာချင်းခွာပြီး လူငယ်ကို ရှုံ့တွကြည့်၏။

"ဦးထွန်းရ၊ ဒေါ်ချောစိန်ရဲ့သား မောင်မောင်ထွေးလေ အမေကြီးရဲ့။ လှအုံးမယ်ရဲ့အထက်က နို့ညှာလေ"

ထိုကဲ့သို့ သေချာစွာ ပြောလိုက်သောအခါ အမေကြီး မျက်ရည်လည်လာကာ မြေးကို ဖက်ထား၏။

"မိဘကို ဒါလောက် အကြာကြီး အဆက်ဖြတ်ထားရသလား သားရယ်။ သေသလား မသိ၊ ရှင်သလား မသိ"

"သား တောင်းပန်ပါတယ် အမေကြီးရယ်"

မောင်မောင်ထွေးမှာ အကျဉ်းချုံးပြီး တောင်းပန်စကား ဆိုရ၏။ အကျယ်ဖွင့်ရလျှင် ရမ်းဘိုကုန်း ရွာသူရွာသားများကို အသာထား၊ ဆွေမျိုးသားချင်းများကိုက အထုပ်အထည် မပိုက်နိုင်ဘဲ ပြန်လာသူကို ရှုတ်ချကြသည်။ သို့ကြောင့် မောင်မောင်ထွေးမှာ ပညာသာမက ငွေကြေးပါ ရှာဖွေစုဆောင်းစဥ် အိမ်ထောင်ကျခြင်း ဖြစ်၏။

"သူ့မိဘက ဘာလုပ်သတုံး။ ဘယ်ကတုံး"

"သားဇနီးရဲ့ နာမည်က ခိုင်သဇင်တဲ့ အမေကြီး။ မြည်မြို့သူပါ"

အမေကြီး လှမ်းကြည့်သော်ငြား ခိုင်သဇင်ကို မတွေ့ရပေ။ လှအုံးမယ်က ခေါ်သွားသဖြင့် အိမ်ပေါ်သို့ ရောက်နေသည်။ ထိုအချိန်တွင် အမေကြီး ရီးကျီးဒန်၏ အမေးအမြန်းက မပြီးသေးပေ။

"သူ့မိဘက ဘာလုပ်သတုံး"

"သူ့မိဘကလည်း ကုန်သည်ပဲ အမေကြီး။ သားက မီးသွေးပွဲစား၊ အထည်ပွဲစားလုပ်ရင်း ဦးသိန်းဟန်၊ ဒေါ်ဖွားနှစ်တို့သမီး ခိုင်သဇင်နဲ့ တွေ့တာပါပဲ အမေကြီး"

"အေး အေး၊ နင့်မိဘအိမ်မှာ ထိုင်စရာတောင် ရှိမှာ မဟုတ်ဘူး။ သည်အိမ်မှာပဲ တည်းကြ"

"သားက သည်မှာ အိမ်ဆောက် အခြေချနေထိုင်ပြီး၊ အလုပ် လုပ်မယ် စိတ်ကူးထားတာဗျ"

www.burmeseclassic.com

www.burmeseclassic.com



“ဟဲ့ သည်လိုဆို နင့်ယောက်ဖ အောင်ဘာလေနဲ့ တင်မောင်ကျော်ကို တိုင်ပင်ပါလား”

သို့သော် မောင်မောင်ထွေးသည် ယောက်ဖ နှစ်ယောက်လုံးကို မသိပါ။

“သူတို့က ဘာတွေတုံး အမကြီး”

“အဲသာတွေက နင့်ယောက်ဖတွေလေ။ တင်မောင်ကျော် ဆိုတာက မကွေးက။ နင့်နှမ လှအုံးမယ်ရဲ့ ယောကျ်ား”

မောင်မောင်ထွေး လည်ဆန့်ကြည့်သည်။ လှအုံးမယ် မရှိပါ။

“နောက်တစ်ယောက် အောင်ဘာလေ ဆိုတာက နင့်အထက်က အငယ်ရဲ့ ယောကျ်ား။ ခုနတုန်းက ပြောတဲ့ မကွေးသား ကုန်သည်ရဲ့ ကိုယ်စားလှယ်ပေါ့။ ငွေရေးကြေးရေး အောင်ဘာလေပဲ လွှဲထားသာ”

မောင်မောင်ထွေးမှာ ထိုတစ်ခဏဖြင့်ပင် သူ လျှောက်လှမ်းရမည့် လမ်းကို မြင်တွေ့နေပြီ ဖြစ်၏။

“သူတို့ကို တွေ့ချင်လိုက်တာ အမကြီးရာ။ နေပါဦး၊ ဟို နွားတင်းကုပ်အစပ်က ကားဖြူလေးက”

“အဲသာ မင့်နှမ လှအုံးမယ် မောင်းလာသာ။ သူက မကွေးမှာ နေသာ။ မင်းတို့အဘေး မယ်ကြွယ်စိုး မကျန်းမာလို့ လာပြီး ပြုစုသာလေ။ မင်းတို့ ဘရဲ့အမေပေါ့ကွယ်။ ဆုံးရှာပါပြီ”

“ဘဆေးရိုးရဲ့ အမေ မဟုတ်လား”

“အေးပေါ့ကွယ်။ သုသာန်ကို ဂူလုပ်ဖို့ပဲ သွားသလား၊ ဦးကြွက်နီဆီပဲ သွားသလား မသိဘူး။ ဪ ငါ့အမေ မယ်ရွှေအိမ်လည်း ဆုံးပြီ လူကလေး။ အခု မင်း လာတာ မသာပို့လာသလား မှတ်ရသယ်”

မောင်မောင်ထွေးမှာ ဇာဝသစ် ထူထောင်ရန် ဇနီးနှင့် ရောက်လာကြောင်း ဝမ်းနည်းစရာတွေ တစ်ခုပြီး တစ်ခု ကြားနေရသည်။ အမကြီး ရိုးကျိုးဒန်သည် ထိုသဘောကို ရိပ်မိဟန်တူ၏။

“သားကဲ့ မိဘရပ်ဌာန်မှာ အခြေချနေထိုင်ပြီး၊ စီးပွားရေး လုပ်မယ် ဆိုတဲ့ စိတ်ကူးနဲ့ အိမ်ရှင်မပါ ခေါ်ပြီး အားတက်သရော ရောက်လာရာမှာ အမကြီးက လူတွေ သေတဲ့ သတင်းချည်း ပြောနေသယ် မထင်နဲ့ဦး”

“ဪ အမကြီးရယ်။ လူဟာ သက်ရှိသတ္တဝါပဲ။ သက်ရှိသတ္တဝါ ရယ်လို့ ဖြစ်လာတာကိုက သေဖို့ မဟုတ်လား အမကြီးရဲ့”



မောင်မောင်ထွေး၏ စကားကို အမကြီး ရိုးကျိုးဒန် လွန်စွာ သဘောကျသွားလေသည်။

“အင်း ငါ့မြေးအငယ်ဆုံး ကောင်မရဲ့ အထက်က နို့ညှာကောင်တောင် အတော်ရင့်ကျက်နေပါကလား”

အမကြီး ရိုးကျိုးဒန်သည် သူ၏မြေးကို ကြည့်ပြီး တရားသံဝေဂ ရနေခိုက်၌ အိမ်ဝိုင်းထဲသို့ ဂျစ်ကားတစ်စင်း ဝင်လာသည်။ မောင်မောင်ထွေးမှာ ထိုကားကို မသိသော်လည်း “အိမ်ကလူ လိုက်လာပြီ” ဆိုကာ လှအုံးမယ်သည် ခိုင်သဇင်ကို ခေါ်ပြီး ဆင်းလာသည်။ ဂျစ်ကားပေါ်မှ တင်မောင်ကျော်နှင့် သူ၏ လက်စွဲတော် စိန်လင်းတို့ ဆင်းလာသည်။

“အဘွား ဆုံးတဲ့သတင်းကို ကြားကြားချင်း လာမလို့ပဲ အမကြီး။ ကိစ္စတစ်ခု အရေးတကြီး ပေါ်လာတာနဲ့”

တင်မောင်ကျော်သည် အမကြီးရိုးကျိုးဒန်ကို လက်အုပ်ချီလျက် တောင်းပန်စကား ပြော၏။

“သည်ခေတ်မှာသာ မကွေးနဲ့ ရမ်းဘိုကုန်း နီးသာပဲကွ။ ဟိုတုန်းက ဆိုရင် နီးသဲ့ခရီးမှ မဟုတ်သာ”

အမကြီး ရိုးကျိုးဒန်ထံမှ ခွင့်ပြုစကား ရလျှင် တင်မောင်ကျော်သည် လက်အုပ်ချီ ခွင့်တောင်းပြီး လှအုံးမယ်ထံ သွားသည်။ ကွမ်းယာ တစ်ညက်ခန့် ကြာသွားသည်။ လှအုံးမယ် ရောက်လာသည်။

“အိမ်ပြန်ဦးမှ ဖြစ်မယ် အမကြီး”

“ဒါပေါ့အေ၊ ကိုယ့်အိုးကိုယ့်အိမ်ကို ပစ်ပြီး ကြာရှည်ကြာမြ သွားနေလို့ ဘယ်ဖြစ်မတုံး။ ပြန် ပြန်”

ဤသို့ဖြင့် လှအုံးမယ်သည် နွားတွေ မလန့်စေရန် သူ့ကားကို စိန်လင်းကို တွန်းအထုတ်ခိုင်းသည်။ အိမ်ဝိုင်းအပြင်ဘက် လမ်းမသို့ အရောက်တွင် တင်မောင်ကျော် တက်မောင်းသည်။ သူ့ဘေးတွင် လှအုံးမယ်က အငြိမ့်သား ပါသွား၏။ တင်မောင်ကျော် မောင်းလာသော ဂျစ်ကားမှာ စိန်လင်းနှင့်အတူ မန်ကျည်းပင်ရိပ်တွင် ကျန်ရစ်သည်။

❑

www.burmeseclassic.com

## - ၇ -

တုံးကြီးခေါက်သံသည် မောင်မောင်ထွေးတို့ ငယ်စဉ်ကအတိုင်းပင် ရေမိန့်တောင်ကျောင်းမှ ထွက်ပျံ့လာ၏။

မောင်မောင်ထွေးသည် ချစ်ဇနီး ခိုင်သဇင် နီး၊ မနီး လှမ်းကြည့်သည်။ ခြင်ထောင် လျှပ်ရုံမှ သွေးနေသော လေပြည်အေးကလေး၏ ကလူကျီစယ်မှုအောက်၌ နှစ်ခြိုက်စွာ အိပ်ပျော်နေသော ဇနီးသည်ကို မြင်ရသဖြင့် ကျေနပ်စွာပြုံးသည်။ သူသည် ရမ်းဘိုကုန်း အမည်ရှိသော ဤတောရွာနှင့် သူ့ဇနီးသည်တို့ အဆင်ပြေလိမ့်မည်ဟု မျှော်လင့်ထား၏။

သူသည် ခိုင်သဇင်တို့၏ အရိပ်အာဝါသတွင် နေစဉ်ကတည်းက ရမ်းဘိုကုန်းဒေသရှိ ဖုန်တထောင်းထောင်း ထနေသော လှည်းလမ်းအကြောင်းကို ခိုင်သဇင်သို့ ပြောပြခဲ့သည်။ ရမ်းဘိုကုန်း ကျောဘက်ရှိ စလင်းချောင်းအကြောင်း ပြောရာတွင်ကား ရေအလျှော့တွင် ဝါးဖောင်တွေ စုန်ဆင်းလာပုံ၊ ကြက်သွန်သမား၊ အာလူးသမားတွေ မြေဦးကြပုံများပါ ထည့်သွင်းပြောခဲ့သည်။

"စလင်းချောင်းက သာယာတာပဲနော်"

ခိုင်သဇင်က စိတ်ကူးယဉ်ချင်ပြား၊ မောင်မောင်ထွေးက အရှိအတိုင်း ပြောပြသည်။



"ကိုယ်တို့ ငယ်ငယ်တုန်းက ချောင်းရေကြီးတာများ ကြောက်စရာကြီးပေါ့ သဇင်ရယ်။ တစ်ဖက်မှာ ရေစီးအားကောင်းတဲ့ စလင်းချောင်း။ လေးထပ်ကျောင်းနဲ့ ရွာရဲ့ကြားမှာရှိတဲ့ မြောင်းဟောင်းကလည်း ရေစီးအားနဲ့ လှိုင်းတံပိုးနဲ့ပဲ။ ငယ်တုန်းက မကြောက်ပေမဲ့ အခု ပြန်ပြီးတွေးကြည့်တော့ ကြောက်စရာ တော်တော်ကောင်းတာပဲ"

"အဲသည်လို ရေကြီးတာ နှစ်တိုင်းပဲလားဟင်"

"နှစ်တိုင်း မဟုတ်ပေမဲ့ ရေကြီးတဲ့အခါမှာ သောက်ရေကအစ အခက်အခဲ တွေ့ရပေမဲ့ သည်ရွာက မခွာနိုင်ကြဘူး"

ခိုင်သဇင်သည် ရမ်းဘိုကုန်းကို ယခုမှ ရောက်ဖူးသော်ငြား လေးထပ်ကျောင်း ထန်းတောကို နားယဉ်နေပြီ။ ထိုထန်းတောအတွက်တွင် ပုတီးပင်ဘုရားတည်ရှိပုံ၊ ဘုရားအနောက်ဘက်တွင် အုတ်ရေတွင်း တစ်တွင်း ရှိကာ၊ စလင်းချောင်းရေ အတိုးကြမ်းချိန်၌ ထိုတွင်းကို အားကိုးရပုံများပါ သိထား၏။

မောင်မောင်ထွေးသည် ဇနီးသည်ကို ကြင်နာစွာ ကြည့်ပြီး ပြုံးသည်။ ကြင်နာသောအပြုံး၊ ချစ်စနိုးအပြုံး ဖြစ်သည်။ ထိုသို့ ပြုံးရာက လေဖြင့်မှုတ်သောအခါ ခိုင်သဇင်၏ ကြည်လင်သော မျက်နှာကလေးသည် ငြိမ်သက်သော ရေမျက်နှာပြင်၌ လှိုင်းထသည့်နှယ် ရှုံ့မဲ့သွား၏။

"အိပ်ချင်ယောင်ဆောင်နေတဲ့ သူခိုး မိပြီ"

ခိုင်သဇင်၏ ပါးကို လိမ်ဆွဲသည်။ လိမ်ဆွဲသောလက်ကို ခိုင်သဇင်က ပုတ်ပစ်လိုက်သည်။ မောင်မောင်ထွေးသည် ခိုင်သဇင်တွင် အေးသော အတွေ့ရစေရန်၊ ဆံစကလေးတွေ လွှပ်သွားအောင် လေဖြင့် မှုတ်သည်။ သို့ရာတွင် ထိုလေမှာ ပါးလုတ်မကျင်းရသေးသော ပါးစပ်ထဲမှ ထွက်လာသဖြင့် အာပုပ်စော်နံ၏။ သို့ကြောင့် ခိုင်သဇင့်မျက်နှာ ရှုံ့မဲ့သွားခြင်း ဖြစ်သည်။

ခိုင်သဇင်သည် မွှေ့ခင်မောင်ထွေး၏ လက်ကို ပုတ်ပစ်အပြီးတွင် တစ်ဖက်သို့ စောင်းလှည့်သွားသည်။ မောင်မောင်ထွေးက အလိုက်သင့် ကျောဘက်မှ သိုင်းဖက်ထွေးဖွေ့ရင်း တီးတိုးပြောသည်။

"ထတော့လေ။ ကိုယ့်အိမ် ကိုယ့်ယာ ကိုယ့်အခန်း မဟုတ်ဘူး"

"အယ်… ဟုတ်သားပဲ"

ခိုင်သဇင် လူးလဲထရာက "ကနေ့ ဘာလုပ်မတုံး" ဟု မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"အိမ်နေရာ ကြည့်မယ်။ ကိုအောင်ဘာလေနဲ့ တွေ့မယ်။ ဘနဲ့လည်း စကားပြောစရာ ရှိသေးတယ်"

သို့စဉ်တွင် ဘ ရီးဆေးရိုး၏အသံ ပေါ်လာသည်။

"ကလေးတွေ နိုးပြီလား။ အိမ်ရှေ့ ကပြင်ကို ထွက်ပြီး မျက်နှာသစ်ကြတဲ့ဟာ"

အိမ်ရှေ့ရှိ မီးသတ်ရေအိုးများသည် မျက်နှာသစ်ရေလည်း ဖြစ်သည်။ ရေအိုးစင်ကို ကြမ်းပြင်နှင့်အညီ လုပ်ထားသည်။ ရွက်အိုး ခုနစ်လုံးကို စီတန်းထားသည်။ ရေမှာ အမြဲပြည့်နေသည်။

သို့သော် ခိုင်သဇင် မျက်နှာမသစ်နိုင်သေး။ လမ်းမ ချုံတန်းထက်မှ ငှက်ကလေးတွေ၏ တေးသံကို နားထောင်နေသည်။

"မျက်နှာသစ်တော့လေ၊ အမေကြီး အော်နေလိမ့်မယ်"

မောင်မောင်ထွေးက မီးဖိုကျင်းထဲ စောစီးစွာ ရောက်နေသည့် အမေကြီး ရီးကျီးဒန်ကို လှမ်းကြည့်ရင်း တီးတိုးသတိပေး၏။

"ငှက်ကလေးတွေက ချစ်စရာနော်"

ထိုအချိန်တွင် အိမ်ဝိုင်းထဲသို့ မိန်းမနှစ်ယောက် ဝင်လာသည်။ ဒေါ်မယ်သ၏ တူမ စောကြွယ်နှင့် မငြိမ်းသာ၏ညီမ အေးပုံတို့ ဖြစ်သည်။

"အမေကြီးရေ၊ ညှို့သည်တွေအတွက် ထမင်းမချက်နဲ့နော်။ မနက်စာကို ကျုပ်က ကျွေးမှာ"

"စောကြွယ်လားဟဲ့"

"ဟုတ်သယ်။ စောစောစီးစီး အမေကြီး ဘာတွေ ကြော်နေသတုံး"

စောကြွယ်သည် မီးဖိုကျင်း နှုတ်ခမ်းတွင် သွားထိုင်၏။ ဤအချိန်တွင် အေးပုံကလည်း စောကြွယ်ဘေးတွင် ဝင်ထိုင်ရင်း "အမေကြီး၊ ညှို့သည် လင်မယားကို ကျုပ်က ညစာကျွေးမှာနော်" ဟု ပြောသည်။

"ကောင်းမတွေ၊ ငါ့မြေးချွေးမက ပြည်က သူဌေးသမီးနော်။ တော်ရိရော်ရိ မလုပ်ကြနဲ့"

"အမယ်လေး ကြက်သားတစ်ခွက်၊ ဝက်သားတစ်ခွက်၊ ဟင်းချို ငါးပိချက် တို့စရာပေါ့ အမေကြီးရဲ့။ ကျုပ်တို့တောမှာ ပုစွန်တုပ်ကြီးတို့၊ ဝက်အူချောင်းတို့၊ ဘဲပေါင်းတို့ ဘယ်ကရမှာတုံး"

"ဟဲ့ ဈေးသည်မှာ ဝက်အူချောင်းပါသယ်ဟဲ့"



"အမေကြီး၊ ညှို့သည်တွေ နိုးပြီလား။ ကျုပ်လည်း အလုပ်ပါးတုန်း မနက်စာ ကျွေးချင်လို့"

ပြောပြောဆိုဆို မီးဖိုကျင်းထိပ်သို့ ရောက်လာသူမှာ မောင်မောင်ထွေး၏ အထက် သုံးယောက်ခြားသော အစ်ကိုကြီး မောင်ကိုကြီး ဖြစ်၏။

"နင် ပြောတာ နောက်ကျသွားပြီ။ အခုလေးတွင် စောကြွယ်က မနက်စာကျွေးဖို့ လာပြောသယ် သားရဲ့"

"လူ့အကြံ ခွေးဦးသယ်ဆိုသာ ဒါပေါ့"

မောင်ကိုကြီးသည် ပြောလည်းပြော၊ အသင့်လည်း ပြင်ထားသည့်အတွက် "နင်သာ ခွေးဟဲ့" ဆိုကာ စောကြွယ် ထကုတ်သောအခါ အသင့်ပြေးပြီး ဖြစ်တော့၏။ သို့ရာတွင် အမေကြီး ရီးကျီးဒန်က "ဟဲ့ လာဦး" ခေါ်သောအခါ မောင်ကိုကြီး မငြင်းသာ။ ပြန်လှည့်လာရ၏။

"အမေကြီး၊ ဘာခိုင်းစရာ ရှိလို့တုံး"

မီးဖိုကျင်းအစပ်သို့ မောင်ကိုကြီး ရောက်လာ၏။

"ခိုင်းစရာ မဟုတ်ဘူးဟဲ့၊ ပြောစရာ ပြောစရာ"

အမေကြီးသည် ထမင်းအိုးကို မွှေအပြီးတွင် ယောက်မကို ထမင်းအိုးပေါ်၌ ကန့်လန့်တင်ထားပြီး မောင်ကိုကြီးဘက်သို့ လှည့်လာသည်။ သို့ကြောင့် အမေကြီးနှင့် မျက်နှာချင်းဆိုင်ရန် မောင်ကိုကြီး ထိုင်ရ၏။

"မောင်မောင်ထွေးဆိုသာ နင့်ညီဟဲ့။ အဲသာကို နင်က ထမင်းစားဖိတ်သယ် ဆိုတော့ သူတစ်မိမ်း မဆန့်ဘူးလား"

"လူချင်း ကွဲသွားသာ ကြာပြီ အမေကြီးရ။ ထမင်းကျွေးရင်းက စကားစမြည် ပြောရင်း ရင်းနှီးမှု ပြန်ယူရ ကောင်းမလားလို့"

မောင်ကိုကြီး၏ ပြောစကားကြောင့် အမေကြီးရီးကျီးဒန် ငိုင်ကျသွားရသည်။ ထိုအချိန်တွင် မောင်မောင်ထွေး လင်မယားက အိမ်ပေါ်မှ ဆင်းလာကြ၏။ အမေကြီး ရီးကျီးဒန်လည်း ထရပ်ကာ မောင်ကိုကြီး၏ ပခုံးကို ပုတ်၏။

"အဲသာ နင့်အစ်ကိုအကြီးဆုံး မောင်ကိုကြီးဟဲ့"

"ဟုတ်ကဲ့ အစ်ကိုကြီး။ ဆယ်နှစ်ကျော်ပေမဲ့ ငယ်ရုပ်ကတော့ ရေးရေးကျန်သေးတာပဲဗျ။ ဒါထက် အစ်ကိုကြီး မြို့ထဲသွား မုန့်ဟင်းခါးစား လက်ဖက်ရည် သောက်ရအောင်။ သူက အစ်ကိုကြီးခယ်မ ခိုင်သဇင်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



အနားသို့ ခိုင်သဇင် ချဉ်းကပ်လာသဖြင့် မောင်မောင်ထွေးက တစ်ဆက်တည်း မိတ်ဆက်ပေး၏။

"ငါက ဟောသည်အိမ်နောက်ဖေးမှာ အဖိဆွယ်ပြီး နေသယ်။ စကားပြောဖော် လိုချင်ရင် အဲသည်ကိုသွား။ သူ့နာမည် မြင့်မြင့်သွေးတဲ့။ ကလေးနှစ်ယောက် ရှိသယ်"

"ဟဲ့ နင်တို့ စားဖို့ ထမင်းကြော်ထားသယ်။ ကြိုက်ရင်စား၊ မကြိုက်ရင်လည်း သွားကြ"

အမေကြီး ရီးကျိုးဒန်က ထမင်းအိုး ကြည့်ရန် မီးဖိုကျင်းထဲ ပြန်ဆင်းရာက အော်ပြောသည်။

"လက်ဖက်ရည်ဆိုင်ကို ကိုကိုတို့ ညီအစ်ကိုပဲ သွားတော့။ သဇင်က အမေကြီးရဲ့ ထမင်းကြော်ပဲ စားတော့မယ်"

သို့ကြောင့် မောင်ကိုကြီးသည် မောင်မောင်ထွေးကို ပုတီးပင်ဘုရား၏ တောင်ဘက်သို့ ခေါ်ခဲ့သည်။

"လက်ဖက်ရည်တော့ ရှိသယ်ကွ။ မုန့်ဟင်းခါး ရှိ၊ မရှိ မသေချာဘူး"

သို့ရာတွင် သူတို့ညီအစ်ကိုသည် ခရီးသွားများနှင့် ရတနာမြိုင်ရပ်ကွက်ကို အမှီပြု ဖွင့်လှစ်ထားသော လက်ဖက်ရည်ဆိုင်သို့ မရောက်။ သူတို့ သကျမုနိဘုရားအနီးရှိ သစ်သားဇရပ်ကလေးသို့ အရောက်တွင် နောက်မှ ပြေးလိုက်လာသော အောင်ဘာလေက လှမ်းခေါ်သဖြင့် လှည့်ကြည့်ကြ၏။ အောင်ဘာလေနှင့်အတူ မောင်မောင်လှလည်း ပါလာ၏။ အောင်ဘာလေနှင့် မောင်မောင်လှတို့ ရောက်မလာမီ မောင်ကိုကြီးက သူ့ညီ မောင်မောင်လှ အကြောင်းကို ပြောထား၏။

"အောင်ဘာလေကတော့ မင့်အထက်က မိမိထွေးရဲ့ ယောက်ျားမို့ ဝါအားဖြင့်တော့ မင့်ထက် ကြီးသာပေါ့ကွာ။ အသက်ချင်းကတော့ မင်းနဲ့ မတိမ်းမယိမ်းပဲ ရှိမှာပါ။ သူနဲ့အတူပါလာသဲ့ မောင်မောင်လှက ဘထွေး ဦးဘညိန်းနဲ့ ဒွေးလေးလှမေတို့ရဲ့ တတိယသားကွ"

မည်သို့ပင် ဝါအားဖြင့် အောင်ဘာလေက ကြီးသည် ဆိုစေကာမူ၊ မောင်ကိုကြီး၏ အရှိန်အဝါကြောင့် အောင်ဘာလေမှာ အပေါ်စီး မနေဝံ့ပေ။ သို့ဖြင့် မောင်မောင်ထွေးမှာ အပေါ်စီးရသွားသည်။

"အစ်ကို မနေ့တုန်းက ကျွန်တော့်ကို တွေ့ချင်သယ် ပြောသလားလို့"



အောင်ဘာလေ၏ အမေးကို မောင်မောင်ထွေးက တိုက်ရိုက် မဖြေဘဲ မောင်ကိုကြီးကို မော့ကြည့်၏။ သို့ကြောင့် မောင်ကိုကြီးက ပြောရသည်။

"ရွာထဲမှာ အိမ်ဆောက်ဖို့ မြေနေရာ ရှာမယ်။ ပြီးရင် ရမ်းဘိုကုန်းကို ဗဟိုထားပြီး ကုန်စည်ဒိုင်ဖွင့်မယ်။ ပထမဆုံး ကိုင်မှာက"

မောင်ကိုကြီးက လှည့်ကြည့်သဖြင့် "ပဲနဲ့ ငရုတ်" ဟု မောင်မောင်ထွေးက ဖြည့်စွက်ပေး၏။

"ရွာထဲမှာ အိမ်မဆောက်ဘဲ မြို့ထဲမှာ တိုက်ခန်း ငှားနေပါလား အစ်ကို"

အောင်ဘာလေ၏ အကြံပေးစကားကို မောင်မောင်ထွေးက ခေါင်းခါပြ၏။

"ကျုပ်တို့ လင်မယားက ပြည်က မထွက်ခင်ကတည်းက စီမံချက်ခွဲလာတာဗျ။ အဲဒါကြောင့် ရမ်းဘိုကုန်းမှာ အိမ်ဆောက် နေထိုင်ရေးကလည်း အဲ ကျုပ်ဇနီးနာမည်က ခိုင်သဇင်တဲ့။ ဒါကြောင့် သဇင်ရဲ့ အလိုကျပဲဗျ"

"ဒါထက်အစ်ကို၊ ငရုတ်က အစ်ကို့ရှေ့က လူတစ်ယောက် ဦးသွားပြီဗျ။ မကွေးက တင်မောင်ကျော် ဆိုတာ"

"သည်နာမည်ကို သိသလိုလို ရှိပါတယ်"

မောင်မောင်ထွေး မော့ပြီး စဉ်းစားသည်တွင် မောင်ကိုကြီးက ဝင်ပြော၏။

"ကြားဖူးမှာပေါ့ပ။ တို့နှမ လှအုံးမယ်ရဲ့ ယောက်ျားလပ"

"အိုးဟိုး ဒါကြောင့်ကိုး" ဟု ပြောကာ ရယ်မောသည်တွင် အောင်ဘာလေက ပြော၏။

"ဟင်းစားရော ကွန့်ချက်ရော ပေးမယ် အစ်ကို။ ကိုတင်မောင်ကျော်က ယုံကြည်အပ်နှံထားသဲ့လူက အစ်ကို့အတွက် ငရုတ်ဝယ်ပေးရရင် မကောင်းဘူး။ သာပေမဲ့ ကျွန်တော်နဲ့မခြား ယုံကြည်ရသဲ့ ကျောက်ခဲကုန်းက လူတစ်ယောက်ကို အစ်ကို့လက်ထဲ အပ်မယ်။ ငရုတ်သာ မဟုတ်ဘူး။ ပဲနဲ့ နှမ်းလည်း ကျွမ်းကျင်တယ် အစ်ကို"

"အပြောကတော့ ရွှေမန်းပဲကွ"

မောင်ကိုကြီးက သရော်သည်။

"ကျွန်တော် လူကြုံနဲ့ မှာလိုက်ရင် နက်ဖြန်မနက် ရောက်လာမှာပဲ"

www.burmeseclassic.com



"မင့်လူက ကိုင်းထဲကော နှံ့ရဲ့လား"

မောင်ကိုကြီးက မေးခြင်း ဖြစ်၏။

"ကျွန်တော့်အထင်တော့ နှံ့သယ် ထင်သာပဲ။ လုပ်ရင်းကိုင်ရင်း မေးရင်းမြန်းရင်းနဲ့ သိလာမှာပါ အစ်ကို"

"နာမည်ကကောကွ"

"ရွှေအိုးလို့ ခေါ်ပါတယ် အစ်ကို"

"ခုနတုန်းက ပြောသွဲ့ အောင်ဘာလေရဲ့ အကြံပေးစကားကို ပြန်ကောက်ရအောင်"

မောင်မောင်လှက စကားပေါင်းကို ပြန်စ၏။

"ဘယ်ဟာပါလိမ့် အစ်ကို"

"ဟိုသင်းကွာ၊ ရွာထဲမှာ အိမ်ဆောက်မနေဘဲ မြို့ထဲမှာ တိုက်ခန်းငှားနေပါလား ဆိုတာ။ ငါတော့ သဘောကျတယ်ကွ။ လုပ်ငန်းအရ ပွဲရုံ လုပ်နိုင်သယ်။ လူနေဖို့ကျတော့ အိမ်သာကအစ အဆင်ပြေသာပေါ့"

"အိမ်သာတစ်လုံး ဆောက်ဖို့လည်း သိပ်မခဲယဉ်းပါဘူး အစ်ကို။ ရွာထဲမှာ အိမ်ဆောက်ဖို့ကတော့ သဇင်ရဲ့ လိုလားချက်ပဲ။ မြို့ထဲမှာ တိုက်ခန်းငှားဖို့လည်း လိုအပ်ရင် ငှားပါမယ်"

ထို့နောက် သူတို့သည် လက်ဖက်ရည်ဆိုင်မှ ထကြ၍ဆိုမှ ထသော်ပြား လူစုမကွဲ။ မောင်မောင်ထွေး အလိုရှိသောမြေကို လိုက်လံ ကြည့်ကြခြင်း ဖြစ်၏။ ပထမမြေကွက်မှာ လူနေ၍မရသော တဲတစ်လုံး ပါသည်။ ဒုတိယမြေကွက်မှာ အိမ်တစ်လုံး ပါသည်။ မောင်မောင်ထွေးက ဒုတိယ မြေကွက်ကို သဘောကျသယောင် ဖြစ်နေ၏။

"အိမ်ဖိုးပေးဆိုလည် ပေးရမှာပဲဗျ။ ကိုယ် အသုံးပြုမှာ မဟုတ်ပေမဲ့ ကိုယ်က နေရာကို ကြိုက်နေတာကိုး။ နေရာကို ကြိုက်ရသဲ့ အကြောင်းကတော့ ရွာတံခါးနဲ့ နီးတဲ့အတွက် လှည်းအဝင်အထွက် လွယ်တယ်။ ရွာထဲမှာ ကြာရှည် လေးမြင့် ဖုန်မထဘူး"

မောင်မောင်ထွေး၏ စိတ်ကူးထဲတွင် အိမ်ကို ဖျက်ပစ်ပြီး နောက်ဆုတ်လျက် တိုက်တစ်လုံး ဆောက်မည်။ ကျယ်ဝန်းသော ရှေ့ပိုင်း မြေနေရာကို သမံတလင်း ခင်းသည်။ ရေတံပုံသည်၊ ပဲ ပုံသည်။



ဤနေရာကား ဝင်းတံခါး၊ ဤနေရာသည် အုတ်တိုက်၊ ဤနေရာတွင် ရေကန် စသည်ဖြင့် မောင်မောင်ထွေး လျှာထားနေစဉ် ခိုင်သဇင် ရောက်လာသည်။ မောင်မောင်ထွေး ရွာတောင်ပိုင်း၌ မြေနေရာ ကြည့်နေသည် ကြားသောကြောင့် ခိုင်သဇင် ရောက်လာခြင်း ဖြစ်၏။

"ဟိုဘက်နားမှာ တစ်ကွက် ရှိသေးတယ် သဇင်။ ကိုကို လိုက်ပြမယ်"

"မကြည့်တော့ဘူး ကိုကို။ သောင်ခံနေတာရယ်၊ မန်ကျည်းအုပ် ရှိနေတာရယ်ကို သဇင် သဘောကျတယ် ကိုကို"

ဤသို့ဖြင့် မြေနေရာ ဝယ်ယူရန် ငွေချေကာ စာချုပ်ချုပ်ရန် ပြင်ဆင်ကြ၏။ ထိုအခါတွင် ထိုမြေသည် ရွာခေါင်းဦးဘရီ၏မြေ မဟုတ်ကြောင်း ပေါ်လာတော့သည်။ ထိုအခါ မိမိထွေးက မဲ့၏။

"ခပ်ပေါ့ပေါ့ သဘောထားပြီး ငွေပေးလိုက်ရင် ဦးဘရီ ဝါးပစ်မယ်။ တို့မှာ ငွေဆုံးပြီး နာမည်ပျက်မယ်။ တစ်သက်လုံး ပြောလို့ဆုံးမှာ မဟုတ်ဘူး"

ထိုအခါ ဘ ရိုးဆေးရိုးနှင့် အမေကြီးရိုးကျိုးဒန် မပါဘဲ နေ၍ မရတော့ချေ။

"အဲသာ ခြေတိုသိန်းမောင်ရဲ့ မြေနေရာပဲဟဲ့။ ဟာ ဘရီနဲ့ ဘာဆိုင်သာလိုက်လို့"

အမေကြီးရိုးကျိုးဒန် သိသည်ဆိုလျှင် ဘ ရိုးဆေးရိုးမှ ပြောဖွယ် မရှိတော့ပေ။

"ခြေထောက်မှာ ဆွေးစူးသာလား ငှတ်ထိုးသာလား မသိပါဘူးဟာ။ အဲသည့်ခြေထောက်ကို ကျကျနန ဆေးမကုဘဲ ရွံ့ထဲ ဗွက်ထဲ သွားရာက မေးခိုင်ပိုး ဝင်သွားပြီး သေနှင်းသေနှင်း ဖြစ်ပေမဲ့ မဖြတ်ရဘူးကွ။ အဲသည်ကောင်ရေမိန်မြောက်ကျောင်းမှာ ခုထက်ထိ ရှိလေရဲ့"

ဘ ရိုးဆေးရိုးကား ဤသို့လျှင် ရှေ့ကြောင်းနောက်ကြောင်းပါ ပြောပြနိုင်သည်။

"ဘ ရိုးဆေးရိုးက အခေါ်ခိုင်းသည်" ဆိုသောအခါ မြေပိုင်ရှင်သည် ဘ ရိုးဆေးရိုး၊ အမေကြီးရိုးကျိုးဒန်တို့၏ အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတော့သည်။

www.burmeseclassic.com



မောင်မောင်ထွေးသည် ဘ ရီးဆေးရိုး၏ အရိပ်အခြည်ကို ကြည့်နေသည်။ ရသေ့လည်း မဟုတ်၊ ဖိုးသူတော်လည်း မမည်သော တော့ကျိုးကြီးက မောင်မောင်ထွေးတို့ လင်မယားကို စောင်းငန်းစောင်းငန်း ကြည့်နေ၏။

"ချောစိန်ရဲ့သား မောင်မောင်ထွေး ဆိုသည့် အကောင်ပါကွာ။ ရွာက ထွက်သွားသာ ဆယ်နှစ်ကျော်ပြီ"

"ဟုတ်လား၊ ဩော် ဒါကြောင့် ချောစိန်နဲ့ တူသလိုလို ထွန်းရဲ့ တူသလိုလို ရှိသာပါကလား ဟကောင်ရ"

တော့ကျိုး သိန်းမောင်က ရင်းရင်းနှီးနှီး ဆက်ဆံပြသည်။ မောင်မောင်ထွေးမှာလည်း အရောင်းအဝယ်သမားပီပီ မျက်နှာထားချိုချို စကားချိုချိုဖြင့် တုံ့ပြန်ဆက်ဆံသည်။ သို့ဖြစ်သဖြင့် နာရီဝက်အတွင်း၌ 'ဦးကြီး၊ တူကလေး' ဖြစ်ကုန်ကြ၏။ ဘ ရီးဆေးရိုးက ထိုအခါကျမှ လိုရင်းစကားကို ပြော၏။

"အခု မင့်ကို ခေါ်ရသာက မင့်အိမ်နေရာကို ဝယ်ချင်လို့တဲ့ကွ"

"ဟာဗျာ၊ ရီးဆေးရိုးကလည်း"

"ဟာဗျာတွေ ဟာဗျက်တွေ လုပ်မနေနဲ့၊ သည်အိမ်ဝိုင်းထဲမှာ တစ်ယောက်ယောက် ဝင်နေရင် မင်းတစ်ပြားမှ ရမှာ မဟုတ်ဘူး၊ အခု ပြတ်ပြတ်သားသား ဝယ်ချင်သူ ရှိတုံး ရောင်းလိုက်"

ထိုကဲ့သို့ ပြောဆိုပြီး တော့ကျိုးသိန်းမောင်ကို ငွေချေတော့မှ မောင်မောင်လှက အကြံပေးသည်။

"ကုတင်ကြီးစုရွာနေရာက အကျယ်ကြီးကွ။ သူကြီးကို အနည်းအကျဉ်းပေးပြီး ဝိုင်းထားလိုက်ရင် ဇရပ်၊ ပဲ၊ ပြောင်း၊ လှမ်းချင်သလောက် လှမ်း၊ ဦးသိန်းမောင်ရဲ့ အိမ်ဝိုင်းတော့ အပျော့ပေါ့"

ထိုအခါ ငွေချေရန်၊ စာချုပ်ရန် ခိုင်သဇင် နေခဲ့ပြီး ကုတင်ကြီးစုရွာဟောင်းနေရာ ကြည့်ရန် ကိုကိုကြီးနှင့် မောင်မောင်လှ၊ မောင်မောင်ထွေးတို့ ထလာကြသည်။ ရွာခေါင်း ဦးဘရီနှင့် ရွာသားအချို့ ပါလာသည်။ မောင်မောင်ထွေးကဲ့သို့သော စီးပွားရေးသမားအတွက် ငါးရာ တစ်ထောင် ဦးဘရီကို ပေးရန် ဝန်မလေးပေ။

ဦးဘရီထံမှ "စိတ်ချ။ သူကြီးကို ပြောပေးမယ်" အာမခံစကား ရသောအခါ မြေနေရာရှင်းရန် လူနှစ်ယောက်ကို ငွေပေးပစ်ခဲ့သည်။ မောင်မောင်ထွေး



မှာ တင်မောင်ကျော်၏နောက်မှ ရမ်းဘိုကုန်းသို့ ရောက်ပြီး တင်မောင်ကျော်ကို ချက်ချင်း ကျော်လွှားသွားလေ၏။

"သူဌေးကလေး ဦးမောင်မောင်ထွေး"

ဆီးနှင့် ဇရပ်ကို ယောက်ဖ တင်မောင်ကျော်က ဦးနေပြီဟု အောင်ဘာလေက ပြော၏။ သို့ကြောင့် မောင်မောင်ထွေးသည် အောင်ဘာလေ ရှာပေးသော ရွှေအိုးနှင့် အလုပ်လုပ်၏။

မောင်မောင်ထွေးသည် ရမ်းဘိုကုန်းရှိ မြေနေရာတွင် အုတ်နှင့် သဲ၊ ကျောက်၊ သစ်၊ သံတွေ ပုံရသဖြင့် ပဲအတွက် နေရာမရှိ။ ပြောင်းအတွက် နေရာမရှိ။ ကုတင်ကြီးစုရွာဟောင်းကို အမြန်ဆုံးရှင်း၊ အမြန်ဆုံး ခြံခတ်ပြီး ရွှေအိုးလက်ထဲ အပ်လိုက်လေတော့၏။

"ခြံစောင့် အမြဲရှိရမယ်။ မင်း ကြိုက်သလိုလုပ်"

ထိုအခါ ရွှေအိုးသည် ထိုခြံထဲသို့ ပြောင်းရွှေ့လာသည်။ သူ့ဆရာ ငွေကြေးအကုန်အကျ သက်သာစေရန် သူ့ဇနီးနှင့် ကလေးတွေကို လုံခြုံရေးတာဝန်ပေးသည်။ သို့ရာတွင် ခိုင်သဇင်က ရွှေအိုး ဇနီးကို လစာပေးသောအခါ ချောင်းအနောက်ဘက်သာမက ကိုင်းထဲမှာပါ မောင်မောင်ထွေး ခိုင်သဇင် အမည်က ထင်ရှားနေလေ၏။

□

www.burmeseclassic.com

www.burmeseclassic.com

- ၈ -

လှအုံးမယ် တင်မောင်ကျော်နှင့် ဖူးစာဆုံသောအခါ မြင်သော်မျှ မမြင်ဖူးသောကားကလေးသည် ရွာထဲသို့ ရောက်လာ၏။ ထိုအချိန်တွင် မောင်မောင်ထွေးနှင့် ခိုင်သဇင်တို့ ရောက်လာပြန်သောအခါ ရမ်းဘိုကုန်းသည် အပြောင်းလဲကြီး ပြောင်းလဲတော့သည်။

ဆယ်အိမ်မှူး ကိုလှမောင်၊ ရွာခေါင်း ဦးဘရီတို့၏ ပါးစပ်များမှာ ခိုင်သဇင်သည် အမြဲ ရှိနေ၏။ ဆယ်အိမ်မှူးစံမြင့်နှင့် အခြားရွာသော်များလည်း ခိုင်သဇင့်ရှေ့သို့ အနည်းဆုံး တစ်နေ့ တစ်ခေါက် ရောက်သည်။ ခိုင်သဇင်တို့ ပါးစပ်ပေါ့ပါးပုံမှာ ဦးလေးချင်း ထပ်နေ၏။ သည်အထဲတွင် မောင်မောင်ထွေး ဦးဆောင်ကာ တင်မောင်ကျော်နှင့် မောင်မောင်အေးတို့က ရွာကို လျှပ်စစ်မီး သွယ်ပြန်သောအခါ မောင်မောင်ထွေး လင်မယားမှာ ရမ်းဘိုကုန်း၏ ဦးသျှောင်ဖြစ်လာကြလေ၏။

သည်အထဲ ဦးကြွက်နီ၊ ဦးကျန့်ကြီးတို့ ကျန်းမာရေး ညံ့ပြန်သောအခါ ဆရာဝန်သည် ရမ်းဘိုကုန်းရွာထဲမှ မထွက်။ လှအုံးမယ် ရောက်လာလျှင် ရွာထဲ၌ ကားနှစ်စင်း ရှိသည်။ လှအုံးမယ် မကွေးသို့ ပြန်လျှင် မောင်မောင်ထွေး၏ကား ကျန်နေခဲ့သည်။



အနီးအနားက မည်သည့်ရွာတွင်မျှ ကား မရှိ။ ရမ်းဘိုကုန်းရွာတွင်သာ ကားရှိသည်။ သို့ဖြစ်သောကြောင့် မောင်မောင်ထွေး၊ ခိုင်သဇင်တို့မှာ ရပ်မိရပ်ဖ ဖြစ်မှန်းမသိ ဖြစ်လာကြ၏။

သူတို့တစ်တွေ မျက်နှာကြီးသောအခါ ထွန်းရ၊ ချောစိန်တို့မှာ မျက်နှာ ပွင့်လန်းလာသည်။ ဘရိုးဆေးရိုးနှင့် အမေကြီး ရိုးကျိုးဒန်တို့လည်း မောင်မောင်ထွေး၏ ဘိုးအေ ဘွားအေအဖြစ် အလကားနေရင်း မျက်နှာကြီးလာသည်။ ဘရိုးဆေးရိုးကား မောင်မောင်အေးကြောင့် အားတက်ရသည့်တွင် တင်မောင်ကျော်ပါ ပါလာသဖြင့် ဝမ်းသာမဆုံးတော့ပေ။ တစ်ဖန် မောင်မောင်ထွေး လင်မယား ရွာထဲ ဝင်လာသည့်အခါ ပြောဖွယ်မရှိတော့ချေ။

“ဘထွေး၊ သမီးတို့ကား ဝပ်ရှော့ပို့ထားလို့”

ဘညိန်းထံသို့ ခိုင်သဇင် ရောက်လာသည်။ သူသည် မောင်မောင်ထွေး ခေါ်သကဲ့သို့ ခေါ်ခြင်း ဖြစ်၏။

“လူစီးမှာ မဟုတ်လား။ ကျော်သန်းထွန်းလှည်းက ငါ့လှည်းထက် ရှိုင်းသယ်ဟ။ သူ့ဆီသွား”

ကျော်သန်းထွန်းမှာ ကိုဘညိန်း၏ သမီးကြီး မေကြည်၏ အိမ်ထောင်ဖြစ်ကာ၊ ကိုဘညိန်းထက် စီးပွားရေးကောင်းသည်။ ကိုဘညိန်းမှာ လင်းဖင်းသောက်လယ်အားလုံး နွားစာခင်း ကြဲပစ်ရပြီး၊ မုန်းသောက်ကလေး မဖြစ်စလောက်ကို လုပ်နေရာက မြင်းလှည်း ထောင်တော့မှ ထမင်းအလျှင်မီသည်။ သို့ရာတွင် မြင်းက တစ်ကောင်တည်းမို့ ချုချာသည်။ လူကလည်း မြင်းကိုပြိုင်ဖြီး ချုချာသည်။

ခိုင်သဇင်သည် ကျော်သန်းထွန်း၏ မြင်းလှည်း ပိုကောင်းသည်ကို သိဌား၊ သူ့ဘထွေးကို ပေးချင်သောကြောင့် တမင်လာငှားခြင်း ဖြစ်၏။ ကတ်ကတ်သတ်သတ် လုပ်လိုလျှင် တာလမ်းသို့ထွက်ဖြီး လှည်းကြုံကို ခေါ်ပြီး တစ်အိတ်တလော တင်လျှင်လည်းရ၏။ သို့ရာတွင် ခိုင်သဇင်သည် ကိုဘညိန်းထံ တမင်လာငှားကာမှ ကိုဘညိန်းက နှာဖျားမကျန်း ဖြစ်နေသေး၏။

“အားနာပါတယ်၊ သမီးရယ်။ ဘထွေးက ကောင်းကောင်းလည်း နေမကောင်းလို့ပါ သမီးရယ်”

ခိုင်သဇင်၏ စေတနာကို ကိုဘညိန်းသာ မဟုတ်၊ မလှမေပါ သိသည်။ သို့ကြောင့် မီးဖိုထဲမှ မလှမေ ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ညည့်ဘထွေးက ပန်းနာထနေလို့ပါ သမီးရယ်"

"ပန်းနာထရင်လည်း ဆေးသောက်မှပေါ့ ဒွေးလေးရဲ့"

ခိုင်သဇင်သည် ဆေးဖိုးဝါးခ မရှိဟု အပြောမခံပေ။ ဆေးသောက်မှပေါ့ဟု ပါးစပ်မှ ပြောသည့်နည်းတူ၊ လက်ကလည်း ပါပြီး ဖြစ်သည်။ လက်ပါရာတွင် ငါးဆယ် တစ်ရာ မဟုတ်။ သေးလျှင် ငါးရာ၊ ကြီးလျှင် တစ်ထောင် ဖြစ်သည်။

"သူများကို ပြောလို့ ဒွေးလေးကော နေကောင်းလား"

"သည်လိုပေါ့အေ၊ နှစ်ယောက် ရှိရာမှာ တစ်ယောက် မကောင်းရင် ကျန်တစ်ယောက်က ကောင်းရမှာပေါ့အေ"

ထိုအခါ ခိုင်သဇင် နှုတ်ခမ်းစူ၏။

"ဒေါ်လေးဟာကလည်း၊ နေမကောင်းလျက်နဲ့ နေကောင်းချင်ဟန် ဆောင်နေရတဲ့ အဓိပ္ပာယ်ကြီး"

ထိုအချိန်တွင် အိမ်ရှေ့သို့ ရွှေအိုး ရောက်လာသည်။

"မမရေ၊ အရှာခိုင်းနေသဗျ"

"အေး အေး လာပြီ" ဟု ခိုင်သဇင် ပြောနေဆဲတွင် မောင်မောင်ထွေး ရောက်လာသည်။ အိမ်အောက်မှ လှမ်းပြောမနေဘဲ သူပါ တက်လာသဖြင့် လှေကားထိပ်တွင် ဆုံမိကြ၏။ နှစ်ယောက်ဆုံကာ စကားပြော အပြီးတွင် ခိုင်သဇင်သာ ဆင်းသွား၏။ မောင်မောင်ထွေးကား ဘညိန်းရှေ့သို့ ရောက်ဖြစ်အောင် ရောက်လာ၏။

"ဘထွေး နေကောင်းလား"

ဒူးတစ်ဖက်ထောင်၊ ဒူးတစ်ဖက်လှဲပြီး ထိုင်နေသော ကိုဘညိန်း၏ ထောင်နေသောဒူးကို အားပြုပြီး မောင်မောင်ထွေး ထိုင်၏။

"မင့်မိန်းမ မြင်းလှည်း လာငှားသာ နေမကောင်းလို့ တောင်းပန်ပြီး လွှတ်လိုက်ရပါကော"

မလှမေက ပြောပြောဆိုဆို ထသွားပြီး ရေနွေးအိုးတစ်လုံးနှင့် ပန်းကန် နှစ်လုံးကို မောင်မောင်ထွေး ရှေ့သို့ ချပေး၏။

"သောက်ဟဲ့၊ ပူသေးသယ်"

အမြင်မလှဖြား ရေနွေးအိုးတွင် သည်အိုးမျိုးမှ သောက်၍ကောင်းကြောင်း မောင်မောင်ထွေး သိသည်။



ကြိမ်ကွပ်ထားသော လက်ကိုင်မှာ ကြေးညှော်ဖြင့် မည်းနေသည်။ အိုးမှာ မှိုင်းစွဲကာ မည်းနေသည်။ အမြင်မလှဖြား၊ သည်အိုးမျိုးမှ ကောင်းကြောင်း မောင်မောင်ထွေး သိသည့်အတွက် တစ်ခွက်ငှဲ့ သောက်သည်။

"ထန်းလျက် ရှိသေးလား မသိဘူး"

ကိုဘညိန်းသည် ခေါင်းရင်း ထရံဘေးရှိ သံဘူးမည်းမည်း တစ်လုံးကို ဆွဲထုတ်သည်။ ဘူးကို ဖွင့်ပေးသည်။

"ဒါ့ထက် ဘထွေး၊ သောင်းကျန်းသူတွေရဲ့ သေနတ်ကို ယူပြေးတုန်း ကအကြောင်း ပြောစမ်းပါဦး"

"ဟ ဘာပြောရမှာတုံးဟ။ ခုနစ်ခွေး ရှစ်ခွေးကြီး"

ခုနစ်ခွေး ရှစ်ခွေးကြီးဟု ပြောစေကာမူ ကိုဘညိန်းမှာ ထိုအချိန် ကာလကို သတိရပြီး ရွှင်လန်းလာ၏။

"ခုနစ်ခွေး ရှစ်ခွေးမို့ သိချင်တာပေါ့ ဘထွေးရဲ့။ လောလောဆယ် အကြောင်းအရာတော့ ဘာလုပ်ဖို့တုံး"

"အေးကွ" ဆိုကာ ကိုဘညိန်း ငေးမောနေသည်။ အင်္ဂလိပ် ရိုင်ဖယ် နှစ်လက်ကို သူ ထိုးပစ်ခဲ့သည့် နင်းကြမ်းရှိသော ရေတွင်းရှိရာသို့ လည်ပင်းရှည် ကြည့်၏။

"ပြောတော့ ပစ္စည်းမဲ့တော်လှန်ရေး။ လက်တွေ့ကတော့ ပစ္စည်းမဲ့ သတ်ဖြတ်ရေး ဟုတ်လား ဘထွေး"

"အေးကွ၊ ငါတို့ တောသူတောင်သားကလည်း ဘုန်းကြီးကျောင်းမှာ မနေရင် မဖြစ်လို့ နေခဲ့ကြရတာကွ။ လူရာဝင်ပါစေတော့ ဆိုပြီး ဘုန်းကြီးက သင်ပေးလိုက်သမျှကို ကျောင်းထွက်သာနဲ့ တစ်ပြိုင်နက် ကျောင်းကို ပြန်ပို့ လိုက်ကြသာကွ"

"ဟိုနိုင်ငံ ဟိုဒေသက အဖြစ်ကို မြန်မာလူမျိုးတွေရဲ့ မြန်မာနိုင်ငံမှာ အတင်းအဖြစ်ခိုင်းပြီး၊ အတင်းတော်လှန်တာဆို ဟုတ်သလား ဘထွေး"

ဘညိန်းလည်း နိုင်ငံရေးကို ဟုတ်ဟုတ်ဟာတ်ဟာတ် မသိပါ။ သို့ရာတွင် သေနတ်ကိုင်ရသဖြင့် စိတ်ကြီးဝင်သွားသော အသိကို အမြင်ကတ်သောကြောင့် ထလုပ်ရာက နိုင်ငံရေးထဲသို့ ရောက်သွားခြင်း ဖြစ်၏။

"ငါက ကိုမောင်မောင်အေးကို သွားပြီး အားကိုးတော့မှ သူလည်း သောင်းကျန်းသူတွေကို အလိုက်သင့် ပေါင်းနေရတော့ ငါလည်း အလိုက်သင့် သမား ဖြစ်သွားရတော့သာပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်အေး ရောက်ရှိနေသော အရပ်က ပိုပြီး စရိုက်ကြမ်း၏။ အသိအလိမ္မာ နည်းပါးသောအရပ် ဖြစ်ကာ လူမိုက်စိတ် လူမိုက်အကျင့်က လွှမ်းမိုးနေခဲ့၏။

"စာမတတ် ပေမတတ်တွေ ဆိုပြီး အထင်အသေး ဆက်ဆံတာပဲ။ သူတို့ သောင်းကျန်းသူတွေကို ရဲဘော် ခေါ်ရမယ်၊ အစိုးရစစ်တပ်ကို နယ်ချဲ့ ခေါ်ရမယ်၊ သတ်မှတ်လိုက်တာပဲ။ ပြန်မေးတာ၊ ဆွေးနွေးတာ မလုပ်ရဘူး"

"သူတို့ သောင်းကျန်းသူထဲမှာကော၊ စာရေးတတ် ဖတ်တတ်တဲ့လူ ရှိလို့လား ဘထွေးရ"

"တစ်ယောက်တလေပဲရှိတယ်။ ဒါပေမဲ့ ရှုပ်ပါးသီလဝေးလို့ ငါးပါးသီလတောင် မသိဘူး"

"ဘထွေးကလည်း တကယ့်အရပ်ကို ရောက်သွားတာပဲ"

"ကျောင်းဆရာ ကိုမောင်မောင်အေးတောင် ဝပ်နေသေးတာကွာ။ ငါ က ဘာမို့လို့တုံး"

ဘညိန်းသည် သေနတ်ကိုင် သောင်းကျန်းသူ နှစ်ယောက်ကသာ အရေးတယူ ပြခဲ့လျှင် သေနတ်နိုးသူ ဖြစ်မည် မဟုတ်။ သို့ဆိုလျှင် မောင်မောင်အေး ထံ ရောက်မည် မဟုတ်။ သောင်းကျန်းသူများ၏ အတွင်းသရုပ်ကိုလည်း သိခွင့်မယ် မရှိပေ။ ယခုသော်ကား ဘညိန်းသည် မောင်မောင်ထွေးတို့အတွက် အဘိဓာန်ကြီး ဘဝသို့ ရောက်ရှိနေလေ၏။

"ဟော့ကောင် ဘာလုပ်နေသတုံး"

မောင်ကိုကြီးက လမ်းမှ လှမ်းမေး၏။

မောင်ကိုကြီးမှာ မောင်မောင်ထွေးအထက် မိမိထွေးနှင့် ခင်ခင်ကြီးတို့ အထက်က နှစ်ဆင့်ကြီးသူ အစ်ကိုကြီး ဖြစ်၏။ သူသည် ဘနှင့် အမေကြီးတို့၏ အိမ်နောက်ဖေးတွင် အဖီချနေရာက ဘ ရီးဆေးရိုး၏ လယ်ကို လုပ်ကိုင်ပေးနေသူ ဖြစ်ပေ၏။

"ဘထွေးနဲ့တွေ့တုန်း ဟိုဟာ သည်ဟာ မေးနေတာ အစ်ကို"

"လယ်ပြင်သွားမလို့ လိုက်ဦးမလား"

"နောက်ရက်တွေမှ လိုက်မယ် အစ်ကို။ ကနေ့တော့ ဘထွေးနဲ့ တွေ့တုံး"

သည်မျှသာ မောင်မောင်ထွေး ပြောရသေးသည်။ မီးဖိုထဲမှ မလှမေ ထလာပြီး အော်သည်။



"ဟဲ့ ကိုကြီး၊ မှာစရာ ရှိသယ်၊ ဝင်ခဲ့ဦး"

ခေါ်သူ ရှိသောအခါ မောင်ကိုကြီး မငြင်းနိုင်။ ဝင်လာရသည်။

"နင့်ဘထွေး နေမကောင်းလို့ လယ်ပြင် မသွားနိုင်တာ သုံးရက် ရှိပြီ။ နည်းနည်းပါးပါး ကြည့်ခဲ့စမ်းပါဦး"

"ခင်မောင်ငြိမ်းတို့၊ မောင်မောင်လှတို့ ဘာလုပ်နေတုံး"

မောင်ကိုကြီး၏ တွက်ကတ်သံကို ကိုဘညိန်း ကြားသည်။ ချက်ချင်း တံစက်မြိတ်အောက်သို့ ရောက်ရှိလာသည်။

"ဟော့ ဟော့၊ မကြည့်ခဲ့နဲ့ဟော့။ ကျွဲဝင်ဝင် နွားဝင်ဝင် နေပေ့စေ"

"ဘထွေးကလည်း စိတ်ချည်းပဲ"

မောင်ကိုကြီးသည် ဘထွေး၏ အငေါက်ငမ်း အမာန်မဲကို မခံနိုင်ပေ။ ချက်ချင်း ထွက်ခွာသွားသောအခါ မလှမေက မောင်မောင်ထွေးကို တိုင်တည်၏။

"အဲဒါပဲ ကြည့်ပေတော့ မောင်မောင်ထွေးရေ့။ မင့်အစ်ကိုကလည်း မင့်အစ်ကိုပဲ။ မင့်ဘထွေးကလည်း စိတ် လက်တစ်ဆစ်"

ကိုဘညိန်း၏ ကျန်းမာရေးသည် ညံ့၏။ ထိုအခါ စိတ်မှာလည်း ညစ်နွမ်းတော့သည်။ ခွင့်လွှတ်ရန် သည်းခံရန် စိတ်မကူးတော့ပေ။ ခွင့်လွှတ်သင့်သော စကား၊ သည်းခံသင့်သော စကား စသည်တို့ကိုလည်း မကျန်းမာသော စိတ်က မဆန်းစစ်တတ်တော့ပေ။ မောင်မောင်ထွေးသည် ထိုအခြေအနေတွင် ကိုဘညိန်းနှင့် လာရောက် စကားပြောဆိုနေ၏။ စကားပြော၍လည်း အဆင်ပြေ နေ၏။ မောင်မောင်ထွေး၏ အခြေအနေနှင့် ကိုဘညိန်း၏ စိတ်တို့ အဆင်ပြေ နေသဖြင့် ဖြစ်၏။

"တူဝရီး အဆင်ပြေနေကြသလားဟေ့"

အသံပေးရင်း တံစက်မြိတ်အောက်သို့ ငုံ့ဝင်လာသူမှာ ဘ ရီးဆေးရိုး ဖြစ်ပေ၏။

"ပေါ်ဆွ အဖေ"

"ဟော အဲဘ"

ကိုဘညိန်းရော မောင်မောင်ထွေးပါ ပြိုင်တူ ထရပ်ကြ၏။

"မင်း နေမကောင်းဘူး ကြားကတည်းက လာမလို့ကွာ။ ခုမှပဲ လာဖြစ်သယ်"

"အမေကော နေကောင်းလား အဖေ"

www.burmeseclassic.com

www.burmeseclassic.com



"ကနေ့တော့ ကောင်းနေပြန်သကွ။ မကောင်းတာက ဖိုးကြွက်နီ ငါ့ယောက္ခမနဲ့ ငါ့အဖေ ဦးကျန့်ကြီးကွ"

ထိုအချိန်တွင် မလှမေလည်း မီးဖိုထဲမှ ထွက်လာပြီး မောင်မောင်ထွေး ရှေ့ရှိ မြေရေနွေးကရားကို ယူရင်း "အမေ နေကောင်းလား" မေး၏။ ဘ ရီးဆေးရိုးလည်း ပြီးစလွယ်ပင် "အေး" တစ်လုံးသာ ဖြေ၏။

"ကျွန်တော် ရောက်လာတာ ဘတို့ အမေတို့ကို ဖြစ်ကတတ်ဆန်း မနေရအောင် ကြပ်မတ်ပေးမှာပဲ။ ဘယ့်နှယ်ဗျာ၊ လူသုံးဖို့ ရှာဖွေထားတဲ့ ငွေကို ကုန်မှာစိုးလို့ ဆိုပြီး"

"အေး အဲဒါက မင့်နှမ လှအုံးမယ် အိမ်ထောင်ကျမှ၊ မင်းတို့ လင်မယား ရောက်လာမှ ပြောသဲ့စကားပဲ"

ဘ ရီးဆေးရိုးက ပြောသဖြင့် ကိုဘညိန်းကအစ တရိုတသေ နားထောင်ကြ၏။

"အရင်တုန်းကတော့ နေထိုင်မကောင်းရင် အပသံဝဋ္ဋပါ ဆိုပြီး ဆေးမြီးတိုနဲ့ ပြီးတာပဲ။ ဆရာ ခေါ်ဖို့ တော်ရုံနဲ့ စိတ်မကူးပါဘူးကွယ်"

"ဈေးသည်ဖျား ဈေးသည်နာဆိုသလည်း ရှိသေး" ဟု မလှမေက ရေနွေးကရား လာချရင်း ဖြည့်စွက်၏။

"အေး ဟုတ်သယ်။ တို့ရွာထဲက လူတွေ၊ တို့အသိမိတ်ဆွေတွေ သည်လိုချည်း နေကြသာပဲ။ နေထိုင်မကောင်းရင် နေထိုင်ကောင်းအောင် ဘယ်လို လုပ်ရပါမတုံး ဆိုတာထက် ဘယ်လိုလုပ်ရင် ပိုက်ဆံအကုန် သက်သာမလဲ ဆိုသာကို ပထမဆုံး စဉ်းစားသာကလား"

"အဲသည်တော့ အသေအပျောက် များတာပေါ့ ဘရ"

မောင်မောင်ထွေး၏ စကားကို ဘ ရီးဆေးရိုးက ခေါင်းညိတ် ထောက်ခံ၏။

"အဲသာရဲ့ လက်သည်တရားခံက ဆင်းရဲမွဲတေမှုပဲကွ။ ဆင်းရဲမွဲတေနေတော့ စားတာကအစ မသန့်ရှင်းရစာကွ။ သူများကို ကျွေးသာ မဟုတ်ဘူး။ ကိုယ့်ဘာသာကိုယ် စားတာကိုက ကုန်မှာခန်းမှာ စိုးရိမ်စိတ်နဲ့ မသန့်ရှင်းရစာ စားသာကလား"

ကိုဘညိန်းသည် သူ့အဖေ၏စကားကို နားစိုက်ထောင်ရင်း ခေါင်းညိတ် နေပေ၏။



"ဈေးဈေးတွေးမှ အဖေ ပြောသာ တကယ်မှန်သာပဲ"

"အဲသာလည်း ငါ့ဘာသာငါ အတွေးပေါက်သာ မဟုတ်ဘူး။ ဟိုကောင်မရဲ့ယောက်ျားက ပြောသာ။ ဘာဖြုလို့ ကိုယ့်ကိုယ်ကိုယ် စေတနာမဲ့ နေကြရသာတုံး။ သည်ငွေတွေ ရှာဖွေတာဟာ ကိုယ် သုံးဖို့ မဟုတ်လား" လို့ အဲသည်ကောင် တင်မောင်ကျော် ပြောမှ ငါတို့ စဉ်းစားမိသာဟဲ့"

"သူ ပြောတာ ဟုတ်သားပဲ ဘရဲ့"

မောင်မောင်ထွေး၏ အပြော ဖြစ်သည်။

"ဟုတ်ပါသယ်။ သို့ပေမဲ့ သည်ကောင် ပြောသဲ့အတိုင်း ဘာဖြုလို့ ဖြစ်ရတာတုံး အကြောင်းရင်းကို ရှာရသယ်။ အဲသည်အခါမှာ ဆင်းရဲမွဲတေမှုကို အရင်းခံ လက်သည်တရားခံအဖြစ် သွားတွေ့ရသာပဲ"

ထိုအခါ မောင်မောင်ထွေးက ဘိုးအေနှင့် ဘထွေးကို ရှိုးရှိုး၏။

"ဘနဲ့ ဘထွေး ကန့်တော့နော်။ ဘ ပြောတဲ့ ဆင်းရဲမွဲတေခြင်းရဲ့ နောက်မှာ ခေတ်မမီတာ ရှိတယ် ဘ"

သူ့အတွေးအခေါ် သူ့အမြင်ကို ဟုတ်လှပြီဟု ထင်နေခဲ့သော ဘ ရီးဆေးရိုး မျက်လုံးအပြူးသားဖြင့် ကြည့်နေ၏။

"အဲသည်အချိန်တုန်းကသာ စပါးတစ်ကေကို တင်း နှစ်ဆယ် ထွက် နေရာက တင်းသုံးဆယ် ထွက်တဲ့နည်း၊ မျိုးကောင်းမျိုးသန့် စိုက်နည်း ဆိုတာတွေ အပါအဝင်ပေါ့ ဘရယ်။ အဲသည်လို တိုးပြီးရအောင် မလုပ်နိုင်တဲ့အတွက် တချို့ များဆို ဘဲဥတစ်လုံးကို လင်ကိုယ်မယား စားသတဲ့"

"ဟုတ်သယ်၊ ဟုတ်သယ်၊ တကယ်ရှိခဲ့တာ"

ဘ ရီးဆေးရိုးက ထောက်ခံစကား ဆို၏။

"အဲသည်လို တိုးပြီးရအောင် မလုပ်နိုင်တဲ့အခါ စားတဲ့အထဲက ချွေတာ၊ သုံးစွဲမယ့်အထဲက ချွေတာနဲ့ ကြာတော့လည်း အကျင့်ပါလာတော့တာပေါ့ ဘရယ်"

ဘ ရီးဆေးရိုး အလေးအနက် စဉ်းစားသော်ငြား မလှမေကမူ စွတ်ခနဲ ပြောချလိုက်သည်။

"ဟဲ့ ချွေတာသာ မကောင်းဘူးလား"

"ချွေတာတာနဲ့ မသန့်ရှင်းတာဟာ တခြားစီပေမဲ့ အတူတူလို့ ထင်တတ် ကြတယ် ဒွေးလေး။ ချွေတာတယ် ဆိုတာက ဆီတစ်ဆယ်သားပဲ ခတ်ရမယ့် ဟင်းကို ဆီ ဆယ့်ငါးကျပ်သား နှစ်ဆယ်သား မထည့်တာ ဒွေးလေးရဲ့။ ဆီ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆယ်သား ထည့်ရမယ့်ဟင်းကို ဆီငါးကျပ်သား ထည့်တာကျတော့ မသန့်တာ။ ချေတာတာ မဟုတ်တော့ဘူး ဒေါ်လေး"

မလှမေကား စကားကို ဤမျှ ကျယ်ကျယ်ပြန့်ပြန့် တွေးတော ပြောဆိုဖူးသူ မဟုတ်ချေ။ ယခုကဲ့သို့ ပြောလာသောအခါ ယခုကဲ့သို့ တွေးတောရသောအခါ မတတ်နိုင်တော့ချေ။ သို့စဉ်တွင် အိမ်ရှေ့လမ်းမှ ရွှေအိုး၏ အော်သံပေါ်လာသည့်အတွက် အာရုံပြောင်းသွားလေ၏။

"ဆရာဦးမောင်မောင်ထွေး ရှိပါသလား"

"ရွှေအိုး၊ ငါ သည်မှာဟေ့"

မောင်မောင်ထွေးက ထိုင်ရာမထ အသံပေး၏။

"ဆရာရေ၊ ပြောင်းတွေ ရောက်နေတယ်။ ဘယ်မှာ ချရမတုံး"

"ကုတင်ကြီးစုမှာ ချမယ်ဟေ့"

"ပြောင်းကား နှစ်စီးနဲ့ ပြောင်းလှည်း ဆယ်စီး ဆရာရဲ့"

"ဘတို့၊ ဘခွေးတို့" ဆိုကာ မောင်မောင်ထွေးသည် လက်အုပ်ချီလျှက် ထရပ်ကာ ထွက်ပြေးလေ၏။ သို့သော် မောင်မောင်ထွေးမှာ လွတ်လွတ်ကျွတ်ကျွတ် မပြေးနိုင်ပါ။ လမ်းပေါ်အရောက်တွင် မြင်းလှည်းတစ်စီး ရောက်လာသောကြောင့် ဖြစ်သည်။

မြင်းလှည်းပေါ်မှာ မောင်မောင်ထွေး၏တူ သူရကျော် ပါလာသည်။ သူသည် မောင်မောင်ထွေးကို ဘထွေးဟု ခေါ်၏။

"ဘထွေးကို ကိုရွှေအိုး လိုက်ရှာနေသဗျ"

"အေးကွ၊ ခုပဲ လာခေါ်လို့"

"လှည်းပေါ် တက်လေ။ ကျွန်တော် လိုက်ပို့မယ်"

"နေပါစေကွာ၊ မင့်ကိစ္စကိုသာ ပြောပါ။ ဘာဆောင်ရွက်ပေးရမလဲ။ သည်ကို တကူးတက လာပုံထောက်တော့ ကိစ္စရှိလို့ပေါ့"

မောင်မောင်ထွေး လင်မယားမှာ အပေးအကမ်း ရက်ရောသောကြောင့် ရွာထဲတွင် လူချစ်လူခင်များ၏။ အကူအညီတောင်းလျှင်လည်း ပေးသည်သာ ဖြစ်၏။ ယခု သွေးသားထဲကလူ ဖြစ်နေပြန်၏။

"မြင်းဆေးဝယ်ဖို့ ရွာထဲမှာ ရစရာရှိသာ လိုက်တောင်းသာ တစ်ရာ လိုနေလို့"

"ရပါသယ်ကွာ။ ပြန်ဆပ်မနေနဲ့၊ ရော့"



မောင်မောင်ထွေးသည် အိမ်ထဲမှ နိုက်ယူပေးပြား၊ တစ်ရာကျပ်တန် မဟုတ်ပေ။ နှစ်ရာကျပ်တန် ဖြစ်နေ၏။

"ကျွန်တော့်မလဲ ငါးရာတန်တွေချည်းပဲ ဘထွေး"

"ကဲ ကဲ အမ်းမနေနဲ့၊ ယူသာသွား"

"ဒါထက် ဘထွေး"

"အင်း ဘာဖြစ်တုံး"

"အဘိုး ဦးကျန်ကြီးနဲ့ ဦးကြွက်နီ မနည်းဖြစ်နေသတဲ့"

ထိုအခါတွင် မောင်မောင်ထွေးမှာ ပျာယာကြီးခတ်သွားရ၏။

"ဟာ ဟုတ်သားပဲ။ ခုနတုန်းကတောင် ပြောခဲ့သေးတာပဲ။ ကုတင်ကြီးစုက ဟာပြီးရင် သွားဦးမှပါ"

မောင်မောင်ထွေးသည် သူ့ စီးရန် ငြင်းဆန်နေခဲ့သော သူရကျော်၏ မြင်းလှည်းပေါ်သို့ တက်ထိုင်သည်တွင် မြင်းလှည်းသည် တစ်ဟုန်ထိုး ပြေးထွက်သွားလေတော့၏။

❑

www.burmeseclassic.com

www.burmeseclassic.com

## - ၄ -

"တူတူတူ - တူ"

ခိုင်သဇင် လက်ထောက်ပြီး ထသည်။ မှောင်နှင့် မည်းမည်းအတွင်း၌ တေးဆိုင်ကာလေးများသာ တီတီတာတာ စီစီကျာကျာ ရှိကြသေး၏။ မောင်မောင်ထွေးသည် မှန်မှန်အသက်ရှူနေ၏။ ဘတို့၊ အမေကြီးတို့ နေရာမှမူ အသက်ရှူသံ မကြားရ။ နိုးနေကြပြီ ထင်၏။

"ဒိုဟိုဟို ဒိုဟိုဟို"

သည်အသံမှာလည်း ခိုင်သဇင်အတွက် မျက်လုံးကျယ်စရာ အသံ ဖြစ်ပေ၏။ သူ အာရုံစိုက် နားထောင်နေစဉ် စောစောက တံပိုးမှုတ်သံ ပေါ် လာပြန်၏။

"တူတူတူ- တူတူ"

ထူးဆန်းသောအသံ ဟူ၍သာ ခိုင်သဇင် သိသည်။

"သဇင် နိုးနေပြီလား"

မှောင်ထဲတွင် မောင်မောင်ထွေး၏လက် လှုပ်ရှားလာသဖြင့် ခိုင်သဇင်က ဖမ်းကိုင်လိုက်၏။

"ခု ကြားတဲ့အသံက ဘာသံတုံးဟင်"



"ပျိုးနုတ်သမားတွေကို အချက်ပေးတဲ့ 'ဂဒိုး' မှုတ်သံလေ။ အသံကြားရာကို စုရုံးရတယ်။ နောက်ကျနေရင်လည်း အဲသည်အသံ ကြားသဲ့အရပ်ကို လိုက်ရသာပေါ့"

"ပျိုးနုတ်သမား ဟုတ်လား"

"ဟုတ်တယ်။ ပျိုးခင်းထဲမှာရှိသဲ့ ပျိုးပင်တွေကို ဆွဲနုတ်ပြီး နှီးနဲ့ စည်းတဲ့လူကို ပျိုးနုတ်သမား ခေါ်တယ်"

"နောက်တစ်ခု ရှိပါသေးတယ် ဟော ဟော"

ခိုင်သဇင် ပြောနေဆဲမှာပင် ကောက်စိုက်မောင်းကာလေးသံက နံနက်ခင်း လေပြည်ဦးဝယ် မြူးလွင့်လာသည်။

"အဲ ဟုတ်တယ်။ အဲဒါကကော"

"ခုနတုန်းက ပျိုးနုတ်သမားတွေ နုတ်ထားတဲ့ ပျိုးပင်တွေကို သမန်းပြင်ထဲမှာ ထိုးစိုက်တဲ့"

"တမန်းပြင်လား သမန်းပြင်လား"

ထိုကဲ့သို့ တီတီကျကျ မေးသူ ပေါ်လာတော့မှ လယ်သမားတို့၏ ဘိုးအေကြီး ဖြစ်သော ဘ ရိုးဆေးရိုးမှာ "တမန်းလော၊ သမန်းလော" မေးနေမိလေ၏။

"အရပ်အခေါ်ကတော့ သမန်းပေါ့။ လယ်သမားက ထွန်ယက်ထားလို့ မြေကြီးတွေ ပွနေတာကို သမန်းလို့ ခေါ်တယ်"

"အဲသည် သမန်းပြင်ထဲကို ဘယ်လိုလုပ်ပြီး စိုက်သလဲ။ ကျင်းတူးပြီး စိုက်သလား။ သမန်းပြင်ထဲမှာ ကျင်းတူးလို့ မရပါဘူး"

မောင်မောင်ထွေး အားပါးတရ ရယ်မောသည်။

"ဒါ ရယ်စရာလား"

"ရယ်စရာပေါ့။ ရွှံ့ပျော့ကြီးထဲမှာ ဘယ်လိုလုပ်ပြီး ကျင်းတူးမလဲ"

"ဒါဖြင့် ဘယ်လို စိုက်တုံး"

"သည်တိုင်း ထိုးစိုက်တာပေါ့ သဇင်ရယ်"

ထိုအချိန်တွင် ဘတို့၊ အမေကြီးတို့အိမ်၏ ကျောဘက် အမီထဲရှိ မောင်ကိုကြီးတို့ထံမှ အသံများ ပေါ်လာသည်။ မီးရောင် လက်လာသည်။ ခိုင်သဇင် မျက်စိ ဖွင့်ကြည့်ပြား မမြင်ရသေး။ မှောင်ရိပ် ပြယ်ရုံသာ ရှိသေး၏။

မောင်ကိုကြီး၏အသံ ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘ နိုးပြီလား"

"လူလေးလား၊ ဘ နိုးနေသာ ကြာပြီကွ"

"ကနေ့ လယ်စိုက်မယ် ဘ၊ လာဦးမလား"

"မင်းတို့ဟာက ကြိုးတန်းနဲ့ စိုက်သယ်ဆိုတော့ သိချင်လို့ကွ။ သာပေမဲ့ လာဖြစ်မယ် မလာဖြစ်ဘူးက မသေချာဘူးကွ။ ဟိုအဘိုးကြီး နှစ်ယောက်က တော်တော်သည်းနေကြသယ်"

"ကျုပ်လည်း တစ်ခေါက်မျှ မရောက်ဘူး ဘ။ ဗိုနွေဆရာ ပင့်သလား၊ ဆရာဝန် ပင့်သလား ဘ"

"မောင်မောင်အေးရော၊ လှအုံးမယ်တို့ လင်မယားပါ လာကြသယ်။ ဆရာဝန် ပင့်သွဲ့ကြားက အမောဖောက်လာသာကွ"

"မောင်မောင်ထွေးတို့ကော ဘ"

"သူတို့လင်မယားလည်း ပင်ပန်းပါသယ်ကွာ။ အခုထက်ထိ အိပ်ကောင်းတုန်း ထင်ပါ့"

"ဒါဖြင့် သွားပြီ ဘ"

"နေဦး။ မင့်အမေကြီး ဘာမှာဦးမယ် မသိဘူး"

ထိုအခါကျမှ အမေကြီး ရီးကျီးဒန့်၏အသံ ပေါ်လာသည်။

"ဟဲ့ လူလေး ကိုကိုကြီး"

"ဗျာ အမေကြီး၊ ဘာမှာဦးမတုံး"

"ကောက်စိုက်သမတွေအတွက် ဘာချသတုံး လူလေး"

"မြင့်မြင့်သွေးလည်း ပင်ပန်းသယ် အမေကြီး။ ဒါကြောင့် ကောက်ညှင်းပေါင်း မပေါင်းတော့ဘဲ တစ်ယောက်ကို ငါးပေါင်းကြော် တစ်ခု ချမယ် စိတ်ကူးထားသယ် အမေကြီး။ ငါးပေါင်းကြော်က အခုမှ ဝယ်ယူရမှာ"

"အေး အေး။ လယ်ဦးနတ်တင်ဖို့ လက်ဖက် ပါရဲ့လား"

"ဟုတ်ကဲ့ အမေကြီး၊ ပါပါသယ်"

"အေး သွားတော့ သွားတော့" ဟု ဆိုပြီးမှ အမေကြီး ရီးကျီးဒန့် စကားလှမ်းပြောနေသေးသည်။ ထိုအချိန်တွင် မောင်ကိုကြီးမှာ ရွာပြင်သို့ ရောက်နေလောက်ပြီ။ ဘ ရီးဆေးရီးသည် လွယ်ချင်းစောင်ကို ခေါင်းအုံးတွင် ပတ်ပြီး တန်းပေါ်သို့ တင်လိုက်သည်။ ထို့နောက် ကပြင်သို့ ဆင်းသည်။

မိုးမိုးမှောင်မှောင်ပဲ ရှိသေးသည်။



သို့ရာတွင် ဘ ရီးဆေးရီးမှာ ထပြီးမှ ပြန်ပြီးအိပ်တတ်သော အကျင့်မရှိရကား ရေအိုးခုနစ်လုံး စီထားသော နေရာသို့ လာခဲ့သည်။ မြစ်တွေ ဖြည့်ပေးထားသောရေသည် မီးသတ်ရေအိုးများ၌ ပြည့်နေသည်။

"ဘ သွားတိုက်ဆေး"

"နင့်မေကလွှား။ သွားမရှိဘူး ဆိုသာ နေ့တိုင်း သွားတိုက်ဆေး ပေးနေ"

"ဘွာဘွာ ဘ၊ ဆပ်ပြာနဲ့သစ်နော်"

"နင့်ဆပ်ပြာ နံက နံသနဲ့"

မည်မျှပင် လှည့်ပတ်ပြောစေကာမူ ခိုင်သဇင်မှာ ဘ ရီးဆေးရီးကို လက်လျှော့လိုက်ရသည်။ ဘကား မီးသတ်အိုးမှ ရေဖြင့် မျက်နှာသစ်အပြီးတွင် ပုဆိုးဖြင့် မျက်နှာသုတ်ရင်း အိမ်ရှေ့မန်ကျည်းပင်အောက်သို့ လာခဲ့သည်။ မန်ကျည်းပင်အောက်တွင် မီးလောင်မည်ကို မစိုးရိမ်ရဘဲ ရေနွေးအိုး တည်နိုင်သည်။ အေးဆေးသည်။

သည်ရာသီတွင် မြစ်တွေ မလာ။ အတော်များများမှာ ကျောင်းသွားနေကြရ၏။ ရေနွေးအိုး တည်ထားပြီး ဖင်လှည့် ခေါင်းလှည့်ဖြင့် မိုးစင်စင်လင်းသည်။ ဘ ရီးဆေးရီးလည်း ရေနွေးအိုးကို ခွင်ပေါ်မှချကာ လက်ဖက်ခြောက်ဘူး ရှာသည်။

"ဘ သမီး ရှာပေးမယ်နော်"

ခိုင်သဇင် ဝင်လာသည်။ ဘ ရီးဆေးရီး၏ ရေနွေးဖြင့် အိုးဗာတင်း ဖျော်သည်။ ဘ တစ်ခွက်၊ အမေကြီး တစ်ခွက်ပေးပြီးနောက် မောင်ကိုကြီး၏ ကလေးတွေကို သွားပေးပြန်သည်။

"ငါ့ရေနွေးကြမ်းလောက် မကြိုက်ဘူးဟေ့"

"ဘ လယ်ပြင်သွားမှာ မဟုတ်လား။ သဲ့ လိုက်ပို့မယ်လေ"

မောင်မောင်ထွေးကလည်း ကားကို မန်ကျည်းပင်အောက်၌ ရပ်သည်။ ခိုင်သဇင် ဖျော်ပေးသော ကော်ဖီကို သောက်ရင်း ဘကို ပြောသည်။

"လယ်ပြင်သွားသဲ့ လမ်းနဲ့ မင့်ကားနဲ့ မလိုက်ပါဘူးကွာ"

"သဇင်က ကောက်စိုက်တာ မမြင်ဖူးလို့တဲ့ ဘရဲ့။ အဲသာကြောင့် ဘကိုလည်း လိုက်ပို့ရင်းနဲ့"

"မင်းတို့ကားကို အားနာသကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ဘ ရှီးဆေးရိုးက ထိုသို့ ဆိုပြီး မောင်မောင်ထွေးသည် သူ့ဘကို ကားပေါ်သို့ အတင်းတွန်းတင်သည်။ ကျွဲ၊ နွား သွားလျှင် လှည်းမောင်းလျှင် ဒဏ်ရိုက်သော အရှေ့ဘက် မြောင်းပေါင်အတိုင်း မောင်းလာသည်။ သည်ကား မျိုးကို ကားလမ်းပေါ်တွင် မြင်ဖူးကြပြီး မြောင်းပေါင်ပေါ်တွင် မမြင်ဖူးသဖြင့် ဝိုင်းအံ့ကြည့်ကြ၏။ ထိုအထဲမှ ဘ ရှီးဆေးရိုး ထွက်လာသဖြင့် အံ့အားသင့်နေကြ၏။

ကားပေါ်မှ ဘဆေးရိုး ဆင်းပြီး၊ လယ်ပြင်သို့ မရောက်သေးပေ။

"ဟဲ့ ကောင်မလေး နေခဲ့။ ခွာသေးသေးဖိနပ်နဲ့ ချော်လဲပြီး ခြေခေါက် သွားမယ်။ မလိုက်ခဲ့နဲ့"

နိုင်သဇင် မထီမဲ့မြင် ရယ်မော၏။

"ဘ အဲသလို ပြောမှာသိလို့ လျှာချင်းဖိနပ်ကို စီးလာတယ်။ ဘမျှ မစိုးရိမ်နဲ့။ သမီးကတော့ လိုက်မှာပဲ"

ဘ ရှီးဆေးရိုး ထပ်မံမပြောနိုင်တော့ဘဲ လှည်းလမ်းအတိုင်း လယ်ပွဲသို့ ဆင်းလာခဲ့သည်။ ဆဲပဟယ် ဆိုဟယ် နောက်ဟယ် ပြောင်ဟယ် လုပ်နေသော ကောက်စိုက်သမများမှာ နိုင်သဇင်ကို မြင်သောခဏ၌ တိတ်ဆိတ်သွားကြ၏။

"ဘက အဲသည်ကောင်မလေးကို ဘာပြုလို့ ခေါ်လာရသာတုံး"

ကိုကိုကြီးက ဆီးကြို အပြစ်တင်သည်။

"မလိုက်နဲ့လို့ ငါ တားနေသဲ့ကြားက လိုက်လာသာ။ ဟို မြောင်းပေါင် ပေါ်အထိ ငွေးပါသယ်"

ဘ ရှီးဆေးရိုးသည် မောင်ကိုကြီးကို ကိုကြီးဟု ခေါ်၏။ မောင်မောင်ထွေး ကိုလည်း ခေါ်ရတာ ကြာသည် ဆိုကာ ငွေးဟု ခေါ်၏။ သူ လှည့်ကြည့်ပြီး လက်ညှိုးထိုးနေစဉ် မောင်မောင်ထွေးက သူ့ကားကို လှည်းလမ်းအတိုင်း မောင်းဆင်းလာပြီးမှ ရပ်ပစ်ခဲ့သည်။

လယ်နီးချင်းများမှာလည်း ရုံဖန်ရံခါမှသာ ဘဆေးရိုးထံ ဖြစ်စေ၊ မောင်ကိုကြီးထံဖြစ်စေ ရောက်ကြပြီး၊ ယနေ့မူ နိုင်သဇင်ကို အကြောင်းပြုပြီး ရောက်လာကြ၏။ နိုင်သဇင်မှာ အဝေးကြီးက လှမ်းကြည့်ဦး၊ ထင်းနေ၏။ သူသည် ချော်ချော်ချွတ်ချွတ် ကန်သင်းအထိ မရောက်ပြီး လယ်ထိပ်အထိကား ရောက်သည်။

"မြေးချွေးမ ထင်သယ် ဟုတ်လား"



ဦးဇွာ လာရောက်ရှုးစမ်းသူမှာ ဟင်းခုပ်ပင်လယ်ပွဲမှ ထွန်းလှိုင် ဖြစ်သည်။

"အေးကွာ၊ မလိုက်နဲ့ဆိုသာ မရဘူး။ လှည်းလမ်းထဲမှာ ကားပါ သကွ။ သူ့ယောက်ျား ငါ့မြေး ငွေးကပါ အလိုတူအလိုပါ လိုက်ပို့သာကွ"

ထိုတစ်ယောက်ကို ရှင်းပြနေစဉ် ဘအုန်းနှင့် မှုန့်လည်း ရောက်လာ ပြန်သည်။ တောင်ဘက်လယ်ပွဲမှ ပေသီးနှင့် သား မင်းထွန်းတို့ကလည်း ကောက် စိုက်စည်းခေါင်း မမုန်းချစ်ကို ဆဲအောင် စနေကြ၏။ သို့ရာတွင် မျက်လုံးများမူ နိုင်သဇင့်ထံမှာ။ ကိုဘအုန်း၏သား ချက်ကြီးလည်း မြောင်းဟိုဘက်မှ ခုန်ကျော် ပြီး ရောက်လာသည်။

"မြေးကတော့ ပြောပါသယ်။ ဘ မလာလည်း ရသယ်လို့၊ နို့ပေသည့် တို့ခေတ်လို သုံးပွင့်ဆိုင်စိုက်သာမဟုတ်ဘူး။ ကြဲးတန်း တန်းပြီး စိုက်သာဆိုတော့"

ဘ ရှီးဆေးရိုးက လယ်ပြင်သို့ သူ ရောက်လာရခြင်း အကြောင်းကို ရှင်းပြ၏။

"ကောက်ချက် ပြည့် မပြည့် ရကြည့်တာနော်"

"ဟုတ်လား"

"ဟုတ်သဗျ။ တစ်ဧကကို ကောက်ပင် တစ်သိန်းခွဲ ရှိ မရှိ တိုင်းတဲ့ ကွင်းကြီးနဲ့ စွပ်ပြီး ရကြည့်တာဗျ"

"ဟော၊ အဲသည်တော့ ကောက်စိုက်မက ဘာပြောတုံး"

"ကောက်စိုက်မက အစတော့ ညည်းသာပေါ့။ သာပေမဲ့ ရှိသမျှ လယ် အားလုံးမှာ သည်လိုချည်းဆိုတော့ ကောက်စိုက်မလည်း စိုက်ကြပ်နဲ့ စိုက်ကော်မတီ ကို လွန်ဆန်လို့ ဘယ်ရမ်တုံး"

ဘအုန်း ရှင်းပြသမျှသည် ရှီးဆေးရိုးအတွက် အဆန်းဖြစ်နေ၏။ ဤတွင် မှုန့်က ဝင်ပြော၏။

"သူတို့ကို စိုက်ခလည်း ပိုပေးပါရက်နဲ့ အစောကြီး တက်သဗျ။ ကျုပ်တို့ လယ်သမားပဲ ခံရတာဗျ"

ဘ ရှီးဆေးရိုးမှာ ခေါင်းညိတ်နေစဉ် သူ့ဘေးသို့ မောင်မောင်ထွေး ရောက်လာ၏။

"ဟော့ကောင် ငွေး၊ ပြန်တော့လေ။ ကောင်မလေး နေပူနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဘမြေးက မပြန်သေးဘူးတဲ့"

သို့ဖြင့် ဘ ရီးဆေးရိုးသည် ထွန်းလှိုင်ထံ အကြည့်ရောက်သွား၏။

"သက်တမ်းနုနုကလေးနဲ့ စိပ်စိပ်စိုက်ပြီး မင်းတို့ဟာက ခေတ်မြေသြဇာ ထည့်ရတာလည်း မတရားပါပဲလား"

"ဟုတ်သယ် ဘရေ့။ ခေတ်မြေသြဇာ မထည့်လို့ကတော့ မထွက်ဘူးဗျ"

ချက်ကြီး၏ ညည်းချင်း ဖြစ်သည်။

"ပိုးသတ်ဆေးကကော"

"ပိုးသတ်ဆေးကိစ္စတော့ နည်းနည်းပြောပါရစေ ဘ"

ဝင်ပြောသူမှာ မောင်မောင်ထွေး ဖြစ်သည်။

"လူထုလက်ထဲကို ပိုးသတ်ဆေး ထည့်မပေးခင်မှာ ပိုးသတ်ဆေးရဲ့ ဆိုးကျိုးကို ပြောပြရမှာ ဘရဲ့။ သတ်ဆိုတာ ပါတဲ့အတွက် အသက်သတ်တဲ့ဆေး ဆိုတာ ထင်ရှားနေတာပဲ။ အဲဒါကို နမော်နမဲ့ လုပ်ကြတော့ တီကောင်တို့ ပုရွက်ဆိတ်တို့တောင် မနေတော့ဘူး"

ကောင်းကင်ကို ဘဆေးရိုး မော့ကြည့်၏။

ဝါတွင်းကာလမို့ မိုးပေါ်တွင် စွန်တွေ ရှင်းနေသည် မဟုတ်။ လင်းတပါ ကင်းနေသည်။ ထို့ကြောင့် မိုးပေါ်တွင် စွန်ရော လင်းတပါ ကင်းမဲ့နေသည်။

"အေးကွ။ ပိုးသတ်ဆေးဟာ အသက်သုံးချောင်းကို သတ်ပြီးမှ အစွမ်းကုန်သယ် ပြောပေမဲ့ ဂရုမစိုက်ကြဘူး"

ပိုးသတ်ဆေးကို လက်ဖက်ရည်ပန်းကန်ဖြင့် ခြင်သည်။ ထို့နောက် အဝတ်ကလေးဖြင့် ပွတ်ပြီး ထိုပန်းကန်ဖြင့် ရေနွေးသောက်သည်။ သေပြီ။

"ပိုးသတ်ဆေး ဆေးဘူးဟာ လှလှပပ ပြောင်ပြောင်လက်လက်ကလေး ဆိုတော့ ထပ်ပြီးသုံးချင်တဲ့အတွက် ချောင်းထဲ မြစ်ထဲ ရေကန်ထဲမှာ ဆေးတယ်။ ရေနဲ့ စပ်ဆိုင်တဲ့ သက်ရှိသတ္တဝါတွေ ဒုက္ခရောက်ကြရတယ်။ ဒါနဲ့ မပြီးသေးပါဘူး၊ ဘူးခွံထဲမှာ ဟိုဟာ သည်ဟာ ထည့်တယ်။ အဲသည် ဟိုဟာ သည်ဟာကို သုံးစွဲတဲ့လူလည်း ဒုက္ခရောက်ရတော့တယ်"

"ပိုးသတ်ဆေးဟာ တကယ်ဒုက္ခပေးသယ်"

ထိုအခါ ထွန်းလှိုင်က ပြော၏။



"ကျုပ်တို့ တောသားတွေကတော့ ပိုတက်ကောင်းတယ်ဆို သုံးတာပဲဗျ။ ဟိုဟာ ကောင်းတယ်၊ မာလာသီယွန် ဘာညာပေါ့ဗျာ။ ကောင်းတယ်ဆို သုံးတာပဲ။ ဘယ်လို လုပ်ရင် ဘာဖြစ်တတ်သယ် ကြိုပြောမှ သိမှာပဲ"

"အင်း ဟုတ်သာပဲ။ ပြောမှ သိမယ့်လူတွေကို မပြောတော့ မသိ။ မသိတော့ ဘေးတွေ့"

ဘဆေးရိုးသည် စကားဝိုင်း၌ စိတ်ဝင်စားသည့် နည်းတူ မမုန်းချစ်တို့၏ ကြိုးတန်း တန်းပြီး စိုက်ပုံ၌လည်း အာရုံရောက်နေသည်။ ကောက်စိုက်မ များသည် ကြိုးတန်းတိုင်းကို မတန်းဘဲ၊ မျက်မှန်းလက်မှန်းဖြင့် စိုက်ခြင်းဖြစ်ပြား ကြိုးတန်း တန်းဘိသကဲ့သို့ ညီညာ၏။ ဖြောင့်တန်း၏။

သို့ရာတွင် ခိုင်သဇင်ကား မြောင်းပေါင်ပေါ်တွင် ထိုင်လျက် ငေးမော နေသည်။ သူ ငေးမောနေရာအရပ်တွင် ပျိုးနုတ်သူများ ရှိသည်။ ပျိုးစည်းများကို ဝါးဖြင့် လျှိုထမ်းပြီး ပို့နေသူမှာ ခိုင်သဇင်၏ စိတ်ဝင်စားစရာ ဖြစ်၏။ ထန်းလက် သုံးလက် ပူးပြီး၊ ပျိုးသယ်သော စွပ်ဖား လုပ်ထားပုံကလည်း စိတ်ဝင်စား ဖွယ်ပင်။

စွပ်ဖားဆွဲသော နွားတစ်ရှဥ်းသည် ကုန်းရုန်းပြီး ဆွဲကြသည်။ စွပ်ဖား မရွေ့မီ ဖျိုးဖျိုးဖျစ်ဖျစ်မြည်ပုံမှာ လူတစ်ကိုယ်လုံးရှိ အကြောအခြင်တွေ လှုပ်ရှား သကဲ့သို့ ဖြစ်သည်ဟု ခိုင်သဇင် ထင်သည်။ ပျိုးစည်းများ တင်ထားသော စွပ်ဖားကြီး ပြေးလွှားသွားပုံမှာ လေထဲတွင် ပျံသန်းသကဲ့သို့ ဖြစ်၏။

ခိုင်သဇင်သည် ပျိုးနုတ်သည်ကိုလည်း မမြင်ဖူးပေ။

ပျိုးခင်းထဲ ဆင်းပြီး၊ ပျိုးပင်တွေကို သိမ်းကာသိမ်းကာ ဆွဲနုတ်နေပုံကို သဘောကျသည်။ ခြေဖျားထောက်လျက် ထိုင်ကာ နှီးပင်များကို ခါးတွင်လည်း ထိုးထား၊ ပါးစပ်တွင် ကိုက်ထားပုံမှာ ကြည့်မငြီးပေ။ တစ်ဖန် ထိုသူ၏ နောက် တွင် ရေလှိုင်းများနှင့် မဖြောင့်တဖြောင့် ပျိုးစည်းများထားခဲ့ပုံမှာ လှပသည်။

ခိုင်သဇင်သည် ပျိုးနုတ်သမားများကို ကျောဘက်မှ မြင်ရသော မြင်ကွင်း၌ မိန်းမူးနေသည်။ ပျိုးနုတ်သမားများ၏ နောက်တွင် ပျိုးစည်းတွေ ရှိသည်။ သည်ပျိုးစည်းတွေကြားက ရေပြင်တွင် ပျိုးပြတ်စိမ်းစိမ်းနှင့် နှီးပင် အဖြူများ မျောပါလှုပ်ရှားနေပုံ၌ စိတ်ဝင်စား၏။

သည်ပန်းချီကားကို ခိုင်သဇင်နှယ် စိတ်ဝင်စားရမှန်း သိသူမှာ မောင်မောင်ထွေး သာ ဖြစ်သည်။ ပျိုးတစ်ဆုပ် နုတ်လိုက်တိုင်း ပျိုးနုတ်သမား၏ လက်ပြင်သည်

www.burmeseclassic.com

www.burmeseclassic.com



လှိုင်းထ၏။ ပျိုးနုတ်သမား၏ ကျောပြင်သည် နေရောင်ဖြင့် တောက်ပ၏။ မောင်မောင်ထွေးသည် ပြန်ဖော်ညှိရန် ခိုင်သဇင်ထံ လာခြင်း ဖြစ်ခြား၊ အသံ မပေးမိ။ ပျိုးနုတ်သမား ပန်းချီကားတွင် သူပါ နစ်မျောနေမိသည်။

သူ့အနီးတွင် လူတစ်ယောက် လာရောက်ရပ်နေပါကလားဟု သိပါ လျှက်နှင့် ခိုင်သဇင် ရုတ်ခြည်း လှည့်မကြည့်ဖြစ်။ အတန်ကြာမှ လှည့်ကြည့် ဖြစ်သည်။

"လှတယ်နော် ကိုကို"

"သည်အလှမျိုးက လယ်ပြင်ကို အခုလို ထွက်လာမှ မြင်ရတာ သဇင်ရဲ့"

"ခံစားတတ်မှ လှတာပါ ကိုကို"

"ဟုတ်တယ် ဟုတ်တယ်။ မခံစားတတ်တဲ့လူအဖို့ကတော့ ပျိုးနုတ် သမားတွေ အခုလိုမျိုး နုတ်တာကို အကြိမ်ကြိမ် မြင်ဖူးကြမှာပါ။ ဒါပေမဲ့ မခံစားတတ်တော့ ပျင်းရိငြီးငွေ့စရာကြီး ဖြစ်နေတော့တာပေါ့"

"ကြည့်စမ်း။ နှီးပြတ်တွေ ဖောင်စီးနေပုံက ဘယ်လောက် လှသလဲ"

ပျိုးနုတ်သမားများ၏ ကျောဘက်ရှိ ရေပြင်မှာ ပျိုးနုတ်သမားတွေ ပျိုးနုတ်လျှင် လှိုင်းထသည်။ ပျိုးဆုပ်ကိုဆောင့်လျှင် ရေပြင် ပြောင်းဆန်သည်။ ကျွမ်းသူပုန်ထနေသော ထိုရေပြင်ပေါ်တွင် နှီးပင်အပြတ်များ လှိုင်းစီးနေကြ၏။

"ရေပြင်ပေါ် နေခြည်ကျပြီး ပျိုးနုတ်သမားရဲ့ ကျောကို မလင်း တစ်လှည့် လင်းတစ်လှည့် မှန်ရောင်ထိုးနေပုံကကော"

"ဟုတ်တယ် ကိုကို၊ ရင်သပ်ရှုမော ဆိုတာ သည်အလှပဲ"

တစ်ဖက်လယ်ပွဲမှ ပျိုးခင်းတွင် ပျိုးနုတ်သမားများ ဝင်နေကြခြင်း ဖြစ် ၏။ ပျိုးခင်းတိုင်းတွင် ပျိုးနုတ်သမားတွေ ဆင်းပြီး ပျိုးနုတ်ကြခြား အလှတို့ကား မတွေ့ကြပေ။ မောင်မောင်ထွေး လင်မယားသာ တွေ့တတ် ခံစားတတ်ခြင်း ဖြစ်ပေ၏။

သို့တစေ ပျိုးခင်းမှာ ပျိုးနုတ်သမားတွေ အလုအယက် နုတ်သဖြင့် ပွဲသွားပြီး ပျိုးနုတ်သမားတွေလည်း နုတ်စရာ ကုန်သဖြင့် ထသွားကြပြီ။ ပျိုးစည်း တွေသာ ကျန်ခဲ့တော့သည်။

"နေတောင် တော်တော်ပူပြီ သဇင်၊ ပြန်ကြစို့"



"သဇင်က လူငယ်မို့ ခံနိုင်ပေမဲ့ ဒါလောက်ပူတာ အဘက ခံနိုင်ပါ့ မလားနော် ကိုကို"

မောင်မောင်ထွေးနှင့် ခိုင်သဇင်တို့ မြောင်းပေါင်ပေါ်မှ ဆင်းလာကြ သည်။ လယ်ပွဲထိပ် ညောင်ပင်ရိပ်တွင် ဘ ရိုးဆေးရိုးနှင့် ထွန်းလှိုင်၊ ဘအုန်းတို့ စကားကောင်းဆဲ ရှိကြ၏။

"ဘ နေပူပြီ။ ပြန်ကြရအောင်"

"ဟဲ့ အဲသည်စကားက နင်တို့ကို ငါက ပြောရမှာ"

"သမီးတို့က လူငယ်တွေမို့ ခံနိုင်ရည်ရှိတယ်"

"ကိုင်းပါ ဘရယ်။ ပြန်လိုက်သွားပါ။ နေလည်း ပူပါပြီ"

ဘ ရိုးဆေးရိုးကို မောင်မောင်ထွေး လင်မယားက တွဲခေါ်သည်။ ထီး မိုးပေးကြသည်။ ထီးမှာ မိရိုးဖလာ ထီးမည်း မဟုတ်သောကြောင့် မောင်ကိုကြီး တို့ ရယ်မောလျက် ကျန်ခဲ့ကြ၏။

□

www.burmeseclassic.com

www.burmeseclassic.com

## - ၁၀ -

ဦးကျန်ကြီးနှင့် ဦးကြွက်နီ နှစ်ယောက်သား အိမ်ထောင်ဖက်များ ကွယ်လွန်ကုန်သဖြင့် ယောင်ခြောက်ခြောက် ကျန်ခဲ့ကြသည်။ မှည့်ပျော်သက်ကြီး သေချိန်နီးတွေ ဖြစ်ကြပြား၊ မောင်မောင်ထွေး လင်မယား ရောက်လာသောအခါ အာဟာရ ဖြည့်ပေးကြသည်။ ဆေးဝါးဖြင့် ဖြည့်ပေးကြသည်။

"သေတော့မှာပါကွာ။ သေချိန် ရောက်ပါပြီ"

ထိုစိတ်နှင့် ထိုစကားမှာ များစွာ တာသွားသည်။ ဦးကျန်ကြီးထက် ဦးကြွက်နီက ပိုဆိုးသောအခါ ဦးကြွက်နီ ဦးစွာ လဲတော့သည်။ ထိုအချိန်တွင် ရောက်လာသူမှာ ကျော်သူရနှင့် လှမြတ်စည် ဖြစ်သည်။ ကျော်သူရမှာ ကိုတည်နီး၊ မလှမေတို့၏ သားဖြစ်ရာ ဘိုးအေ နှစ်ယောက်သာမက ဖအေပါ ကျန်းမာရေး မကောင်းသောအခါ ငြိမ်နေကြ၏။

သူတို့သည် တင်မောင်ကျော်နှင့် လှအုံးမယ်ထံမှ လာကြခြင်း ဖြစ်သည်။ ရမ်းဘိုကုန်းတွင် အခြေအနေ မကောင်းသောကြောင့် မသွားကြရန် တားဆီးနေပါလျက်က လာကြခြင်း ဖြစ်၏။

အမေကြီး ရိုးကိုးအန်၏အဖေ ဦးကြွက်နီ သည်းနေသည်။ သည်အချိန်တွင် ရောက်လာသည့်အတွက် ကျော်သူရတို့ အကြောင်းမှာ မထင်ရှားပေ။ သို့ရာတွင် ကျော်သူရသည် အိမ်ထောင်တစ်ခုကို ထူထောင်ရန် တာဝန်ရှိလာချိန်ဝယ် ဘ



မကျန်းမာသည်ကို အကြောင်းပြပြီး တွန့်ဆုတ်နေရန် မသင့်ဟု သဘောရသောကြောင့် လာခဲ့ခြင်း ဖြစ်၏။

"အမေကြီး၊ ကျွန်တော်က ဦးဘညိန်း၊ ဒေါ်လှမေတို့ရဲ့ သား ကျော်သူရပါ။ သူက ကျွန်တော့်ဇနီး လှမြတ်စည်ပါ။ တောင်တွင်းကြီးမြို့ကပါ"

အမေကြီးရိုးကိုးအန်ကို ကျော်သူရ သွားရောက်တွေ့ဆုံသော နေရာမှာ ဦးကြွက်နီ၏အိမ်တွင် ဖြစ်သည်။ အမေကြီး ရိုးကိုးအန်မှာ "သြော် သြော် အေး" က လွဲ၍ မပြောတတ်။ ကိုယ် ခါးထစ်ခွင်ချီခဲ့သော၊ ဝါးဖတ်ခွံ့ခဲ့သော မြေးမြစ်များက မိုးနေကြပြီ။

"အေးကွယ်၊ သင့်သင့်မြတ်မြတ် ပျော်ပျော်ရွှင်ရွှင် နေကြပေါ့ကွယ်"

အတန်ကြာမှ အမေကြီးရိုးကိုးအန် ပြောဖြစ်သည်။ ဘ ရိုးဆေးရိုးမှာမူ အိမ်သို့ ပြန်ချေ။ ဦးကျန်ကြီးကို ကြည့်ချေ။ ယောက္ခမထံ လာချေဖြင့် အလုပ်များနေသည်။ မြေး ကျော်သူရနှင့်ကား တခွေးတန္နေး မဆုံဖြစ်၊ မပြောဖြစ်ကြချေ။

သို့သော် သတ္တိခဲနှင့် ရွှေရည်ဝင်း မောင်နှမကား ရောက်လာတတ်၏။ သူတို့အဖေ အောင်ဘာလေမှာ ငွေရေးကြေးရေး အဆင်ပြေနေပြား၊ သူတို့သည် ကောက်သင်းကောက်ရလျှင် ကောက်သင်းကောက်၏။ ကောက်သင်းမကောက်ရသောအခါ လေးထပ်ကျောင်း ထန်းတောထဲသို့ ဝင်ပြီး ထန်းသီးမှည့် ကောက်ကြ၏။ သတ္တိခဲနှင့် ရွှေရည်ဝင်းတို့သည် လှမြတ်စည်တို့နှင့်ကား တစ်ခဏအတွင်း၌ ခင်မင်သွားကြ၏။

"ဟော့ကောင် ကျော်သူရ"

ကျော်သူရနှင့် မောင်မောင်ထွေးမှာ ဆက်တူရွယ်တူ ညီအစ်ကို ဝမ်းကွဲများ ဖြစ်ကြ၏။ ပညာအကျိုးမပေးသော သည်အရပ်သို့ ကျော်သူရ ရောက်လာခြင်းကို မောင်မောင်ထွေး သဘောမပေါက်။ ဘ နှစ်ယောက် အသည်းအသန် ဖြစ်နေချိန်တွင် ရောက်လာသဖြင့် ပိုပြီး အရေးတယူ ပြုရသည်။

ကျော်သူရသည် မောင်မောင်ထွေးကို ပိုးတိုးဝါးတား ဖြစ်နေသည်။ မှတ်မိသလို မမှတ်မိသလိုဖြင့်။

"ဟာ သည်ကောင်၊ ငါ မောင်မောင်ထွေးလကွာ၊ ဦးထွန်းရဲ့ ဒေါ်ချောခိုန်တို့ သားလေ၊ မင့်အမေရဲ့နို့ကို ဝင်ဝင်စို့တဲ့ မောင်မောင်ထွေး"

ထိုအခါကျမှ ကျော်သူရ ပွင့်ပွင့်လင်းလင်း ပြုံး၏။

www.burmeseclassic.com

www.burmeseclassic.com



"ငါ အခု နေတာက ဘတို့ အမေကြီးတို့ အိမ်မှာကွ၊ မင်းတို့ လင်မယားအတွက် ငါ့တိုက်မှာ အခန်းရှိတယ်ကွ၊ တိုက်က ဆောက်လက်စ ပေမယ့် တစ်ခန်းက ကောင်းကောင်းကြီး ပြီးနေပြီ"

"တောင်ပိုင်းမှာ ဆောက်လက်စတိုက် မဟုတ်လား၊ နေလို့ဖြစ် မဖြစ် သွားကြည့်လိုက်ဦးမယ်"

"ခုတင်တော့ မရှိသေးဘူး၊ ဒါပေမဲ့ ပို့ပေးပါ့မယ်"

ထိုသို့ နေရေးထိုင်ရေးကို အစဖြတ်ပြီးမှ မောင်မောင်ထွေးက စီးပွားရေး စကား ပြောခဲ့၏။

"မကွေးလိုနေရာမျိုးက သည်ကို ဘာကိစ္စ လာတာတုံး"

"လုပ်ခင်း ကိုင်ခင်း လာကြည့်ရင်းနဲ့ အဖေတို့ အမေတို့ရဲ့ စီးပွားရေး ကို အကဲခတ်တာပေါ့ကွာ"

"အဲသည်တော့ ဘာဖြစ်တုံး"

"အခြေအနေ မကောင်းဘူးကွ"

"ကုတင်ကြီးစုဘက်မှာ ခြံကာပြီး ကွင်းတစ်ကွင်း လုပ်ထားတယ်ကွ။ ပြေးဖို့ လွှားဖို့ သွားဖို့ လာဖို့ ရွှေအိုး ဆိုတာကို ပွားထားရတယ်။ သခင်ကလည်း သားသမီး မရခင်သာ ငါ့ကို ကူညီနိုင်မှာ၊ အဲဒါကြောင့် ဖြစ်နိုင်ရင်ပေါ့လေ၊ မင်းများ ဝင်ပြီး ကူနိုင်မလားလို့"

ကျော်သူရမှာ တစ်ခဏမျှ တွေသွားသည်။

"အေးကွ။ ရမ်းဘိုကုန်းက မခွာမီတော့ လုပ်ပေးနိုင်မယ် ထင်ပါတယ်။ ဒါကလည်း လှမြတ်စည်နဲ့ မတိုင်ပင်ရသေးလို့ပါ"

"တောင်ပစ်ကုန်းက ဂြွယ်တောင် ကြက်သွန် ကိုင်ချင်လို့ ခေါ်ထား တာကွ။ လောလောဆယ် နာရေးက အရေးကြီးနေလို့ ဆိုင်းထားရတာ"

မောင်မောင်ထွေးသည် နောက်မှ ရောက်လာသူ ဖြစ်၏။ သို့ရာတွင် သူ့ရှေ့က တင်မောင်ကျော်မှာ ယောက်ဖလည်း တော်စပ်၊ လူမှုရေးအရလည်း မလုပ်ကောင်းသဖြင့် ဆီးနှင့် ရှားကို ရှောင်နေရခြင်း ဖြစ်၏။ သို့ရာတွင် သူသည် ရွှေအိုးမှတစ်ဆင့် ကိုင်းထဲ ကိုင်းပြင်ပါ လွှမ်းမိုးနေပြီ။

ဂြွယ်မှာ ဘ ရိုးဆေးရိုးအတွက် တောင်ပစ်ကုန်းမှ ထွန်းရ ခေါ်လာသူ ဖြစ်၏။ ကြက်သွန်ကို လုပ်တတ်ကိုင်တတ်၏။ ကြက်သွန် လုပ်ကိုင်သူများနှင့် လည်း ရင်းနှီးသည်။ သို့ရာတွင် အဘေး ဦးကျန်ကြီးနှင့် ဦးကြွက်နီတို့ 'သည်း'



နေကြရာတွင် ဦးဘညိန်းကပါ ဖောက်လာပြန်သဖြင့် အလုပ်အကိုင်တွေ ရွှေ့ဆိုင်း ထားကြရ၏။

အမေကြီး ရိုးကျိုးဒန်သည် နိုင်သဖင် ပင့်လာသော ဆရာဝန်ကို သဘော မကျခြား၊ သဘောမကျဟု မပြော။ ဆရာဝန်ကို နိုင်သဖင် လိုက်ပို့နေ တော့မှ အောင်ကျော်ဦးကို ပြော၏။

"ငပာစ်ကြီးရာ၊ ဘယ်သူ ဘာပြောပြော အမေကြီးတော့ ဆရာသန့်ပဲ သဘောကျတယ်။ ကြက်ဆူးဘုရားနားက ဆရာသန့်ပဲ ပင့်ပေးပါ"

အောင်ကျော်ဦးမှာ အမေကြီးကို ငယ်ကြောက် ဖြစ်ခြား၊ ယခုကဲ့သို့ အရွယ်ရောက်လာချိန်တွင် အရှိသေတန်ချင်ပြီ။

"ဆရာဝန် ဆေးထိုးပေးသွားသယ် အမေကြီး"

"သွားစမ်းပါ သားရယ်။ ချောင်းကို ဖြတ်နေသာနဲ့ နင့်ဆေးက အာနိသင် ပြယ်မှာပါဟယ်။ သွားစမ်းပါ"

ချောင်းရေ ကျနေသည်။ ဆရာသန့် မလိုက်နိုင်အောင် ချောင်းရေ တိုးနေပါစေဟု အောင်ကျော်ဦး ဆုတောင်းသည်။ သူ့ဆုတောင်းမပြည့်။ ရမ်းဘိုကုန်း ကဟု ဆိုသည်နှင့် ဆရာသန့် ထလိုက်လာသည်။

"မင်းတို့ ကံကောင်းတာပဲကွ"

ချောင်းရေကလည်း များစွာ လျော့နေသောကြောင့် ကံကောင်းသည် ဟု ဆရာသန့်က ပြောခြင်း ဖြစ်၏။ အမေကြီးရိုးကျိုးဒန်ကလည်း ဆရာသန့်ကို များစွာယုံကြည်အားကိုးသည်။ "ဆရာသန့် သူငယ်ချင်းတော့ ရှမ့ ရပါဦးမလား မသိဘူး" ဟု ဖိနပ်ချွတ်သို့ ရောက်လာသော ဆေးဆရာကို ဆီးပြော၏။

မြန်မာဆေးဆရာအချို့သည် ကြေးများ၏။ စည်းလည်း တင်းကျပ်၏။ သို့ရာတွင် ဆရာသန့်ကား အမေကြီး ရိုးကျိုးဒန်ကို ဇွဲမယူနိုင်။ ခြေဆေး ခြေ သုတ်အပြီး၌ လူနာ၏ဘေးတွင် ထိုင်သည်။ သွေးစမ်းသည်။ ဆရာ လာပင့်သူကို ကြည့်၏။ မတွေ့သောကြောင့် နီးရာလူကို ကြည့်၏။

"ကိုဆေးရိုး"

"ဟုတ်ပါသယ်၊ ကျုပ် ဆေးရိုးပါ။ လူနာက ကျုပ်ယောက္ခမပါ။ ဘာလိုသတုံး။ ဘာပြောစရာ ရှိသတုံး"

ဘ ရိုးဆေးရိုးက ဆရာသန့်ကြားရဲ့ အသံနိမ့်ပြီး ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"မရတော့ဘူး။ ဒါပေမဲ့ ညင်ညင်သာသာနဲ့ ဝိညာဉ်စဲတော့ ဝိုပြီး သက်သာတာပေါ့ဗျာ"

ဆရာသန့်သည် ဆေးမှုန့်အချို့ကို ဘ ရီးဆေးရိုး၏လက်ထဲတွင် ထည့်ပေးခဲ့ပြီး ထရပ်၏။ အမေကြီး ရီးကိုးဒန်နှင့် မချောစိန်တို့က ခြေကြွပေးကြပြား၊ ဆရာသန့်က အောင်ကျော်ဦးကို လက်ညှိုးထိုးပြ၏။ ဘ ရီဆေးရိုးမှာ ဆရာသန့်ပေးသွားသော ဆေးမှုန့်ကို လူနာ၏နှာဝတွင် တော့ပေးနေရသဖြင့် ဆေးဆရာကို နှုတ်မဆက်နိုင်ပေ။

ချောင်းရေသည် ယခုထက်တိုင် တိုးမလာသေးပေ။ ဆရာသန့်ကလည်း ချောင်းတစ်ဖက်ကမ်း ရွာခြေသို့ရောက်မှ အောင်ကျော်ဦးကို ပြန်လွှတ်လိုက်၏။ သူသည် အောင်ကျော်ဦးထံမှ ခြေကြွကိုလည်း မေ့လျော့ချင်ယောင်ဆောင်ကာ မယူလိုက်ပေ။

ထိုအချိန်တွင် ဦးကြွက်နီမှာ အသက်ရှူရပ်နေပေပြီ။ သို့သော် တွန့်လိမ်ခြင်း၊ အကြောဆွဲခြင်း၊ အမောဖောက်ခြင်းတို့ မရှိဘဲ ညင်သာစွာ ဗိုဝိန်ချုပ်သွားခြင်း ဖြစ်၏။ ဘ ရီးဆေးရိုးသည် ဦးကြွက်နီ၏ နှာဝတွင် ငြိမ်သက်နေသော ဂွမ်းစကို ကြည့်ကာ ထရပ်သည်။

"အင်း တစ်ယောက်တော့ သွားရှာပြန်ပြီ"

ဘဆေးရိုးသည် အိမ်ပေါ်မှ ဆင်းလာ၏။ အမေကြီး ရီးကိုးဒန်မှာလည်း အားရအောင် ပြုစုလိုက်ရသဖြင့် ငိုချင်စိတ် မရှိတော့ပါ။ သို့ရာတွင် မချောစိန်မှာမူ ငိုမိသည်။ နေစရာ ပေးရုံမက စားစရာလည်း ပေး၊ သားမြေးများကိုပါ စောင့်ရှောက်ပေးသော အရိပ်ကြီး ကွယ်သဖြင့် ငိုသည်။

ဘ ရီးဆေးရိုးသည် ယောက္ခမထံမှ လာခဲ့သော်ငြား၊ ယောက္ခမ ဆုံးကြောင်းကို ဖခင်သို့ မပြောခဲ့ပေ။ အသက်ကြီးသူတို့၏ စိတ်ထားသည် ခန့်မှန်းရခက်၏။ အချို့သော်ကား ရွယ်တူ၏ နာရေးသတင်းကို ရသဖြင့် တရားရ၏။ မမြဲသောသဘောကို ရှုမှတ်၏။ အချို့သော်ကား သက်တူ ရွယ်တူ၏ နာရေးသတင်းကို ရပြီး စိတ်ဓာတ်ကျဆင်း၏။

သို့ကြောင့် ဘ ရီးဆေးရိုးသည် သူ့အဖေ၏ ခြေရင်းတွင် ထိုင်၏။ သူ့အဖေကို ပြုစုရန် မယ်မျှင်(မယ်မြင့်) သည်ကိုင်းထဲမှ ရောက်နေ၏။ လှအုံးမယ်နှင့် ခိုင်သဇင်တို့ကား ဝင်ချေ ထွက်ချေပင်။

"အဖေ့ အခြေအနေ၊ ဘာများ ထူးသတုံးဟ"



"စောစောတုန်းကတော့ မျက်စိဖွင့်ကြည့်တယ်။ အဖေ ဘာလိုချင်လို့တုံး၊ ဘာမျှ မပြောဘဲ မျက်စိ ပြန်မှိတ်သွားတယ်"

အဖေ မျက်စိ ပြန်ဖွင့်လာခဲ့သော် ဟူသော မျှော်လင့်ချက်ဖြင့် ဘ ရီးဆေးရိုး ဆက်ပြီးထိုင်သည်။ ဦးကျုန်ကြီးကား မျက်စိ ပြန်မဖွင့်ချေ။

"အဖေ မသေခင် တွေ့သွားရအောင် အစ်ကိုထွန်းကားကို ခေါ်ဦးမလား"

"မောင်ကြီး သဘောပဲ"

အဖေ့ကိစ္စတွင် အတိုင်ပင်သင့်ဆုံးမှာ သည်နှမသာ ရှိ၏။ သည်နှမကလည်း ရပ်ထဲရွာထဲတွင် အာစလျှာစရှိငြား ဖခင်နှင့် မောင်ကြီး ရှေ့တွင် သစ်တုံးဖြစ်နေ၏။ ယခု ဖြေပုံကို ကြည့်။

ဦးကြွက်နီအတွက် ဆရာသန့်ကို ပင့်ရာ၊ ဆရာသန့် ထသွားကြောင်း မပြောရဲပေ။ စိတ်ထိခိုက်ပြီး မယ်မျှင် ထငိုမည်စိုး၍ ဖြစ်သည်။ သို့ရာတွင် မေးစရာ ရှိသည်ကိုကား မေးရ၏။

"ဆေးဆရာ ပင့်ဦးမလား။ ဦးသာဒွန်း၊ ဆရာသန့်၊ ဆရာကဲ၊ ဆရာမြတ်တို့ လေးဦး ရှိသယ်"

"မောင်ကြီးသဘောပဲ"

ဘ ရီးဆေးရိုး၏တစ်သက်တွင် ဘေးကျပ်နံကျပ်အဖြစ်ဆုံးအခါ ဖြစ်သည်။ သူ့ထက်ကြီးကဲသူ မရှိသောအရေး ဖြစ်သည်။

"ကဲ ဖြစ်ချင်ရာဖြစ်၊ ထွန်းကားကို လူလွှတ်ပြီး အခေါ်ခိုင်းမယ်"

"မောင်ကြီးသဘောပဲ"

သို့ကြောင့် ဘ ရီးဆေးရိုးသည် ခိုင်းနေကျ ကိုပိတ်စ၊ ကိုအောင်မြတို့ကို ဖယ်သည်။ သူတို့ထက် လည်ဝယ်သော မောင်မောင်ထွေးကို အကျိုးအကြောင်းစုံစေ့အောင် ပြောပြပြီး ရေနံ့ချောင်း ပုဏ္ဏားကုန်းသို့ လွှတ်လိုက်၏။ မိုးဝန်းရွာရှိ ဆရာကဲကို ပင့်ရန် ကျော်သန်းထွန်း၏ မြင်းလှည်းကို တာဝန်ပေးသည်။ ဆရာကဲကား ကြွလာပါ၏။ ဆေးလည်း ပေးသွားပါ၏။ သို့ရာတွင် မှတ်ချက်စကားမှာမူ မကောင်းချေ။

"မီးစာကုန်ပြီး ဆီခန်းနေတဲ့ မီးခွက်ကို မီးထွန်းရတာ အားမရှိဘူး"

၄၈ နာရီကြာမှ မောင်မောင်ထွေး ပြန်ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရေနံချောင်း ပုဏ္ဏားကုန်းသို့ ဦးစွာသွားသည်။ မြစ်အနောက်ဘက်ကမ်းသို့ ပြောင်းသွားကြသည်ဟု အိမ်နီးချင်းများက အဖြေပေးကြ၏။ သားနှစ်ယောက် ဖြစ်သော မောင်ကျော်နှင့် မောင်သော်ကို ဆက်လက် စုံစမ်း၏။ မရသောကြောင့် မောင်မောင်လေးနှင့် ခင်မောင်ဦးကို စုံစမ်းရာ မောင်မောင်လေးကို တွေ့သည်။

"မင်းတို့ဘထွေး ဦးဆေးရိုးက လွှတ်လို့လာတာ။ မင်းတို့ ဘိုးအေ ဦးကျွန်ကြီး မနည်းဖြစ်နေတယ်"

မောင်မောင်လေးကို ဘ ရိုးဆေးရိုး သိမည် မဟုတ်။ သေသော်ဟု ပြောမှ သိမည်။ ထိုသို့ မောင်မောင်ထွေးက အရေးတကြီး ပြောသော်ငြား မောင်မောင်လေး အမည်ခံ သေသော်သည် စိတ်ဝင်တစားမရှိ။

"မင်းအဖေကို တွေ့ချင်တာကွ။ မင်းတို့ဘထွေး ဦးဆေးရိုးက အရေးတကြီး မှာလိုက်တာက ဦးထွန်းကားကွ"

ထိုမောင်မောင်လေးသည် သူ့အဖေ ထွန်းကားနှင့် သူ့အမေ မယ်ငြိမ်းစည်တို့ မည်သည့်အရပ်သို့ ပြောင်းသွားကြောင်း မသိပေ။ သို့အတွက် မောင်မောင်ထွေးသည် လက်မည်းနှင့် မန်ကျည်းပင်ပုသို့ လိုက်ပြန်သည်။

ထိုရွာများသို့ ထွန်းကား မယ်ငြိမ်းစည်တို့ ပြောင်းရွှေ့မလာကြောင်း အဖြေရသောအခါ မောင်မောင်ထွေးမှာ ရမ်းဘိုကုန်းသို့ ပြန်လှည့်လာရတော့သည်။

"မောင်မောင်လေးလို့ ခေါ်တဲ့ ဦးသော်ဟာ တော်တော်လည်တဲ့ပုံပဲဘရဲ့။ ရမ်းဘိုကုန်းကိုလည်း ရောက်ဖူးပုံပဲ"

ဘ ရိုးဆေးရိုးသည် မောင်မောင်ထွေး မှတ်သားမှု ရှုပ်ထွေး ရောယှက်ကုန်မည်စိုး၍ မပြောလိုက်ခြင်း ဖြစ်ငြား၊ ယခုမှ ပြောရပြီ။

"အဲသည် မောင်သော်ဟာ လေးထပ်ကျောင်းမှာ ဘညိန်းနဲ့ အတူ သင်္ကန်းဝတ်သွားတာကလားကွာ"

"ဪ ဒါကြောင့် ရမ်းဘိုကုန်းကို ရင်းရင်းနှီးနှီး သိတာကိုး"

"မင်းက တကယ် မသိတာကိုးကွ။ အဲသည် သော်ဟာ သည်ရွာကို မိန်းမခိုးလာသယ်ကွ"

"ဗျာ" ဆိုကာ မောင်မောင်ထွေးသည် ဘ ရိုးဆေးကို မျက်လုံး အပြူးသားဖြင့် ကြည့်နေမိလေ၏။



"သူ့အမေမှသာ ရှုပ်သလားမှတ်သယ်။ ဟ မဟုတ်ဘူး။ အဲသည်ကောင်ကလည်း ရှုပ်သာပဲဟ"

မောင်မောင်ထွေးမှာမူ တဗျာဗျာဖြင့် မျက်လုံးပြူးနေရ၏။

"တို့ရပ်တို့ရွာမှာ ခိုးရာလိုက်ပြေးသယ် ဆိုသာ ရုပ်သေးထဲက ပဏ္ဍာစာရီပဲ ရှိသာကလားကွ။ အဲသည်အချိန်မှာ မင်း မောင်မောင်လေးအဖြစ် ဆက်ဆံခဲ့တဲ့ သော်က ညောင်လှသူ ခင်ခင်ရွှေ ဆိုသာကို ခိုးလာသာကလားကွ။ အဲသည် မယားကြီးငုတ်တုတ်နဲ့ကောင်ကို ကြိုက်သွဲ့ကောင်မတွေက ကြိုက်သေးသဗျား"

မောင်မောင်ထွေးမှာ ထပ်မံပြီး "ဗျာ" ရပြန်တော့သည်။ ဘ ရိုးဆေးရိုးမှာ ကိုယ့်ပေါင်ကို ကိုယ်လှန်ထောင်းရငြား မောင်မောင်ထွေးပါ အထောင်းခံနေရပေ၏။

"နားရှုပ်လို့သာ ကြားရတယ် ဆရာ"

"အဲသာကြောင့် မဖြစ်ချေဘူး ဆိုပြီး ခင်ခင်ရွှေကို ပြန်အပ်ရအောင် ရေနံချောင်းကို ငါကိုယ်တိုင် လိုက်သွားသာ။ အံ့သြစရာပဲဟေ့။ ခင်ခင်ရွှေရဲ့ မိဘဆိုသာကို ယောစဏ္ဍမဆရာကြီးဆိုသွဲ့လူ ပြောသမျှ နားထောင်နေရသူတွေ အဖြစ် တွေ့ရသာကိုးကွ။ ကံကောင်းလို့ ခေါင်းနဲ့ ကိုယ်နဲ့ မြဲပြီး အိမ်ပြန်ရောက်သာဟေ့"

မောင်မောင်ထွေးအတွက်ကား အံ့သြကုန်နိုင်ပေ ဖြစ်ရတော့၏။

"ကြမ္မာငင်တော့ သံကိုင်းဘက်က မသွားမိဘဲ ကျွန်းညိုဘက်က လှည့်ပြီး သဘော်စီးအသွားမှာ ခုနကပြောသွဲ့ ယောစဏ္ဍမဆရာကြီးကို သွားတွေ့သာကိုး။ မောင်မောင်အေးကလည်း 'ဦးဖိုးကျားရေးသွဲ့ ဘုရား ဆောင်' တို့၊ ဘာတို့ကို ဖတ်ဖူးတော့ ယောစဏ္ဍမဆရာကြီးနဲ့ အဆင်မပြေဘူးပေါ့ကွာ"

"ဩ ဩ၊ ဦးမောင်မောင်အေးလည်း ပါသကိုး"

မောင်မောင်ထွေးမှာ ထူးဆန်းသော ပုံပြင်တစ်ပုဒ်ကို နားထောင် နေရဘိသို့ ဖြစ်နေလေ၏။

"အဲသည် ယောစဏ္ဍမဆရာကြီးဟာ ခင်ခင်ရွှေရဲ့ မိဘများ ကိုးကွယ်တဲ့ လူမှန်း စောစောက မသိဘူးလေ။ ခင်ခင်ရွှေရဲ့ မိဘများအိမ်ကို ရောက်သွားမှ သိရသာကလား။ ဘယ်လိုမှ အဖတ်ဆည်လို့ မရတော့ဘူးပေါ့ကွာ။ အဲသည်ရွာကို သံကိုင်းဘက်က လှည့်ပြန်ပြေးခဲ့ရသကွ"

www.burmeseclassic.com

www.burmeseclassic.com



"သည်လိုကိုး" ဟု ရေရွတ်ကာ မောင်မောင်ထွေးသည် ဘရီးဆေးရိုးကို မျက်လုံးပြူးပြီး ကြည့်နေ၏။

"အဲသည်လို ညောင်ရွှေမှာ အဆင်မပြေပေမယ့် ရမ်းဘိုကုန်းမှာ သော် ငြိမ်ငြိမ်နေရင် တို့လည်း အကာအကွယ်ပေးနိုင်သယ်။ သာပေမဲ့ သော်က မကောင်းဘူးလေ။ မိန်းကလေးတွေနဲ့ ရှုပ်တော့ ဘညိန်းမျက်နှာ ငါ့မျက်နှာတောင် မထောက်တော့ဘူးဟေ့။ ရပ်ရွာက စကားပြောလာတော့ ပြေးရပြီပေါ့"

"ဟုတ်ကဲ့ ဘ၊ ကျွန်တော်လည်း အခု ဘ ပြောမှ သိရတာ"

"အဲသည်လို နောက်ကြောင်းရာဇဝင်က ရှိနေတော့ ငါ့အဖို့တော့ မဆန်းတော့ပါဘူးကွာ"

"ဒါထက် ဘ၊ ဦးသော်ဦး မောင်မောင်လေးရဲ့ အမေမှသာ ရှုပ်သလားမှတ်သယ်လို့ ဘ ပြောလိုက်သလားလို့"

"ပြောသာပေါ့ကွာ။ သူ့အမေက မယ်ငြိမ်းစည်တဲ့။ တော်တော်လှတဲ့ မိန်းမဟေ့။ ငါနဲ့ ငါ့အစ်ကို ထွေန်းကားတို့ ကုသိနာရုံဘုရား ပွဲတော်အသွားမှာ တွေ့ကြတာကလား"

"ဘက အစ အဆုံး သိတာပါကလား"

"ငါ့မရီး မယ်ငြိမ်းစည်ရဲ့ မိတ်များဟာ ဘယ်လောက် ရိုးသား တည်ကြည်သလဲဆိုရင် 'မယ်ငြိမ်းစည်တော့ သည်လို သည်လို ဖြစ်နေသယ်၊ လာပြီး ဆုံးမလှဲ့ကြပါ' လို့ လှမ်းတိုင်သာ၊ သေခန်းဖြတ်ပစ်သယ်။ မလာကြဘူး"

"ဒေါ်ငြိမ်းစည်က ဘာလုပ်လို့တုံး ဘရဲ့"

မောင်မောင်ထွေးအတွက် မသိသောအရာတွေက များနေ၏။ ဘရီးဆေးရိုးမှာလည်း ပြောစရာတွေက များနေ၏။ သို့ရာတွင် ပြောသင့်၊ မပြောသင့် စဉ်းစားရသေးသည်။ သည့် မောင်မောင်ထွေးမှာ ထွေန်းကား၏ မြေး တော်စပ်သည်။ သို့ဖြစ်သဖြင့် သူတို့အသွား မယ်ငြိမ်းစည်အကြောင်းကို မသိသင့်ပေသလော။

"အဲသည် မယ်ငြိမ်းစည်အကြောင်းကလည်း အရှည်ကြီးကွ။ ရှည်ပေမဲ့ ကောင်းသာတွေ ရှည်နေရင်တော့ ရာမဇာတ်များလည်း ခုနစ်ရက် ခုနစ်လီ က ရ ဆိုပဲကွ။ ငါ့မရီး မယ်ငြိမ်းစည် မကောင်းကြောင်းလည်း ခုနစ်ရက် ခုနစ်လီ ပြောရကိန်းပဲ"



"မကောင်းတာ ချန်ပြီး ကောင်းတာ ပြောပါ ဘ။ ကျွန်တော်တို့ နောင်လာနောက်သားတွေ သိကောင်းပါတယ် ဘ"

"အေး ငါ့အမေကို မင်းလည်း မီလိုက်ပါသယ်။ သူတို့မိန်းမချင်းကို အမေက ဒက်ခနဲ သိသာကလား။ 'ဆေးရိုး နှင့်မရီးက မျက်လုံး မကောင်းဘူး' တဲ့။ ငါကလည်း အေပဲကွ။ ဘယ်နားလည်မှာတုံး"

ဘ ရီးဆေးရိုး ရယ်မောနေသဖြင့် မောင်မောင်ထွေးပါ ရောယောင် ရယ်မောရချေသည်။

"သာပေမဲ့ အမေတို့အမြင် မျက်လုံးမကောင်းသာဟာ မင်းတို့ ခေတ်အမြင်မှာ ခေတ်မီတယ် ထင်ချင် ထင်ကြမှာကိုးကွ။ အမေပြောသဲ့ မျက်လုံးမကောင်းဘူးဆိုသာက မျက်စိကစားတာ၊ မျက်စိကူနွဲ့မရသာကို ခေါ်တာပဲ"

"ကျွန်တော်တို့ခေတ်မှာတော့ အဲဒါတွေ မရှိတော့ဘူး ဘ"

"သော့်အမေ၊ ငါ့မရီးဟာ မျက်လုံးသာ မကောင်းသာ မဟုတ်ဘူး၊ လူလည်း ကောင်းပုံမရတော့ အမေနဲ့ အစေးမကပ်ဘူးကွ။ သည်တော့ ယောကျ်ားကို ကပ်ချွဲတဲ့အခါ တောင်ပိုင်းမှာ နေစရာရပြီး ရွှေ့သွားကြသာကိုးကွ။ ငါ့အစ်ကိုက ငါ့ထက် အ,သယ်ကွ။ သူ့မယားလည်း အရက်ရောင်းရော၊ သူက အရက်သမား ဖြစ်သွားတော့တာပဲ"

မောင်မောင်ထွေးသည် တစ်စုံတစ်ရာ မပြောငြား၊ သူ့မျက်နှာထားကမူ စက်ဆုပ်ရွံရှာခြင်းကို ဖော်ပြနေ၏။

"အရက်ရောင်းတော့ ဂါတ်တဲက ပုလိပ်တွေ လာသောက်သယ်။ အဲသည် ပုလိပ်တွေနဲ့ ငြိစွန်းသယ်။ ဒါပဲလား၊ မဟုတ်သေးဘူး၊ ရွာထဲမှာ သောင်သာသဲ့ အိမ်တစ်အိမ် ဓားပြတိုက်ခံရလို့ ဝိုင်းဖမ်းသဲ့အခါ တစ်ယောက်မိသယ်။ အဲသည်ကောင်က ဖော်သဲ့အထဲမှာ မယ်ငြိမ်းစည်က လက်ထောက်ချသတဲ့ကွာ"

"လက်ထောက်ချတယ် ဆိုတာ ဘာလဲ ဘ"

မြန်မာညှို့ မြန်မာဖျှင်းများ တွင်ကျယ်သည်နှင့်အမျှ မြန်မာ စကားတွေ တိမ်ကောမည်။ ယခုပင်ကြည့်၊ လက်ထောက်ချကို မသိသူ ရှိနေပြီ။

"အိမ်ဝိုင်းထဲကို ဘယ်လို ဝင်ရသယ် ထွက်ရသယ် လမ်းညွှန်သာပေါ့ကွာ။ အိမ်သူအိမ်သား ဘယ်နှယောက် ရှိသယ်၊ ဘယ်အချိန် အိပ်သယ် စသည်ဖြင့် အိမ်ရဲ့ အလှေ့အထတွေကို ဓားပြတွေသိအောင် ပြောထားသာပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



“အဘွားမယ်ငြိမ်းစည် အဖမ်းခံရရောလား”

“ရွာလူကြီးတွေက ကောင်းသလို၊ မယ်ငြိမ်းစည်ကလည်း လည်တော့ အဖမ်းမခံရဘူးကွ။ သာပေမဲ့ ပုလိပ်တစ်ယောက် ဓားခုတ်ခံရပြီး၊ ငါ့အစ်ကို ငထွန်းကားခမျာ ဝရမ်းပြေး ဖြစ်ရပါလေရောဟေ့”

“တစ်ယောက်ယောက်က အဆင်းတွန်းတာလား ဘ”

“မဟုတ်ဘူးကွ။ ငါ့အစ်ကို ငထွန်းကားက သူ့မယားကို အခုတ်မှာ ပုလိပ်က ဝင်ခံသွားရသာ။ တို့တို့ပြောရရင်တော့ ကောင်းသွဲ့နေရာမှာ မကောင်းသွဲ့ လူဟာ ကြာကြာမနေနိုင်ဘူး။ လက်မည်းကို ပြောင်းပြေးရသာပဲ”

မောင်မောင်ထွေးကား ခေါင်းတညိတ်ညိတ် ဖြစ်နေပေ၏။

❑

- ၁၁ -

“အမယ်လေး အဖေရဲ့၊ သမီးတို့ကို ထားခဲ့ပြီလား အဖေရဲ့”

ဦးကျန်ကြီး ကွယ်လွန်ချိန်သည် နေဝင်ရီတရော ဖြစ်၏။ ဖုန်များ ဝေနေသော ညနေခင်းတွင် ခွေးဟောင်သံနှင့် နွားစာစဉ်းသံ၊ လင်မယား ရန်ဖြစ်သံ၊ ထန်းရည်သမား မူးယစ်ရမ်းကားသံများ ဆူညံနေချိန် ဖြစ်၏။ မယ်မျှင်၏ ငိုသံသည် ထိုအသံများကို မထိုးဖောက်နိုင်ဘဲ ပျောက်ကွယ်သွား၏။

ဘ ရိုးဆေးရိုးသည် ဖအေ့အလောင်းကို စူးစိုက်ကြည့်နေစဉ် အမေကြီး ရိုးကျိုးဒန်သည် အလောင်းခေါင်းရင်းတွင် ဖယောင်းတိုင် တစ်တိုင် ထွန်းပေးနေ၏။ မောင်မောင်အေးသည် ခွင့်ယူပြီး ရောက်နေချိန်နှင့် ယောက္ခမ ကွယ်လွန်ချိန် တို့ တိုက်ဆိုင်သဖြင့် အဆင်ပြေနေ၏။

သူသည် အိမ်ရှေ့ရှိ ပစ္စည်းအချို့ကို အတွင်းခန်းသို့ ပို့နေသည်။ ငယ်ရွယ်သူမို့ မောင်မောင်အေးက နှမြောစုံမက်နေပြား ဘ ရိုးဆေးရိုးမှ စုံရေ မက်ရေ မရှိဘဲ ငေးကြည့်နေ၏။ လုပ်မနေပါနဲ့ကွာ ပြောရန် စိတ်ကူးပြီးမှ မယ်မျှင့်ကိုယ်စား လုပ်ပိုင်ခွင့်ရှိသူ ဓါတကားဟု သတိရသဖြင့် ပါးစပ်ကို ပိတ်လိုက်ရ၏။

“ဘယ်နှရက် ထားမတုံး အဖေ”

ကိုဘညိန်းသည် မေးသံနှင့်အတူ ရောက်လာ၏။ ဘရိုးဆေးရိုးက တစ်ချက်သာ ငဲ့စောင်းကြည့်၏။

www.burmeseclassic.com



"နေမကောင်းဘဲနဲ့ ဘာပြုလို့ လာရသာတုံးကွ။ သေသဲ့လူက သေသွားပြီ။ ကျန်ခဲ့သဲ့လူက နေကောင်းအောင် ကြိုးစားမှပေါ့"

ဘ ရီးဆေးရိုးသည် သူ့သား မကျန်းမာမှုကို အရေးတကြီး သဘောထား၏။ သားကလည်း အသက် မသေသော်ငြား ဘိုးအေတွေထက် ချူချာ၏။

"မောင်မောင်အေး ရောက်နေသာ သတိလစ်သွားလို့ ထလာသာ အဖေရေ့။ အသုဘအိမ်မှာ လူမရှိမှာစိုးလို့"

စေတနာဖြင့် ရောက်လာသူကို ဘ ရီးဆေးရိုး အပြစ်တင်ဖို့ ခက်သည်။ သို့ကြောင့် အပြင်သို့ လှမ်းမျှော်ကြည့်စဉ် အမေကြီး ရီးကျိုးဒန်နှင့် မချောစိန်တို့ ဝင်လာသည်ကို မြင်ရ၏။

"ဘရေ ဘရဲ့"

မချောစိန်သည် အိမ်အဝင်ဝကပင် အော်ဟစ်ငိုယိုလာ၏။ တစ်ယောက် ငိုသံ ကြားလျှင် အသုဘခြေရင်းတွင် မှိုင်နေသော မယ်မျှင်လည်း ထငို၏။

"အဖေရေ အဖေရဲ့"

ကိုဘညိန်းသည် ထရပ်ပြီးမှ ပြန်ထိုင်၏။

"ဘယ်နှရက် ထားမတုံး အဖေ"

"ငါ့သဘောကတော့ အခု ချချင်သာပေါ့ကွာ။ သို့ပေမဲ့ ရပ်ခလေ့ ရွာခလေ့နဲ့ ထုံးစံက ရှိနေတော့"

"အဲသာတွေ အရေးလုပ်မနေစမ်းပါနဲ့ အဖေရာ"

ကိုဘညိန်းက နှာခေါင်းရှုံ့ကာ ပြောသော်ငြား၊ ဘ ရီးဆေးရိုးက လေအေးဖြင့် တုံ့ပြန်၏။

"သူ့ဘာသာသူ နမော်နမဲ့သွားလို့ ခလုတ်တိုက်သာ ဦးကျန်ကြီးကြောင့်၊ ကိုယ် အသုံးမကျလို့ သံစူးသာ ဦးကျန်ကြီးကြောင့် ဖြစ်ပါ့မယ်ကွာ။ အဲသည်တော့ သုံးရက်တော့ ထားရမှာပဲဟေ့"

"အလကားဗျာ။ အချိန်ကုန် လူပန်း"

"ရပ်ခလေ့ ရွာခလေ့၊ လူ့အကျင့်ဟာ သည်လိုပဲ ရှုလေးရေ့။ ဒေါ်စလိုက် မော်စလိုက်ဆိုသာ အဲသာမျိုးပဲကွ"

ထိုအချိန်တွင် ရီးသာဒွန်း အမျိုးပြုသော လူကြီးများ။ ဦးဘရီ အမျိုးပြုသော ဆယ်အိမ်မှူးနှင့် ရွာခေါ်များ ရောက်လာကြသည်။ မောင်မောင်အေးက ရေနွေးအိုးများ လိုက်လံချပေးသည်။



"ဩော် ဆရာတောင် ရောက်နေမှကိုး"

ရွာခေါ်တစ်ယောက်က ရေရွတ်သည်တွင် မောင်မောင်အေးကလည်း "ခွင့်ရတုန်း သည်ဘက် လှည့်လာတာနဲ့ အခဆင်သင့်သွားသဗျ" ဟု အလိုက်သင့် ဖြေ၏။

"အဘိုးကြီးက သေပေမဲ့ သေပန်းပွင့်တယ်ဗျ။ မြေးတွေက ဓာတ်စာ အလှုံပယ်နဲ့ ဆရာဝန်နဲ့"

"ဟုတ်တယ်။ လှအုံးမယ်တာ မကွေးမှာနေသာ ဝေးသယ်ဆိုပြီး ရွာထဲကို မောင်မောင်ထွေး ရောက်လာပါကလား"

ရွာခေါင်းက စတင်ပြီး ချီးမွမ်းခန်းဖွင့်သဖြင့် အခြား ဆယ်အိမ်ခေါင်းကပါ လိုက်လံ ထောမနာကြ၏။

"မောင်မောင်ထွေး ယောက္ခမက ပြည်မြို့မှာ အကျော်အေးယျ ပွဲစားကြီး ဆိုပဲဗျ။ သာကြောင့်လည်း ငွေအားနဲ့ဖိပြီး ရွာထဲမှာ မီးသွယ်သာဗျ"

"အင်း မီးသွယ်သဲ့လူက ငွေကုန်ကြေးကျခံပြီး လျှပ်စစ်မီး သွယ်ပေမဲ့ ရေတ်သီးတောင့်လောက်ပဲ လင်းတော့ အခက်သားပဲဗျ"

"မုန်းချောင်း ရေအားလျှပ်စစ်နဲ့ ကြီးအုံကြီး ဟောသည်နား ကလေးတွင်မှာနော။ မလင်းမယ့်သာ မလင်းသာ"

"လျှပ်စစ်ဓာတ်အား ရှိရုံနဲ့ မပြီးသေးဘူးဗျ။ ကြိုးနဲ့ သွယ်ရသေးတာဗျ"

အသုဘအိမ်တွင် လျှပ်စစ်ဓာတ်အားစကားသာ တွင်ကျယ်သွားတော့၏။ သို့စဉ်တွင် ထွန်းရနှင့် မိန်းမတစ်သိုက် ရောက်လာသည်။

"အမယ်လေး ကိုကျန်ကြီးရဲ့လေ"

ဘ ရီးဆေးရိုးမှာ ဆတ်ခနဲ ဖြစ်သွားသည်။ ငိုရိုးငိုစဉ်အသံ မဟုတ်။ လုပ်သံဟု ထင်သောကြောင့် ဖြစ်၏။

"ချဲဆိုရယ်မှ ဝါခေါင်မူးတိမ်တောင်တွေတက် ဂျိုးဂျက်ဂျက်နဲ့ လျှပ်စက် မီးပန်း မိုးလုံးငယ်မှ ဖြန်းသတဲ့ ကိုကျန်ကြီးရဲ့လေး။ မအေးနိုင်တဲ့ ဗျာပါ။ ရွာလုံး ငယ်ပါသည်။ မညာတာနိုင်ဘူးတဲ့ ကိုကျန်ကြီးရဲ့နော်"

အမှတ်မဲ့နေသူအတွက်မူ သံနေသံထားဖြင့် ဖွဲ့နွဲ့ငိုနေသော အသုဘအိမ် ဖြစ်၏။ ဈေးဈေးစပ်စပ် နားထောင်မိသော ဘ ရီးဆေးရိုးအတွက်မှာမူ မဆီမဆိုင် မစပ်မဟပ်တွေကို သံနေသံထားဖြင့် ရွတ်ဆိုနေခြင်းပါတကားဟု နားလည်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လိမ္မော်ငယ်မှ စပျစ်။ အမယ်လေး ဒူးရင်းငယ်မှ လိမ္မော်။ စားချင်တဲ့ ဆိုလို့ ဝယ်ပေးပေမဲ့ ကိုကျွန်ကြီး မစားနိုင်။ ငေးငိုင်ပါလို့ မှိုင်။ ဘယ့်နှာတွေက ဘယ်လိုလုပ်၊ သုတ်ခနဲ ရယ်တဲ့မှ လေဘာတီမဖြရင်။ မြင်ကာရယ်မှခဏ"

ဘ ရီးဆေးရိုး စေ့စေ့စပ်စပ်ကြည့်သည်။ 'ဘယ်က မိန်းမတွေပါလိမ့်၊ အဖေ့အသိဆိုရင် ငါလည်း သိရမှာပါ' ဟု မျက်လုံးပြူးလျက် စဉ်းစားမရ ဖြစ်နေစဉ် ဆက်လက် ငိုကြွေး၏။

"ဆရာဇီဝက ခြေကြွ ဘယ်လောက်ပေးရပေးရ ပေးမဟ ဆိုပြီး ပင့်ခဲ့ရာမှာ အသာရယ်တဲ့မှ အယာ"

"အဲသည်မိန်းမ နင့်အသိလား"

နှမ မယ်မျှင်ကို ခေါ်ပြီး မေးသောအခါ မယ်မျှင်က ခေါင်းယမ်းပြီး အဖြေပေး၏။

"ကျုပ်က ကိုရင့်အသိ ထင်နေတာတော့"

ဘ ရီးဆေးရိုး မျက်မှောင်ကြုတ်ကြည့်နေစဉ် ကမ္ဗလာန်းကောင် ခြေရင်း၌ တဘက်နှမ်းကလေး ခေါင်းတင်ထားသော မိန်းမသိုက်ထဲမှ တစ်ယောက်က ဆွဲဆွဲငင်ငင် ဆက်လက်ငိုကြွေး၏။

"အမယ်လေး ကိုကျွန်ကြီးရဲ့။ ခတ်ပေါင်းစုဘုရားပွဲတော်မှာ ပျော်ပျော်ကြီး နွှဲမယ်လို့ အားခဲထားခဲ့တယ်တဲ့မှ အားခဲခဲ့တယ်။ အမယ်လေး အခုတော့ ကောင်းကြသေးရဲ့လား"

ငိုသံရှင်သည် ခုနက ငိုသံရှင် မဟုတ်၊ အသစ် ဖြစ်သည်။ ခုနက ငိုသံရှင်မှာ သံနေသံထားဖြင့် ရှိုးရှိုးငို၏။ ယခု ငိုသူမှာ လက်ခုပ်လက်ဝါး တီး၏။ လက်ဟန်ခြေဟန်တွေ ပါလာချေပြီ။

"သရက်သီးရွှမ်းပျှဉ်းကလေး ပျားရည်နဲ့တို့ပြီး စားချင်တယ် ဆိုလို့ ရွာရိုးဆောက်ပြီး ပျားရည်ဆာပေးခဲ့ရသယ်လေ ကိုကျွန်ကြီးရဲ့။ ပျားရည်က ဆေးပါဘိသနဲ့။ ပျားရည်ရယ်တဲ့မှ အစစ်တွေ။ အဆေ့ကို ဆောက်ပါလို့ အနောက်ကိုတဲ့ သူမျှော်"

ခြေရာခြေကြောင်းကား ခံမိစပြုပြီ။ ရှောက်ကို ဆောက် ဟူ၍ လည်းကောင်း၊ ရှားကို ဆား ဟူ၍လည်းကောင်း၊ အရှေ့ကို အဆေ့ ဟူ၍လည်းကောင်း အသံထွက်ပုံကို ထောက်သော် ချောင်းအနောက်ဘက်က ဖြစ်ရမည်။ ချောင်း



အနောက်ဘက် ဆိုသော်ငြား ရုံးပင်ရပ်၊ ငှက်ပျောတောမှ မဟုတ်။ တောင်ပစ်ကုန်း၊ ကျောက်ခဲကုန်းလောက်မှ ဖြစ်ချေမည်လော။

မည်မျှပင် ဘ ရီးဆေးရိုး အတွေးအတော ထူထပ်နေစေကာမူ ငိုကြွေးသူကား ဆက်လက်ငိုကြွေးနေ၏။

"သဗ္ဗေသခါရ အနိစ္စပါတော်။ သို့ပေမဲ့ လှလှပပ ဝဝကြီးနဲ့ အခုလို ဖြစ်သွားတော့ ဘယ်လို ဖြေနိုင်မတုံး ကိုကျွန်ကြီးရဲ့လေ။ သဗ္ဗေသခါရာ ဒဒါပညာယပဿန္တိ ပါတဲ့ ကိုကျွန်ကြီးရဲ့"

မိန်းမနှစ်ယောက် ထသွားသည်။ နှစ်ယောက် ကျန်ခဲ့သည်။ ငိုကြွေးသူမှာလည်း တတိယအသံရှင်သစ် ဖြစ်နေ၏။ ထသွားသော နှစ်ယောက်နှင့် တွဲလျက် မချောစိန်ကို မြင်ရသည်။

"မိုးကလေးက တစိမ့်စိမ့်ရွာသတော့၊ ချောင်းရေကလည်း တသွင်သွင် စီးသတော့ ကိုကျွန်ကြီးရဲ့။ ချက်ချင်းကြီးရယ်မှ မမြင်လို့၊ အလျှင်လို အမြန်သွားသတဲ့ ကိုကျွန်ကြီးရဲ့လေ။ အမယ်လေး ဆေးဝါးရယ်မှအဖုံဖုံ စုံအောင်ကုပေမဲ့"

ဘ ရီးဆေးရိုး များစွာ စိတ်ညစ်ရသည်။ အသုဘအိမ်၏ အင်္ဂါရပ်နှင့် ညီညွတ်စွာ ငိုနေသော်ငြား ပေါက်ကရတွေ ဖြစ်နေသည်။ "တော်ပါတော့၊ သွားပါတော့" ပြောရမည်မှာ အားနာစရာ။

"သပြေကသီး ရေကကြီးသနဲ့၊ ထန်းသီးကကြွေ မိုးကရွှေသတဲ့ ကိုကျွန်ကြီးရဲ့လေများပေါ၊ အဆော့ဆို တောင်ပေါ်ထိပ်မှာလ လိပ်မကြီး တင်ပျင်ခွေဖဲ့ရိုက်လို့နေသတဲ့ ကိုကျွန်ကြီးရဲ့။ အမယ်လေး အခုတော့ ကောင်းကြသေးရဲ့လား။ ခွေနဂါး ငွေပြားနဲ့ ပက်သတဲ့"

ခုနက ထသွားသော မိန်းမနှစ်ယောက် ပြန်ရောက်လာသည်။ ငိုသံစဲသွားပြီး မိန်းမနှစ်ယောက် ထသွားသည်။ ဘ ရီးဆေးရိုး လှမ်းကြည့်သည်။ ထသွားသော မိန်းမနှစ်ယောက်ကို စောင့်ကြိုနေသူမှာ ချောစိန် ဖြစ်သည်။

ဘ ရီးဆေးရိုး စိတ်ညစ်ညစ်၊ မညစ်ညစ် ငိုသံအသံ ပေါ်လာ၏။

"အမယ်လေး ကိုကျွန်ကြီးရဲ့လေး၊ သခါရမျိုးမို့ ဘဝပြောင်းပေမဲ့ တစ်စလောင်းရယ်မှ တစ်ယောင်းမပါ။ ဟင်းချိုမှာ ပုစွန်ခတ်ပါလို့ အမယ်လေး ကိုသာမြတ်ရယ်တဲ့မှ ကိုကျွန်ကြီးရဲ့လေ"

မတတ်နိုင်ပြီ။ အားနာသော်လည်း ပြောမှ ဖြစ်တော့မည်ဟု ဘ ရီးဆေးရိုး ဖျာကို လက်ထောက်ထစဉ် ကိုထွန်းရ ပြေးလာ၏။ ဆွဲ၏။

www.burmeseclassic.com

www.burmeseclassic.com



"အရီး ပြန်တော့မလို့လား"

ဘ ရီးဆေးရိုး ပြန်ထိုင်ကာ ဖျာကို လက်ဖြင့် ပုတ်ပြ၏။ ကိုထွန်းရ ထိုင်၏။

"သည်မိန်းမတွေ မင်း ခေါ်လာသာ မဟုတ်လား"

အသုဘခြေရင်းရှိ မိန်းမလေးယောက်ကို ဘဆေးရိုးက မေးထိုးပြ၏။

"ဟုတ်ပါသယ်။ ထမင်းပဲကျွေးပါ။ အခကြေးငွေ ပေးစရာ မလိုပါဘူး ဆိုလို့ ခေါ်လာသာပါ"

"အသုဘကို ဘေးမှာ ထားပြီး ဟားတိုက်ရယ်ရရင် ဘယ်မှာ ကောင်းပါတော့မတုံးကွ"

"အသုဘအိမ်က သိပ်ပြီး တိတ်ဆိတ်နေလို့"

"မင့်ဖေကလွှားတဲ့။ ပါးစပ်ထဲ တွေ့ကရတွေ လျှောက်ပြီး အော်နေသာပဲဟ။ သပြေကသီး ရေကကြီး ထန်းသီးကကြွေ မိုးကစွေနဲ့ အဖေတို့ရွာကို ပြန်ချင်ပြီ ကိုဒါသရဲ့ ဆိုသာလည်း ပါသကွ"

"ဗျာ" ဆိုကာ ကိုထွန်းရသည် သူ့ရင်ဘတ်ကို သူ ဖိ၏။

"မင်းကလည်း ကောင်းစေချင်သဲ့ စေတနာနဲ့ လုပ်သာမို့ အပြစ်တော့ မတင်ပါဘူးကွာ။ သာပေမဲ့"

"ဟုတ်ကဲ့၊ ကျုပ် သဘောပေါက်ပါပြီ"

"အေးကွာ၊ အမှုမဲ့ အမှတ်မဲ့နေသဲ့ လူတွေအဖို့ကတော့ မိန်းမတွေ ငိုနေသယ်ပေါ့။ သေသေချာချာ နားစွင့်ထောင်သဲ့ လူအဖို့ကတော့ ရယ်စရာကြီးကွ။ အသုဘ ဘေးမှာထားပြီး ခွက်ထိုးခွက်လန် ရယ်လို့ ဘယ်ကောင်းမတုံးကွ"

"ဟုတ်ပါပြီ။ ကျုပ် အခုပဲပြောပြီး ပြန်လွှတ်လိုက်ပါမယ်"

ဤရွာတွင် ကက်သမားနှင့် သုံးပုံသမား ဖဲသမားရှိစေကာမူ ရပ်ဓလေ့အားဖြင့် အသုဘတွင် ဖဲမကစားကြပေ။

သို့အတွက် အသုဘအိမ်မှာ တိတ်ဆိတ်နေသည်။ အသုဘခုတင်နှင့် ဆင်ယင်စရာ ပိတ်စ ဌားသောရွာမှ ငွေကြေးပေးပြီး ဌားလာသော ခုတင်တွင် တင်သည်။ ခုတင်၏အမိုးနှင့် ထောင့်လေးထောင့်တွင် ပိတ်စဖြင့် ဆင်ယင်ထားသည်။

ဘကျန်ကြီး၌ ရပ်ဝေးဆွေမျိုး မရှိ။



အချို့အသုဘများတွင် ရပ်ဝေးဆွေမျိုးများကို စောင့်ရန်အတွက် ငါးရက် ထားရတတ်သည်။ ထိုအသုဘမျိုးကား အလောင်းခုတင် အောက်တွင် ကျောက်ဖရုံသီး ထားကာမှုဖြင့် မလုံလောက်ပေ။ ရင်ကို ခွဲပြီး အူအသည်းတွေ ထုတ်ပစ်ပြီး၊ ဖွဲပြာအုံထားရသည်။

ဦးကျန်ကြီးကား လုပ်ချိန်ကိုင်ချိန် ရလျှင် နေ့ချင်းပြီး သင်္ဂြိုဟ်ချင်သော အသုဘမျိုး ဖြစ်သည်။ အသုဘရှင် ဘ ရီးဆေးရိုးကလည်း ရပ်ရွာကို ငဲ့ကွက်သောကြောင့် သုံးရက် ထားရပြား၊ ဖန်လေးလှသည်။

မည်သို့ဖြစ်စေ လေးထပ်ကျောင်းဆရာတော် ကြွလာ၏။

"ဒကာကြီးအဖေက သီလကောင်းသဗျ"

"မှန်လှပါ။ အသက် ၈၀ ပါဘုရား"

"ကျုပ်တို့ အရိပ်ထဲမှာ အနေများသဲ့ ပုဂ္ဂိုလ်တွေတောင် အဲသလောက် နေရသူ ဆားသနော"

"မှန်လှပါ၊ အဖျားအနာလည်း နည်းပါတယ်ဘုရား"

ဦးကျန်ကြီး၏ အသုဘရှုရန် လေးထပ်ကျောင်း ကျောင်းထိုင် ဘုန်းကြီး ကြွလာသည် ဆိုသောအခါ ရွာထဲမှ မရောက်သေးသူများ ဂရုတစိုက်လာကြသည်။ ချောင်းဟိုဘက်မှ ထွန်းရမျိုးသာမက အောင်ဘာလေ၏ မိတ်ဆွေများလည်း လာကြသည်။ အသုဘသင်္ဂြိုဟ်သောနေ့တွင် ကျော်သူရက အသံချဲ့စက် ဌားလာသည်။ ကျော်သန်းထွန်းနှင့် ကိုဘညိန်း၏ အပေါင်းအသင်း မြင်းလှည်းများလည်း ရောက်လာသဖြင့် စည်ကား၏။

ဦးကျန်ကြီး၏ အသုဘ သင်္ဂြိုဟ်ချိန်တွင် ချောင်းရေကလည်း များနေသည်။ လှိုင်းဂယက်တွေ ထမန။ ချောင်းအော်သံ မပေး။ သို့ရာတွင် အတိမ်ဆုံး နေရာသည် ခါးအထိ ရှိသည်။

ဤအသည်ကို ရည်၍ "ဘကျန်ကြီး ကံကောင်းသည်" ဟု ငွေသော့တို့က ပြော၏။

"သေသဲ့လူ ကံကောင်းသလားဟ"

ဦးဘရီက ငေါက်၏။

"တော့်သူသာန်ဟောင်းမှာ ဆိုရင် ဘယ်လို လုပ်ပြီး မသာချမတုံး၊ မသာလမ်းက ချောင်းထဲ ပါသွားပြီ။ အဲသည်တော့ မသာပို့သဲ့ လူတွေက ကွမ်းခြ

www.burmeseclassic.com



ကို ကွမ်းခြံကြားကသွား။ မသာကတော့ ချောင်းထဲအတိုင်း မျှောရတာပဲ။ အခု သုသာန်ပြောင်းလိုက်တော့ ဟန်သွားတာပေါ့"

သုသာန်သစ်ကား ပုတီးပင်ဘုရား တောင်ဘက်၊ တာလမ်းဘေးတွင် ဖြစ်သောကြောင့် အဆင်ပြေလှသည်။ မြင်းရထားသာမက ကားဖြင့်ပါ ပို့ဆောင်၍ရသည်။ သို့ဖြစ်သောကြောင့် စည်ကားလှသည်။

သို့သော် ဘ ရီးဆေးရီးမှာ မထူးခြားချေ။

"မသေခင်က အစွမ်းကုန် ပြုစုခဲ့သဗျ။ သေခါမှတော့ ပို့သူ လာတာ မလာတာ အကြောင်းမထူးပါဘူး"

အသက်အရွယ်ကလည်း ထောက်လာသောအခါ လောကကို လောက အဖြစ်သာ ရှုတတ် မြင်တတ်ပေပြီ။

အမေကြီး ရီးကျီးအန်ကား ဘ ရီးဆေးရီးနှယ် မပြတ်။ မြေကြီးခဲကို ယူလာချင်သေးသည်။ သစ်ခက်ချိုးလာပြီး လှေကားတွင် ချည်ချင်သေး၏။

"ကြွေယ် ဘယ်လိုတုံးဟေ့"

ကြွေယ်ကား ကိုထွန်းရ ခေါ်လာသော ချောင်းအနောက်ဘက်သား ဖြစ်၏။

"ခင်ဗျာ့အဖေရဲ့ နာရေးကိစ္စ ပေါ်နေလို့ မပြောသာဗျ"

"သကြိုဟ်ပြီးပြီလကွာ။ လုပ်စရာရှိသာ လုပ်မယ်။ ပြောစရာ ရှိသာ ပြောမယ်လေ"

"ခင်ဗျာ့ရေတ်ခင်းကို ပြန်ပြီးကြည့်ဦးလဗျာ"

အိမ်နောက်ဖေးတွင် ချောင်းတိမ်ယာ ရှိသည်။ ယာထဲတွင် ကြက်သွန် စိုက်ချင်သည် ဆိုသောကြောင့် ကြက်သွန်နိုင်သော ကြွေယ်ကို ကိုထွန်းရက ခေါ်လာ၏။ အဓိကကျသော လယ်ကို မောင်ကိုကြီးက လုပ်ပေးနေသဖြင့် ဘ ရီးဆေးရီးသည် ချောင်းတိမ်ယာကို ကြည့် တစ်လှည့်၊ မကြည့် တစ်လှည့်သာ။

ယခု အမေနှင့် ယောက္ခမ၊ အဖေ၏ နာရေးတွေ လခြားပြီး ပေါ်လာသောအခါ ချောင်းတိမ်ယာကို ဘ ရီးဆေးရီး အာရုံလျှော့သည်။ ယခု ကြွေယ်က မေးသဖြင့် စိတ်လည်သယောင် ရှိ၏။ ချောင်းတိမ်ယာထဲတွင် မောင်းလောင်း ကြက်သွန် တစ်သီးစားအပြီးတွင် ခရမ်း တစ်မြောင်းမနှင့် ရေတ် နှစ်မြောင်းမ ချထားသည်။



ခရမ်းပွင့်ပြာတွေ ပိတုံးလှိုင်ချိန်၊ ရေတ်ပွင့်ဖြူဖြူတွေနှင့် ပျားမြူးချိန်တွင် အမေနှင့် ယောက္ခမ ရေ့ဆင့်နောက်ဆင့် ကွယ်လွန်သည်။ သည်အချိန်က စပြီး ချောင်းတိမ်ယာကို ဘ ရီးဆေးရီး အမှတ်မဲ့ ဖြစ်သည်။ အမှတ်မဲ့ ဖြစ်စေရန် အတွက် လှအုံးမယ်က တစ်မျိုး၊ ခိုင်သဇင်က တစ်သွယ် စားစရာနှင့် ဆေးဝါးများ တစ်ခေါက် တစ်မျိုး ဝယ်လာကြ၏။ ဘ သုံးချင်ရာ သုံးဖို့ဆိုကာ လေးငါးထောင် ကန်တော့ကြပြန်၏။

ယခု "ခင်ဗျာ့ ရေတ်ခင်းကို ပြန်ပြီးကြည့်ဦးလဗျာ" ဟု ကြွေယ် ပြောသောအခါ ဘ ရီးဆေးရီးမှာ အာရုံကို မနည်းစုစည်းရ၏။

"ရေတ်ခင်း ဘာဖြစ်လို့တုံးကွ"

"မိုးနှံ့ကလေး ရသာနဲ့ ကျုပ် ဆောက်ပြီး စားနုံ့ရမ်းသာ အပွင့်ကလေးတွေ အူလာသဗျ"

"အဲသည်တော့ ဘာလုပ်ရင် ကောင်းမတုံး"

"အပင်ပန်းခံပြီး ရေလောင်းရင်တော့ ဆော့ဆောက်ပြီး သီးမယ် ထင်သာပဲဗျ"

"ရေလောင်းရင် ကောင်းမယ် ထင်ရင် လောင်းပေါ့ကွ။ မင့်ဆီမှာ ရှိတဲ့ ခရမ်းသီးဖိုး ရေတ်သီးဖိုးထဲက ရေလောင်းခ ဖြတ်ယူပေါ့ကွ"

ဘ ရီးဆေးရီးသည် ပါးစပ်ကလည်း ပြော၏။ ခြေထောက်ကလည်း ချောင်းတိမ်ယာထဲသို့ ဆင်းလာ၏။ ယာထဲတွင် အမှန်ပင် ခရမ်းညှန့်၊ ရေတ်ညှန့် ကလေးတွေ ထွက်နေ၏။ ရေတ်ပွင့်ဖြူဖြူကလေးတွေသာမက ရေတ်သီးကလေး တွေလည်း ပွတ်နေ၏။

သို့ရာတွင် ရေသွားရမည့်လမ်းတွင် ပေါင်းမြက် သောသောထနေသည်။ ရေသွင်းရမည့် နေရာတွင် ပပ်ကြားကွဲတွေ ဟနေသည်။ ဤသည်တို့က ရေလောင်းသမ်ရှုကို ခြိမ်းခြောက်နေသည်။

"လောင်းမဲ့ ကောင်းမယ် ထင်ရင် လောင်းသာသောင်း။ တစ်နေ့ကို ဘယ်လောက်ပဲ ပြီးပြီးပေါ့ကွာ"

ကြွေယ်သည် ရေသွားမြောင်းကို တူးရှင်းနေပြားဖြင့် ရှုပ်နေသည်။ ယင်းသို့ ရှုပ်ပေးသဖြင့် ရေသွားမြောင်းထဲ၌ မင်းမူနေသော မုန်ညှင်းမြက်တွေ ရှင်းသွား၏။ ထိုသို့ လုပ်မပေးလျှင် ရေသွားနေးသည်။

www.burmeseclassic.com



"ခေါင်းက ဆံပင်ကို ခေါင်းတုံးရိတ်ပေးသလို နေမှာပေါ့ဟ ကြွယ်ရ။ အပင်ကိုနုတ်မှ ကောင်းမှာ"

"ခင်ဗျားက လယ်သမား ဆိုတော့ မုန့်ညင်းအကြောင်း ဘာမျှ သိပုံ မရဘူး။ အဲသည်ကောင်က အမျှင်လေးတစ်မျှင် မြေကြီးထဲ ရောက်သွားရင် ဥတာဗျ။ အဲသည်ဥက တစ်ခါ အမျှင်ထွက်ပြန်ရော။ ဥ ဖြစ်ပြန်ရော။ မဆုံး တော့ဘူးဗျို့။ မုန်ညင်းမျိုးပြုတ်စေချင်ရင် ထယ်လှန်ပြီး နေလှန်းထားရသဗျ"

"ဟုတ်ပါပြီကွာ၊ ဟုတ်ပါပြီ"

ဘ ရိုးဆေးရိုးသည် ကြွယ်ကို သည်အတိုင်း ထားခဲ့ကာ တဲကို ဝင်ကြည့်သည်။ အိမ်နှင့် ယာနှင့် မဝေးသော်လည်း ညအိပ်ရန် လိုအပ်ပါက အိပ်စက်နိုင်ရန် တဲဆောက်ထားသည်။ တဲမှာ ကြမ်းခင်းအဆင့် ရှိသည်။ ထန်းရွက်မိုးပြီး ထန်းရွက် သုံးလေးရွက် တန်းလန်းဆွဲထား၏။

အမေကြီး ရိုးကျိုးဒန်သည် ကျိုးအညှန့် သုံးလေးညှန့်နှင့် ကင်းပုံညှန့်များ ကိုင်လျက် ခရမ်းပင်များကြားသို့ ရောက်လာ၏။

"ခရမ်းသီးနုကလေးတွေက ပြုတ်တို့တို့၊ ချက်စားစား အတော်ပဲ တော်ရေ့။ သြော် ဒါ့ထက်"

အမေကြီး ရိုးကျိုးဒန်သည် တမင် ယာထဲသို့ ဆင်းလာခြင်းလော၊ ဟင်းရွက်ခူးရင်း ကြုံ၍ ဝင်လာခြင်းလော မသိပေ။ "သြော် ဒါ့ထက်" ဆိုကာ တဲထဲသို့ ဝင်လာသည်။

"တော့်အဖေနဲ့ တော့်အမေ ဆုံးသွားတော့ လုပ်နေသဲ့လယ်၊ နေသဲ့ အိမ်ကို တော့်အစ်ကိုနဲ့ တော့်နှမက အမွေခွဲရင် ဘယ့်နှယ် လုပ်မတုံး"

ကိုဆေးရိုး၊ မကျိုးဒန်တို့သည် ဦးကျန်ကြီး၊ ဒေါ်ကြွယ်စိုးတို့၏ အိမ်တွင် ကပ်နေရာက မောင်ကိုကြီး လင်မယားကို အမှီချပြီး နေခွင့်ပြုခဲ့၏။ ဦးကျန်ကြီး၊ မယ်ကြွယ်စိုးတို့မှာ ကလေးတွေ၏ဒဏ် မခံနိုင်သောကြောင့် ခေါင်းရင်းတွင် တစ်ဖက်ရပ်တဲကလေး ထိုးနေခဲ့ကြရာ မကျန်းမာမှ အိမ်ပေါ်သို့ ပြောင်းတင်ကြခြင်း ဖြစ်၏။

"ဟဲ့ ထွန်းကားကို ရှာလို့ မတွေ့ဘူး။ သာပေမဲ့ ပေါ်လာပြီး တောင်း သဲ့နေမှာ ပေးရမှာပဲ။ အခု အနားရှိနေသာက မယ်မျှင်၊ သူလည်း အမွေဆိုင်ပဲ။ သူ တောင်းရင် လယ်ကို သုံးပုံ တစ်ပုံ ခွဲပေးရမယ်။ အိမ်ကိုလည်း ခွဲပေးရမှာပဲ။ သူက အမွေဆိုင်ပေကိုး"



"ခေတ်က လယ်လုပ်သူ လယ်ပိုင်သဲ့ခေတ်တော့်။ လက်တွေ့ လုပ်နေ သဲ့ မောင်ကိုကြီးက မပေးဘူး ဆိုရင် ဘယ့်နှယ် လုပ်မတုံး"

အမေကြီး ရိုးကျိုးဒန်ကို မည်သူ လာရောက် မည်သို့ ပြောသွားသနည်း။ မယ်မျှင်ကို မည်သူသွားပြီး တို့သနည်း။ ထိုသို့ အလေးအနက် တွေးပြီးမှ ဘ ရိုးဆေးရိုးသည် စိတ်ကို လျှော့ချလိုက်၏။

"ဟယ် နှင်ကလည်း၊ ငါ့မြေး မောင်ကိုကြီးကို အထင်သေးလိုက်သာ။ ခမျာမှာ လယ်နှစ်ပွဲ လုပ်နေရလို့ ခေါင်းတောင် မဖော်နိုင်ရှာဘူး"

"သူက တော် ထင်သလို ရှိပေမဲ့ သူ့မယားမှာ မိဘနဲ့ ဆွေမျိုးသားချင်း နဲ့။ ပြောလို့ ရမလား"

မောင်ကိုကြီးသည် ကိုထွန်းရ၊ မချောစိန်တို့၏ သားကြီး ဖြစ်၏။ ဥပမိရုပ် ကောင်းသည်၊ စာတော်သည်။ သို့ကြောင့် အားထားနေဆဲတွင် အိမ်ထောင်ပြု၏။ ဘိုးဘွားနှင့် မိဘများသည် ကာယကံရှင်ကို မပြောဘဲ မိန်းကလေးကို အပြစ်ဖို့ ကြသည်။ သူ မြူဆွယ်သောကြောင့် သည်နှယ် ဖြစ်ရသည်ဟု မိန်းကလေးကို မဲကြသည်။

မိန်းကလေး အမည်မှာ မြင့်မြင့်သွေး ဖြစ်သည်။ ဘရိုးဆေးရိုးနှင့် အမေကြီး ရိုးကျိုးဒန်တို့၏မြေး မောင်ကိုကြီးမှသာ ဆယ်တန်း နှစ်ခါကျသည် မဟုတ်။ မြင့်မြင့်သွေးလည်း ဆယ်တန်းသမားပင်။ သူ့မိဘများမှာ အုတ်ဖိုရွာမှ ကုန်သည်များ ဖြစ်၏။ သို့ရာတွင် ဘ ရိုးဆေးရိုးနှင့် အမေကြီး ရိုးကျိုးဒန်တို့သည် တော်တော်နှင့် စိတ်မပြေ။

"သူ့အဖေက ဆုတောင်းပြည့် ဘုရားလူကြီးဟ။ သူများကိစ္စမှာ ဝင်ပြီး ပါမှာ မဟုတ်ပါဘူးဟာ"

"သူ့အမေ ဝေဝေကဲ ဦးခင်မောင်ကြီးလို မဟုတ်ဘူးနော်"

"ကြံဖန်ပြီး ပူမနေစမ်းပါနဲ့ဟာ"

ဘ ရိုးဆေးရိုးက တဲဇော်၊ တက်ထိုင်သောအခါ အမေကြီး ရိုးကျိုးဒန်က သစ်တုံးတစ်တုံးကို ဆွဲယူပြီး ထိုင်၏။

"သေခါနီးမှ နေစရာမရှိ စားစရာမရှိ ဖြစ်မှာစိုးလို့ ပြောနေသာ တော် ရေ့၊ သိရဲ့လား"

ဘ ရိုးဆေးရိုးသည် သည်နှယ် စိတ်ညစ်ညူး ရှုပ်ထွေးဖွယ်များကို ခံနိုင်ရည် မရှိပေ။

www.burmeseclassic.com

www.burmeseclassic.com



"တော့်မြေးတွေ ဘာပြောပြီး ဘာကြံနေသယ် ဆိုသာ သိလား"

"မသိဘူးဟာ၊ သွားစမ်းပါ"

သွားစမ်းပါ ဆိုသော်ငြား အမေကြီး ရီးကျိုးဒန် မသွားပေ။ အမေကြီး မသွားသောကြောင့် ဘ ထသွားချင်စေကာမူ အမေကြီးက တဲဝတွင် ပိတ်ထိုင်နေ၏။

"စန္ဒာဦးက လာပြောသယ်တော့် သိလား"

ကိုဘညိန်း၊ မလှမေတို့၏သား မောင်မောင်လှသည် ကျောင်းစာလည်း မတတ်။ လယ်ယာလုပ်ငန်းလည်း မနိုင်နင်း။ မိဘအိမ်တွင် တစ်,နေရာက အေးရီ အမည်ရှိ ပုရပိုက်တန်းသူနှင့် အိမ်ထောင်ကျရာ သော်တာဦး အမည်ရှိသည့် သားတစ်ယောက်နှင့် စန္ဒာဦး အမည်ရှိသည့် သမီးတစ်ယောက် ထွန်းကား၏။

အမေကြီး ရီးကျိုးဒန် ပြောသော စန္ဒာဦးကား ဤစန္ဒာဦးတည်း။

"စန္ဒာဦးကို မြင့်သွေးကိုက ပြောသယ်တဲ့။ ဘယ်လို ပြောသလဲ ဆိုတော့ တို့အဖေက အရင်တုန်းက သူများလယ်ကို လုပ်ရပေမဲ့ အခု သူဌေး ဖြစ်ပြီ။ သူများလယ်ကို လုပ်ဖို့ မလိုတော့ဘူးတဲ့"

မြင့်သွေးကို ဟူသည် မောင်ကိုကြီးနှင့် မြင့်မြင့်သွေးတို့၏ ဒုတိယ သမီးငယ်ပေတည်း။

"ကလေး ပြောသဲ့စကား အရေးလုပ်နေ"

"လုပ်ရပါသော်ကော တော်ရဲ့။ လူကြီးတွေ ပြောသာကို ကလေးက ကြားခဲ့ပြီး ကလေးအချင်းချင်း ပြန်ပြောသာ မဖြစ်နိုင်ဘူးလား"

"ကလေးစကားပဲဟာ။ လူကြီးက ပြောလာမှ အတည်ယူလို့ ဖြစ်မှာပေါ့။ သွားစမ်းဟာ။ စိတ်ညစ်စရာတွေ လာမပြောနဲ့"

တဲရှေ့ထွက်ပေါက်ကို အမေကြီးရီးကျိုးဒန် ပိတ်ပြီး ထိုင်နေ၏။ သို့ဖြစ်သဖြင့် ဘရီးဆေးရိုးသည် တန်းလန်းဆွဲထားသော ထန်းရွက်ကို မ ပြီး ချည်ပေါင်ခင်းကို နင်းကာ ထွက်လာခဲ့လေ၏။

ဩ

- ၁၂ -

"စိတ်နဲ့ ငါနဲ့တော့ တော်တော်ညစ်နေပြီ ကျိုးဒန်ရေ။ ကောက်ရိုးပုံလည်း ကြည့်ရင်း၊ ကောက်ရိုးလည်း နုတ်ရင်း"

ရီးဆေးရိုး သည့်မျှသာ ပြောခဲ့သည်။ သူ မည်သည့်နေရာသို့ သွားကြောင်း အမေကြီး ရီးကျိုးဒန် သိဆုံးဖြစ်သည်။ သို့ကြောင့် ဘ ရီးဆေးရိုးသည် စကားဆုံးအောင် မပြောဘဲ မန်ကျည်းပင်အောက်ရှိ မီးဖိုမှ ထလာသည်။

မောင်ကိုကြီးမှာ ပင်ပန်းလှသည်။

သူ့ဇနီး မြင့်မြင့်သွေးမှာ မြို့သွေးပါသောကြောင့် မလုပ်ချင်။ သို့ရာတွင် ခင်ပွန်းဖြစ်သူကို ဆွဲခေါင်မရသဖြင့် ဝင်ရောက်လုပ်ကိုင်ရငြား၊ စွေတနာ မပါ၊ မကျွမ်းကျင်။

ကောက်ရိုးနုတ်ရန် မြင့်မြင့်သွေး အများဆုံး သွားသည်။ နွားစာစဉ်းသူမှာလည်း သူပင် ဖြစ်သည်။

"ကောက်ရိုးပုံကို ညပ်သပ်ရပ်ရပ် ဖြစ်အောင် ဂရုစိုက်ဟော့"

"ဟုတ်ကဲ့ ဘ"

ဟုတ်ကဲ့ ဆိုသော်ငြား ဘ ရီးဆေးရိုး မယုံကြည်။ ကောက်ရိုးပုံကို တစ်နေ့နေ့တွင် သွားရောက်ကြည့်ဦးမည်ဟု အားခဲထားငြား၊ ယနေ့မှ ရောက်သည်။ ထင်သည့်အတိုင်းပင် တံခါးကအစ ဖြစ်ကတတ်ဆန်း လုပ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲသာကြောင့် ငါ ပြောသာပေါ့"

တံခါးကို ဘ ရီးဆေးရှီး ထိပင် မထိရသေး။ ရွာထဲမှ အုတ်အုတ်ကျက်ကျက် အသံများကြောင့် လှမ်းကြည့်သည်။ ရွာခေါင်း၊ ဆယ်အိမ်မှူး၊ ရဲ။

"တစ်ခုခုတော့ တစ်ခုခုပဲ"

ဘ ရီးဆေးရှီးမှာ ကောက်ရိုးခြံကို မဖွင့်နိုင်သေးဘဲ အလယ်တံခါးသို့ ဝင်ခဲ့သည်။ မြမင်းနှင့် စံအေးကို လက်ထိတ်တန်းလန်းဖြင့် မြင်ရသည်။

"ဟဲ့ ဘယ်လို ဖြစ်ကြသာတုံး"

ဘ ရီးဆေးရှီး ရေရွတ်မိသည်။

"အဲသည် မြမင်းနဲ့ စံအေး ပါသွဲအကြောင်း အရှေ့စုက သောင်းမောင်က ဖော်ကောင်လုပ်သာတဲ့။ သောင်းမောင်ကလည်း သည်မှာ သုံးစွဲရင် မိမှာစိုးလို့ စလေ သွားအသုံးမှာ အဖမ်းခံရပြီး ဖော်ကောင်လုပ်သာလို့ ပြောနေကြသယ်"

"အင်း သောင်းမောင် ဆိုသာ ကိုသာဒွန်းအေးရဲ့သားပဲ"

"ဟုတ်သယ်။ သူရယ်၊ မြမင်းရယ်၊ စံအေးရယ်။ ရွှေအိုးကို ကံခွယ်ရွာနဲ့ ထနောင်းကုန်းကြားမှာ မျက်နှာကို အိုးမည်းသုတ်ပြီး တိုက်သာတဲ့။ ရွာခေါင်းက သောင်းမောင်ရဲ့ လက်ချောင်းကြားက အိုးမည်းနဲ့ နားထင်က အိုးမည်းကို မသက်သာလို့ ရဲကို သတင်းပေး ဆိုပါကလား"

သတင်းကို တစ်ဆင့်ဖောက်သည်ချသူက မြိန်ရေရှက်ရေ ရှိပြား၊ ဘ ဆေးရှီးမှာ မြမင်းနှင့် စံအေးကို ကြည့်လျက် သံဝေဂ ပွားနေ၏။

"အခု တိုက်ရာပါ ငွေစက္ကူတွေ မြှုပ်ထားရာက လာဖော်သာဆိုပဲ။ ရွှေအိုးက ဓားပြအတိုက်ခံရသာတောင် ရဲကို မတိုင်ဘူး။ သူ့ဆရာ မောင်မောင်ထွေးက ရဲကို တိုင်သာတဲ့"

"ရဲကို တိုင်သာကောင်းသယ်။ ရဲမတိုင်ဘဲ ထင်ကြေးနဲ့ လက်စားချေရင် မှားတတ်သယ်"

လူများက ရုတ်ရုတ်သဲသဲပင်။ ဘ ရီးဆေးရှီးကား လူအုပ်၏ အဖျားတွင် ဖြစ်စေကာမူ စုံစေ့လုနီးပါး သိနေရသည်။

"ဓားပြ အတိုက်ခံရတုန်းက ရွှေအိုးက မခုခံဘူးလား"

"သုံးယောက်နဲ့ တစ်ယောက်ကို မခုခံပေမဲ့ သူက မျက်နှာ အိုးမည်းသုတ်ထားသဲ့ သုံးယောက်လုံးကို သိသယ်။ အဲသည်လို သိသာကို မျက်နှာ အိုးမည်းသုတ်ထားသဲ့ ဓားပြတွေ သိရင် သတ်သွားမှာစိုးလို့ ခေါင်းငုံ့နေသာတဲ့"



သောင်းမောင်ကား စိတ်ထား မကောင်းသူ၊ အကျင့်ယုတ်သူအဖြစ် ထင်ရှားသည်။ လူများသည် ပင်ကိုအားဖြင့် သတ္တိနည်းစေကာမူ မ နှင့် ပတ်သက်လာလျှင် 'မိုက်ရူးရဲ' လုပ်တတ်ကြသည်။ သောင်းမောင်မှာလည်း ထိုအန္တရာယ်ရှိနေသောကြောင့် စိတ်ထားပြောင်းစေရန် ရည်သန်ပြီး သူ့အစ်မတစ်ယောက်က ရိပ်သာတစ်ခုသို့ ခေါ်သွား၏။ ရိပ်သာတွင် သောင်းမောင် ယဉ်ကျေးလိမ့်မည်ဟု သူ့အစ်မက မျှော်လင့်၏။ သူယုတ်မာကား ရောက်ရာ အရပ်တွင် ဖြစ်သည့်နည်းဖြင့် ယုတ်မာတတ်ကြ၏။ သောင်းမောင်မှာလည်း ရာနှုန်းပြည့် သူယုတ်မာဖြစ်သည်။ သို့ကြောင့် ယဉ်ကျေးမလာပါ။ ယုတ်မာစရာကို ကြံဖန်ပြီး ရှာဖွေ၏။

တွေ့ပါပြီ။ သူယုတ်မာ သောင်းမောင် တွေ့ပါပြီ။

သီလရှင်ကလေး တစ်ယောက်။

သာမန် မိကောင်းဖခင်သားများ စိတ်ဖြင့်ပင် မပြစ်မှားရဲသော သာသနာ့နွယ်ဝင် သီလရှင်။ ထိုသီလရှင်၏ ခြင်ထောင်ထဲသို့ သောင်းမောင် ဝင်သည်။ သီလရှင်ကလေး ကြောက်ရွံ့တုန်လှုပ်နေစဉ် သီလရှင်ကလေးကို ဖျက်ဆီးသည်။ မပေါ့မပါး ဖြစ်သည်။

သာမန်အရပ်သူ မဟုတ်။ ငယ်ဖြူ သီလရှင်ကလေးမှာ မကြံတတ် မဖန်တတ်သဖြင့် သောင်းမောင် နောက်သို့ လိုက်ခဲ့၏။ သို့သော် မီးကို မလောင်မီက တားဆီးရန် တာဝန်ရှိပါလျက် မတားဆီးခဲ့သော သောင်းမောင်၏ မိသားစုသည် သီလရှင်ကလေးကို မကြည်ဖြူကြ။ ခွေးအောက် များစွာနိမ့်ကျ ယုတ်မာသော သူတို့သားကို အထင်ကြီးဆဲ ရှိ၏။

သူ့မိသားစုက သူ့ကို အထင်ကြီးမည့်သာ ကြီးသည်၊ သူက သူ့မိသားစုကို လူရာမသွင်း၊ မငဲ့ညှာ။

သူ့မိသားစုသည် ဥယျာဉ်ခြံမြေ စိုက်ပျိုးလုပ်ကိုင်သူများ ဖြစ်၏။ ခြံထွက် သစ်သီးဝလံများကို မြို့ဈေးတင်ပြီး မရောင်းပေ။ သောင်းမောင်ကို မြစ်ကူးချောင်းခြား မြို့တစ်မြို့သို့ သွားရောက်ရောင်းချရန် စေလွှတ်၏။ သောင်းမောင် သွား၏။ ပို့ပေးသမျှ ကုန်စိမ်းများကို ရောင်းချ၏။ မိသားစု စားသုံးရန် ငွေကြေး တစ်ပြားတစ်ချပ်မျှ ပို့ပေးခြင်း မပြုပေ။

ဤသို့လျှင် တစ်ကိုယ်ကောင်း ကျင့်ပြား၊ သောင်းမောင်သည် သူ့မိသားစု၏ မြတ်နိုးရာ အလေးပြုရာ ဖြစ်ခဲ့၏။ ထိုအကြောင်းကို သိသော သူ့မိန်းမချင်း

www.burmeseclassic.com

www.burmeseclassic.com



များက သောင်းမောင်ကို ခါ၏။ သောင်းမောင်ကို သူ့ရွာကလည်း လူစာရင်း မသွင်းပေ။ ထို သောင်းမောင်သည် ရွှေအိုးကို ဓားပြတိုက်ရန် အကြံရခဲ့၏။

မြမင်းနှင့် စံအေးသည် စာကောင်းစွာ မတတ်ပါ။ လူကောင်းသူကောင်း၏ အင်္ဂါရပ်ပင် မရှိသော သောင်းမောင်ကို ခေါင်းဆောင် တင်မိများရာ၊ ယခု အဖမ်းခံရတော့သည်။

"အင်း သောင်းမောင်နဲ့ အပေါင်းမှားကြတာကိုး"

သောင်းမောင်သည် ရမ်းဘိုကုန်းရွာသား မဟုတ်ပြား၊ သူ၏ မကောင်းသတင်းကြောင့် ဘ ရီးဆေးရိုး ကောင်းစွာ သိသည်။ ဓားပြ အတိုက်ခံရသော ရွှေအိုးကို ကောင်းစွာ မသိစေကာမူ၊ သူ့မြေး မောင်မောင်ထွေးနှင့် ပတ်သက်နေချေသည်။

"ငွေ ဘယ်လောက်တဲ့တုံး"

"ကိုင်းထဲကို ပဲဖိုးချေဖို့ အသွားမှာ အတွင်းသိ သောင်းမောင် ဦးစီးပြီး ဓားပြအတိုက်ခံရသာ"

"ဘယ်လောက် ပြန်ရတုံး"

"နှစ်သိန်းခွဲကျော်ကျော်လောက်ပဲ ရတော့သယ်။ စားသာ သောက်သာ သွားသာလာသာနဲ့ ငါးသောင်းလောက်ကတော့ အသာကလေးပဲ"

"ရွှေအိုးကို အမှုထိမ်ချန်မှုနဲ့ အရေးမယူဘူးလား"

"ရွှေအိုးက တရားလိုပြသက်သေ ဖြစ်သွားပြီလေ"

ဘရီးဆေးရိုးသည် လူအုပ်တွင်းသို့ မဝင်ပါ။ အကျိုးအကြောင်း သိလျှင် ကျေနပ်ပြီ။ သောင်းမောင် အမည်ရှိသော သူယုတ်မာသည် ဖော်ကောင် လုပ်သောကြောင့် အမှုပေါ်မည်။ ထောင်ထဲတွင် မသေဘဲ ထွက်လာပါက လူတွေ ဒုက္ခပေးကြဦးမည်။

ရွာပြင်သို့ ထွက်မိလျှင် ဘ ရီးဆေးရိုး ငြိမ်းချမ်း၏။ တလင်းပျောက်စနစ် ကျင့်သုံးနေပြီ ဖြစ်ပြား၊ တလင်းနေရာဟောင်းများ ရှိနေသေး၏။ စိမ်းမြသော သရက်ပင်များက 'ဤနေရာတွင် တလင်းရှိခဲ့ဖူးကြောင်း' ကျေးဇူးတင်သံ တည့်ညည်ဖြင့် သရုပ်ဆောင်နေ၏။

ဤနေရာကား ကောက်လှိုင်းပုံ၊ ဤနေရာကား ကောက်ပြန့် စသည်ဖြင့် ဘဆေးရိုးသည် သစ်ရွက်ခြောက် ဖုံးနေသော တလင်းပြင်ကို စိန်းစိန်းကြီး



ကြည့်နေ၏။ သို့သော် တလင်းကိုသာ ဖျောက်၍ ရကောင်းရမည်။ နွားကို မဖျောက်နိုင်သေးသဖြင့် ကောက်ရိုးပုံမှာ ဆက်လက် တည်ရှိနေရပေ၏။

ကောက်ရိုးသည် မြက် မဟုတ်ပါဘဲလျက် ခြံကာထားရသည်။ လွှတ်ထားသော နွားများက စားစရာ မရှိလျှင် ကောက်ရိုးပုံကို ခေါင်းထိုးမည်။ သို့ကြောင့် ခြံကာရသည်။ ခြံတံခါးမှာ အဖြစ်သာ လုပ်ထားသည်။ ပတ္တာတွေ မင်းတုပ်တွေ လုပ်မနေနိုင်။ သွပ်ကြိုးဖြင့် တည်းရသည်။

ဘဆေးရိုး ထင်သည့်အတိုင်းပင် ခြံတံခါးသွပ်ကြိုးက ပြုတ်နေသည်။ ခြံအတွင်း မြေပြင်၌ ကောက်ရိုးတွေ ဖုံးနေသည်။

"ကောက်ရိုးပုံ ဘေးမှာ ကောက်ရိုးတွေ ပုံမနေစေနဲ့"

ဘ ရီးဆေးရိုး မှာသော်ပြား မလိုက်နာပါ။ မလိုက်နာကြောင်းကို ခြံတွင်း မြေပြင် ဖုံးအောင် ပြည့်နေသော ကောက်ရိုးထုက သက်သေခံနေ၏။

တုတ်တစ်ချောင်း ရှာပြီး ခြစ်သည်။ ကောက်ရိုးတစ်ပွေ့စာ ရသည်။ အကျန်မှာ အမှော်နှင့် အတိုအစများ ဖြစ်သည်။ တစ်ပွေ့စာကို ပုံထားပြီးမှ ကောက်ရိုးပုံကို ဘရီးဆေးရိုး မော့ကြည့်၏။

"နင့်မေကလွှား။ မှုမှ မနုတ်ဘဲကိုး"

ကောက်ရိုးပုံကို ကောက်ရိုးနုတ်ရာတွင် တစ်နေ့လာလည်း သည်နေရာ၊ နောက်နေ့တွင်လည်း သည်နေရာ နုတ်ပါက မကြာမီ ကောက်ရိုးပုံ ပြိုကျ၏။ ထိုသို့ မဖြစ်စေရန် ကောက်ရိုးပုံကို လှည့်ပတ်ပြီး နုတ်ရ၏။ ထိုသို့ နုတ်၍လည်း အခဝင်မပြေသေးပေ။ လှည့်ပတ်ပြီး နုတ်ရာ၌ လက်လှမ်း မမီတမီ နေရာများကိုလည်း လှမ်းဆွဲ၊ လက်လှမ်းမီရာများကိုလည်း နုတ်၊ ဒူးကွေးပြီးလည်း နုတ်။ လှည့်ပတ်ပြီး နုတ်ရာတွင် ထက်အောက်လယ် သုံးနေရာအနှံ့ မနုတ်လျှင် လျှောကျမည်။ ပြိုကျမည်။

ယခု ဘ ရီးဆေးရိုး မျက်နှာမူနေရသော ကောက်ရိုးပုံမှာ လှည့်ပတ်၍ကား နုတ်ပါ၏။ သို့ရာတွင် ထက်အောက်လယ် သုံးနေရာ မျှပြီး မနုတ်သောကြောင့် ခါးသိမ်နေသည်။ အချိန်မရွေး ပြိုကျမည်။ သို့ကြောင့် ကောက်ရိုးတစ်ဆုပ်ကို နုတ်သည်။ အပုံထဲမှ ကျွတ်အောင် မဆွဲဘဲ လိမ်သည်။ ဆွဲသည်။ လိမ်သည်။ ဤနည်းဖြင့် ဖြစ်လာသော ကြိုးပေါ်တွင် ကောက်ရိုးတွေ တင်သည်။ ကျစ်အောင် ဖိပြီး ထုံးဖွဲ့သည်။

ဘ ရီးဆေးရိုး မော့ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်မချရသေး။

သို့ကြောင့် ကြိုးနုတ်သည်။ ကြိုးများကို ကောက်ရိုးတွေဖြင့် ဖိပစ်ခဲ့သည်။ ထက်အောက်လယ်အနှံ့ တစ်ပတ်ပြည့်အောင် နုတ်သည်။ ဒုတိယ ကောက်ရိုးထုံးကို ထုံးအုံးဆဲဆဲ၌ လူတစ်ယောက် ရောက်လာသည်။

"အဖေ့ အသက်အရွယ်နဲ့ ကောက်ရိုးရွက်ဖို့ မတော်တော့ပါဘူး အဖေရာ"

ဘ ရိုးဆေးရိုး မော့ကြည့်သည်။ မလှမေ ဖြစ်သည်။ တစ်ဦးတည်းသော ချွေးမ 'မတော်ရင် နင် ပို့ပေးပါလား' ပြောရန် မသင့်။ အကြောင်းသော်ကား မလှမေမှာ သူ့အလုပ်နှင့်သူ ဂျင်ခြေလည်နေသောကြောင့်တည်း။

ဂျင်ခြေလည်သူက ယခု အဘယ်ကြောင့် ရောက်လာပါသနည်း။

"သမီးလည်း အလုပ်များရသ့ဲအထဲ အဖေ့သားက မမာနဲ့"

"အေးဟဲ့၊ ငါလည်း လာမယ် လာမယ်နဲ့ သည်ကောင် အခု ဘယ့်နှယ် နေသေးသတုံး"

မလှမေသည် ဘ ရိုးဆေးရိုး ချန့်ထားသော အတိုအစများကို လိုက်လံစုဆောင်းပြီး ကောက်ရိုးထုံးထဲသို့ ထည့်ရင်းမှ "အဖေတို့ အိုကြီး အိုမကျမ်၊ ရှက်ငုတ် လယ်ပြုတ်တော့မယ် ကြားပါကလား" ဟု စကားစ၏။

"ငါ့လယ်ကို ကူလုပ်နေရာက အဖေ နေမကောင်းမှ အဖေ့လယ်ကိုပါ မောင်ကိုကြီး ကူလုပ်နေသယ်လေ။ ဘယ့်နှကြောင့် လက်လွှတ်ရမှာတုံးဟ"

"အဖေ့လယ်ပေမဲ့ လက်ရှိလုပ်နေသူက မောင်ကိုကြီး မဟုတ်လား။ အဖေ့သားက နေမကောင်းသဲ့ကြားထဲက စိတ်မအေးဘူး အဖေ"

စာစာကလည်း တစ်ယောက်။ ယခုလည်း တစ်ယောက် မောင်ကိုကြီး၏ သိက္ခာ၊ သမာဓိကို မယုံကြည်သော စကားများကို ပြောကြ၏။ ဘ ရိုးဆေးရိုး မနှစ်သက်ပါ။ အခြေအနေ ငြိမ်သက်နေစဉ်က ကောက်တစ်ပင် ဝင်မထိုးခဲ့ဘဲ ယခုမှ ပူဆောင့်ပူပန် လုပ်နေကြခြင်းမှာ ရိုးသားပါ၏လော။ သို့တစေ ဘ ရိုးဆေးရိုးသည် မယုတ်မလွန်သာ ပြော၏။

"အေးလေ၊ ကိုယ့်သမီးက မွေးသဲ့ ကိုယ့်မြေးပဲ။ သူ စားရလည်း ကိုယ် စားရသာနဲ့ အတူတူပါပဲလေ"

သည်စကားမျိုးကို မလှမေ မကြိုက်ပါ။ မောင်ကိုကြီးကို ယခုပင် နှင်ထုတ်တော့မည့်ပုံမျိုး ဖြစ်ရမည်။



"မောင်ကိုကြီး ဆိုသာဟာ သမီးက မွေးသဲ့ ခင်မောင်ငြိမ်း၊ မောင်မောင်လှ၊ ကျော်သူရတို့နဲ့ ညီအစ်ကိုတွေပဲ။ သူ မစားစေချင်လို့ ပြောသာမှ မဟုတ်သာ။ လောဘ နားရွက်တပ်ပြီး"

မလှမေက စကားကို ရပ်ထား၏။ ဘ ရိုးဆေးရိုးကလည်း ထိုစကားကို ဆက်မပေးပေ။ သို့ကြောင့် ကသိကအောက် ဖြစ်သွားရာက တစ်အောင့်ခန့်ကြာမှ စကားတစ်မျိုး ပြော၏။

"ဘာပဲပြောပြောလေ၊ အဖေတို့ ကသီလင်တ ဖြစ်မှာစိုးလို့ လာပြီး သတိပေးသာပါ အဖေ"

"ကမ္ဘာသကာပေါ့ဟာ။ ကိစ္စမရှိပါဘူး"

ဘ ရိုးဆေးရိုးထံမှ ပုဏ္ဏကတိုက်သော စကားများ မရရှိသော်ငြား မောင်ကိုကြီးနှင့် စပ်လျဉ်းသော မကောင်းစကား ပြောလိုက်ရသဖြင့် မလှမေ ကျေနပ်စွာ ပြန်သွား၏။ ထို့နောက်တွင် ဘ ရိုးဆေးရိုးသည် ကောက်ရိုးထုံး နှစ်ထုံးကို လှိမ့်ထုတ်သည်။ ခြံတံခါးကို သေချာစွာ ပိတ်သည်။

"ဘ နှစ်ထုံးကြီးများတောင် လောဘကြီးလှချည်ကလား"

ခုနကမှ ထသွားသော မလှမေ၏ သမီး ဖြစ်သည်။

"အကြောင်းရှိလို့ နှစ်ထုံး နုတ်သာဟေ့။ ငါ ရွက်မှာ မဟုတ်ဘူး"

"သမီး ရွက်ပြီး ပို့ချင်ပေမဲ့ ဆရာဝန်က အလေးအပင် မရွက်ရဘူး မှာထားလို့ ဘ"

ဆရာဝန်နှင့် ကိုင်သောအခါ တိုးပြီးပြောရန် မသင့်ပေ။ သို့ရာတွင် ဘ ရိုးဆေးရိုးသည် တစ်လုံးမှ တို့သေး၏။

"မိဘစကားသာ ဆရာဝန်စကားလို ရှိသေရင် အခုလောက်ရှိ ဘွဲ့ရ လောက်နေပြီဟေ့"

"ဘ ပြောသဲ့စကား မှန်ပါသယ်။ အခု သမီးလာသာက စကားတစ်ခွန်း ကြားလို့ ဘရေ့"

"ဘာများပါလိမ့် သမီးရယ်"

ဘ ရိုးဆေးရိုးတို့သည် မြေးထဲတွင် မြေးဦးဖြစ်သော မကြည်ကို "သမီးကြီး" ဟု အမြဲတမ်း ခေါ်ကြသည်။ သို့ကြောင့် ယခုလည်း သမီးဟု သုံးနှုန်းခြင်း ဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



"လယ်လုပ်သူ လယ်ပိုင်သယ် ဆိုသဲ့ စကားကို ကိုင်ပြီးတော့ ကိုကိုကြီးက ဘတို့ လယ်နဲ့ ဘအဖေရဲ့ လယ်ကို အပိုင်သိမ်းမယ်လို့ ကြားနေသယ် ဘ။ ဘတို့မှာ အိုကြီးအိုမကျမှ လယ်မရှိရင်"

ဘ ရိုးဆေးရိုးသည် "နောက်တစ်ခါ လာပြန်ပြီဗျို့" ကုန်းပြီး အော်ချင်သော်ငြား ဣန္ဒြေဆည်ပြီး မေး၏။

"သမီး ဘယ်က ကြားသတုံး အဲသည်စကားကို"

"သမီး သည်လိုပဲ ကြားသယ် ဘ။ မောင်ကိုကြီးဟာ သမီးနဲ့ မောင်နှမမို့ သူ စားရသာကို သမီး ဝမ်းသာသင့်ပေမဲ့ ဘတို့ အမေကြီးတို့ ဒုက္ခရောက်ပြီးမှ သူ ချမ်းသာမယ် ဆိုတော့"

"သူ လုပ်ရက်ရင် လုပ်ပါစေဟာ"

"လုပ်ပါစေ လုပ်မနေနဲ့နော် ဘ။ လူဆိုသာ လောဘသားတွေနော်၊ လုပ်လိုက်ရင် အဘိုးကြီး အဘွားကြီး ကွိခနဲ နေမယ်"

"ကွိခနဲမကလို့ ဖွိခနဲနေနေ၊ နေစမ်းပါစေ သမီးရယ်"

ဘ ရိုးဆေးရိုးသည် သမီးကြီး မကြည်ကို မထိတရီ ပြန်ဖြေရင်းက အမေကြီး ရိုးကိုးအန်ကို ထိုစကားမျိုး ပြောသူ နှစ်ယောက်မက ရှိနေပြီလောဟု တွေးသည်။ သူ့မြေးနှင့် သူ့အဘိုးတို့ ညီညွတ်အေးချမ်းနေရာသို့ မည်သည့်အတွက် အဖျက်အမှောင့်တွေ ဝင်ရောက်လာရသနည်း။

မြေးအဘိုး မြေးအဘွားတစ်တွေ သင့်တင့်စွာ ညီညွတ်အေးချမ်းစွာ နေထိုင်ခြင်းကို ဘေးလူများက မလိုလားခြင်းလော။

သို့တည်းမဟုတ်၊ မိမိတို့၏ ဆွေမျိုးသားချင်းတစ်ယောက် ဖြစ်သော မောင်ကိုကြီး အေးချမ်းစွာ အလုပ်လုပ်နေရခြင်း၊ အေးချမ်းစွာ စားသောက်နေထိုင်ရခြင်းကို ဆွေမျိုးသားချင်းများ ကိုယ်နှိုက်က မလိုလားခြင်းလော။

ဘ ရိုးဆေးရိုး အတွေးရခက်နေသည်။

သူတစ်ပါး ဆိုသည်မှာ ကျယ်ဝန်းလှ၏။ သူတစ်ပါး ထမင်းနပ်မှန် စားရသည်ကို ဝမ်းမြောက်သူ နှစ်သက်ဝီတိဖြစ်သူ ရှိ၏။ သူတစ်ပါး ထမင်းနပ်မှန်အောင် စားရသည်ကို မနာလို မရှုစိမ့်သူလည်း ရှိသဖြင့် အတွေးရရှင်း၏။

ဆွေမျိုးသားချင်းတွေက မနာလိုတိုရှည် ဖြစ်သည်ကိုကား ဘ ရိုးဆေးရိုး အံ့သြ၏။ ဆွေမျိုးသားချင်း အချင်းချင်းတွင် တစ်ယောက်တွင် လိုအပ်နေပါက



တစ်ဦးက ဖြည့်ရမည်။ ပြည့်စုံ ပိုလျှံနေပါက ဝိုင်းဝန်းဝမ်းသာကြရမည်။ ဤသို့သာ ရှိသည်။

သားချင်းတစ်ယောက် စားရမဲ့ သောက်ရမဲ့ ဖြစ်နေသည်ကို ကြည့်ပြီး ဝမ်းသာအားရဖြစ်သူ မရှိပါ။ သို့သော် ယခု ကိုကိုကြီးကိစ္စတွင် စားရမဲ့ သောက်ရမဲ့ အဖြစ်သို့ ကိုကိုကြီး မရောက်သဖြင့် မကျေမနပ် ဖြစ်နေကြပုံရ၏။ ဘ ရိုးဆေးရိုးသည် မိမိ၏ မြေး မြစ်များကို နားမလည်။

နားမလည်ခြင်းသည် ရှင်းလင်းပီပြင်လာသောအခါ ဘ ရိုးဆေးရိုးမှာ နားမလည်နိုင်ခြင်း၊ အံ့သြခြင်းတို့ ဖိစီးလာလေတော့၏။

□

www.burmeseclassic.com

www.burmeseclassic.com

## - ၁၃ -

အိမ်ထဲတွင် တိတ်ဆိတ်နေ၏။

ကိုဘညိန်းသည် အိမ်ထဲသို့ မဝင်ဘဲ မြင်းဇောင်းထဲသို့ လှမ်းကြည့်၏။ မြင်းဇောင်းထဲတွင်လည်း မြင်းတစ်ကောင်တည်းသာ နှာမှုတ်နေသည်ကို တွေ့ရ၏။ မီးဖိုထဲတွင် မီးမရှိသောကြောင့် လူမရှိကြောင်း သေချာသည်။ မီးရှိလျှင် လူရှိရမည်ဟု စည်းကမ်းလုပ်ထားသဖြင့် မီးမရှိလျှင် လူမရှိကြောင်း သေချာသည်။

"ဘယ်များ ဘာကိစ္စ သွားနေပါလိမ့်"

တစ်ယောက်တည်း မြည်တွန်တောက်တီးရင်း မြေညဇာအိတ်ယောင်း မြွေရေခွံအိတ်ခင်း ပက်လက်ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်၏။ နောက်စေ့နှင့် အစင်းနှင့် ထိမိသောအခါ ပင့်ကူအိမ်များကို မြင်ရ၏။

"ပင့်ကူအိမ်ကို ရှင်းမယ် ရှင်းမယ်နဲ့ အင်း…"

အလုပ်ကြွေးသည် နှစ်နှင့်ချီပြီး တင်နေပါပြီကော။ နီးနီးနားနား လက်တစ်ကမ်းတွင် ဝါးလုံးပဲ ရှိဦးတော့ သည်ပင့်ကူအိမ်ကို ဖယ်ရှားနိုင်သည်။

"ဆွဲထားရင် သည်လို နေမှာပဲလေ"

ကိုဘညိန်း ထမည်ဟု ပက်လက်ကုလားထိုင်၏ လက်တင်ပေါ်တွင် ထောက်လိုက်ချိန်၌ မလှမေ ဖတ်သီဖတ်သီဖြင့် ဝင်လာ၏။



"ဟဲ့ အဲသာ ဘယ်သွားလို့ ဘယ်က မောကြီးပန်းကြီး ပြန်လာသာတုံး"

"တော် ဘာသိတုံး"

"ငါက ဘာသိရမှာတုံး။ နင့်စကားက အရင်းမရှိ အဖျားမရှိနဲ့"

ကိုဘညိန်းသည် ပက်လက်ကုလားထိုင်ပေါ်သို့ လုံးလုံးလျားလျား ပစ်လှဲချလိုက်လေ၏။ မလှမေသည် ပက်လက်ကုလားထိုင်ဘေး မြေပြင်ပေါ်သို့ လာရောက်ထိုင်ချ၏။

"တော့်အဖေနဲ့ အမေ"

"ငါ့အဖေနဲ့ အမေ ဘာဖြစ်သတုံး"

"အိုကြီးအိုမကျမှ ဒုက္ခရောက်တော့မယ်၊ နားလည်လား"

"ဟေ" ဆိုကာ ကိုဘညိန်း ခါးဆန့်လျက် ထိုင်မိ၏။

"ဘယ်လိုက ဘယ်အကြောင်းနဲ့ ဒုက္ခရောက်မှာတုံး" ဟု ဆက်မေးသည်။

"ဘယ်အကြောင်းရမတုံး။ တော့်တူ မောင်ကိုကြီးပေါ့"

"မောင်ကိုကြီး ဘာဖြစ်သတုံး။ အဖေ့လယ်ကို လုပ်ပေးနေရာက ဘာရဲ့လယ်ပါ တွဲလုပ်ရလို့ လဲပြီလား"

"လယ်လုပ်သူ လယ်ပိုင်သယ်တဲ့။ အဲသည်တော့ တော့်တူက အဲသည် လယ်ပွဲတွေ သူ ပိုင်သယ်ဆိုရင် ဘယ့်နှယ်လုပ်မတုံး။ အဲသာကြောင့် ကျုပ်က တော့်အဖေကို သွားသတိပေးသာ"

"အဲသည်တော့ အဖေက ဘာတဲ့တုံး"

"တော့်အဖေက အေးစက်စက်နဲ့ သူ့မြေးကို သူတော့်ကောင်းကြီး ကျနေသာပဲ။ အယုံကြီး ယုံနေလေရဲ့"

ရမ်းဘိုကုန်းတစ်ရွာလုံး သိသည်။

ဘ ရိုးဆေးရိုး သူ့လယ်သူ လုပ်နေရာတွင် မောင်ကိုကြီး ဝင်လုပ်၏။

ဦးကျန်ကြီး သူ့လယ်ကို သူ လုပ်နေခဲ့ရာ အိပ်ရာထဲတွင်လဲတော့မှ ဘ ရိုးဆေးရိုး ဆင်းလုပ်ရာ၊ မောင်ကိုကြီး ပါလာသည်။ မောင်ကိုကြီးလယ် အဘယ်မှာနည်း။ ဤသို့ စွဲမှတ်ထားကြပါလျက်က စကားတွေသည် ဆိုက်ကဲ့သို့ အပေါက်ရှာနေကြ၏။ ကာယကံရှင်က မပြော။ ဘေးက ပြောနေကြ၏။

"နေစမ်းပါဟာ။ ကာယကံရှင် အဖေနဲ့ အမေက ဘာမျှ မပြောသာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် လုပ်သွဲ့လယ် ကျုပ် ပိုင်သယ်။ မပေးနိုင်ဘူး။ သွားချင်ရာ သွား၊ တိုင်ချင်ရာ တိုင်လို့ မောင်ကိုကြီးက လုပ်လာခဲ့သော်"

"ငါ့တူကို ငါ ယုံသယ်ဟာ။ မလုပ်ဘူး"

"မိုး မပြိုဘူး။ ပြိုခဲ့သော် ကဲ ဘယ့်နှယ်လုပ်မတုံး"

"မလုပ်ဘူးလို့ ငါ ပြောပြီးပြီ"

မလှမေ မှဲ့သည်။ မျက်စောင်းထိုးသည်။

"လူဟာ လောဘသားတော့။ မြေတစ်ဖွဲ့တစ်ရွှံ့မျှ မရှိသဲ့ဘဝက မြေပိုင်ဖြစ်လာမယ် ဆိုရင် သူသူကိုယ်ကိုယ် လိုချင်မှာပဲ။ အဲသည်လို မောင်ကိုကြီး က မပေးတော့မှ ရဲတိုင်လို့လည်း မရ၊ စားစရာကလည်း မရှိရင် ကျုပ်တို့က သည်တိုင်း ကြည့်နေလို့ တော်မလား"

"လက်စသတ်တော့ ကျွေးရပေးရမှာစိုးလို့ ပြောနေတာပါကလား"

ကိုဘညိန်း ဟားတိုက်ပြီး ရယ်၏။

"တော်က ကျုပ်စေတနာကို ပြက်ရယ်ပြုသပေါ့လေ"

ကိုဘညိန်း ရယ်မောနေသည်။ ထရပ်သည်။

"ရှုပ်ပါသယ်ဟာ။ အဲသည်ကောင့်ဆီ သွားလိုက်သာ အကောင်းဆုံး ပါပဲ"

ပြောပြောဆိုဆို အိမ်ရှေ့သို့ မျက်နှာမူလိုက်စဉ် ခွေးမကို လှမ်းမြင် ရသည်။ သူသည် ခြေရင်းအိမ်မှ ဖြစ်ကာ မချောစိန်နှင့် မတိမ်းမယိမ်း ဖြစ် သောကြောင့် ကိုဘညိန်းကို နင် ငါ ပြော၏။

"ဒါက ဘယ်သွားမလို့တုံး။ နင့်အဖေ ဘာဖြစ်နေသလဲ သိလား"

ကိုဘညိန်းသည် လှမ်းပြီးသား ခြေလှမ်းကို တွဲ့၏။

"အဖေ ဘာဖြစ်လို့တုံး"

"နောက်ဖေးမှာ နေစရာ ပေးထားသဲ့ မြေးက လယ်လုပ်သူ လယ်ပိုင် ရေးမှုနဲ့ ချလိုက်သာ ကျွမ်းပုံပါရောလား"

ကိုဘညိန်း အံ့ဩနေသည်။ သည်အကြောင်းကို ပြောနေဆဲ၌ ခွေးမ သယ်ယူလာသော သတင်းမှာလည်း သည်သတင်းပင် ဖြစ်သည်။ သို့ရာတွင် သတင်းမှာ လွန်စွာချဲ့ကားပြီး ဖြစ်နေသည်။

"ခွေးမ၊ အခု အဲသည်အကြောင်းကို ပြောနေသာဟာ နင်ပြောသား အလိုဆိုရင် မောင်ကိုကြီးကို အိမ်ဝိုင်းထဲက မောင်းထုတ်ရုံပဲ ရှိတော့သာပေါ့"



"မောင်ကိုကြီးကို အိမ်ဝိုင်းထဲက မောင်းချင်မောင်း၊ မမောင်းချင်နေ။ ငါက စေတနာနဲ့ ပြောသာ"

"အခု လှမေက နင် ပြောသလိုဖြစ်မှာ စိုးရိမ်နေသယ်။ ငါက မဖြစ် နိုင်ဘူးလို့ ပြောနေရာက မောင်ကိုကြီးဆီ သွားမလို့"

"အလိုလေးတော်"

ခွေးမက မျက်လုံးပြူးပြီး အော်ရာက "ဓားတစ်ပြက် တုတ်တစ်ပြက် တွေ ဖြစ်ကုန်တော့မှာပဲ" ဟု အော်၏။

"ဟဲ့ ဘာပြုလို့ ဓားတစ်ပြက် တုတ်တစ်ပြက် ဖြစ်ရမှာတုံး"

"လူဟာ လောဘသားဟဲ့၊ လောဘမွန်လာရင် ဘိုးအေရော ဘွားအေ ရော ဘထွေးရော မသိတော့ဘူးဟဲ့။ အဲသည်တော့ နင်က ရိုးရိုးပဲသွားဦး။ ဟိုက သူ့ကို ရန်ပြုမယ်ထင်ပြီး"

ကိုဘညိန်းက မလှမေကို လှမ်းကြည့်၏။ သူ ပြောသည်ထက် ပိုလွန် သော စကားကို ခွေးမက ပြောနေပြီ။ မလှမေ ခေါင်းမော့ထား၏။

"မဖြစ်နိုင်ဘူး။ အခု သွားမေးမယ်"

"မသွားနဲ့လို့ ငါ တားသယ်"

"မောင်ကိုကြီးဟာ ငါ့အစ်မက မွေးတဲ့ ငါ့သားဟ။ သူ မဟုတ်သာ လုပ်နေသာ တွေ့ရင် ငါက တားရမှာ။ ရိုးရိုးတားလို့ မရရင်၊ ရိုက်ပြီး ဆုံးမရမှာကို အခုဟာက ကိုယ့်ဘိုးအေ ဘွားအေကို"

"သည့်ပြင်ကိစ္စတော့ ဟုတ်ကောင်း ဟုတ်မယ်။ သည်ကိစ္စမှာတော့ ဦးလေးကို ရန်မူလိမ့်မယ် ထင်သယ်"

"မူပေစေဟာ။ သည့်စကားကို ထပ်ပြန်တလဲလဲ ပြောနေကြသာ ငါ မကြိုက်ဘူး။ ရှင်းရှင်းလင်းလင်းပဲ သွားမေးမယ်"

ကိုဘညိန်းသည် သိမ်းမြှီးသားခြေလှမ်းကို ပြန်ထုတ်၏။

"ကိုဘညိန်း၊ အတင့်မရဲနဲ့နော်" ဟု လှမေက လှမ်းပြောသည်။

"ခွေးမ ရောက်လာခါမှ မောင်ကိုကြီး လူဆိုး ဖြစ်သွားသာပါဟာ။ ငါ့သားဟာ နင်တို့ ထင်သလို မဟုတ်နိုင်ပါဘူး"

ပြောပြောဆိုဆို ကိုဘညိန်း ထွက်လာ၏။ လူတွေ၏ ကြည့်ပုံ ရှုပုံသာ ယခင်နှင့်မတူဟု ကိုဘညိန်း ထင်သည်။ မောင်ကိုကြီးကို မကောင်းပြောမှုသည်

www.burmeseclassic.com

www.burmeseclassic.com



ထင်သည်ထက် ကျယ်ပြန့်နေဟန် ရှိသည်။ သွားရမည့် နေရာမှာ အခြား မဟုတ်။ အဖေတို့၊ အမေတို့အိမ် ဖြစ်ပေသည်။

သို့သော် ပုဆိုးယောင်းတစ်ထည်ကို ခေါင်းတင်လျက်၊ သူ့ရှေ့က သွားနေသူမှာ အစ်မ မချောစိန် မဟုတ်လား။

"အစ်မ ဘယ်တုံး"

အဖေတို့ အိမ်ဝိုင်းထဲ ဝင်ခါနီးတွင် လှည့်ကြည့်၏။ ဟုတ်ပါသည်။ ကိုဘညိန်း၏အမေ မချောစိန် ဖြစ်ပါသည်။

"နင် ဘယ်တုံးဟဲ့။ ငါ မောင်ကိုကြီးဆီ သွားမလို့။ သူနဲ့ ပတ်သက်သဲ့ မကောင်းသတင်းတွေက ရွာထဲမှာ လျှံနေပြီ"

သူတို့မောင်နှမသည် ကင်မွန်းခါးပင်၏ အရိပ်အောက်သို့ ဝင်မိကြ၏။

"အဖေ ကြားရင် ဆဲတော့မှာပဲ အစ်မရေ"

"ဆဲခါမှ ဆဲရော့ဟေ့။ လူတွေက စကားမရှိ စကားရှာပြီး ပြောကြသာကို ခဏနေရင် တိတ်သွားမှာပဲ ဆိုပြီး ထားသား၊ မပြီးဘူးဟေ့။ မိသားစု ချစ်ချစ်ခင်ခင် နေသာကို မကြည့်နိုင်သဲ့ လူတွေက အစထောင်ပေးလိုက်သာလို့ ငါ ထင်ပြီး ခပ်ပေ့ပေ့ နေခဲ့သာ"

"အေး ငါလည်း အဲသည်အကြောင်း ရှင်းရှင်းလင်းလင်း သိရအောင် လာသာ အစ်မရေ။ ငါ့သားကို မယုံလို့ မဟုတ်ဘူး။ ရှင်းရှင်းလင်းလင်း မေးပြီးတော့ သက်သေသက္ခာရ လုပ်ဖို့လာသာ။ အခု အစ်မကိုယ်တိုင် ရောက်လာတော့ ပိုပြီးကောင်းသွားသာပေါ့ အစ်မရာ"

မောင်နှမ နှစ်ယောက် ကင်မွန်းခါးပင်ရိပ်မှ ထွက်လာကြ၏။ အဖေတို့ အိမ်ကို လှမ်းကြည့်သည်။ အိမ်တံခါးတွင် သံကောက် ချိတ်မထား။ သို့သော် အမေ့ကို မမြင်ရ။ မန်ကျည်းပင်အောက်ရှိ ထင်းတုံးကြီးကို လှမ်းကြည့်သည်။ အမေမရှိ။ တစ်ဖန် မီးဖိုကျင်းကို လှမ်းကြည့်သည်။ အမေ မရှိ။

"ယာထဲများ ဆင်းနေကြသလား"

"ဟုတ်မယ် ထင်သယ် အစ်မရေ့။ ရေလောင်းဗုံးသမား ကိုကြွယ်ကြီး လာသာ မြင်လိုက်သယ်"

မောင်နှမနှစ်ယောက် အဖေ၊ အမေတို့ အိမ်ခေါင်းရင်းမှ ဖြတ်လျှောက်လာကြ၏။

"ဟော အမေကြီး၊ ဘထွေး"



အဖီတံစက်မြိတ်အောက်မှ ဆီးကြိုသူမှာ အငယ်မ မြင့်သွေးကို ဖြစ်သည်။ အဖီတွင်းသို့ သူ့မျက်နှာ လှည့်လိုက်ချိန်မှာပင် မြင့်မြင့်သွေးက ဆင့်ပေါ်မှ လျှောဆင်းလာ၏။

"အမေတို့ မလာစဖူး အလာထူး"

မြင့်မြင့်သွေးသည် ယောက္ခမကို တစ်လှည့်၊ ဘထွေးကို တစ်လှည့် ကြည့်ရင်း ရွှေတ်၏။

"ဟိုကောင် ဘယ်သွားတုံး"

မြင့်မြင့်သွေး မဖြေနိုင်သေး။ သင်ဖျူးလိပ်ကို ချခင်းပြီး၊ အဝတ်စုတ်ဖြင့် သုတ်နေရသောကြောင့် ဖြစ်သည်။

"အမေ ထိုင်ပါ။ ဘထွေး ထိုင်ပါ"

"ဟိုကောင် ဘယ်သွားလဲလို့ ညည့်ကို ငါ မေးနေသယ်။ ထိုင်ဖို့ လာသာ မဟုတ်ဘူး။ အဲသည်ကောင်ကို တွေ့ချင်လို့"

"ရေချိုးသွားသယ် အမေ။ သမီးလည်း လိုက်သွားပါပြီ"

မြင့်မြင့်သွေးမှာ ယောက္ခမနှင့် ဘထွေးတို့ မလာစဖူး အလာထူးသောကြောင့် ပျာယာခတ်နေ၏။ ပစ္စလက်ခတ်ထားသော အဝတ်တွေကို ခေါက်သိမ်းနေရသည်က တစ်မျိုး၊ အိမ်ပြင်ထွက်ပြီး မီးဖိုကျင်းထဲရှိ ရေနွေးအိုးကို မီးထိုးရသည်က တစ်မျိုးဖြင့် အလုပ်ရှုပ်နေ၏။

မြင့်သွေးကို ပြေးလာသည်။

"ပြောခဲ့ပြီ အမေကြီး"

"လာစမ်းပါအေ၊ ရေချိုးသွားသဲ့လူ ရေချိုးပြီးရင် လာမှာပေါ့။ ညည်းသာ အမေကြီးဆီ လာစမ်းပါ"

အမေကြီး မချောစိန်သည် မြေးမ မြင့်သွေးကို့ကို လှမ်းဖက်ပြီး ပေါင်ပေါ် ဆွဲတင်ဘည်။ ချွေးသီးချွေးပေါက်များကို လက်ဝါးဖြင့် သုတ်ပေးသည်။ ဆံပင်ကို သပ်ပေးရင်းက ငုံ့ကြည့်၏။

"အစ်မရေ၊ ကလေးတွေလည်း ဘာလိုလိုနဲ့ တော်တော်ကြီးနေကြပြီဗျ"

ကိုဘညိန်းက တူမကို စိုက်ကြည့်ရင်းက မချောစိန်သို့ ပြော၏။

"အေးပေါ့၊ နင်တို့ ငါတို့က သချိုင်းနဲ့ နီးသွားသာပေါ့ဟယ်"

www.burmeseclassic.com

www.burmeseclassic.com



မချောစိန်၏ အဖြေမှာ သံဝေဂစကား ဖြစ်သဖြင့် "စိတ်ပျက်သယ် ဗျာ။ ဒါကြောင့် ကလေးတွေနဲ့ မတွေ့ချင်သာ" ဟု ပြက်ရယ်စကား ပြော၏။

"တို့ရှေ့က တို့အဘွား၊ တို့အဘိုးတွေ သွားကြပြီ"

"အမေနဲ့ အမေ ရှိပါသေးသယ်ဗျ"

"အဲသည်လို ကံသေကံမ ပြောလို့မရဘူးလေ။ အမှည့်တဝင်းဝင်း၊ သီးကင်းတဖြုတ်ဖြုတ်တဲ့ဟဲ့"

"သီးကင်းတဖုတ်ဖုတ်ပါ အမေကြီးရ"

မြင့်သွေးကိုက ဝင်ပြောသဖြင့် "ဟုတ်ပါသယ်။ ဟုတ်ပါသယ်" ဟု ချောစိန် လှျှာလှျှာချရင်း အဖီဝသို့ မော့ကြည့်စဉ် ရေစိုပုဆိုးကို ခြုံလျက် မောင်ကိုကြီး ဝင်လာ၏။

"အမေနဲ့ ဘထွေးပါကလား"

"တက်စမ်း။ အင်္ကျီ ဝတ်စမ်း"

မချောစိန်က လောဆော်သည်။ အဆင့်ပေါ်သို့ မောင်ကိုကြီး တက်လာစဉ် မြင့်မြင့်သွေးက ရေနွေးဇန်းကို လာချသည်။

"ခြင်ထောင်ပေါ်မှာ အင်္ကျီရှိတယ်လေ" ဟု လှမ်းပြောသည်။

"ကဲ အမေရော၊ ဘထွေးရော နှစ်ယောက် လာရအောင် ဘယ်လောက် အရေးကြီးသဲ့ အကြောင်းအရာတုံး"

မောင်ကိုကြီးသည် အင်္ကျီဝတ်ရင်းက မအေ့ဘေးတွင် ဝင်ထိုင်၏။

"အခု ရွာထဲမှာ နှင်နဲ့ဆိုင်သဲ့ စကားတွေ ပေါ်နေသာ သိလား"

"မသိဘူး အမေ။ သူများပြောစရာလည်း ကျုပ် ဘာမျှမှ လုပ်မထားသာပဲ။ ဘာပြောကြလို့တုံး"

"အခု ဘတို့လယ်က စပါးဘယ်လောက် ရသတုံး"

"ခြောက်ရာမှဲမှဲတော့ ရမယ် ထင်သာပဲဗျ။ ကျုပ်လည်း ပုတ်မဝယ်ရသေးသာနဲ့ ဘတို့ 'စည့်' ထဲမှာ ရောထားသဗျ"

"သေသွားသဲ့ အဘိုးလယ်ကကော"

မောင်ကိုကြီးသည် မအေကို ငုံ့ကြည့်သည်။

"တစ်ခုပြီးတစ်ခု မေးနေပုံထောက်တော့ အမေ တစ်ခုခု ဖြစ်လာပြီ ထင်သယ်။ ဟုတ်လား ဘထွေး"



ကိုဘညိန်းက ခေါင်းညိတ်ပြသည်။ ထိုအခါ မောင်ကိုကြီးသည် သူ့အမေကို ထပ်မံပြီး ကြည့်သည်။

"အခု အမေက ဘာတွေ ကြားခဲ့လို့တုံး" ဟု မေးသည်။

"အမေ မေးသာပဲ ဖြေစမ်းပါ သားရယ်"

"ကွယ်လွန်သွားသဲ့ အဘိုးလယ်ကတော့ ငါးရာဝန်းကျင် ထွက်မယ် ထင်သာပဲ အမေရ။ ဒါပေမဲ့ ဘယ်သူ့ဆီ အပ်ရမှန်းတောင် မသိသေးပါဘူးဗျာ။ နေပါဦး၊ အမေတို့ ဘာတွေ ကြားလာလို့တုံး"

ဤအကြိမ်တွင်ကား မောင်ကိုကြီးသည် အမေနှင့်ကွာအောင် ခွာပြီးမှ အမေ့ကို ကြည့်ပြီး မေးခြင်း ဖြစ်၏။

"အဲသာကြောင့် ရွာထဲမှာ နှင်နဲ့ဆိုင်သဲ့ စကားတွေပေါ်နေသာ သိလားလို့ စစချင်း မေးသာပေါ့"

"မသိဘူး အမေ။ နွားက နှစ်ရှည်း ဆိုတော့ ပိုဆိုးသာပေါ့။ အဘိုးဦးကျန့်ကြီးရဲ့စပါးတွေ သည်တိုင်း ပုံထားရတော့ အသက်မှ ဝအောင်ရှူမိရဲ့လား လို့ မေးရမလို ဖြစ်နေပြီ အမေရေ့"

"အေး မင်းကသာ ဘာမျှ မသိသယ်။ ရွာထဲမှာတော့ 'လယ် လုပ်သူ လယ်ပိုင်သယ်' ဆိုပြီးတော့ မင်းက စပါးတစ်စေ့မျှ မပေးဘဲ လယ်တွေကို အပိုင်စီးသွားပြီတဲ့"

မောင်ကိုကြီး တောက်ခေါက်သည်။ ဓားကို ထဆွဲသည်။ ထိုအခါ မချောစိန်က "ဟဲ့ ဓားဆွဲရအောင် နင် ဘယ်သူ့ကို ခုတ်မှာတုံး။ တစ်ရွာလုံးကို နင် ခုတ်နိုင်မလား" ဟု ငေါက်ငမ်းမှ ဓားကို ပြန်ချ၏။

"ကျုပ်ကို နေစရာ-ပေးထားသဲ့ ဘနဲ့ အမေကြီးကို ဘယ်လိုလုပ်ပြီး ကျေးဇူးကန်းရမတုံး အမေရ"

ကိုအညိန်းကား သူ့တူကို ကြည့်ကာ အလွန်ကျေနပ်နေ၏။ ခေါင်းတညိတ်ညိတ်ဖြင့် ပြုံးနေ၏။

"ငါ့သားဟာ သူတို့ ထင်သလို မဟုတ်ကြောင်း အမေ ပြောပါသယ် သားရယ်။ ကိုယ်နဲ့ နှိုင်း မရှိုင်း ဆိုသာလိုပေါ့ကွယ်။ မတရားထင်ကြ၊ မတရားပြောကြသာ"

"သိပြီ အမေ၊ ကျုပ် သိပြီ"

www.burmeseclassic.com



မောင်ကိုကြီး၏ မှတ်ဉာဏ်အာရုံထဲသို့ လူအချို့၏ အမည်များ ဝင်ရောက်လာသည်။ ထို့နောက် ထိုသူတို့၏ မျက်နှာများပါ ထင်လာသည်။

"သူတို့ဟာ အဘိုးဦးကျွန်ကြီး လယ်ထဲ မဆင်းနိုင်လို့ ဘနဲ့ ကျုပ်တွဲပြီး ဆင်းရကတည်းက မထိခလုတ် ထိခလုတ် ပြောခဲ့တာဗျ"

"ဘာတဲ့တုံး သား"

မချောစိန်က မေးခြင်း ဖြစ်သော်လည်း ဘထွေး ကိုဘညိန်းကမူ ပြုံးစေ့စေ့ လုပ်နေသည်။

"လယ်လုပ်သူ လယ်ပိုင်သတဲ့ကွနော်လို့ ပြောသယ် အမေ။ ဘယ်လယ်မှ ကျုပ် လုပ်နေသာ မရှိဘူး အမေ။ မနက်တိုင်း သွားသွားပြီး 'ကနေ့ ဘယ်လယ်ကို ဘာလုပ်မယ်' ပြောရသာဟာ ကျုပ်လုပ်သဲ့လယ် မဟုတ်လို့ပေါ့ အမေ"

"အေးကွ"

ဦးလေးဘညိန်းက ယခုမှ စတင်ပြော၏။

"ငါ့သားဟာ မင်းတို့ ထင်သလို မဟုတ်ဘူးလို့ ငါ အခိုင်အမာ ပြောသာပဲ။ အဲသာကို မယုံကြလို့ ရှင်းရှင်းမေးရအောင် အလာမှာ အစ်မနဲ့ တွေ့သာပဲ" ဟု ဆက်လက် ရှင်းပြ၏။

"ကျုပ်ကို ပါးကို ဖိနပ်နဲ့ ရိုက်သွားပါ အမေ"

"ငါ့သားရဲ့ သစ္စာသမာဓိကို အမေ ယုံပြီးသား။ ဘာဖြစ်လို့ ပါးကို ဖိနပ်နဲ့ ချရမှာတုံး"

"ပါးကို ဖိနပ်နဲ့ရိုက်သာ ခံချင်သယ် အမေ။ အဲသည်လို ကျုပ်သိက္ခာ၊ ကျုပ်သမာဓိကို စော်ကားသာ မခံချင်ဘူး"

တင်းမာခက်ထန်စဉ်က ဓားဆွဲခဲ့သော မောင်ကိုကြီးသည် ပျော့ညံ့သွားသောအခါ၌ ခေါင်းငိုက်စိုက်ချလျက် ငိုသံပါကြီးဖြင့် ပြောနေ၏။

"အခု မင်းပါးစပ်က ပြောသာကို မင်းဘထွေးရော အမေရော ကြားပြီးပြီ။ ငါ့သား ဘာမျှပြောမနေနဲ့၊ လုပ်မနေနဲ့။ အမေတို့ ပြောစရာရှိသမျှ ပြောမယ်။ ငါ့သား လုပ်စရာရှိသာ လုပ်မြဲတိုင်း လုပ်"

မချောစိန် ထရန် ကြမ်းပြင်ကို လက်ဝါးဖြင့် ထောက်ရာ မြင့်သွေးကို ပွေ့လာရင်း အဖီထဲသို့ သီဟကို စက်ဘီးစီးလျက် ဝင်လာသည်။

"ဟော အမေကြီး၊ ဟော ဘထွေး"



"ငါ့မြေးတောင် ကျောင်းက ပြန်လာပြီပဲ။ ကြိုးစား သား ကြိုးစား။ မင်းအဖေလို တိုးလိုးတန်းလန်း မဖြစ်စေနဲ့"

ပြောပြောဆိုဆို မချောစိန် ထရပ်သည်။ မြင့်သွေးကိုက ဘွားအေကို တွဲထား၏။

"အမေကြီးက ရပါသေးသယ်အေ။ မတွဲရသေးပါဘူး"

မချောစိန်သည် မြေးမကို ပြောရာက ကိုဘညိန်းကို "မောင်လေး နေခဲ့ဦးမလား" မေးသည်။

"အမေတို့ အဖေတို့ဆီ ရောက်တုန်းရောက်ခိုက် ဝင်ရဦးမယ်။ သည် အခေါင်းထဲမှာ မနေချင်ပါဘူး"

"အိမ်ပါ အဘရဲ့၊ အခေါင်း မဟုတ်ပါဘူး"

မြင့်သွေးကိုက ကက်ကက်လန်အောင် ရန်တွေ့သဖြင့် လူကြီးတွေ အားလုံး ရယ်မောကြစဉ် အဖီထဲမှ ပြေးထွက်သွားကာ "ဧည့်သည် လာသယ် နော်။ ဧည့်သည်" ဟု ဘ ရိုးဆေးရိုးနှင့် အမေကြီး ရိုးကျိုးဒန်တို့၏ အိမ်ရှေ့သို့ သွားရောက် အော်ဟစ်နေလေသည်။

"ဟဲ့ ဘယ်က ဧည့်သည်တုံး"

ဘ ရိုးဆေးရိုးသည် လှေကားရင်းသို့ ထလာရင်း မေး၏။ အမေကြီး ရိုးကျိုးဒန်ကမူ ထမင်းအိုးကို သယ်လာရင်းက မျက်မှောင်ကြုတ်ကြည့်သည်။ သို့စဉ်တွင် မချောစိန် ပြေးလာသည်။ "အမေ ပေး ပေး" ဆိုကာ ထမင်းအိုးကို ဆွဲယူသည်။

"ချောစိန်လား" ဟု မေးသောအခါ "ဟုတ်သယ်" ဟု မြင့်သွေးကို တမင်ဖြေ၏။

"ရောက်တုန်းရောက်ခိုက် စကားစမြည်လေး ပြောရအောင် ထိုင်ကြဦး"

သူ ပြောစဉ်တွင် မချောစိန်က ထမင်းအိုးကို ကိုဘညိန်းသို့ ပေးလိုက်ပြီး သူက မီးဖိုကျင်းထဲသို့ ပြန်ပြေးသည်။

"အမေ နေကောင်းလား"

ကိုဘညိန်းက ကပ်ပြီး မေးသည်တွင် "နေကောင်းလို့ ငုတ်တုတ်ကြီး မြင်ရသာပေါ့ဟဲ့ မသာရဲ့" ဟု ကန့်လန့်ဖြေ၏။

"အဖေကော စားလို့ သောက်လို့ ဘယ့်နှယ်နေလဲ"

www.burmeseclassic.com

www.burmeseclassic.com



"စားလို့ သောက်လို့ မဆိုးပါဘူးကွာ။ သွားရှိတုန်းကလိုတော့ မဝါးနိုင်ဘူးပေါ့ကွာ။ အဲသာကို မောင်မောင်ထွေးက 'အံပုံ' ကပ်ပေးမလို့တဲ့။ မလုပ်ပါနဲ့ကွာလို့ မနည်း တောင်းပန်ထားရသယ်"

ဘ ရိုးဆေးရိုးသည် ခေါင်းရင်းပိုင်းတွင် ဝင်ထိုင်ပြီးမှ မေး၏။

"မင်းတို့ မောင်နှမစုံညီ ဘာလာလုပ်ကြသာလဲကွ"

ကိုဘညိန်းသည် သူ့ဘာသာသူ မဖြေဘဲ အစ်မကို မော့ကြည့်သည်။ မချောစိန်သည် လက်ခုစုတ်(လက်နှီးစုတ်)ကို လုံးချေလျက် ရောက်လာ၏။

"အဖေ့မြေး ကိုကိုကြီးလေ။ သူ့ဘာသာသူ လယ်နှစ်ပွဲနဲ့ ခေါင်းမဖော်နိုင်အောင် ဖြစ်နေသာကို ရွာထဲမှာ သားပုပ်လေလွင့် အပြောခံနေရသယ် အဖေရဲ့"

အမေကြီး ရိုးကျိုးဒန် လှုပ်ရှားလာသည်။

"ဘာတဲ့တုံးအေရဲ့၊ ပြောစမ်းပါဦး"

"လယ်လုပ်သူ လယ်ပိုင်သယ် ဆိုသဲ့ စကားကို ကိုင်ပြီး၊ ကိုကိုကြီးက အဖေတို့ကို ဘာမျှမပေးဘဲ ထားသဲ့အတွက် အဖေတို့ အမေတို့မှာ စားရမဲ့ သောက်ရမဲ့ ဘဝကို ရောက်တော့မယ်ပေါ့"

"အေး၊ နင့်အမေက ငါ့ လာပြောသယ်။ ငါက မယုံဘူး"

ဘ ရိုးဆေးရိုးက ဝင်ပြောသည်။

"အဖေ့သားကလည်း သူ့တူဟာ သည်လို မယုတ်မာဘူးလို့ ပြောသာပဲ။ သာပေမဲ့ အဖေရယ်၊ လူပြောများလာတော့ ရှင်းရှင်းလင်းလင်း သိရအောင် ကိုကိုကြီးဆီ အလာမှာ မောင်လေး ဘညိန်းနဲ့ တွေ့သာ"

"လူတွေက တော်တော်ခက်သာပဲ အဖေရ"

ကိုဘညိန်းက ဝင်ပြောခြင်း ဖြစ်သည်။

"သူ့မြေးအဘိုး သူ့ဘာသာသူ ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ် နေသာကို မရှုစိမ့်ကြဘူး ထင်ပါသယ်။ မောင်ကိုကြီးက ဘယ့်နှယ်၊ မြင့်မြင့်သွေးက ဘယ်လိုနဲ့၊ နောက်ဆုံး အဖေရေ့ လာမေပါ လှုပ်ရှားလာလို့ ကျုပ်လည်း ပြေးလာရသာ"

"အဲသည်တော့"

"အဲသည်တော့ ကျုပ် ကြံတင် တွက်ဆထားသလိုပေါ့။ ကာယကံရှင်မှာ သူ့အကြောင်း မကောင်းပြောသာ မသိရှာဘူး။ သူ့အမေပြောမှ သူ့အကြောင်းကို သိတော့ ဓားထဆွဲသယ် အဖေရေ့"



"အခုတော့ ရှင်းသွားပြီ မဟုတ်လား"

"ဟုတ်ကဲ့ အဖေ၊ ရှင်းသွားပါပြီ"

ထိုအခါ အမေကြီးရိုးကျိုးဒန်က သူ့သားကို စေ့စေ့ကြည့်ရင်း ပြော၏။

"သားရယ်၊ ပိန်လှချည့်လား"

"ပိန်မယ့်သာပိန်သာ အမေရေ့။ စတုမဓုလည်း ဖော်စားသာပဲ။ စိန္တာမဏိ ချက်ဆေးလည်း စားသာပဲ အမေရဲ့"

"စားလို့ သောက်လို့ကော"

"မကောင်းလှဘူး အမေရေ့"

"အိပ်လို့ကော ပျော်ရဲ့လား"

"အိပ်လို့လည်း တစ်ရေးပဲ အမေရဲ့။ အဖေတို့ ဝတ်ကျောင်းက ဝတ်ဆင်းသွားရင် ကျုပ်လည်း အိပ်ရာဝင်သာပဲ။ သာပေမဲ့ သန်းခေါင်လောက်မှာ တစ်ရေးနိုးပြီး ပြန်အိပ်လို့ မရသာက များသယ်"

"နင်က ဘာဘာညာညာများ တွေးသလားမှ မသိသာ"

အမေကြီး ရိုးကျိုးဒန်က မျက်စောင်းထိုးပြီး ပြောသည်။

"ဘာဘာညာညာတော့ တွေးသာပေါ့ အမေရာ။ မအေ့အိမ်မှာ ကပ်နေပြီး နွားစာလောက်မှ မစဉ်းတတ်သဲ့ကောင် အကြောင်းများ စဉ်းစားမိရင် ရှူးချင်သယ် အမေရေ့။ ပြီးတော့ ကလေး ၂ ယောက်နဲ့"

ကိုဘညိန်း ပြောသော ထိုသားမှာ မောင်မောင်လှ ဖြစ်သည်။ အေးရီ အမည်ရှိ ပုရပိုက်တန်းသူကို ခိုးပြေးသဖြင့် မရှိမဲ့ရှိမဲ့နှင့် မင်္ဂလာဆောင်ပေးလိုက်ရ၏။ အိမ်ထောင်ကျလျှင် လက်ကြောတင်းမည် မျှော်လင့်ခြား၊ မောင်မောင်လှ အချိုးမပြေ။ သော်တာဦး အမည်ရှိ သားတစ်ယောက်နှင့် စန္ဒာဦး အမည်ရှိ သမီးတစ်ယောက်သာ ရသည်။ လယ်စားဘဝမှ မတက်။ ထိုသားအကြောင်း ရောက်လာသောအခါ အဒေါ် ဖြစ်သော မချောစိန်လည်း သက်ပြင်းချရ၏။ အမေကြီး ရိုးကျိုးဒန်လည်း သန္ဓိမ ချရ၏။

"အေးဟဲ့၊ ဟုတ်သာပဲ။ သည်သူငယ်ကလည်း တကယ်နေနိုင်သာပဲ"

"သည်ကောင့်အကြောင်း တွေးမိပြန်ရင် ဟိုကောင့်အကြောင်းကလည်း မဖိတ်မခေါ်ဘဲ ရောက်လာသာပဲ အမေ"

ဟိုကောင် ဆိုသည်မှာ ကျော်သူရ ဖြစ်သည်။ နဝတ အစိုးရမတိုင်မီက ကွန်ပျူတာသင်တန်းမှာ ရှားပါးပစ္စည်း ဖြစ်၏။ နဝတ အစိုးရ တက်လာပြီး နောက်ပိုင်းမှသာ ပေါများ တွင်ကျယ်လာခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျော်သူရသည် ကွန်ဖျူးတာသင်တန်း တက်နေသည် အကြောင်းပြကာ၊ ဟိုအဒေါ်ထံက ဖွဲ့လိုက်၊ သည်ဘကြီးဆီက ဆွဲလိုက်ဖြင့် လုပ်နေခဲ့၏။ ဓာတ်တော်ကို ပေါင်းသောအခါ ကျော်သူရသည် လှမြတ်စည် အမည်ရှိ တောင်တွင်းသူကလေးကို ခိုးလာခြင်းဖြင့် နိဂုံးချုပ်လေ၏။

"အဲသည်ကောင်အကြောင်း တွေးမိလို့ကတော့ အမေရေ၊ မြန်မြန်သာ သေလိုက်ချင်သယ်"

ထိုအခါတွင် အမေကြီး ရိုးကိုးဒန်သာမက မချောစိန်ပါ သက်ပြင်းချရတော့သည်။ သို့သော် ကိုဘညိန်းသည် ဤမျှမျှဖြင့် ရပ်နားခြင်းမပြုဘဲ အစ်မကို အဖျားခတ်ပြန်သည်။

"ကျုပ်မှာ သားသမီး ကံဆိုးသာနဲ့အမျှ လူမစွမ်း နတ်မ,သတဲ့ဗျာ။ အစ်မတို့များ ကံကောင်းလိုက်ပုံကတော့ ပျင်းသဲ့ ဖျင်းသဲ့ အကောင်တောင် မစ မယ့်လူ ပေါ်လာသတဲ့ဗျာ"

ကိုဘညိန်း ရည်ရွယ်သည်မှာ အောင်ဘာလေ ဖြစ်၏။ အောင်ဘာလေမှာ သူတစ်ယောက်တည်း ပျင်းသည် ဖျင်းသည် မဟုတ်။ တစ်ဆွေလုံး တစ်မျိုးလုံး ပျင်းကြ ဖျင်းကြ၏။ ပျင်းသော ဖျင်းသောကြောင့် ဆတ်ဆန်ထမင်းသော်မျှ နပ်မှန်အောင် မစားရ။ သို့ရာတွင် လူမစွမ်းသော်လည်း နတ်မ၏သို့ လှအုံးမယ်၏လူ တင်မောင်ကျော်က ထိုသူကိုမှ ရွေးပြီး ဆီးအဝယ်တော် ငရုတ်အဝယ်တော် ခန့်လိုက်သောအခါ တစ်မျိုးလုံး အုတ်အော်သောင်းတင်း ဖြစ်ရ၏။

ကိုဘညိန်း ပြောလည်း ပြောလောက်ပါသည်။

မရှေးမနှောင်းမှာပင် ကိုထွန်းရနှင့် မချောစိန်တို့၏ သားတစ်ယောက် ဖြစ်သော မောင်မောင်ထွေးမှာလည်း မောင်ခိုသမား ယောင်ယောင်၊ အရောင်းအဝယ်သမား ယောင်ယောင်ဖြင့် လှည့်လည်ကျက်စားနေရာ ပြည်မြို့မှ ကုန်သည်ကြီး ဦးသိန်းဟန်၊ ဒေါ်ဖွားနှစ်တို့၏ သမီး ခိုင်သဇင်ကို ရလာသည်။

မောင်မောင်ထွေးတို့ အဘုယ်မျှ ကြွယ်ဝချမ်းသာသည်ကို ရွာတွင် လျှပ်စစ်မီးသွယ်ခြင်း၊ ကုတင်ကြီးစုနှင့် တာလမ်းကို ကတ္တရာလမ်းခင်းခြင်း စသည်တို့က ဖော်ပြနေပေ၏။

အငယ်ဆုံး လှအုံးမယ်ကလည်း မကွေးမြို့မှ စတိုးဆိုင် ပိုင်ရှင် တင်မောင်ကျော်နှင့် အကြောင်းပါသည်။ ရမ်းဘိုကုန်းသူ ရမ်းဘိုကုန်းသားတွေ



မြင်ပင် မမြင်ဖူးသော ကားအဖြူကလေး စီးပြီး ရွာထဲသို့ ဝင်လာသည်။ ဘအတွက် ဆရာဝန် ပင့်ပေးသည်။ ဆေးဝါးခတ်စာ အလျှံပယ် ဝယ်ပေးနိုင်သည်။

ထိုကဲ့သို့ ကိုထွန်းရ မချောစိန်တို့၏ သားသမီးတွေ ရွာထဲ၌ ခေါင်းထောင်နေကြစဉ် ကိုဘညိန်း၊ မလှမေတို့၏ သားသမီးများမှာ အခြေအနေ မကောင်းကြပေ။ မကောင်းသူများထဲမှ အကောင်းဆုံးလူမှာ မေကြည် ဖြစ်သည်။ အကောင်းဆုံးဟု ခေါ်ရခြင်းမှာ နေ့စဉ် ငွေမြင်ရသော မြင်းလှည်းသမား ဖြစ်သည်။

ထိုသမီးကို အားကျပြီး ကိုဘညိန်း မြင်းလှည်း ထောင်သည်။ မြင်းလှည်းသမား အများစုမှာ မြင်းနှစ်ကောင် ရှိကြသည်။ နံနက်ပိုင်းတွင် မြင်းတစ်ကောင် ခိုင်းပြီး ညနေပိုင်းတွင် တစ်ကောင် ခိုင်းသည်။ ထိုအခါ ရောဂါဘယနည်းပါးသဖြင့် ဝင်ငွေကောင်း၏။

ကိုဘညိန်းမှာသော်ကား မြင်းတစ်ကောင်သာ ဝယ်နိုင်၏။ မခိုင်းဘဲ မနေနိုင်သဖြင့် နံနက်ရော ညပါ ခိုင်းရသည်။ သို့ဖြစ်သဖြင့် မြင်းက ဘညိန်းကို တုပပြီး ပိန်သည်။ ရောဂါထူပြောသည်။ မြင်းရှာသော ငွေသည် မြင်းဆေးကုစရိတ်ဖြင့်ပင် ချောလုနီးပါး ဖြစ်တော့သည်။

မြင်းလှည်းက ချူချာစေကာမူ မုန်းမြောင်းသောက်လယ် နှစ်ဧကသာသာနှင့် လင်းဇင်းမြောင်းသောက် သုံးဧကမွဲမွဲ လယ်မြေများ ရှိသားပဲဟု သွားပြီး အားမကိုးလေနှင့်။ လင်းဇင်းမြောင်းသောက်တ ရေမရတာ ကြာပြီ။ ယခင် သုံးနှစ်က သရက်ချင် ရွာနားအထိ လင်းဇင်းမြောင်း ရေလာသည်။ ယခု မလာပြီ။ သို့ဖြစ်သဖြင့် ရာသီဥတုကို အားကိုးပြီး နှံစားပြောင်းကြသည်။ နေကြာကြသည်။ နေကြာထဲတွင် ဖက်လိုးရန် ပွုံးစားပြောင်း ညှပ်သည်။

လင်းဇင်းမြောင်းသောက် လယ်တွေ ရေမရသော် ရှိစေ၊ မုန်းမြောင်း (မဲဇလီဆည်)သောက်လယ်တွေကို ဘညိန်းမှာ ရှိသေးသည် မဟုတ်သလော။ ရေမတက်ပါ။ မြောင်းလုံးပြည့်အောင် လျှံအောင် "ပင်း" သော်ငြား ရေမတက်ပါ။ သို့ကြောင့် ဒီဇယ်ဗိုး "အကုန်ခံပြီး" ရေစုပ်စက်ဖြင့် ရေတင်သည်။ စာရင်းချုပ်လိုက်သောအခါ ဓာတ်မြေဩဇာ ရောင်းသူ၊ ပိုးသတ်ဆေး ရောင်းသူနှင့် ရေစုပ်စက် အငှားလိုက်သူတို့ကို လုပ်ကျွေးရခြင်းသာ အဖတ်တင်တော့၏။

သည်အထဲတွင် လူက မမာသောအခါ ခင်မောင်ငြိမ်း လယ်ပြင် မသွားဘဲ မြင်းလှည်း တက်မောင်းရတော့သည်။ လယ်သမားက လယ်ထဲ မဆင်းဘဲ

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းသမား လုပ်သောအခါ လယ်အလုပ်ပျက်ပြီ။ လယ် အလုပ်ပျက်သောအခါ စိုက်ကြပ်ကော်မတီနှင့် စကားများရပြီ။

ကိုဘညိန်း၏ လုပ်ခင်းဆောင်တာများမှာ ကိုဘညိန်း ညည်းတွားလျှင်လည်း ညည်းတွားလောက်၏။ နံ့စားပြောင်းသည် ရေဝတ်ခံနိုင်သောကြောင့် တော်ရုံသဖြင့် မိုးခေါင်သည်ကို မဖြုံပြား၊ အခန့်မသင့်ပါက ခင်းလုံးကျွတ် လွှင့်ပစ်ရတာတ်၏။ ယင်းကား ပိုးတောက်ခြင်းတည်း။

"အဲသည်ပြောင်းခင်းက ပိုးတောက်တယ်ဟေ့"

တစ်ဦးက စပြီး နာမည်ဖျက်လိုက်လျှင် မည်သည့် မြင်းလှည်းသမားကမျှ လှည့်မကြည့်တော့ပေ။

"မြင်းသမား မရှိလည်း နွားသမား ရှိသားပဲ"

နွားသမားကို အားမကိုးလေနှင့်။ ရေများများနှင့် ကျွေးလျှင် ပိုးမတောက်နိုင်ပြား နွားကို ပြောင်းခင်း ခင်းလုံးကျွတ် ဝယ်မကျွေးပေ။ တစ်ထုံးစ နှစ်ထုံးစလည်း ဝယ်မကျွေးပေ။ ဤသို့ဖြင့် တစ်ခင်းလုံး အခြောက်ခံ ထားရသည်။

ဒူပေနာပေ ခံနိုင်သော နံ့စားပြောင်း အခြေမလှသော်ငြား အကွက်ကောင်းမိသဖြင့် နေကြာ အဆင်ပြေ၏။ သို့သော် အပင်သာ အဆင်ပြေ၏။ အပင်တွင် ပွင့်သော နေကြာပွင့်က အဆင်မပြေပါ။ နေကြာစေ့ကို စာနှင့် ကြက်တူရွေး ဆက်ရက်များက အလွန်နှစ်သက်ကြ၏။

ထိုနေကြာနှင့် တွဲသော ဖက်ပြောင်းကို ကြည့်ပါဦး။

ဖက်ပြောင်းဟူသည် ပြောင်းဖူးတွင် ဖွဲ့ယှက်ထားသော ပြောင်းဖူးဖက်ကို ခေါ်ပါသည်။ ထိုဖက်ကောင်းမှ ဆေးပေါ့လိပ်တွင် သုံးသော ပြောင်းဖူးဖက်ရပါသည်။ ထိုဖက် ရရန်အတွက် ပြောင်းဖူးခြောက်များမှတစ်ဆင့် ဖက်လှီးကာဖက်အုပ် လုပ်ရပါသည်။ သို့ရာတွင် လူသူခိုးနှင့် ခွေးသူခိုး၊ ကြက်တူရွေး၏ရန်က ပေါ်လာသောအခါ လယ်သမား ထိုင်ငိုရလေ၏။

ဤသို့ဖြင့် ကိုဘညိန်းမှာ လူစင်စစ်က ခိုဖြစ်သွားရလေ၏။

နေကြာခင်းထဲ ဝင်မိသော ကြက်တူရွေးသည် နေကြာစေ့ကို နှုတ်သီးဖြင့် ထိုးဆွ နှိုက်ယူရသည်ကို ရိုးသွားသောအခါ ပြောင်းဖူးခင်းထဲ ကူး၏။ ပြောင်းဖူးကို ဖြဲပြီးမှ ပြောင်းဖူးစေ့နုနုကလေးကို စား၏။



ထို ကြက်တူရွေးကို မည်ကဲ့သို့ မောင်းနှင်မည်နည်း။ လောက်လေးဖြင့် ရမ်းသမ်းပစ်သည်။ ဝါးလက်ခုပ်၊ သံပုံး၊ သားရေခွတို့ဖြင့် ခြောက်လှန့်၏။ သို့သော် ခွေးမူ ဤသို့ မဟုတ်။ ပြောင်းဖူးကို ပုတတ်ရပ်ပြီး ရှေ့ခြေနှစ်ချောင်းဖြင့် ဖက်တွယ်သည်။ ပြောင်းဖူးပင်ကို ဖိလှဲသကဲ့သို့ ဖြစ်ကာ အပင်လဲကျသည်။ ခွေးသည် ထိုအခါကျမှ အားပါးတရ အခွံကို ကိုက်ဖွဲ့ စားလေ၏။

ပြောင်းဖူး၏ အခွံကို အားထားသော ဖက်ပြောင်းခင်းသည် ကြက်တူရွေးနှင့် ခွေးတို့ နှိပ်စက်သည့်အတွက် ပျက်စီးခဲ့ပြီ။ လူသူခိုးကား ပြောစရာ မရှိပါ။ တစ်ဖူးစ၊ နှစ်ဖူးစ ချိုးယူခြင်း မဟုတ်။ စီးပွားဖြစ် ခိုးခြင်းဖြစ်ရာ အဘယ်လယ်သမားသည် ထိုသူတို့အတွက် စိုက်ပျိုးပါတော့မည်နည်း။

"ဘထွေး ကျွန်းမာရေး ဂရုစိုက်ပါ။ ကျွန်တော် တတ်စွမ်းသရွေ့ အိမ်မှာရော လယ်ထဲမှာပါ ကူညီပါမယ်"

မောင်ကိုကြီးက အမေကြီးတို့ရှေ့ အမေတို့ရှေ့မှာပင် နှစ်သိမ့်၏။ သို့ရာတွင် ကိုဘညိန်း အားမတက်ပါ။

"အေးလေ၊ သားအရင်းတွေက လျစ်လျူရှုတော့ တူက ဝင်ပြီး အားပေးရသာပေါ့ကွာ။ ဝမ်းသာပါသယ်"

"ဘထွေးလည်း ချောင်းတိမ်ယာတစ်ကွက်တော့ ပိုင်ထားသယ် မဟုတ်လား။ အဲသည်မှာ ဘထွေး ဘာချထားသတုံး"

ရမ်းဘိုကုန်းရွာမှာ ရွာတံခွန် ဖြစ်သည်။

စလင်းချောင်းကို ကျောပေးပြီး လေးထပ်ကျောင်းနှင့် သာဒွန်းဝမြောင်းပေါင်းကို မျက်နှာပြုထား၏။ မျက်နှာချင်းဆိုင် အိမ်မရှိ။ ကျောဘက်တွင်လည်း စလင်းချောင်းက သောင်ထိုးပေးလိုက်သောအခါ တစ်အိမ်လျှင် ချောင်းတိမ်ယာ တစ်ကွက်စီ ရှိထားကြသည်။

ချောင်းတိမ်ယာ တစ်ကွက်စီ ရထားသူများအနက် အချို့သည် ရောင်းစား၏။ အချို့မှု ပွားစား၏။ တညိန်းသော်ကား ရေတွင်းတူးပြီး မောင်းတက်ပင်ဆင်ထားသည်။ ခရံ၊ တိုင်ထောင်ပဲ၊ ငရုတ်၊ ခရမ်းစိုက် သော်ငြား ရေမှန်မှန်မလောင်းနိုင်သဖြင့် အကျိုးမခံစားရ။

ယခု မောင်ကိုကြီးက ချောင်းတိမ်ယာအကြောင်း စလာသည်။

"ဘတော့ ကြက်သွန်ချထားသယ်ဗျ"

ကိုဘညိန်း ရှုံ့မဲ့ပြီး တစ်စုံတစ်ရာ လွှင့်ပစ်ဟန်ပြု၏။

www.burmeseclassic.com

www.burmeseclassic.com



"သွားစမ်းပါကွာ။ မောင်းတက် မကိုင်နိုင်သဲ့လူက ဘယ်လိုလုပ်ပြီး ကြက်သွန်စိုက်မတုံးကွာ"

"ကျုပ်လည်း လယ်နှစ်ပွဲနဲ့ ဂျင်ခြေလည်နေသာပါ။ ဘထွေးရဲ့ ချောင်းတိမ်ယာကို ငုံကြည့်ဖို့တောင် မနည်း အချိန်ယူရမှာ"

"ဒါနဲ့များကွာ" ဆိုကာ ကိုဘညိန်း ခေါင်းလည်သွား၏။

"ဘထွေးက အပြစ်ပြောသာ အလျင်ကိုးဗျ။ ချောင်းဟိုဘက်က ကိုကြွယ်ကြီး ဆိုသာလေ ဘရဲ့ချောင်းတိမ်ယာမှာ ကြက်သွန်လုပ်ပေးသာ ဟန်သယ်ဗျ။ အခု ခဝဲနဲ့ ငရုတ်၊ ခရမ်းလည်း သူ့ပဲ ခိုင်းသာဗျ။ အဲသာ"

"ဟုတ်သဟဲ့၊ နှင့်အမေကို မေးကြည့်ပါလား"

ထိုအခါကျမှ အမေကြီး ရီးကျီးဒန် ပြောဖြစ်သည်။

ဝင်ငွေမရှိသော ကိုဘညိန်း၏ အိမ်မှာ ထိုအခါကျမှ ငရုတ်သီးဖိုးနှင့် ခရမ်းသီးဖိုး၊ ပဲသီးဖိုးများဖြင့် စိုပြည်လာလေတော့သည်။ မလှမေ၏ လက်ခတ်သံမှာလည်း ထိုအခါကျမှ စေဆာလာလေ၏။

❑

## - ၁၄ -

လျှပ်စစ်မီးသည် မလင်းပါ ဆိုသော်ငြား ရေနံဆီမီးခွက်ထက်ကား လင်း၏။ ထိုမီးရောင်အောက်၌ ရမ်းဘိုကုန်းသား ကလေးငယ်များ ကျွမ်းထိုးနေကြ၏။ သို့ရာတွင် လူကြီးတွေ ရောက်လာသည်နှင့်အမျှ ကလေးတွေ နေရာကျဉ်းလာ၏။ အသစ်ဆောက်လုပ်ထားသော ဝတ်ကျောင်းအတွင်း၌ မီးချောင်းများ လင်းလာသောအခါ ငရုတ်သီးမှည့် မီးလုံးများ ပျောက်ကွယ်သွားသည်။

ဝတ်တက်ရန် လာကြခြင်း မဟုတ်ပါ။ ဝတ်တက်ရန်ဆိုလျှင် ဘရီးဆေးရိုးနှင့် ရီးသာဒွန်းသာ ရှိတတ်၏။ တစ်ခါတစ်ရံ မိန်းကလေး တစ်ယောက် နှစ်ယောက်၊ ယောကျ်ားကလေး တစ်ယောက် နှစ်ယောက် ရောက်လာတတ်သည်။ ပင်တိုင်မှာသော်ကား နှစ်ယောက်သာ ရှိပါလျက် ယခု သုံးဆယ်ခန့် ရှိပြီ။

"လူစုံလောက်ပြီ ထင်ပါရဲ့"

ရွာခေါင်း ဦးဘရီ ထလာသည်။ ပရိသတ်ကို ကြည့်ပြောသည်။ ထိုအခါ ဆီဆုံပိုင်ရှင် မောင်စံက "လူစုံအောင် စောင့်ရင် သန်းခေါင် ကျော်သွားလိမ့်မယ် ကိုဘရီ၊ စပေတော့" ဟု အကြံပေးသည်။ ထိုစဉ် ရွာဆော် လှမောင် ပြေးလာသည်။

"ဟောသည်မှာ အစီအစဉ် ဆွဲထားပါသယ်"

www.burmeseclassic.com

www.burmeseclassic.com



ဦးဘရီ ငုံ့ကြည့်ကာ ခေါင်းညိတ်သည်တွင် ကိုလှမောင် အော် ၍ပြောသည်။

"ရမ်းဘိုကုန်းရွာ ဓာတ်ပေါင်းစုဘုရား၊ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရေး အစည်းအဝေး ကျင်းပပြီဖြစ်သဲ့အတွက် အားလုံး နေရာယူကြပါ ခင်ဗျား"

ထိုသို့ အစချီကာ အစီအစဉ်များကို ဖတ်ပြစဉ်မှာပင် လူများ အပြေးအလွှား ရောက်လာကြသည်။ သဘာပတိ မိန့်ခွန်းကို ဦးဘရီ ပြောသောအခါ လူစုံပြီ။

"အဲသည်တော့၊ တာဝန်ခွဲဝေသောအားဖြင့် ကော်မတီဖွဲ့မယ်။ ဘဏ္ဍာရေး ကော်မတီက ငွေကောက်မယ်"

ပြင်ဆင်ရေးကော်မတီ၊ လုံခြုံရေးကော်မတီ၊ ပွဲတော် ကျင်းပရေး ကော်မတီ စသည်ဖြင့် ဖွဲ့စည်းကြရာ ကိုဘညိန်းမှာ ဘဏ္ဍာရေး၌ ပါဝင်၏။ ထိုအခါ မောင်ကိုကြီးက အကြံပေး၏။

"အစည်းအဝေး မတက်ပေမဲ့ များများထည့်မယ့် မောင်မောင်ထွေးကို ဘဏ္ဍာရေးကော်မတီမှာ ထည့်ပါ။ ဘထွေး ဦးဘညိန်း ထည့်မယ့်အစား မောင်မောင်ထွေးကို ထည့်ဖို့ အကြံပြုပါတယ်"

"ကာယကံရှင်က ငြင်းရင် ဘယ့်နှယ် လုပ်မတုံး"

"ကျုပ်ညီကို ကျုပ် တာဝန်ယူသယ်ဗျာ"

ဘဏ္ဍာရေးကော်မတီသည် ချက်ချင်း အလုပ်စ၏။

"ဦးဆေးရိုး တစ်သောင်း"

"မောင်ကိုကြီး လုပ်ကိုင်ကျွေးလို့ စားနေရသဲ့ နင့်ဘိုးအေက ဘယ်လို လုပ်ပြီး တစ်သောင်း ထည့်မတုံးဟ"

"အဘိုးကြီး အဘွားကြီးမို့ တစ်သောင်း ထားတာဗျို့။ စားစရာ မရှိပေမဲ့ လျှော်စရာ ရှိရမယ်"

"ဟုတ်သယ်။ တစ်သောင်းအောက် မထားနဲ့"

ဤသို့ နံ့ချာမွဲတေလှသော ရွာကလေးသည် မောင်မောင်ထွေးနှင့် တင်မောင်ကျော်ကို အားကိုးလျက် ဘုရားပွဲ ကျင်းပရန် စီစဉ်ကြလေ၏။ သို့သော် ဆိုင်းငြိမ့်ငှားရေးတွင် အငြင်းအခုံ ဖြစ်ကြတော့၏။

"အောင်သာစည်ဆိုင်းကို ငှားမယ်"



"အောင်သာစည် မကောင်းဘူး။ မြေလတ်သိန်းဇော်ဆိုင်းကမှ ပိုကောင်းသာ"

ဆိုင်းဟု ခေါ်နေကြပြား၊ ဆိုင်းနှင့်တွဲလျက် အငြိမ့်အဖွဲ့တစ်ဖွဲ့ ပါဝင်သည်။ ယခု ငြင်းခုံနေကြခြင်းမှာ အငြိမ့်မင်းသမီး လှနေကြခြင်း ဖြစ်၏။

"ဘ ရိုးဆေးရိုး အဆုံးအဖြတ်ပေးပါ။ အငြိမ့်မင်းသမီး လှမျိုးကြည် ပါသဲ့ အောင်သာစည်ဆိုင်းက ကောင်းသလား။ အငြိမ့်မင်းသမီး ရတနာပါသဲ့ မြေလတ်သိန်းဇော် ဆိုင်းက ကောင်းသလား၊ ဘ ရိုးဆေးရိုး ဆုံးဖြတ်ပေးပါ"

"ဟာ နှစ်ယောက်လုံး ကောင်းသာဟ"

"ဒါဖြင့် ဘသာဒွန်း ဆုံးဖြတ်"

"ငါလည်း ကိုဆေးရိုးနဲ့ တစ်သံတည်းပဲကွ"

"ဒါဖြင့် ဦးဘရီ အဆုံးအဖြတ်ပေးဗျာ"

"အဲသည် အဘိုးကြီးနှစ်ယောက်ကို ငါက ဘယ်လိုလုပ်ပြီး ကျော်ရဲ မတုံးဟ"

အောင်သာစည်ဆိုင်းနှင့် မြေလတ်သိန်းဇော်ဆိုင်းတို့မှာ မည်သူ့ မည်သူ ကမျှ အလျှော့မပေးသဖြင့် ထစ်နေ၏။

"ဟေ့ကောင်တွေ တစ်ဖက်ဖက်က လျှော့ပေးကွာ"

မည်သည့်ဘက်ကမှ အသံထွက်မလာသဖြင့် ကိုဘညိန်း ထရပ်၏။

"ဘယ်သူ့ ဘယ်သူမျှ အလျှော့မပေးရင် မိုးလင်းမယ်။ ဒါကြောင့် ဒုန်းပြိုင်ကြပါ။ နိုင်သဲ့ဘက်က အလိုရှိသဲ့ဆိုင်းကို ငှားမယ်"

"ကောင်းသယ်၊ သဘောတူသယ်"

အောင်ကျော်ဇော်တို့ဘက်က သဘောတူ လက်ခံသောအခါ တစ်ဖက် ကလည်း ဒုန်းပြိုင်ပွဲ ကျင်းပပြီး ဆုံးဖြတ်ရန် လက်ခံသဘောတူသည်။ ဒုန်းပြိုင်ပွဲ ကျင်းပမည့် နေ့ရာမှာ ရွာတော်စီဘက်က တလင်းပေါင်းများ၊ သရက်တောမှ ကျင်းပမည့်နေ့ရက်မှာ ဖိန်းနွံခါ။

ဒုန်းပြိုင်ပွဲမှာ ဘုန်းကြီးပျံတွင် ဒုန်းတိုက်ပြီး အဂ္ဂိရှာပန ကျင်းပသည် ကို အတုယူပြီး ခေါ်တွင်ခြင်း ဖြစ်၏။ သို့ရာတွင် ကာလသားတို့၏ ဒုန်းမှာ ဘုန်းကြီးပျံတွင် တိုက်သောဒုန်းနှယ် အကြီးကြီး မဟုတ်။ အပ်ချည်ကြိုးသန်း ပေါ်တွင် ပြေးသော ဒုန်းသာ ဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုဒုန်း လုပ်ရန်အတွက် မြောက်အိုးတစ်လုံး ဝင်ဆံ့သော အခေါင်းရှိသည့် ဝါးဖယောင်းကို ခုတ်ယူရသည်။ ပါးပါးကလေး ကျန်အောင် သပ်ပစ်ရသည်။ ဝါးဖယောင်း ကျန်သည့် ဆိုရုံမျှ အပေါ်သားတွေကို ဖယ်ရှားပြီးနောက်၊ ဝါးဖယောင်းကို အပ်ချည်ကြိုးဖြင့် စီပြီး ပတ်ရသည်။ ခိုင်ခံ့စေရန် ဖြစ်သည်။ ယင်းသည့် အပ်ချည်ကြိုးကို ညီညွတ်လှပရေးအတွက် ဖယောင်းတိုက်ရသည်။

ဝါးဖယောင်းပေါ်တွင် စီရီညီညာစွာ ပတ်ထားသော အပ်ချည်ကြိုးအောက်တွင် လက်သန်းတစ်လုံးရှယ် အရှည်ရှိသည့် ဘဲတောင် နှစ်ချောင်း၊ တစ်ချောင်းနှင့် တစ်ချောင်း လက်လေးလုံးခန့် ခွာပြီး တပ်ဆင်ထားရသည်။

အပ်ချည်ကြိုးမှာ အရှည်ဆုံး ပေတစ်ထောင် ရှိသည်။ သို့သော် အလွယ်တကူ မရပေ။ သစ်သားဘီးလုံးတွင် ပတ်ထားသည်။ ယင်း အပ်ချည်ကြိုးကို ဒုန်းတွင် ရှိသော ဘဲတောင်အခေါင်းတွင်း သွင်းရသည်။ မြောက်အိုးကို ဒုန်းတွင် တပ်ဆင်ထားပြီး၊ စနက်တံကို မီးရှို့လျှင် ဒုန်းသည် အပ်ချည်ကြိုးတစ်လျှောက် ပြေးမည်။ မည်သူ့ဒုန်းက ပိုပြေးသနည်း။ ကြိုးတစ်ချောင်း တည်းထားပြီး ပြိုင်မည်လော။ ကြိုးနှစ်ချောင်းထားကာ ပြိုင်မည်လော။ အဓိကမှာ မြောက်အိုးခြောက်သွေ့ရေးနှင့် ဘဲတောင် ကောင်းရေး၊ ဒုန်း ပေါ့ပါးရေး ဖြစ်သည်။

အပ်ချည်ကြိုးကို တအားဆွဲလျှင်လည်း ပြတ်မည်။ မပြတ်စေရန် ခပ်လျော့လျော့တန်းလျှင်လည်း ဒုန်းသည် အားကုန်မပြေးနိုင်ပေ။ 'အိုင့်' နေသောကြိုး၏ 'အိုင့်' အားကြောင့် ဒုန်းသည် ဝပ်နေ၏။

ဤအခါ ကြိုးမတန်းတတ်သော လူငယ်များသည် ဘ ရီးဆေးရိုးထံ ပြေးလာကြ၏။ လူငယ်များမှာလည်း ၁၉၆၂ မတိုင်မီက တလင်းသိမ်းလျှင် အရပ်တကာလည်ပြီး ဖဲရိုက် ကြက်တိုက်သော လယ်သမားဘဝမှ၊ အားလပ်ခွင့် မရှိသော လယ်သမားဘဝတွင် လူ ဖြစ်လာကြ၏။ ဒုန်းကို ကြားဖူးရုံသာ ကြားဖူး၏။ ယခု ပြိုင်သူဆိုင်သူ ရှိ၍ အားကျမခံ လုပ်ကြပြီး၊ ကြိုးမတန်းတတ်။

"ဘ ရီးဆေးရိုး၊ ကျွန်တော်တို့ ဒုန်းပြိုင်ပွဲအတွက် ကြိုးတန်းပေး စမ်းပါခင်ဗျာ"

"ဟ တကယ်လုပ်တတ်သာက သာဒွန်းကွ။ သွူဆီသွား"

ဘ ရီးသာဒွန်းသည် ဒုန်းလွှတ်ကြိုး တပ်ဆင်ရာတွင် ဆရာ တင်ရ၏။ ကြိုးကြောင့် ဒုန်းဝပ်မနေစေရ။ ဒုန်းသာ ကောင်းလျှင် ကြိုးအဆုံး၌ လက်ကိုင်ပဝါပင် တင်ထားရသည်။



ဤဒုန်းပြိုင်ပွဲ၌ သုံးချီ သုံးလားစီ ပြိုင်ကြရာ မြေလတ်သိန်းဖော်သမားများ၏ဒုန်းက သုံးချီလုံး နိုင်သည်။ သည့်ကြိုးတစ်ချောင်းတည်းကို ဒုန်းနှစ်စင်းလုံးအသုံးပြုသည်။ မြေလတ်သိန်းဖော် နိုင်မည့်သာ နိုင်သည် ပေ ၉၅၀ သာ ပြေးသည်။ အောင်သာစည်သည် သုံးလားစလုံး ပေ ၉၀၀ သာ ပြေးသည်။ ဤသို့ဖြင့် ခတ်ပေါင်းစုဘုရား ဗုဒ္ဓပူဇနိယ ပွဲတော် ၂ ည အတွက် မြေလတ်သိန်းဖော်ဆိုင်းအငြိမ့်ကို ငှားဖြစ်ကြလေ၏။

ငွေသမားနှစ်ယောက် ထုထုခဲခဲ ရှိထားသောအခါ လုပ်ရကိုင်ရသူများ တက်ကြွသည်။ စိတ်တိုင်းကျ ဆောင်ရွက်ကြသည်။ ယောက်ျားကလေးတွေကို စီးကရက် တစ်လိပ်စီဖြင့် ဖိတ်ကြားနိုင်သော ရမ်းဘိုကုန်းရွာသည် မျက်နှာကြီးလှ၏။

ယခင်နှစ်တွေကလည်း ခတ်ပေါင်းစုဘုရားသည် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပခဲ့ဖူးပါသည်။ သို့ရာတွင် ခုနစ်ဖွဲ့ထက် ပိုပြီး ဆွမ်းတော်ကြီးပေါင်း မလာပါ။ သည်နှစ်မှာသော်ကား အနည်းဆုံး တစ်ဆယ့်နှစ်ဖွဲ့ လာရမည်ဟု ဖိတ်ကြားရေးကော်မတီက အာမခံထားသည်။

ကိုဘညိန်းသည် ဘဏ္ဍာရေးကော်မတီထဲ၌ ပါဝင်နေသော လူမမာဖြစ်၏။ သုံးပင်ပူး အပ်ချည်ကြိုးတွင် ရောင်စုံစက္ကူ တြိဂံပုံကလေးတွေ ကပ်ထား၏။ ထိုစက္ကူရောင်စုံ ကပ်ထားသော ကြိုးများသည် ရွာထဲနှင့် ဘုရားကို ဆက်သွယ်ထား၏။ "အဖေ အဲသာ ဘာခေါ်တုံး" ဟု သီဟကိုက မေး၏။ 'နတ်လမ်း' ဟု ကိုကိုကြီးက အလွယ်တကူ ဖြေကြားလိုက်လေသည်။

ရမ်းဘိုကုန်းရွာသည် ရွာလယ်မှာရော ရွာအေးမှာပါ နတ်လမ်းတလူလူဖြင့် ဝင့်ကြွားနေ၏။ မီးသွယ်သူတို့က မဲမပေါနိုင်၊ မပန်းနိုင်သည့်နည်းတူ ဓာတ်စင်ထိုးသူများမှာလည်း မောရန် မသိချေ။ ပွဲလာမည့် သူ့ဧည့်သည် ကိုယ့်ဧည့်သည်မရွေး ကျွေးရန်အတွက် အိမ်တိုင်း မီးခိုးအူနေသည်။

"ဘာမျှ မတတ်နိုင်လို့ပါ" ဆိုသော ဘ ရီးဆေးရိုး၊ အမေကြီးရီးကျိုးဒန့်တို့ပင်လျှင် မုန့်စလန္တးဒေါင့် ဆန်တစ်ပြည်ကုန်တော့ လုပ်ပေးသည်။

ရမ်းဘိုကုန်းရွာသည် နေမစောင်းမီကပင် သွက်လက်မြူးကြွနေသည်။ စည်တိုကို နှင်တံဖြင့် ခေါက်သံ ကြားကတည်းက ကလေးတွေ ဓာတ်စင်ရှိရာသို့ ပြေးကြသည်။ မင်းသမီး မပါစေကာမူ ဓာတ်စင်ကို ကလေးတွေ ဝိုင်းနေ၏။

"အကာမ်းအလှမ်း အကျွေးအမွေးသမားတွေ ထွက်ကြပါ၊ ထွက်ကြပါ"

www.burmeseclassic.com



ညွှန့်ခံကော်မတီက အသံချဲ့စက်ဖြင့် အော်သည်။

"ဘာအရူးထသာတုံး၊ နေတောင် မစောင်းသေးဘူး"

ရွာထဲမှ အော်သံဟစ်သံကို ဘုရားထဲရှိ ညွှန့်ခံကော်မတီ မကြားပါ။ ဤသို့ ပြောကြ ဆိုကြမည်ကို ကြိုတင်သိသဖြင့် အသံချဲ့စက်မှ ဆက်၍အော်၏။

"ပြန်ရမှာ ဝေးလို့ဆိုပြီး မိုးဝန်းရွာက လာနေပါပြီ ခင်ဗျား။ ရှေ့ပြေးစက်ဘီး ရောက်လာပါပြီ။ ဒါကြောင့် အကမ်းအလှမ်း အကျွေးအမွေး ညွှန့်ခံမယ့်လူတွေ ထွက်ကြ ပြင်ဆင်ကြပါ"

အသံချဲ့စက်မှ ထိုအသံအဆုံးတွင်ကား တန်းလျားတွေ ထမ်းပြီး ထွက်လာကြသည်။ စားပွဲတွေ ရွက်ပြီး ထွက်လာကြသည်။ အထုပ်အပိုးတွေ ခွက်ယောက်တွေ တနင့်တပိုးဖြင့် ထွက်လာကြသည်။ ဘုရား ညွှန့်ခံမဏ္ဍပ်သို့ သွားမည့်လမ်း ဝဲယာ၌ မီးခြစ်၊ ဆေးလိပ်၊ မုန့်၊ လက်ဖက်သုပ်၊ ချင်းသုပ် ကမ်းလှမ်းမည့်သူများသည် ဝဲယာ၌ နေရာချထားပြီးရုံသာ ရှိ၏။ အော်သံ ပေါ်လာပြီ။

"မိုးဝန်းက ဆွမ်းတော်ကြီးပေါင်းအဖွဲ့ သရက်ချင်ရွာကို ရောက်နေပါပြီ"

ရေသောက်သူများ အပြေးအလွှားသောက်ကာ ကိုယ့်နေရာသို့ ကိုယ်ပြန်ပြေးလာကြ၏။ မကြာပါချေ၊ စည်တော်သံသဲ့သဲ့ကို ကြားရ၏။

စည်တင်သော လှည်း၊ ဗုံတင်သော လှည်းများသည် တာလမ်းအတိုင်း လာရသောကြောင့် စည်တော်ဝိုင်းဖြင့် လာခြင်း ဖြစ်၏။ တစ်ခါလာ အသံချဲ့စက်၊ နှစ်ခါလာ အသံချဲ့စက် ဖြစ်သဖြင့် အသံချဲ့စက် ငြိမ်းငွေ့နေသူများက စည်တော်ဝိုင်းကို လှိုက်လှဲစွာ ကြိုဆိုကြ၏။

ဆွမ်းတော်ကြီးပေါင်း လာသူများတွင် ကလေးသူငယ်တွေလည်း ပါ၏။ အဘိုးအို၊ အဘွားအိုများနှင့် လှပသော အပျိုအရွယ်ကလေးတွေလည်း ပါဝင်သည်။ ဆွမ်းတော်ကြီးတင်သော အဖွဲ့များ စုပေါင်းလျှဒါန်းသော ဤ ဆွမ်းတော်ကြီးပေါင်း ပွဲတော်သို့ မလိုက်ပါနှင့်ဟု မည်သည့်မိဘမောင်ဖွားကမျှ မတားမြစ်ပေ။ မိမိတို့ရပ်၊ မိမိတို့ရွာတွင် သည်ကဲ့သို့သော အချောအလှတွေ ရှိကြောင်း ဂုဏ်ယူပြသသည်။ လျှဖွယ်ဝတ္ထုပစ္စည်းတွင်လည်း တန်ကြေးကြီးသော မုန့်များ သစ်သီးများကို ထည့်သွင်းခြင်းဖြင့် မချို့တဲ့သော ရပ်ရွာ ဖြစ်ကြောင်း ဖော်ပြကြ၏။

"ရွှေဘုန်းတော် တိုးပါလို့ ငွေမိုးတွေရွာ"



မင်္ဂလာကျက်သရေ ရှိသောကြောင့် ဘ ရိုးဆေးရိုးတို့ကဲ့သို့သော ရှေးအဘိုးကြီးတွေအကြိုက် ဖြစ်ကြ၏။

"ဖြည်းဖြည်းသွားကြပါ။ အကမ်းအလှမ်းတွေ စုံစေချင်လို့ပါ"

ဆေးလိပ် ကမ်းလှမ်းသည်။ သစ်သားမီးခြစ်၊ သကြားလုံး၊ ဖက်ဖြင့်ထုပ်ထားသော ချင်းသုပ် စသည့် အကမ်းအလှမ်းများကို လက်ထဲသို့ ပေးကြ၏။ လက်မအားသောအခါ ရွက်လာသော ဗန်းထဲသို့ ထည့်ကြ၏။

ရှေ့က အလှူ့အတန်းသမားတွေ ညွှန့်ခံမဏ္ဍပ်တွင်း ရောက်သွားကြစေကာမူ စည်တော်ဝိုင်းသည် လက်စွမ်းပြဆဲရှိသေး၏။ အကသမားကလည်း မမောနိုင် မပန်းနိုင် ကနေဆဲ ရှိသေးရာ၊ ညွှန့်ခံအဖွဲ့က တောင်းပန်ယူရ၏။ တောင်းပန်ရာတွင် ဆီးဖြူရုံတွင်း၌ ဆန္ဒင်းမကင်းနှင့် ရေနွေးကြမ်း ရှိသည်။ ဤအရာကို စိတ်မဝင်စားသူများအတွက်လည်း သီးခြားရှိသည်။

"ကျီးသိုက်ဆွမ်းတော်ကြီးပေါင်းအဖွဲ့ လင်းပင်စုရွာရှေ့ ရောက်နေပြီ"

စက်ဘီးတစ်စီးဖြင့် ကင်းထောက်နေသူသည် သာဒွန်းဝ မြောင်းဟောင်းထိပ်မှ အော်ပြောပြီး ပြန်ပြေးသည်။ ဆွမ်းတော်ကြီးပေါင်းအဖွဲ့သည် တောင်အရပ်မှသာ မဟုတ်။ မြောက်အရပ်မှလည်း လာသည်။ချောင်းကို ဖြတ်၍လည်း ချောင်း၏အနောက်ဘက်မှ လာစရာရှိသည်။ မိုးဝန်းကျီးသိုက်တို့သည် ဝေးသောနေရာမှ ဖြစ်သောကြောင့် စောစောလာရသည့်နည်းတူ အပြန် မမှောင်စေရန် ကျောက်ခဲကုန်းကဲ့သို့သော ရွာများကလည်း စောစောလာသည်။

အခြားသော ကျေးရွာများကလည်း နေညိုသည်နှင့် ထွက်လာကြပြီ။ သို့ကြောင့် ဆွမ်းတော်ကြီးတင်အဖွဲ့သည် မဏ္ဍပ်တွင်းသို့ ဆွမ်းတော်ကြီးပေါင်းအဖွဲ့တစ်ဖွဲ့ ရောက်လာလျှင် ဆိုင်းမနေနိုင်ပေ။ ဗန်းထဲတွင် ပါသော ပစ္စည်းများ မပျောက်မရှစေရ၊ မူလပိုင်ရှင်ထံ အမြန်ဆုံး ပြန်ပို့ရသည်။

ဘ ရိုးဆေးရိုးနှင့် ဘ ရိုးသာဒွန်းတို့မှာ လက်ညှိုးထိုးသမားတွေ ဖြစ်နေကြ၏။ ဤလှူဖွယ်ကို ဤသို့ထား၊ ထိုလှူစရာကို ထိုသို့ထားဟု ညွှန်ကြားနေကြရ၏။ မဏ္ဍပ်တွင်းသို့ ရောက်လာသော ဆွမ်းတော်ကြီးပေါင်းအဖွဲ့မှာလည်း အမြန်ဆုံး ငါးပါးသီလ ခံယူပြီး၊ အမြန်ဆုံး အမျှဝေကာ သီးခြားထွက်ပေါက်မှ အမြန်ဆုံး ထွက်ပေးရသည်။

နောက်ထပ် ဆွမ်းတော်ကြီးပေါင်း အဖွဲ့တစ်ဖွဲ့သည် ရမ်းဘိုကုန်းရွာသားသို့ ရောက်နေပြီ။ ဖြည်းဖြည်းသွားကြရန်သာ အကြံပေးနိုင်၏။ ရပ်ရပ်ပါ၊ ဆိုင်း

www.burmeseclassic.com



နေပါဟု မပြောနိုင်။ ပြည်စိုးကုန်းရပ်မှ ဆွမ်းတော်ကြီးပေါင်းအဖွဲ့သည်လည်း ဟွန်းတယောသံ တညံညံဖြင့် လာနေကြပေပြီ။

ဆွမ်းတော်ကြီးပေါင်းအဖွဲ့များ ဝင်ရောက်ရာ ဧည့်ခံမဏ္ဍပ်ရှိ လူကြီး၊ လူငယ်တွေ ချွေးသော်မျှ မသုတ်အားကြ။ ထိုနည်းတူပင် ရွာထဲ၌ ကျန်ခဲ့သူများမှာလည်း သက်သက်သာသာ မရှိလှ။ ဆွမ်းတော်ကြီးပေါင်းအဖွဲ့နှင့် ပြန်မလိုက်ဘဲ ကျန်နေခဲ့သူများ ရှိ၏။ သူတို့သည် ရွာထဲသို့ ဝင်လာကြ၏။

"အိမ်ရှင်တို့ ဘာချက်သတုံး"

မေးရိုးမေးစဉ်မို့ မေးရခြား စားကောင်းသောက်ဖွယ်က အသင့် ချက်ပြီး ပြုတ်ပြီး ရှိနေသည်။ တောင်ပစ်ကုန်းရွာမှ ဆွမ်းတော်ကြီးပေါင်းအဖွဲ့သည် ကိုထွန်းရချ မချောစိန်တို့၏ မျက်နှာကြောင့် ဝေးဝေးလံလံ အရပ်သို့ လာခြင်း ဖြစ်၏။ ထိုအခါ မချောစိန်တို့ အိမ်မှာ ဧည့်သည် များပြီ။ မြင့်မြင့်သွေးနှင့် ခင်ခင်ကြီးတို့ ပြေးရလွှားရ ဝိုင်းဝန်းရပြီ။

ကိုဘညိန်းသည် လူပ်လှုပ်ရှားရှားရှိသော ဂီလာနသမား ဖြစ်စေကာမူ မိုးဝန်းက ဆွမ်းတော်ကြီးပေါင်းအဖွဲ့ လှမ်းလှမ်းကမ်းကမ်း လာခြင်းမှာ သူတို့ လင်မယားတို့၏ မျက်နှာကြောင့် ဖြစ်သည်။ ဆိုင်းငြိမ့်ပွဲ ကြည့်မည့် ပရိသတ်သည် သူတို့အိမ် လျှံအောင် ရောက်လာကြပြီ။ ကိုဘညိန်းမှာ မကျန်းမာသည့်ကြားက ဘုရားနှင့် အိမ်ကြားတွင် ပြေးလွှားနေရသည်။ ဘုရားတွင် ဆွမ်းတော်ကြီးပေါင်းအဖွဲ့ကို ဧည့်ခံရသည့်နည်းတူ ဆိုင်းသမားတွေကိုလည်း ပစ်ထား၍ မရပေ။

"ရေလိုသလား၊ မီးလိုသလား၊ ရခစေမယ်"

ဆိုင်းအဖွဲ့အတွက် လိုအပ်သော ရေ၊ မီးကို ကိုဘညိန်း၏ လက်ဖြင့် ဆောင်ရွက်မပေးနိုင်ပါ။ ထိရောက်စွာ ဆောင်ရွက်ပေးနိုင်သူသည် မည်သူ ဖြစ်ကြောင်းကို ကိုဘညိန်း သိသည်။ ဘဏ္ဍာရေးကော်မတီဝင် ဖြစ်သောကြောင့် ပြောနိုင်သည်။ ညွှန်ကြားပေးနိုင်သည်။ ခိုင်းစေနိုင်သည်။

ရမ်းဘိုကုန်းသူ ရမ်းဘိုကုန်းသားများ အသက်ရှူရန် မေ့လျော့နေသော အချိန်ကို ပြပါဆိုလျှင် ဆွမ်းတော်ကြီးပေါင်းပွဲ ကျင်းပနေချိန်ကို ပြရပေလိမ့်မည်။ ဧည့်ခံရေးတွင် မလစ်မဟာအောင် ကြိုးပမ်းရသဖြင့် ပင်ပန်းသည်ထက် အကွက်မစေ့မည်ကို တွေးတောစိုးရိမ်နေသည်က ပိုပြီး မောပန်းရ၏။

မောင်ကိုကြီးကို တွေ့လိုသူသည် ဘတို့ အမေကြီးတို့ အိမ် နောက်ဖေးအဖီထဲသို့ သွားမေး၍ မရပေ။ အိမ်ကို ထန်းရွက်ခြောက် ဆို့ထားခဲ့သည်။



"အမေကြီး၊ မြင့်မြင့်သွေးတို့ ဘယ်သွားတုံး"

အမေကြီး ရီးကျိုးဒန်၏ အဖြေမှာ ရှင်း၏။

"မသိဘူး"

သို့သော် အမေကြီးရီးကျိုးဒန်သည် မသိဘူးဖြင့် ရပ်မနေဘဲ ဆက်ပြီး ပြောသေး၏။

"ဘညိန်းတို့ အိမ်မှာများ ရှိမလား၊ ဘုရားထဲမှာ ရှိမလား"

မြန်မာစကားပုံတွင် 'ဧည့်ချေ၍ အိမ်ကျေ' ဟူသော စကားပုံ တစ်ခု ရှိခဲ့၏။ ရမ်းဘိုကုန်း တစ်ရွာလုံး အုန်းထအောင် ပွဲတော်ကြီး ဆင်နွှဲနေ၏။ ဧည့်သည်တွေကို အုန်းထအောင် ဧည့်ခံကျွေးမွေးနေရ၏။

"ဘထွေး နေ နေ၊ ကျုပ် လုပ်မယ်"

မောင်ကိုကြီးရော၊ မြင့်မြင့်သွေးပါ ကိုဘညိန်းအိမ်၌ ရောက်နေကြ၏။ ကာလေးနှစ်ယောက်မှာ အဝတ်သစ်များ ဝတ်ပြီး ဘုရားပွဲသို့ လွှတ်လိုက်ကတည်းက တစ်ခေါက်မျှ ပြန်မရောက်တော့ပေ။ မောင်ကိုကြီး လင်မယားမှာ ကလေးတွေကို ပြန်စောင့်မကြည့်နိုင်။ ရောက်လာမည့် ဧည့်သည်အင်အားကို ချင့်တွက်ပြီး အသင့်ဖြစ်အောင် ဆောင်ရွက်နေကြရသည်။

'ဘထွေး နေ နေ၊ ကျုပ် လုပ်မယ်' ဟု မောင်ကိုကြီး ပြောခြင်းမှာ သူ့အဘထွေး၏ ကျန်းမာရေးအခြေအနေကို သိသောကြောင့် ဖြစ်သည်။ ထို့ပြင် သူ့အမေကြီး၏ သံယောဇဉ်ကြောင့် ဖြစ်သည်။ အမေကြီးရီးကျိုးဒန်သည် ရှေးလူကြီးပီပီ သိုသိပ်၏။ သားသမီးကို ချစ်လျှင် အိပ်ပျော်နေခိုက်၌ နမ်းပါ ဟူသော နည်းလမ်းကို လက်ကိုင်ထားသူ ဖြစ်ပေ၏။ သို့ကြောင့် အမေကြီး ရီးကျိုးဒန်သည် တစ်ယောက်တည်းသော သားငယ်ကို ချစ်ရာ၌ မျိုသိပ်၏။ သို့ဖြစ်၍ အမေကြီး၏ အချစ်ကို အိမ်ချင်းကပ်နေသော မောင်ကိုကြီးသာ သိသည်။

သို့အတွက် "ဘထွေး၊ ထား ထား၊ ကျုပ် လုပ်မယ်" ပြောခြင်းမှာ အမေကြီး ရီးကျိုးဒန်ကို လှမ်းပြီး ကာကွယ်ပေးနေခြင်း ဖြစ်၏။

ကိုဘညိန်း၏ သားသမီးများသည် တစ်ယောက်မျှ မထွန်းပေါက်။ ယင်းအတွက် ကိုဘညိန်း စိတ်ဆင်းရဲနေသည့်နည်းတူ၊ အမေကြီး ရီးကျိုးဒန်လည်း စိတ်မချမ်းသာချေ။ ကိုဘညိန်းတွင် သားသမီး လေးယောက် ရှိသည်။ အကြီးဆုံး ခင်ခင်ကြီးနှင့် ခင်မောင်ငြိမ်း၊ မောင်မောင်လှ၊ ကျော်သူရတို့ ဖြစ်သည်။

www.burmeseclassic.com



ဤသည်တို့အနက် ကျော်သူရမှာ ရေးရေး ရှိသည်။ ရေးရေးသည် ထင်ရှားခြင်း မဟုတ်။ မထင်ရှားသည့်သဘော သက်ရောက်သည်။ အဆိုးဆုံးမှာ မောင်မောင်လှ ဖြစ်ကာ မိဘမေတ္တာကို အလွဲသုံးစားပြု၏။ ကာယကံရှင် ကိုယ်တိုင် ထုတ်ဖော်ပြောသည့် နေ့ကစပြီး မောင်ကိုကြီးသည် ဘထွေးကို ဂရု စိုက်လေ၏။

"လှမေ ဘာချက်တုံးဟေ့"

သည်အရပ်သို့ မည်သည့်အခါကမျှ ဆွမ်းတော်ကြီးပေါင်း မလာဖူး သော ရွာသည် မလှမေကို အကြောင်းပြုကာ ရမ်းဘိုကုန်းသို့ ဆွမ်းတော်ကြီးပေါင်း လာသည်။ တာလမ်းအတိုင်း လာရသဖြင့် ခရီးကတင်း ဆိုစရာ မရှိ။ အကမ်း အလှမ်း အကျွေးအမွေးကလည်း ပြောစရာ မရှိ။ ပြောစရာရှိသော အရာမှာ ဇာတ်စင်ပေါ်က ခြင်းအဖွဲ့ ဖြစ်သည်။

ထိုခြင်းအဖွဲ့ကို မကွေးမှ လှအုံးမယ် ခေါ်လာခြင်း ဖြစ်သည်။ ဆိုင်း ချက်နှင့်အညီ ခတ်သည်။ ခက်ခဲသော ခြင်းပေါက်တွေ အများအပြား ပါသော် ငြား၊ မိုးဝန်းသားတွေ မကြိုက်။

"စင်တင်ခြင်းကို ဆိုင်းနဲ့တွဲလိုက်တော့ ဆိုင်းရဲ့အရသာကို မခံစားရ တော့ဘူး။ အမှန်က ဆိုင်းကို စင်တင်ရမှာ"

အယူအဆ တစ်မျိုးစီမို့ အကြောင်း မဟုတ်ငြား၊ ထိုလူအုပ်မှာ မူးနေ ကြပေ၏။ ငမူးအမျိုးမျိုး ရှိရာ မောင်ကိုကြီးကဲ့သို့သော လူငယ်များ သည်းခံ နိုင်ဖွယ် မရှိ။ သို့ကြောင့် ကိုဘညိန်း ဝင်ရသည်။

"ဆိုင်းက တော်တော်ကြာရင် တီးတော့မှာ။ လာကြ လာကြ"

မလှမေသည် ကိုဘညိန်း ဘေးတွင် ထန်းရည်မြူအိုးတွေ စီထားပြီး ဧည့်သည်များကို ခေါ်၏။ ထိုသို့ခေါ်ရာက ကိုဘညိန်းကို ပြောသေး၏။

"တော်က နက်ဖြန်မနက် ဆွမ်းလုံးအတွက် တာဝန်ခံနော်။ ထန်းရည် သောက်လို့ မဖြစ်ဘူး"

ယနေ့ ညနေပိုင်းတွင် ကျင်းပသော ဆွမ်းတော်ကြီးပေါင်းမှာ အမှန် အားဖြင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲသာ ဖြစ်၏။ နက်ဖြန်နံနက် အရုဏ်တက်တွင် တစ်ပွဲ ရှိသေး၏။ ညလုံးပေါက် ပျော်ပါးမြူးထူးသော်ငြား အရုဏ်ဆွမ်းကို ဖြစ်အောင် ကပ်ကြသေး၏။



စုပေါင်းပြီး ဆွမ်းတော်ကြီးတင်သော အလှူပွဲကို ဆွမ်းတော်ကြီးပေါင်း ခေါ်ကြသည်။ စည်းလုံးညီညွတ်စွာဖြင့် လှူဒါန်းသော ဆွမ်းကိုကား ဆွမ်းလုံး ခေါ်ကြပေသည်။ ကိုဘညိန်းကို မလှမေ သတိပေးသော ဆွမ်းလုံးကား ဤကဲ့ သို့သော အလှူပေတည်း။

ဆွမ်းတော်ကြီးပေါင်းတွင် အချို့ရွာက 'ကြက်လျှာ' ကို သုံးစွဲသည်။ 'မုလေးပွား' လည်း ပါ၏။ သည်နှစ်မျိုးသာ ပါရှိသည်။ ဆွမ်းလုံးမှာကား ဖက်ခွက် ထိုးပညာနှင့် မနောလင်ပန်း ရက်လုပ်သော ပညာများ ကန်းမသွားစေရန် ထောက်ကူပေးသောပွဲဟု ဆိုနိုင်ပေသည်။

မောင်မောင်ထွေး၏ အစွမ်းအစဖြင့် သွယ်တန်းထားသော လျှပ်စစ် မီးသည် ဘုရားပွဲလာ ဧည့်သည်များကို ဝါကြွားလျက်ရှိ၏။ ဆွမ်းတော်ကြီး ပေါင်း လာသူများ၊ ပွဲလာသူများအတွက် ရမ်းဘိုကုန်းရွာသည် လေးစားစရာ ဖြစ်သည်။ အကြောင်းမူ လျှပ်စစ်မီး ရှိသောကြောင့်တည်း။

ရွာတွင်းသို့ အမှောင်သား ဖြန့်ကြက် ဝင်ရောက်လာသည်နှင့်အမျှ ဆိုင်းသံက ပီသလာ၏။ ရွာထဲတွင် ရောက်ရှိနေသော ဧည့်သည်များလည်း မငြိမ်မသက် ဖြစ်လာကြ၏။

"ဖြည်းဖြည်း စားကြစမ်းပါ။ ပွဲမထွက်သေးပါဘူး"

အိမ်သည်မှာ ဧည့်သည်ကို နှစ်သိမ့်မှုပေးရန် ဝတ္တရား ရှိသည်။ သို့ ကြောင့် "နေရာလည်း ဦးထားပြီးသား။ ဘာမှုမပူနဲ့" ဟု ထပ်မံ နှစ်သိမ့်ရ၏။ အိမ်တိုင်းက ထွက်ပြီး ဇာတ်စင်ရှေ့တွင် ဖျာခင်းထားကြရာ ဇာတ်စင်နှင့် အနီး အဝေးသာ ကွာခြားသည်။ နေရာကား ဦးထားကြသည်ချည်း။

ဆိုင်းကလည်း တစ်ပွဲလုံး ထမင်းစားနေပါလျက် အသံမပြတ်။ ထိုမပြတ် သော အသံကပင် လုလင် လုံမများကို တို့ပေးနေသည်သို့ ရှိ၏။ မြေလတ် သိန်းဖော်ဆိုင်း အဖွဲ့ဟူ၍သာ ပရိသတ်က သိ၏။ သို့ရာတွင် ထိုပရိသတ်သည် ဆိုင်းနားထောင်ရန် လာသူများ မဟုတ်။ ပွဲကြည့်ရန် အငြိမ့် ကြည့်ရန် လာသူများ ဖြစ်ပါလျက် မင်းသမီး၏ အမည်ကို မသိကြ။

မင်းသမီးတွင် အမည်ရှိ၏။ လူရွှင်တော်များက မင်းသမီး၏ အမည်ကို ခေါ်ကြ ပြောကြပါ၏။ သို့ရာတွင် မည်သည့်အငြိမ့်၊ မည်သည့် မင်းသမီး၏ အမည်မျှ တပ်ခွင့် မရှိ။ ဆိုင်းအဖွဲ့၏အမည်သာ ထင်ရှား၏။ စင်စစ် ပရိတ်သတ်သည် အနေအထားကို ပရိသတ် မသိပါ။

www.burmeseclassic.com



ပရိသတ် သိသည်မှာ မင်းသမီး လုပ်ပြသမှုကို ထိုင်ကြည့်ရန် ဖြစ်၏။ ယဉ်ကျေးသည် ရိုင်းစိုင်းသည်ကို မသိပါ။ မြန်မာဆန်သည်၊ မဆန်သည်ကို လည်း လူတစ်သောင်းတွင် တစ်ယောက်၊ လူတစ်သိန်း တစ်ယောက်သာ သိပါ သည်။ ထိုတစ်ယောက်မှာ မြို့ကြီးသား တင်မောင်ကျော် မဟုတ်။ မြို့ကြီးသူ၏ ယောက်ျား မောင်မောင်ထွေးလည်း မဟုတ်။ ကျောင်းဆရာ မောင်မောင်အေး သာလျှင် ဖြစ်ပေတော့သည်။

မောင်မောင်အေးသည် ပွဲ၏ အနှစ်မဲ့ပုံကို သိသော်ငြား၊ မယားကို မလွန်ဆန်နိုင်သဖြင့် ရမ်းဘိုကုန်းသို့ လာခဲ့ရသည်။ ဘ ရီးဆေးရိုး၊ အမေကြီး ရီးကျိုးဒန်တို့ အိမ်များကို လှည့်လည် စနည်းနာအပြီးတွင် ကိုဘညိန်း အိမ်၌ စတည်းချသည်။ ခွမ်းချက်ရန် ပြင်ဆင်တော့သည်။

"ကိုမောင်မောင်အေး၊ ဒါက ဘာလုပ်သာတုံး"

ခွမ်းတောင်း ခွမ်းအိုး ပြင်ဆင်သည်နှင့် မလှမေ စပ်စုတော့သည်။

"ခွမ်းချက်မယ်။ အဘိုးကြီး၊ အဘွားကြီးအတွက် ချက်မယ်။ သည်အိမ် အတွက်လည်း ချက်ရမယ်"

စောပါသေးသယ်ဟု မလှမေ မပြောစေကာမူ မောင်မောင်အေးမှာ သန်းခေါင်ကျော်မှ ခွမ်းအိုး တည်နိုင်သည်။ ကိုဘညိန်းကို အကျုပ်ကိုင်နေသော အရက်သမားများ၊ မောင်ကိုကြီးကို ယစ်နေသော အရက်သမားများကို ဖြေရှင်း ပေးနေရသဖြင့် မောင်မောင်အေး၏ ခွမ်းအိုးမှာ သန်းခေါင်ကျော်မှ မီးစတင် ထိုးနိုင်၏။

သန်းခေါင် ကျော်ပြီ။

ပွဲခင်းမှာ ယခုမှ လှုပ်ရှားသည်။

စတော်စင်ပေါ်မှ ကာလသားအကြိုက် လုပ်ပြသောကြောင့် ဖြစ်သည်။ ကာလသားများ သဘောကျသော်ငြား၊ ဘ ရီးဆေးရိုးတို့မှာ 'ခွမ်းလုံးပွဲ' အတွက် စီစဉ်ရပြီ။ သံဃာတော်များ၏နေရာ၊ သူတို့အတွက် နေရာ။

မိုးစင်စင် မလင်းမီ ပွဲပြီးသည်။ ပွဲမှ ဖြောသံနှင့်အတူ ခွမ်းလုံး လောင်းလှူပွဲသို့ သံဃာတော်များ ကြွလာပြီ။ ခွမ်းလောင်းလှူမည့်သူများလည်း ရောက်လာကြသည်။

ခွမ်းတော်ကြီးပေါင်းက တစ်ရွာလျှင် တစ်ဖွဲ့သာ ဖြစ်၏။

သို့သော် ခွမ်းလုံးမှာ ဤသို့ မဟုတ်။



ရွာ၏ တဝဲနိုင်ခြေကို လိုက်ပြီး ခွမ်းလုံးခန့်ခွဲသည်။ ပုဂ္ဂလိက အလှူရှင် များပင် ရှိသည်။ ဟင်းအမျိုးမျိုးသာမက သစ်သီးနှင့် သရေစာမျိုးစုံတို့ကလည်း အလှူရှင်တို့၏ သဒ္ဓါတရားကို ဖော်ပြသည်။

ရေစက်ချ အမျှဝေပြီးမှ မဲဖောက်သည်။

ရမ်းဘိုကုန်း ခွမ်းလုံး အမှတ် ၁ မှ ၁၀ အထိ ရှိသည်။ ပုရပိုက်တန်း ခွမ်းလုံးတစ်လုံးသာ ရှိငြား၊ သရက်ချင်ခွမ်းလုံးမှာ တစ်မှ ငါးအထိ ရှိသည်။ ထိုခွမ်းလုံး အမှတ်စဉ်များနှင့် သံဃာတော်အမည်များ ကျောင်းအမည်များ တွဲပြီး မဲနှိုက်ကြ၏။

"အသျှင်ကေလာသ။ ရမ်းဘိုကုန်း ခွမ်းလုံး အမှတ် ၁"

"အသျှင်သုမန။ ပုရပိုက်တန်းခွမ်းလုံး"

"အသျှင်ကောသလ္လ သရက်ချင် ခွမ်းလုံး အမှတ် (၂)"

"အသျှင်သာဝက ဦးဘညိန်းခွမ်းလုံး"

အသျှင်သာဝကမှာ ကိုဘညိန်း၏ ဆရာဖြစ်ရာ၊ "ငါကွ ငါကွ" ဟု အော်ပြီး ကိုဘညိန်း ကျွမ်းထိုးတော့သည်။ စာရေးတံမဲ သဘောမျိုး ဖြစ်ရာ၊ တပည့်၏ ခွမ်းလုံးကို ဆရာ အလှူခံရရှိမှုမှာ ကြုံတောင့်ကြုံခဲ ဖြစ်၏။

"ဟေး ငါကွ ငါကွ"

ဘညိန်း ဝမ်းသာအားရ ကျွမ်းထိုးရာသို့ မောင်ကိုကြီး အပြေး ချဉ်းကပ် လာ၏။

"ဘထွေး၊ သတိထားပါ။ သတိ သတိ"

ဝမ်းသာအားရ ကျွမ်းထိုးရင်း ကျိုးပဲ့နိုင်သောကြောင့် မောင်ကိုကြီး ပြေးလာသည့်နည်းတူ ကိုဘညိန်းနှယ် ဝမ်းသာအားရ ဖြစ်နေသူများ မနည်းပေ။ ကိုဘညိန်း၏ ဝမ်းသာမှုမှာ တိုက်ဆိုင်ခြင်းတွေ ရှိခြင်းလည်း ပါဝင်၏။

"ထန်းရွက်မျှစ်ကို ငါ့ကြီးစားပမ်းစားနဲ့ ထိုးထားကာမှ လှူရသာ ဟာ လျှို့ထိုက်လို့ပဲပေါ့"

ဖက်ခွက်၊ မနောလင်ပန်းကို ထိုးတတ်သူများ ကွယ်ပျောက်ကုန်ပြီ။ ရမ်းဘိုကုန်း ရွာထဲမှာပင် များများစားစား မရှိတော့ပေ။ မနောလင်ပန်းမှာ အလယ်တည် ဟင်းပန်းကန်သဘောမျိုး ဖြစ်သည်။ ဘုန်းတော်ကြီးသို့ ကြွေညီ သုတ်လင်ပန်း၊ ယွန်းလင်ပန်း မလှူနိုင်ပေ။ သို့ရာတွင် ထိုကဲ့သို့သော အရာနှင့်

www.burmeseclassic.com



ထည့်မှ သင့်လျော်မည့်အခါတွင် မနော်လင်ပန်း ရက်သည်။ ငှက်ပျောဖက် ခင်းသည်။

ဖက်ခွက်မှာ အမှန်ပင် ဖက်ခွက် ဖြစ်သည်။ အရည်မပါသော ဟင်းများ ထည့်ပြီး လှူဒါန်းရန်အတွက် ငှက်ပျောရွက်ကို ထည့်စရာ ပန်းကန်၊ ခွက်ယောက် ဖြစ်အောင် ရက်လုပ်ထားခြင်း ဖြစ်သည်။

လူမမာ ကိုဘညိန်း ရှင်လန်းအားတတ်လာသဖြင့် မောင်ကိုကြီး ဝမ်းသာ အားရ ဖြစ်သော်ငြား ရမ်းဘိုကုန်းရွာကား ခြေကုန်လက်ပန်းကျလျက် မောပန်း နွမ်းနယ်စွာဖြင့် ကျန်ခဲ့သည်။

ဘာမျှ ဟုတ်တိပတ်တိ တာဝန်မရှိသော ဘ ရီးဆေးရီးသည်ပင် ဆွမ်းတော်ပွဲများ ဘေး၌ မှိုင်တွေချနေ၏။ သူ့ထက် တာဝန်ရှိသော ကိုအောင်မြတို့၊ ကိုအောင်လှတို့၊ ကိုဘရီ၊ ကိုလှမောင်တို့ကား မဏ္ဍပ်ထဲတွင် အိပ်မောကျနေကြ ပြီ။ ထိုသူများနည်းတူ၊ မင်းသမီးအနီးတွင် ပါးစပ်ဟနေခဲ့သူများလည်း တွေ့ရ နေရာ၌ ထိုးအိပ်ပြီ။

“အေး၊ အဲသည်လူတွေ ကုလားသေ ကုလားမော ကျနေသဲ့အချိန်မှာ တို့တစ်တွေက ငုတ်တုတ်ထိုင်နေနိုင်အောင် ကြိုးစားခဲ့ကြတာပဲ။ ဒါပေသိ”

ဘ ရီးဆေးရီးတို့သည် နောက်တစ်နေ့၏ မြင်ကွင်းကို ကြိုတင် မြင်ယောင်သောကြောင့် ရင်ဆိုင်ရန် ကြိုးစားခဲ့သည်။ သို့ရာတွင် ဆွမ်းတော်တင် များကို ချောင်းမြောင်းနေသော ကာလသားများ၏ရန်ကလည်း ရှိသည်။

ဆွမ်းတော်ပွဲရှိ အရပ်ရပ်မှ လာသော လှူဒါန်းစရာများတွင် ငှက်ပျောသီး ဖီးဆိုင်၊ ကြက်ကောင်လုံးကြော်၊ ဝက်သုံးထပ်သား သုံးပိဿာကြော်တို့ ပါမည် ဖြစ်သဖြင့် ဂေါပကအဖွဲ့က စီမံထားရသည်။ ဇရာမ လိမ္မော်သီးကြီးတွေ၊ သရက်သီး၊ ဩဇာသီး၊ သလဲသီးကြီးတွေ။

အမြင်ကား လှပသော်ငြား၊ ကာလသားတိုင်း သွားရည်ယိုသည်။ ရေတ်သီးထောင်းနှင့် ချဉ်ပေါင်ဟင်း၊ ရေတ်သီးထောင်းနှင့် ငါးပိဖုတ်ဖြင့်သာ ဝမ်းမီးသတ်ခဲ့ရသော တောသားများသည် ကြက်ကောင်လုံးကြော်ကို သွားရည် ယိုမည်။ ဝက်သား ဘီးဆံပတ်တုံးကြီးတွေကို စားချင်မည်သာ။

သို့ရာတွင် ဤအရာများသည် ကာလသားများအတွက် မဟုတ်၊ ဆွမ်းတော်ပွဲဘေးတွင် လူကြီးတွေ အိပ်စက်ကြသည်။ ဖြစ်နိုင်လျှင် နောက်တစ်နေ့



တွင် ငုတ်တုတ်ထိုင်နေနိုင်ရန်အတွက် ညလုံးပေါက် အိပ်စက်လိုသည်။ လက်တွေ့ တွင်ကား ကြက်အိပ် ကြက်နိုး ဖြစ်ကြရ၏။

သို့ကြောင့် ကာလသားတွေ တုံးထင်းသရော အိပ်စက်ကြချိန်တွင် ဘ ရီးဆေးရီးတို့၊ ဘ ရီးသာဒွန်းတို့ ငုတ်တုတ် ရှိနေရပေမည်။ ဆွမ်းတော်ပွဲများ ရှေ့ တွင် ဝတ်အသင်းတွေ လာပြီး ဝတ်ရွတ်ကြမည်။ နောက်တစ်နေ့ကျမှသာ ဆွမ်းတော်ပွဲများကို စွန့်ရတော့မည်။

ဆွမ်းတော်ကြီးပေါင်း ပွဲတော်ကား ကျင်းပပြီးသွားပါပြီ။ ထိုပွဲတော်၏ အိမ်ရှင်ဖြစ်သော ရမ်းဘိုကုန်းရွာကား ပန်းတိုင်အရောက်၌ အားကုန်ကာ လဲကျ သွားသော အပြေးသမားနှယ် ဖွတ်ဖွတ်ညက်ညက် ကျေနေခဲ့ပြီတည်း။

□

www.burmeseclassic.com

www.burmeseclassic.com

## - ၁၅ -

မောင်းတက်သည် တက်ချေ ဆင်းချေ အလုပ်လုပ်လျက် ရှိ၏။

ကိုဘညိန်းသည် မြင်းဇောင်းဘေးမှ လှမ်းမျှော်ကြည့်သည်။ အားမရ သောကြောင့် နောက်ဖေးဘက်သို့ ထွက်လာသည်။ သူ့အမြင် မမှားပါ။ မောင်းတက်ကြီးသည် တက်ချေ ဆင်းချေဖြင့် အလုပ်လုပ်နေသည်။

အိမ်တွင် မလှမေ မရှိ။

အိမ်တွင် မရှိခါမှုဖြင့် ယာထဲသို့ ရောက်နေပြီ မပြောနိုင်။ သို့ဖြစ်လျှင် မည်သူ ရေလောင်း၍ မည်သူ ရေဖောက်သနည်း။

ရေတွင်းထဲမှ ရေကို မောင်းတက်ဝါးတွင် တပ်ဆင်ထားသော ရေပုံးဖြင့် ရေခွဲတင်ပြီး၊ ရေတွင်းပေါ်တွင် တစ်ပိုင်းတင်ထားသော ရေတံလျှောက် ခေါင်းထဲသို့ ရေကို သွန်လောင်း၏။ ထိုရေသည် တစ်ပုံးပြီးတစ်ပုံး ရေတံလျှောက် ခေါင်းထဲသို့ ရောက်သဖြင့် မြောင်းတစ်လျှောက် အဆက်မပြတ် ရေစီးသွား၏။ ထိုသို့ လုပ်ဆောင်သူကို ရေလောင်းသမားဟု ခေါ်၏။

မြောင်းမ ဟုခေါ်သော မြောင်းတစ်လျှောက် စီးလာသော ထိုရေကို ငရုတ်ပင်မြောင်း သို့မဟုတ် ခဝဲပင်မြောင်းထဲသို့ ရောက်အောင် သွင်းပေး၏။ ရေပြည့်သောအခါ ပိတ်ပစ်ပြီး၊ နောက်တစ်နေရာသို့ ရောက်အောင် ပို့ပေးရပြန်၏။ ထိုသူကို ရေဖောက်သူဟု ခေါ်ပေ၏။



ကိုဘညိန်းသည် မောင်းတက် လှုပ်နေသောကြောင့် ကိုကြွယ်ကြီး ရောက်လာပြီး ရေလောင်းနေသည် ထင်၏။ သို့ရာတွင် တစ်ယောက်တည်း လောင်းပြီး၊ တစ်ယောက်တည်း ရေဖောက်သော အလုပ်မှာ ပင်ပန်းသော်ငြား အလုပ်မတွင်ချေ။ သို့ကြောင့် ကိုကြွယ်ကြီး လုပ်မည် မထင်။ သို့ဆိုက မည်သူ ရေဖောက်သနည်း။ ပိုင်ရှင်၏ သဘောတူညီချက် မရဘဲ လူလှားအသစ်သော်ကား ကိုကြွယ်ကြီး ခေါ်မလာတန်ရာဟု မတင်မကျ အတွေးဖြင့် ချောင်းထဲသို့ ကိုဘညိန်း ဆင်းလာ၏။

ရေပုံးနားရှက်ကို ခြေဖြင့် ကန်ချချေ၊ ဆွဲတင်ချေ၊ ရေတံလျှောက် ထန်းသားခေါင်းထဲသို့ ခြေဖြင့်ဖိကာ စောင်းသွန်ချေ လုပ်နေသူမှာ ကိုကြွယ်ကြီး ဖြစ်ကြောင်း သေချာပြီ။ သို့သော် ရေဖောက်သူမှာ မည်သူနည်း။ ဤသည်ကို သိရန် ငရုတ်ခင်းထဲသို့ ကိုဘညိန်း ဝင်လာသည်။

မည်သူမည်ဝါ ကိုဘညိန်း သိချင်ကာမှ ရေဖောက်သူက ခမောက်ကြီး ကို ဆောင်းထား၏။ ဝါးပင် ပင်စည်မှ ထွက်သော ဝါးဖတ် ခမောက် မဟုတ်။ ဝါးကို နန်းသေးဆွဲ ရက်လုပ်ပြီး ရေနံသုတ်ထားသော ဝါးခမောက် ဖြစ်သည်။ ဝါးခမောက်သည် ငရုတ်ပင်ကြား၌ လှုပ်ရှားနေ၏။ လျင်မြန်စွာ လှုပ်ရှားချေ၊ နှေးကွေးစွာ လှုပ်ရှားချေဖြင့်။

"ရေလောင်းသာ လောင်းရ အားမရှိပါဘူးကွာ"

ရေဖောက်သူ မည်သူမည်ဝါ သိရန်အတွက် ကိုဘညိန်း အသံပေး၏။

"အပွင့်တွေ လိုက်နေပြီဗျ ဘထွေးရ"။

မျက်နှာ မော့မလာငြား မောင်ကိုကြီးဟု သိရပြီ၊ သို့ရာတွင် မျက်နှာ ကို မြင်ရမှ ဖြစ်ချေမည်။

"ဟာ ဟေ့ကောင်၊ မင်း လယ်ပြင် မသွားဘူးလား"

ကိုဘညိန်း မျှော်လင့်သည့်အတိုင်း ခမောက် မော့လာ၏။ ချွေးတွေ သန့်တွေ ရွှဲနေသော မောင်ကိုကြီးမျက်နှာ ပေါ်လာ၏။

"သည်ကောင် လယ်ပြင်မသွားဘဲ ဘာလုပ်နေသတုံး"

"နွားတွေ ပန်းနေပြီဗျာ ဘထွေးရ။ သာကြောင့် တစ်နေ့တလေ နားသာ ပေါ့ဗျာ"

"နွားနားရင် လူလည်း နားပေါ့ကွ"

www.burmeseclassic.com

www.burmeseclassic.com



"နားချင်ပေမဲ့ ကိုကြွယ်ကြီး တစ်ယောက်တည်း တက်ချေ ဆင်းချေနဲ့ တစ်ယောက်တည်း လောင်းပြီး တစ်ယောက်တည်း ဖောက်နေသယ်လေ။ သည် တစ်သက် ပြီးမှာ မဟုတ်ဘူး။ ပြီးတော့ မြင်မကောင်းသာနဲ့"

"အေးကွယ်၊ ငါ့တူကြီး ကျန်းမာပါစေ ချမ်းသာပါစေ၊ သာဓု သာဓု"

ကိုဘညိန်းသည် သာဓု ခေါ်ရင်း မောင်ကိုကြီးထံ လျှောက်လာသည်။ ထိုသို့ လျှောက်လာစဉ် ခြေထောက်တစ်ဖက်က ရေမြောင်းထဲ ချော်ကျသည်။ ချော်ကျလျှင် ခြေထောက်ကို မြောင်းပေါ်တင်ရန်ဖြစ်ပြား၊ လူပါ ပစ်လဲသည်။

"ဘထွေး ဘယ်လို ဖြစ်သာတုံး"

"အေးကွာ၊ ငါ"

ကိုဘညိန်းမှာ သည့်ထက်ပို၍ အသံမထွက်တော့ပါ။

"ကိုကြွယ်ကြီးရေ၊ တော်တော့ဗျို့"

မောင်ကိုကြီးသည် ဘထွေးကို ဘညိန်းကို ထမ်းသည်။ ပေါ့ပေါ့ကလေး ဖြစ်နေသဖြင့် စိတ်မကောင်းပါ။ မလှမေသည် အိုးလေးလုံး တစ်တွဲကို နေထုတ် လှန်းနေရာက တအံ့တသြ ဆီးကြိုသည်။

"ဘယ်လို ဖြစ်တာတုံး၊ ငါ အခင်းထဲ သွားဦးမယ် ဆိုပြီး ထွက်သွားတာ။ လဲပြိုနေဦးမယ်တောင် သတိပေးလိုက်ရသေး"

"ဒွေးလေးလှမေ နေနေ၊ မတော်တဆ ခြေချော်သွားတာပါ။ ကျုပ် ဆရာ သွားပင့်ချေမယ်"

မောင်ကိုကြီး ပြေးသည်။

ဆေးဆရာရှိသော မိုးဝန်းရွာ၊ ဆေးဆရာရှိသော ရုံးပင်ရပ်တို့သို့ ပြေးခြင်း မဟုတ်။ တယ်လီဖုန်း ရှိသော မောင်မောင်ထွေးတို့အိမ်သို့ ဖြစ်သည်။ ထိုကမှ မကွေးရှိ လှအုံးမယ်ထံ ဆက်သွယ်ခြင်း ဖြစ်သည်။

"ဘထွေး ဦးဘညိန်း ရေတံပင်တွေကြားထဲမှာ လဲကျလို့။ ဆရာဝန် ခေါ်ပြီး လာခဲ့ပါ။ ဟုတ်လား"

ကိုဘညိန်းမှာ မြန်မာဆေးဆရာတွေ ထပ်ထပ်ကြမ်းနေပြီ။ တစ်နေ့ရွှေ တစ်နေ့ငွေမှ မတက်။ လက်လှမ်းမီရာ ဆရာဝန်တွေလည်း ပင့်ပြီးပြီ။ ဆရာဝန် တွေလည်း ကိုဘညိန်း ဝဖြိုးကျန်းမာလာအောင် မစွမ်းနိုင်ကြ။ ယခု လှအုံးမယ် ထံသို့ အကြောင်းကြားခြင်းမှာ မိမိတို့ လက်လှမ်းအမီဆုံး ဆရာဝန်ဖြင့် ကုသခြင်း ဖြစ်၏။



မောင်ကိုကြီးသည် အိမ်သို့ ပြန်ပြေးလာသည်။ ဆရာဝန် ပေးထား ခဲ့သော ဆေးများထဲမှ အိပ်ဆေးပါသောဆေးကို တိုက်ထားသည်။ ဆရာဝန် အလာကို စောင့်ဆိုင်းရင်း ဘထွေး အိပ်ပျော်စေရန် ဖြစ်၏။

ဆရာဝန်သည် တင်မောင်ကျော်၏ ဂျစ်ကားဖြင့် ညနေစောင်းမှ ရောက် လာချေသည်။

"နှလုံး အားနည်းတာပါ။ ဆေးတစ်လုံး ထိုးပေးမယ်။ စားဆေး ပေးခဲ့ မယ်။ နက်ဖြန်မလိုဘူး။ သန်ဘက်ခါကျမှ လာကြည့်မယ်။ ကောင်းသွားမှာပါ"

ဆရာဝန်သည် ရွှန်းရွှန်းဝေအောင် ပြောပြီး တင်မောင်ကျော်၏ ဂျစ်ကား ဖြင့်ပင် နေ့တွင်းချင်း ပြန်သွားသည်။ သူ ပြောသည့်နေ့၌ ဆရာဝန် ရောက်လာ ပါသည်။ သို့တစေ ကိုဘညိန်းမှာ ထထိုင်နိုင်ရုံသာ ရှိ၏။ အစာမဝင်ပါ။ အစာ မဝင်ပြား၊ ကိုဘညိန်းသည် စိတ်ဓာတ် မာကြော၏။

"သေတာ မဆန်းပါဘူးကွာ။ လူဟာ မသေလို့ ဘာလုပ်မှာတုံးကွ"

"မဟုတ်သေးပါဘူး ဘထွေးရာ"

သေစကား ပြောသည်ကို မောင်ကိုကြီး မကြိုက်။ လျက်မန်းရည်မှ တစ်ဆင့်တက်ပြီး၊ ထမင်းစားနေသူက မည်သို့လျှင် သေရမည်နည်း။ သို့ရာတွင် စကားပြောနေသည့်ကြားက ကိုဘညိန်း ဇိဝိန်ချုပ်သွား၏။

"မဖြစ်နိုင်ဘူး။ ဘထွေး မျောသွားသာ ဖြစ်မယ်"

ကိုဘညိန်း မသေဟု အကျောက်အကန် အငြင်းဆုံးလူမှာ မောင်ကိုကြီး ဖြစ်သည်။ မျောသွားခြင်းသာ ဖြစ်သည်ဆိုသော သူ့စကားကို အတည်ပြုကာ ရေမချိုးဘဲ ထားပြား၊ ရပ်ကြီးက ဘညိန်းကို အလိုမလိုက်ပေ။ သို့ဖြစ်၍ ဘ ရိုးဆေးရိုး ကြီးမှုးပြီး အလောင်းပြင်ရတော့သည်။

အလောင်းထည့်ရန် 'ခေါင်း' စပ်နေဆဲတွင် ဆိုင်းရောက်လာသည်။

"ဟော့ ဘယ်သူ ဆိုင်းငှားသတုံး"

ဆိုင်းသမားက ငွေလက်ခံဖြတ်ပိုင်းကို ပြ၏။ ဆိုင်းငှားသူ ဦးကိုကိုကြီး ဟူ၏။ မောင်ကိုကြီးလည်း အလောင်းနားမှ မခွာ။ အလုပ်ပူချိန်ကြီးမှာ သေသော ကြောင့် နေ့ချင်းတွင်း ကိစ္စတုံးသင့်၏။ သို့ရာတွင် ဆိုင်းငှားသူက ငှားလာသော အခါ သုံးရက် ကြာရတော့သည်။

မသာတွင် ဆိုင်းထည့်သော အလေ့သည် ဤအရပ်၌ ရှိ၏။ ကြီးကျယ် ခမ်းနားသော ခမည်းတော်ပုံ မယ်တော်ပုံများ ဖြစ်သည်။ ကိုဘညိန်း ကဲ့သို့သော ငယ်ရွယ်သူများမှာ ဆိုင်းသာမက၊ ဇယဉ်ကျူးပါ ပါလာတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မသာတွင် ဆိုင်းပွဲသွင်းသောကြောင့် ဆိုင်းသမားများကို ထမင်းကျွေးရမည်။ လုံခြုံရေးအလုပ် ပိုလာသည်။ ဆိုင်းပွဲလာသော ရပ်ဝေးဧည့်သည်များကို အလုပ်ပိုလုပ်ပြီး ဧည့်ခံရသည်။

အသုဘဆိုင်းသည် အလှူဆိုင်းနှယ် တောက်ပဝင့်ထည် မနေပါ။ အရေးကြီးသော အခြားဆိုင်းပစ္စည်းများလည်း သီးခြားခွဲထားသည်။ ပတ်မတုပ်သံက အစ မသာပတ်မသံမှာ သီသာ၏။ အလှူပတ်မသံနှယ် မလွင်၊ မပဟိန်းပေ။

ကလေးများသာ မဟုတ်။ လူအတော်များများမှာ မသာဆိုင်းနှင့် မကြုံဖူးသဖြင့် အဆန်းဖြစ်နေကြ၏။ အဆန်းဖြစ်နေသောအခါ မသာဆိုင်းပွဲမှာ ဆွမ်းတော်ကြီးပေါင်းတန်းက ဆိုင်းငြိမ့်နှင့် နင်လား ငါလားပင်။

"သားကလေး ကိုဘညိန်း၊ မိဘကို လုပ်ကျွေးတဲ့ သားလိမ္မာကလေးမို့ ဒီပွဲကို ရှင်ပွဲဖြစ်အောင် လုပ်ရပါတယ်။ ရတနာသုံးပါးကို ကိုင်းရှိုင်းတဲ့ သား၊ မိဘကို ရိုသေတဲ့သား"

ဆိုင်းနောက်ထသည် သေသူကို အမွှမ်းတင်ပါမည်။ ထိုသို့ ဆိုင်းက အမွှမ်းတင်လေလေ အမေကြီး ရိုးကျိုးအိန်နှင့် အစ်မ မချောစိန်တို့မှာ မချိတင်ကဲ ခံစားရလေလေ ဖြစ်တော့သည်။

ကိုဘညိန်း၏ အသုဘမှာ ဆိုင်းပါသောကြောင့် လူစည်ကားပါသည်။ အလွန်တရာ စည်ကားသော်ငြား၊ ဆိုင်းအလှူရှင်မှာ မောင်ကိုကြီး မဟုတ်။ ထိုသို့ မဟုတ်သော်ငြား ဆိုင်းငှားသူအမည်မှာ သူ့အမည် ပေါက်နေ၏။ သူသည် ဘရိုးအေးရိုး၏ ယောက်ဖ ကိုမောင်မောင်အေးနှင့် တစ်ဂိုဏ်းတည်း ဖြစ်၏။

ရမ်းဘိုကုန်းရွာသည် ရိုးသားအေးဆေးသော လယ်သမားရွာ ဖြစ်၏။ ထိုရွာသို့ လျှပ်စစ်မီး မောင်မောင်ထွေးတို့ သွယ်တန်းသည်ကို မဆန့်ကျင်ငြား၊ မည်သည့်အရပ်မှ လာသည်ဟု မသိရသော 'ဆီးဖြူသီးပေါက်' အကျင့်ကိုကား မောင်ကိုကြီး အမြင်ကတ်သည်။

"ဘာမှန်းလဲ မသိဘူး။ အိပ်နေသုံ့လူ အိပ်ရေးပျက်အောင် ကြမ်းကြားကနေ ဆီးဖြူသီးနဲ့ပေါက်သယ်။ အခြင်တန်းက လှမ်းပြီး ဆီးဖြူသီးနဲ့ ပေါက်သယ်။ ဘာမျှလဲ အဓိပ္ပာယ်ရှိသာ မဟုတ်ဘူး"

အချို့သော အရပ်များတွင် တန်ဆောင်မုန်း လပြည့်ကျော် တစ်ရက်နေ့တွင် ဆေးပေါင်းခသည်ဆိုကာ မဲဇလီဖူး သုပ်စားကြ၏။ အချို့အရပ်တွင်ကား စောရနက္ခတ် မြူးသည်ဆိုကာ သူခိုးလုပ်တမ်း ကစားကြ၏။ ဓါက်ခွဲဆိုင်



ဆိုင်းဘုတ်ကို အိမ်သာ၌ ချိတ်သည်။ ဈေးခုံကို သစ်ပင်ပေါ် တင်သည်။ မြင်ရသူတွေ တဝါးဝါး ရယ်မောကြသည်။

ယခု တန်ဆောင်မုန်း လပြည့်ကျော် တစ်ရက်နေ့တွင် ဆီးဖြူသီးဖြင့် ပေါက်သော အကျင့်သည် ရမ်းဘိုကုန်းသို့ ရောက်လာသည်။ မောင်ကိုကြီး အလွန်မုန်းသည်။ အသုဘအတွက် အလောင်းတစ်လောင်းစာ ကျင်းတူးသည်ကို လက်ဖက်ကွမ်းဆေး တင်မြှောက် တောထိုင်ရ၏။

"သွားကြပါ၊ လုပ်ကြပါ။ ကျွန်တော် မလိုက်ပါရစေနဲ့"

ဖိုးကြွက်နီ၊ ဖိုးကျန်ကြီးတို့ အသုဘအတွက် ကျင်းတူးရန် လိုက်သွားပြီးကတည်းက မောင်ကိုကြီး လန့်သည်။ ယခု အသုဘတွင် ဆိုင်းထည့်သည်။ ဆိုင်းငှားသူမှာ မောင်ကိုကြီး ဖြစ်နေသည်။ ကာယကံရှင် မောင်ကိုကြီး ခွေ့ခွေ့ခုန် ဒေါသထွက်ပြား ဆိုင်းက တီးနေပြီ။

"အမတာတက်ဖို့ ဘာဝနာမပျက် တရားဆောင်။ ဘဂဝါမြွက်ခဲ့တဲ့ သာသနာသက်ကလည်း ငါးထောင်။ ပထဗျာပျက်ပျက်ပြီး ကမ္ဘာဆက်ခဲ့တာက များမြောင်"

"ဟုတ်ပ့ါ"

ဟောသည် အမှားရှောင်ဖို့ ပဒါနတ္တမ အလုပ်။ တရားအဆောင်နဲ့ တဏှာဖျက်စရာအဟုတ်၊ သမထာအချက်မှ ချုပ်၍ မှတ်ချက်ပြုရလျှင်၊ မရဏာသက်ကဆုတ်သဖြင့်၊ လျှပ်တစ်ပြက် ခဏ၌ ဓာတ်ဆက်သမျှ တစ်ခုမှတ်လျှင်၊ ဥပါဒ်ဘင် ကုဋေတစ်သိန်း ချုပ်ကြတာကြောင့်၊ အဓိပ္ပာယ်ထိန်းအုပ်၍ မရသော ခဏ၌၊ တစ်ဘဝ လျှောကြွတဲ့ အခြေမှာမို့၊ ရွှေငွေ ရတနာ နဝရတ်ပတ္တမြား မွမ်းမံပြီး၊ နတ်ရထားတွန်းရန်က နဂ္ဂဒါနို အုပ်လျက်၊ တလက်လက် ဖန်စမုခ်ရွှေဗိတာန်နဲ့ 'ငွေရဓိတာန် အလောင်းမှာ ခြယ်လျက်၊ တစ်သောင်းရတနာဆွယ်စီမြှာကွန်၊ ကတ္တီပါအုတွန်နဲ့ စိန်နီလာ၊ ကိန္နရီကိန္နရာ နတ်ဖန်ဆင်းသလို၊ ပြာသာဒ်အလျှံတဝင်းဝင်း အာသရေ အဆင့်လှိုင်တဲ့အပြင်၊ နေမင်းပြိုင်ခါ ကြွားညွန့်တင်။ ပတ္တမြားသလွန်နှင့် မြမျက်နာကြက်။ အလှကနက် ကူနွှာမယ်၊ နိမ္မာနယ်က အေးယာဉ်လွှဲပြီး၊ တေးတမင်နွဲ၍ ဒါနသောဂါလွှမ်းလျက်၊ ရှေးယခင် မလွဲကာ မပြလာဘ မကျွမ်းရစေဖို့၊ မနှေးအလျှင်ပဲ သဒ္ဓါဘာလဝဇော အဖြာဖြာ လွှမ်းအောင် ကိုင်း ရှာစား၊ ရှာပနထောမနာခန်းဖွင့်"

www.burmeseclassic.com

www.burmeseclassic.com



ပရိသတ် နားထောင်သည် ဖြစ်စေ၊ နားမထောင်သည် ဖြစ်စေ၊ ပရိသတ် နားလည်သည် ဖြစ်စေ၊ နားမလည်သည် ဖြစ်စေ ပေါ်ပေါ်တန်တန် မလုပ်ကြောင်း အသိပေးသည့်လေပြေ ဖြစ်သည်။ တီးသည့် တေးချင်းမှာ 'တောဘုမ္မာ' ဖြစ်ရာ၊ လူကြီးတိုင်း နှစ်သက်သည်။ ဂီတသမားတိုင်း သဘောကျသည်။

ဆိုင်းနောက်ထများသည် ထိုကဲ့သို့ သမားဂုဏ်ပြ လေပြေများကို ထိုးသည့်နည်းတူ အတိုကလေးများကိုလည်း သုံးကြသေး၏။

"ဖျောက်ဖျောက်မစဲ၊ တောဆင်ကြမ်းတို့ အားစမ်းကာ ဆွဲတော့၊ ဝါးကွဲသံထင့်"

"ကျက်စာ ရှက်တာနဲ့ မသုံးပါဘူး။ မျက်နှာလက်ကာ ဖုံးတော့၊ မက်စရာအလုံး တီးတော်မူစမ်း"

ဆိုင်းမှာ မသာဆိုင်းဖြစ်သည့်အတွက် "ဟိုဟာလေး ကြားပါရစေ၊ သည်ဟာလေး ကြားပါရစေ" လုပ်၍မရ။ သန်းခေါင်ကျော်မှ ပြီးသွားသည်။ အမေကြီး ရိုးကျိုးဒန်နှင့် အစ်မ မချောစိန်၊ ဖနီးသည် မလှမေတို့လည်း မငိုနိုင်။ မောမောနှင့် အိပ်ကြပြီ။

ဆိုင်းမှာ နောက်တစ်နေ့ နံနက်စောစောထပြီး ရေကင်းသံ တီးရသည်။ ငွေပေးပြီး ငှားထားသောကြောင့် တီးရခြင်း ဖြစ်ရာ၊ အမေကြီး ရိုးကျိုးဒန်တို့ကို ဆွဲပေးသကဲ့သို့ ရှိတော့၏။

"သားရေ သားရဲ့၊ အမယ်လေး ခွဲရတော့မှာပါလား သားရဲ့"

အမေကြီး ရိုးကျိုးဒန်၏ နောက်မှ ပါလာသော ငိုသံကား မချောစိန်၏ ငိုသံ ဖြစ်ပေသည်။

"မောင်လေးရေ၊ မောင်လေးရဲ့။ အမယ်လေး ခွဲရတော့မှာပါကလား မောင်လေးရဲ့"

သို့သော် မလှမေကား ဖွဲ့နွဲ့၍ မငိုတတ်။

"အမယ်လေး ကိုဘညိန်းရဲ့"

သို့သော် သမီးကြီး မေကြည်ကား ငိုတတ်သည်။

"အဖေရေ အဖေရဲ့။ ဘယ်သူ့ကို ယုံပြီး အမေ့တစ်ယောက်တည်း ထားခဲ့တာလဲ အဖေရဲ့"

ချွေးမ ရီရီပြုံးနှင့် အေးရီတို့လည်း မညံ့ပေ။

"အဖေရေ အဖေရဲ့၊ မျက်နှာထားကြီးနဲ့ ထငေါက်ပါဦး အဖေရဲ့"



"အမယ်လေး အဖေရဲ့၊ အမေ့မြေးတွေ စာပြန်တာကို တပြုံးပြုံးနဲ့ ထပြီး နားမထောင်တော့ဘူးလား အဖေရဲ့"

ငိုသံတွေ လှိုင်နေသည့်ကြားမှပင် 'ဆွမ်းစဉ်' သို့ သံဃာတော်များ ကြွလာကြပြီ။ သက်ပျောက်ဆွမ်း၊ မြေချဆွမ်းများကို တပေါင်းတည်း ဆောင်ရွက်ကြ၏။ သံဃာတော်များကလည်း ပရိတ်ရွတ်၊ မေတ္တာပို့အပြီးတွင် ရေစက်ချပေးသွားကြ၏။

သံဃာတော်များ ပြန်ကြွသွားလျှင် ဘ ရိုးဆေးရိုးသည် သမီးကြီးကို ခေါ်ပြီး သတိပေးသည်။

"သေသွဲ့လူက သေသွားပြီ သမီး။ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့တဲ့ ဆရာဝန်တွေ ပင့်ပြီး ကုခဲ့သာပဲ"

"ဟုတ်ပါသယ် အဖေ"

"လူဆိုသာဟာ သေမျိုးတွေပဲ သမီး။ အဲသည်တော့ ညည့်အမေကို တရားပြကြပါ။ သူ့ရှေ့မှာ သိပ်ပြီးမငိုနဲ့"

"ဟုတ်ကဲ့ပါ အဖေ"

"အဖေ ဘာကြောင့် ပြောလဲ။ နားလည်ရဲ့လား"

"နားလည်ပါသယ် အဖေ။ အမေ့ကို စိုးရိမ်လို့ အဖေ ခုလို ပြောသာကို သမီး သဘောပေါက်ပါသယ်"

မချောစိန်တို့မှာ ဤသို့လျှင် စိတ်တိုင်းကျ အားရပါးရ ငိုခွင့်မရကြချေ။ မောင်ကိုကြီးသော်ကား လူငယ်တွေနှင့် စကားများပြီး နှစ်နေရာလုံး၌ အရှုံးပေးခဲ့ရသည်။ မောင်ကိုကြီးက သူဦးလေးအလောင်းကို ပိတ်ဖြူပတ်သော ထမ်းစင်ဖြင့် သင်္ဂြိုဟ်လိုသည်။ လူငယ်များက ပြာသာဒ်ဖြင့် သင်္ဂြိုဟ်လိုသည်။ သည်ကိစ္စတွင် မောင်ကိုကြီး အရှုံးပေးခဲ့ရသည့်နည်းတူ ဆိုင်းကို သုသာန်အထိ ခေါ်သွားရေးတွင်လည်း အရှုံးပေးခဲ့ရသည်။

"အများနဲ့ တစ်ယောက် ဖြစ်နေပြီနော်"

ရှာဘော် ကိုလှမောင်က သတိပေးသည်။

"ကျုပ်က အရာအားလုံးကို ရေငုံနှုတ်ပိတ်ပြီး နေနိုင်၊ လိုက်လျောနိုင်ပါသယ်။ အယူတိမ်းနေသဲ့လူတွေ သိစေချင်လို့ တင်းခံနေသာပါ။ သူတို့ တင်တွေ အမြင်မှန် ရစေချင်လို့ တမင်လမ်းပြသာပါ"

www.burmeseclassic.com

www.burmeseclassic.com



မောင်ကိုကြီး ဖျောင်းဖျခဲ့ရသော လူငယ်များမှာ ကျောင်းက ထွက်လျှင် ဘာမျှ မသိသူများ ဖြစ်ပါသည်။ နေ့ကို ရက်စားပြီး အသက်ကြီးလာသော်လည်း အသိမကြီးသူများ ဖြစ်သည်။ ထမင်းနပ်မှန်အောင် စားနေရသောကြောင့် ခန္ဓာကိုယ် ကြီးထွားလာပြား အသိမထွားကျိုင်းသူများ ဖြစ်ကြ၏။

သူတို့သည် အသက်ကြီးလာသောကြောင့် ဦးဘယ်ဝါ၊ ဒေါ်ဘယ်သူဟု အမည်တပ်၏။ ပွဲလမ်းသဘင်များတွင် အရာဝင်ပြီး ပြောကြ၏။ အနှစ်ရှိသော စကားများ ထွက်မလာပါ။ အကြောင်းအားလျော်စွာ ငွေကြေး ကြွယ်ဝပြား အသိတရား မရှိပါ။

တစ်ချိန်သောအခါက ထိုကဲ့သို့သော လူထီးလူမများကို ဖိုးသုည မယ်သုည ခေါ်၏။ သို့ရာတွင် ထိုကဲ့သို့သောသူများ ပျောက်ကွယ်မသွားပါ။ လျော့ပါးမသွားပါ။ အမည်ကား ပြောင်းလွဲသွား၏။ ဖိုးဖီးရိုး၊ မယ်ဖီးရိုး ဟူ၍။

ဤကဲ့သို့သော သူများနှင့် မောင်ကိုကြီး စကား ပြောခဲ့ရ၏။

"တို့ကတော့ ကိုဘညိန်း အသုဘ ခမ်းခမ်းနားနား ပြာသာဒ်နဲ့ သွားစေချင်လို့ ပြောတာပါ"

"ဗုံရှည်ဝိုင်းတွေ ဘယ်လောက်ပဲ ပါပါ ဆိုင်းဝိုင်းကြီးလောက်တော့ အရေးမပါဘူး။ မခန့်ညားဘူး"

"ဟုတ်ပါပြီ။ ကျွန်တော် ပြောတာလေးလည်း တဆိတ် နားထောင်ကြပါဦး"

ထိုသို့ရှိစဉ်တွင် ကိုလှမောင်က ဝင်ပြီး "အများနဲ့ တစ်ယောက်ဖြစ်နေပြီနော်" ဟု သတိပေးခြင်း ဖြစ်သည်။ ထိုအခါ မောင်ကိုကြီးက ရဲရဲစွန့်ငံ့သူ ဖြစ်ကြောင်း ပြသသည်။

"ရပါတယ်။ အများသဘောကျ လုပ်ရမှ ဖြစ်မယ်ဆိုလည်း လုပ်ကြပါ"

မောင်ကိုကြီး၏ အသက်သည် သုံးဆယ်ဝန်းကျင်သာ ရှိပါသေးသည်။ သူသည် ဆယ်တန်း မအောင်ပြား၊ စာဖတ်အားကောင်းသည်။ သို့ဖြစ်သောကြောင့် အသိအမြင် ကြွယ်သည်။

လူတစ်ယောက် သေလျှင် ပြီးသွားပြီ ဖြစ်ပါလျက်၊ မည်သည့်အတွက် ခွဲမချာဘဲ ဆိုင်းတွေ ဗုံတွေ တလားတွေ ပြာသာဒ်တွေနှင့် မွမ်းမံနေကြသနည်း။ ထိုကဲ့သို့ မွမ်းမံသောအခါ အရောင်အဝါ တက်လာပါသလော။ ထိုအမေးကို နားဖြင့် ခံနိုင်သူမှာ ဘ ရိုးဆေးရိုးနှင့် မောင်မောင်အေးသာ ရှိသည်။



ထိုအကြောင်းကို မောင်ကိုကြီး ကောင်းစွာ သိသည်။ သို့ကြောင့် သူသည် လွယ်ကူစွာ အလျှော့ပေးလိုက်သည်။

"ရပါတယ်။ အများသဘောကျ လုပ်ရမှ ဖြစ်မယ်ဆိုလည်း လုပ်ကြပါ"

ငါ လုပ်ချင်သည့်အတိုင်း မဖြစ်ကောင်းလားဟူ၍ မောင်ကိုကြီးမှာ စိတ်ကောက်မနေပေ။ သူတို့စိတ်တိုင်းကျ လုပ်ပါစေဟု သဘောထားနေစဉ် အဖျားခေါင်း မမုန်းချစ် ရောက်လာသည်။ လက်ထဲတွင် အပ်ချည်လုံး တစ်လုံး အပြင် ချည်လွှတ်တွေပါ ကိုင်ထား၏။

"ကိုယ်တိုင်းပေးရမယ်၊ လာခဲ့"

"ကိုယ်တိုင်းမပေးတော့ ဘာဖြစ်လဲ"

"နှင် ကန့်လန့်မလုပ်နဲ့"

"ကန့်လန့်မလုပ်ပါဘူးဗျာ။ အဘေး ဦးကြွက်နီ၊ အဘေး ဦးကျွန်ကြီးတို့ အသုဘတုန်းက ကိုယ်တိုင်း မထည့်လိုက်ရဘူး။ ကိုယ်တိုင်း သေသေချာချာ ထည့်လိုက်သဲ့ ဘထွေးတော့ သေပြီ။ ကိုယ်တိုင်း မထည့်လိုက်မိသဲ့ ကျုပ်တော့ မသေသေးဘူး"

"ရပ်မလေ့ ရှာလေ့ပါဟယ်"

မမုန်းချစ်က မောင်ကိုကြီး၏ ခေါင်းမှ ခြေအထိ အကွာအဝေးကို တိုင်းထွာနေသည်။

"ငါးပေ ရှစ်လက်မဗျာ"

"ဟဲ့ ငါ့မှာ ပေတံမပါဘူးဟဲ့ အနာရဲ့"

ဗုံရှည်သံ ကြားရပြီ။

ဗုံရှည်သည် ချင်းတွင်းမြစ်ဝန်းမှ ထွက်သော ဖြော့နယ် အသံ မစုံပါ။ အဖို့ အမ ဗုံရှည်နှစ်လုံးပါသည်။ နှဲနှင့် လင်းကွင်းတို့ ပါသည်။ တစ်ရပ်လျှင် ဗုံရှည်ဝိုင်းတစ်ဝိုင်း၊ တစ်ရွာလျှင် ဗုံရှည်ဝိုင်းတစ်ဝိုင်း ဖွဲ့စည်းထားကြသည်။

သာရေးကိစ္စ ရှိသောအခါတွင် ထိုဗုံရှည်ကို ဝိတ်ဖြူပတ်သည်။ တီးသောအသံမှာ အများသိသည့် ဗုံရှည်သံ၊ စည်တော်သံများ ဖြစ်ပေသည်။ ရမ်းဘိုကုန်းရွာထဲသို့ တောင်ဖက်ကုန်းဗုံရှည်ဝိုင်း ဝင်လာပြီ။ ရွှေတညာ သီချင်းကို တီးလာကြသည်။

"ဗုံရှည်ဝိုင်းတော်သားများ ကြွကြပါ၊ ရေနွေးသောက်ကြပါ"

www.burmeseclassic.com

www.burmeseclassic.com



ဤအဖွဲ့သားများသည် စေတနာဖြင့် လာရောက်ကူညီသူများ ဖြစ်ဖို့များသည့်အတွက် ဂရုတစိုက် ဧည့်ခံရသည်။

"ရွာသာကုန်းက ပုံရှည်ဝိုင်း။ ကုတင်ကြီးစုရွာများ ရောက်နေပြီဟေ့"

သတင်းပေးသူက လာရောက်ပေးသောအခါ အရိပ်ကောင်းတွင် ဖျာခင်းလျက် အသင့်ကြိုနေကြစဉ်၊ ဆိုင်းသမားတွေလည်း အလုပ်များပြီ။

ဆိုင်းပစ္စည်းများ၏ ပုံမှန်အနေအထားမှာ လှည်းနှစ်စီးတိုက် ဖြစ်သည်။ အခြားမြို့ရွာများတွင် ဖြစ်ပါက လှည်းတစ်စည်းတိုက်သည် သွားနှင့်ပြီး ကျန်သော တစ်စည်းတိုက်တွင် ပတ်မကို လှည်းနောက်တွင် ချိတ်လျက် အသုဘချရာသို့ တီးမှုတ်လျက် လိုက်ပါလာကြသည်။ သုသာန် အရောက်တွင် ဆိုင်းသမားများ အလိုရှိရာသို့ တန်းပြီး မောင်းသွားကြ၏။

ရမ်းဘိုကုန်းကား ဤသို့ မဟုတ်။ သုသာန်သို့ ပတ်ဝိုင်းကြီးပါ ပုံအပြည့်အစုံ ပတ်စာအပြည့်အစုံဖြင့် လိုက်ရသည်။ ထိုသို့ လိုက်နိုင်ရန်အတွက် ဆိုင်းဝိုင်းကြီးကို ဝါးနှစ်လုံး၊ သို့မဟုတ် ထမ်းဘောင်နှစ်ခုနှင့် တွဲချည်ရသည်။ ဆိုင်းဝိုင်း၏ ပန်းပြားတွေ မပွန်းမပဲ့အောင် အုံးလုံးကလေးတွေ ခံပြီး အခိုင်အခံ့ချည်နှောင်ရသည်။

အသုဘ ချသွားသောအခါ ဆိုင်းသည် အသုဘနောက်မှ လိုက်ရသည်။ လူလေးယောက်က ထမ်းသည်။ ဝိုင်းတော်ကြီးက ဆိုင်းဝိုင်းထဲ ဝင်တီးရင်း လိုက်ပါရသည်။ ပတ်မကို လူနှစ်ယောက်က ဝါးလုံးဖြစ်စေ၊ ပိုတုံးဖြင့်ဖြစ်စေ လျှိုထမ်းရသည်။

နှဲသမားနှင့် လင်းကွင်း၊ စည်းဝါးတို့ကား ခြေကျင်လိုက်ရသည်။ သုသာန်ရောက်လျှင် သရဏဂုံ ဇရပ်အနီး၌ နေရသည်။ အမျှဝေသံ ကြားလျှင် ဆိုင်းက ဖြောတီးပေးရသည်။ သို့မှသာ အဖွဲ့တစ်ဖွဲ့၏ ပါဝင်အမှုထမ်းခြင်း ပြီးပြည့်စုံသည်ဟု ခေါ်နိုင်ပေ၏။

ရွာသာကုန်း ပုံရှည်အဖွဲ့ကို နေရာချပေးအပြီးတွင် ချောင်းပြင်ကို ဖြတ်လျက် ပုံရှည်အဖွဲ့တစ်ဖွဲ့ တိတ်ဆိတ်စွာ လာနေသည်။

"ပုံရှည်အဖွဲ့ ဘယ်လောက်တောင် ဖိတ်ထားသတုံး"

ယင်းမှာ မောင်မောင်ထွေး၏ အစီအမံ ဖြစ်ချေမည်။ သူနှင့် သူ့တပည့်ရွေအိုးတို့မှာ ကိုင်းထဲ တစ်ခွင်တစ်ပြင်နှင့် အနီးအနားရွာများတွင် ကျက်စားနေကြ



သူများ ဖြစ်ကြ၏။ သည်အထဲတွင် အောင်ဘာလေ ပါ၊ မပါကို မည်သူမျှ အတပ်မပြောနိုင်ကြချေ။

စည်သံ ကြားသည်။

"ဟဲ့ မသာက ဘယ်အချိန်ချမှာမို့ အခုကတည်းက စည်တီးနေကြရသာတုံး"

"နေပဲ မော့ကြည့်ပါဦး"

ရမ်းဘိုကုန်းရွာသည် ဝေတ်ခဲနာရီ၊ သံပတ်နာရီများကို သုံးစွဲနေကြပါပြီ။ သို့ရာတွင် အိမ်တိုင်း မသုံးနိုင်သေး။ အိမ်တိုင်း သုံးနိုင်သော နာရီကား ငွေမပေးရသည့် နေလုံးကြီးသာတည်း။

လေးထပ်ကျောင်း ခေါင်းရင်းတွင် စည်ရုံ ရှိသည်။

သာရေး ဖြစ်စေ၊ နာရေး ဖြစ်စေ သည်စည်ရုံမှ စည်ကို တီးသည်။ ပထမတစ်ကြိမ် စည်တီးသောအခါ မေ့လျော့စိတ်ကို သတိပေးသည်။ သာရေးဖြစ်ပါက တရားနာသွားရန်၊ နာရေးဖြစ်ပါက အသုဘ ပို့ရန်။

ဒုတိယအကြိမ် စည်တီးပါက သာရေးတွင် တရားနာရန် သွားရောက်နေပြီ။ တရားဟောတော့မည်။ နာရေးဖြစ်ပါက၊ အသုဘချတော့မည် ဖြစ်သဖြင့် အသုဘ ရှိရာသို့ အရောက်သွားကြရသည်။ ထိုအခမ်းအနားတွင် အပင့်ခံထားရသော သံဃာသည်လည်း သင်္ကန်းရုံခြင်း အရောက်ကြွခြင်း ကိစ္စများကို ဆောင်ရွက်ထားနိုင်ပေသည်။

"မောင် သေရင် မြေမဖို့ပါနဲ့၊ မီးမရှို့ပါနဲ့၊ မြစ်ပင်လယ်ကြော မျှောလိုက်ပါ"

"ကိုဘညိန်းရေ၊ ကိုဘညိန်းရဲ့"

"မောင်လေးရေ၊ မောင်လေးရဲ့"

ပုံရှည်အဖွဲ့များသည် နေရိပ်ရာနေရာတွင် ဖျာခင်းလျက်နေကြ၏။ ထိုသို့နေရာမှ တစ်ဝိုင်းက စလိုက်သောအခါ ကျန်ဝိုင်းများကလည်း တီးကြဆိုကြသည်။ နာရေးတွင် တီးသော အတီးဖြစ်သည့်အတွက် အလွမ်းအဆွေးကို တီးကြသည်။ အလွမ်းဇာတ်ဝင်ခန်း တစ်ခန်းကို ကျောက်ခဲကုန်းဝိုင်းက တီးမိဆိုမိရာ မလှမေကို ထိ၏။ မလှမေ ငိုသောအခါ မချောစိန်လည်း မနေနိုင်ပေ။ ရောယောင်ပြီး ငိုမိတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"လွမ်းပုံကို မဖန်တီးနိုင်ဘူး။ မြင်ကြီးရယ်တဲ့ သေလာဠ။ ဖော်ကွာသူ ဆွေးစေဖို့ ငှက်ကျေးသာရကာ၊ မြူးပျော်ရာလို့သာ ဘာသာနေ့ော"

စာသားမှာ အလွမ်း မဟုတ်ပြား၊ အသွားမှာ မှိုင်ဖြစ်ရာ၊ ငိုချင်လျက် လက်တို့သီချင်း ဖြစ်၏။

ပုံရှည်ဝိုင်းတစ်ဝိုင်းက လက်စွမ်းပြလိုက်သောအခါ ကျန်အဖွဲ့တစ်ဖွဲ့ ကလည်း အဆိုနှင့်တွဲလျက် ပေါ်လာပြန်သည်။

"စုံဆယ်ဖြာ ပန်ထွာဦးတင်၊ ဖူးမြင်သက်လွတ်ကြောင်း"

ရာမဇာတ်ထဲက မျောက်ငိုချင်း ဖြစ်ကြောင်း သိချင်မှ သိမည်။ သို့သော် အလွမ်းအဆွေးအဖြစ် တီးခြင်း ဆိုခြင်း ဖြစ်သည်။

"ဘထွေးရေ၊ ဘထွေးရဲ့"

မသွားဘူး ဟူ၍ စိတ်ကို တင်းထားသော်ငြား အမေကြီး ရီးကျီးဒန်မှာ ကိုယ့်စိတ်ကိုယ် မထိန်းနိုင်ပါ။ တောင်ဝှေး အားကိုးဖြင့် သား၏အသုဘသို့ လာသည်။ အမြင်မတော်သူများက တွဲပို့ကြသည်။

"ဘညိန်းရေ၊ ဘညိန်းရဲ့၊ သားရဲ့၊ လူလေးရဲ့"

အမေကြီး ရီးကျီးဒန် ငိုသောအခါ၊ ခင်ခင်ကြီးနှင့် မိမိထွေးတို့ မနေနိုင်တော့ပါ။ အော်ဟစ်ငိုကြပြီ။

"ဘထွေးရေ၊ ဘထွေးရဲ့"

"အမယ်လေး ဘထွေးရဲ့"

တူမများ၏ ငိုကြွေးသံကို ဖုံးလွှမ်းသွားသော အသံမှာ သမီးကြီး မေကြည်၏ ငိုကြွေးသံ ဖြစ်သည်။ မေကြည်၏ သားများဖြစ်သော သူရကျော်နှင့် သူရသန်း၊ သူရထွန်းတို့မှာလည်း ဘကို ချစ်သူများပီပီ အော်ဟစ်ငိုယိုကြ၏။

ရေပြည့်အိုးတစ်လုံး လေတွင် ပျံဝဲလာရာက မြေပေါ်တွင် ကျကွဲသည်။ ခေါင်းသွင်းထားသော အသုဘသည် လှေကားမှ မဆင်းပါ။ ပြတင်းပေါက်မှ ဆင်းရာ၊ အောက်မှကြိုသူ၊ အပေါ်မှ ထိန်းသူများဖြင့် ပွက်ပွက်ရိုက်နေ၏။ သို့ရာတွင် မောင်ကိုကြီးသည် အမေကြီး ရီးကျီးဒန်ဘေးတွင် ထိုင်လျက်က ပြူးတူးကြောင်တောင် ကြည့်နေ၏။

အသုဘသေတ္တာ(မသာခေါင်း)ကို အိမ်ပေါ်မှ အိမ်အောက်သို့ သယ်ဆောင်သွားသူများမှာ ငမူးတွေချည်း ဖြစ်သည်။ ထိုငမူးတို့၏ အနံ့ဆိုးကို မောင်ကိုကြီး မခံနိုင်။ ထိုအနံ့ကို အောင့်အည်းသည်းခံနိုင်သူမှာ မောင်မောင်အေး ဖြစ်လေ၏။

"ဟေ့ နေကြပါဦးဟ"



အသုဘချသော ပြာသာဒ်တွင် အလောင်းစင် ပါသော်ငြား မသာ သေတ္တာကြီးကို မတင်နိုင်ပါ။ သို့အတွက် အသုဘသေတ္တာကို 'ထမ်းပေါင်'ပေါ် တင်ရသည်။ ကြိုးဖြင့် ခိုင်ခံ့အောင် တုပ်နှောင်အပြီးတွင် ပြာသာဒ်မှ ခွာထားသော 'တိုက်'ကို ပြန်ပိတ်ကြသည်။ ထိုတိုက် ပြန်အပိတ်တွင် မောင်မောင်အေးက တားမြစ်ခြင်း ဖြစ်၏။

"ခင်ဗျားက နငယ်ကို အမြီးဆက်ဦးမလို့လား"

ပြာသာဒ် အောက်ခြေသို့ ဦးတည်နေသော မောင်မောင်အေး၏ ကုန်းသော ခါးစန့်သွား၏။ ငမူးကို စေစေကြည့်ရာက မောင်ကိုကြီးကို လက်ညှိုးထိုးပြ၏။

"မင်းတို့ကို ကြည့်မရလို့ ထိုင်နေတဲ့ လူတွေလား။ ငါ့ကိုလာပြီး မရိန့်။ အဲဟိုလူ ဆင်းလာရင် မင်းတို့ သေကုန်မယ်နော်။ ငါက ကြိုးနဲ့ ချည်တာ ပိုပြီး ခိုင်အောင် လုပ်မလို့၊ ဟုတ်ပြီလား"

မောင်မောင်အေး၏ မျက်နှာထား တင်းမာ ခက်ထန်နေ၏။ သူသည် ငမူးကို နားရင်းအုပ်ရန် လက်တပြင်ပြင် ဖြစ်နေပြီ။ သို့ကြောင့် ရွာဆော် လုမောင်က ငမူးကို ဆွဲခေါ်သွား၏။ ထို ငမူးတွေသည် အလောင်းတင်သော ယာဉ်သို့မဟုတ် ပြာသာဒ်ကို ထမ်းပြီး ခုန်မည်။ ယိမ်းထိုးမည်။ ဤအခါတွင် အသုဘ သေတ္တာ လူးလိမ့်လွင့်ပျံမသွားအောင် ကြိုတင်ပြီး ချည်နှောင်ထားရပေ၏။

မသေမီကသာ မောင်မောင်ရဲ့၊ ဘဘရဲ့၊ ခင်ခင်ရဲ့၊ ချစ်ချစ်ရဲ့ ဖြစ်သော် ငြား သေပြီး မကြာမီ ပုပ်တော့၏။ ထိုအပုပ်ကောင်ကြီး ထည့်ထားသော ခေါင်းကို မူးနေသူများသာ ရယ်ရွှင်ကစားကြသည်။ လူကောင်းသူကောင်းများက နှောက်ဆုတ်ပြီး ရှောင်ရှားကြသည်။

တစ်ခါက ယခုကဲ့သို့ ပြာသာဒ်ဖြင့် မဟုတ်။ ဝိတ်ဖြူ ပတ်ကာ သယ် ဆောင်လာသော အသုဘကို ငမူးများ မသာကစားကြ၏။ ကစားသည် ဆိုရာ၌ ရှေ့တိုးနောက်ငင် ဘယ်ယိမ်းညာယိမ်း လုပ်ခြင်း ဖြစ်၏။ ညာဘက်က တွန်း လာသောအခါ ဘယ်ဘက်က အားကုန်ခံပြီး ခုခံ တွန်းလှန်ရ၏။ သို့ရာတွင် အတွန်းခံရသော ဘက်က ခုခံအား အပြည့်အဝ ရှိသောအခါ အသုဘသေတ္တာ ကြီး လွင့်ကျ၏။ သေတ္တာထဲမှ ကမ္ဗလာန်းကောင်ကြီးပါ လွင့်ထွက်၏။ ထိုအခါ ရပ်ရွာနှင့် စကားများတော့သည်။ သေမျိုးတွေ၊ မသာမျိုးတွေ ဖြစ်စေကာမူ မိမိ တို့ ရပ်ကွက်တွင်း၌၊ မိမိတို့လမ်းတွင်း၌ ခေါင်းကြီး ပွင့်ပြီး အသုဘကောင်ကြီး ထွက်ကျခြင်းကိုကား သည်းမခံနိုင်။ ခေါင်း ကစားသူများက မချေမငံ ပြန်ပြော

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ဝိုင်းရိုက်သည်။ မွေးတွေ ထွက်ပြေးရာ မသာကြီး ကျန်ခဲ့သဖြင့် အရပ်လူကြီးတွေ လာရောက် ဆောင်ရွက်ပေးလိုက်ကြရ၏။

မောင်မောင်အေးက ဤသို့ မဖြစ်စေရန် ကြိုတင်ကာကွယ်ခြင်း ဖြစ်၏။ ထို့ကြောင့် ချည်နှောင်သော ကြိုးကို စစ်ဆေးသည်။ တော်ရုံတန်ရုံဖြင့် မပြုတ်နိုင်၊ မပြေနိုင်ကြောင်း သေချာတော့မှ နောက်သို့ ဆုတ်ပေးသည်။ ခွာထားသော အကာအရံကို ထိုအခါကျမှ ပြန်ကပ်ကာ ချည်နှောင်သည်။

"သားရေ သွားတော့ကွယ်၊ သွားတော့"

အမေကြီးရိုးကျိုးဒန်မှာ ဝမ်းဖြင့် လွယ်ပြီး မွေးခဲ့ရသူ ဖြစ်သော်ငြား သတိရှိ၏။

"အမယ်လေး ကိုဘညိန်းရေ၊ ကိုဘညိန်းရဲ့"

မလှမေကား ငါးရံ့ပြာလူး ဖြစ်တော့သည်။ အိမ်ထောင်ဦးစီးလည်း ဖြစ်၊ ကြင်ဖက်သက်နှံလည်း ဖြစ်သည်။ အသုဘရှုကြွပါရန် ဘုန်းတော်ကြီး မည်မျှပင့်သနည်း ကာယကံရှင် မလှမေ မသိပါ။ ဤကိစ္စတွင် လှအုံးမယ်နှင့် ခိုင်သခင်တို့ သမီး ယောက်မ နှစ်ယောက် တိုင်ပင်ဆောင်ရွက်ကြရာ တာလမ်းတစ်လမ်းလုံး ရွှေဝါရောင် လွှမ်းနေတော့၏။

"ဘုန်းကြီး သက်ဈေ ပင့်ထားသဟ"

သုသာန်ဇရပ်သေးသေးကလေးတွင် ဘုန်းကြီး ဆယ်ပါးသာ ဆံ့သည်။ မဆိုင်ဘဲ မတ်တတ်ရပ်နေသော ကိုယ်တော်များကို စာအိတ် တစ်အိတ်စီ လိုက်လံကပ်သူမှာ လှအုံးမယ် ဖြစ်ပေ၏။

လူလေးယောက် ထမ်းသော ဆိုင်းဝိုင်းကြီးနှင့် လူနှစ်ယောက် ထမ်းသော ပတ်မမှာ အသုဘနောက်မှ ဖြစ်သည်။ ရှေ့ဆုံးက သံဃာတော်များ နောက်တွင် ကြေးစည်ပါသည်။ ယင်း၏နောက်တွင် ပုံရှည်ဝိုင်း။ ၎င်းနောက်တွင် အသုဘရှင်သော ပရိသတ်။ ဤသည့်နောက်တွင် ပုံရှည်ဝိုင်း။

ပုံရှည်ဝိုင်း လေးဝိုင်းမှာ မေတ္တာရှိဖြစ်ငြား၊ အချို့ဝိုင်းမှာ နှဲသမားကို ငှားလာရသဖြင့် နှဲမိုး ပေးရသည်။ အလုပ်ပူချိန်ကြီးတွင် သေခြင်း ဖြစ်သော်ငြား မသာပို့သူ မနည်း။ မြစ်ကူးချောင်းချားမှပင် တစ်ရွာလုံးကိုယ်စား သုံး လေး ယောက်ကား ရောက်အောင် လာပြီး ပို့ဖြစ်အောင် ပို့ကြသည်။

"နောက် မလာတော့ပါဘူး၊ နောက် မလာတော့ပါဘူး"

ပြဒါးသဒ်ထမ်းသော မွေးတွေ ငယ်သံပါအောင် နအော်ပါလျက် မျက်လုံးထိသူထိ၊ ပါးထိသူထိ ထိကြ၏။ သုသာန်ထဲမှ ဆီးကြိုပြီး ခဲဖြင့် ပေါက်သည့်



အတွက် ဖြစ်သည်။ သည်အကျင့်လည်း ရမ်းဘိုကုန်းတွင် ယခင်က မရှိ။ ယခုမှ ရောက်လာသည့်အတွက် မောင်ကိုကြီးနှင့် မတည့်ခြင်း ဖြစ်သည်။

"ဘညိန်းရေ နေခဲ့တော့ဟ"

"ကိုဘညိန်းရေ နေခဲ့ပေတော့"

ဆိုင်းသံ၊ ပုံသံများ စဲသွားပြီ။

တစ်ယောက် တစ်လက် ဝစ်ချသော မြေကြီးခဲဖြင့် ပြည့်သော တွင်းလည်း မောက်လျှံသွားပြီ။ အသုဘပို့သူများသည် မြေပုံကို နှုတ်ဆက်ကာ သုသာန်ရိပ်မှ ထွက်ခွာသွားကြပြီ။

ကိုဘညိန်း၏ မြေပုံခေါင်းရင်းတွင် ဘ ရိုးဆေးရိုးနှင့် အမေကြီး ရိုးကျိုးဒန်တို့ ရှိသည်။ ခြေရင်းဘက်တွင် မလှမေနှင့် သမီးကြီး မေကြည်။ သားများ ဖြစ်ကြသော ခင်မောင်ငြိမ်းနှင့် မောင်မောင်လှ၊ ကျော်သူရတို့ ရှိသည်။ မြေပုံ၏ ဝဲယာတွင် ကျော်သန်းထွန်း၊ မေကြည်၏ သားများဖြစ်ကြသော သူရကျော်နှင့် သူရသန်း။ ခင်မောင်ငြိမ်း၊ ရီရီပြုံးတို့၏ သမီးများ ဖြစ်ကြသော ပြုံးပြုံးငြိမ်းဦးနှင့် ပြုံးပြုံးရိုငယ်။ မောင်မောင်လှ၊ အေးရီတို့မှ မွေးသော သော်တာဦးနှင့် စန္ဒာဦးတို့ ရှိနေသည်။

ထို့နည်းတူပင် မောင်ကိုကြီး၊ မြင့်မြင့်သွေးတို့၏ သားသမီးများ ဖြစ်ကြသော သီဟကိုနှင့် မြင့်သွေးကို။ ကျော်မြင့်မောင်၊ ခင်ခင်ကြီးတို့၏သား အောင်ကျော်စိုး။ အောင်ဘာလေ၊ မိမိထွေးတို့၏ သတ္တိခဲနှင့် ရွှေရည်ဝင်းတို့လည်း တစ်ဖက်ဘေးတွင် ရောက်နေကြကာ ဦးဘညိန်း၏ မြေပုံကို ကန်တော့ကြသည်။

"ငဘညိန်းရေ၊ နေခဲ့တော့ဟဲ့၊ နေခဲ့တော့"

"မောင်လေးရေ… နေရစ်ခဲ့ပေတော့"

ဘ ရိုးဆေးရိုးသည် သား၏မြေပုံကို လှည့်မကြည့်ပါ။ အမေကြီး ရိုးကျိုးဒန်နှင့် မချောစိန်တို့မှကား မြေပုံကို လှည့်ကြည့် လှည့်ကြည့်ဖြင့် သုသာန်ပြင်ပသို့ ထွက်ခွာလာခဲ့ကြလေ၏။

ဆင်ဖြူကျွန်းအောင်သိန်း

၁၃၇၃၊ ကဆုန်လဆန်း ၇

၉၊ ၅၊ ၂၀၁၁

□